# ကိုယ်ကျင့်ပရိတ်ကြီး

(ဆရာဒေါင်းလွှင်)

## ရည်ညွှန်းချက်

ပရိတ်တော်များ၏အဓိပ္ပာယ်ကို
ဆင်ခြင်ပွားများကျင့်ကြံနိုင်ရန်
အတွက်........

N L 1

၃|၈

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ် [ ၈၆၁၇ ]

၉၄၁၁

# ကိုယ်ကျင့်ပရိတ်ကြီး

# နှင့်

# အိမ်သုံးပရိတ်များ

ဆရာသောင်းလွင် [ ဘီအေ ]

[ အစိုးရ ဓမ္မာစရိယ နှင့် သကျသီဟ ဝင်္ဂသကာ ]

ပရိတ်တိုင်းတွင် နိဒါန်း၊ အတ္ထုပ္ပတ္တိ၊ ပါဠိ၊ အဓိပ္ပာယ်ပြန်
သိမှတ်ဖွယ် အစုံပါသည်။

ပထမအကြိမ်
၁၉၇၆-ခု သြဂုတ်လ

| | |
|---|---|
| အုပ်ရေ | ၃၀၀၀ |
| ပန်းချီ | မောင်ငွေထွန်း |
| ရောင်းဈေး | ၈-ကျပ် |

ပုံနှိပ်သူ ဒေါ်တင်လှ [ ၀၂၀၃၀ မြဲ ]
နေလင်းစာပုံနှိပ်တိုက်၊အမှတ် ၁၁၊၁၂၅-လမ်း၊
ကန်တော်ကလေး ရန်ကုန်။

ထုတ်ဝေသူ ဦးသောင်းလွင် ( မြဲ-၀၈၀၄ )
နည်းသစ်စာအုပ်တိုက်
၂၂၈၊ကျိုက္ကစံလမ်း၊ ကျောက်မြောင်း၊ရန်ကုန်။

# ကျေးဇူးတင်လွှာ

ဤစာအုပ်ကို ရေးသားနိုင်သည်မှာ ပါဠိဘာသာနှင့် ပိဋကစာပေများသင်ကြားခွင့်ရသောကြောင့် ဖြစ်ပါသည်။ ပညာအမျိုးမျိုးကို သင်ကြားပေးခဲ့ကြသည့် အာစရိယ ဂိုဏ်းဝင် ဆရာသခင်အပေါင်းတို့အားရင်း၊ ထိုသို့ သင်ကြားခွင့် ရရန် ထောက်ပံ့ပေးကြသော ကွယ်လွန်သူ ကျေးဇူးရှင် မိဘများ ဖြစ်ကြသည့် ဦးပေါ်ထွန်း ဒေါ်သွယ်တို့အားရင်း၊ မွေးစား မိဘများ ဖြစ်ကြသည့် ဦးကြာသိုင်း ဒေါ်နွယ်မြိုင် မိသားစုတို့အားရင်း၊ ပြန်တန်ဆာမြို့ အင်အိုစီနှင့်အထွေထွေကိုယ်စားလှယ် ဦးပု ဒေါ်သောင်းရင် မိသားစုတို့အားရင်း၊ စာရေးသူ ၈-နှစ်သားအရွယ် မိခင်ကြီး ကွယ်လွန် ပြီးနောက် မိခင်၏ တာဝန် များကို ဆက်လက် ထမ်းဆောင်ခဲ့ကြသော ကွယ်လွန်သူအမများဖြစ်ကြသည့် ဒေါ်အေးတုတ်၊ ဒေါ်အေးကျင် တို့အားရင်း၊ ဘခင်ကြီး အသက်ကြီး လာသောအခါ ဘခင်၏ တာဝန်ဝတ္တရားများကို အဆင်ဆင့် ဆက်လက်ထမ်းဆောင် ခဲ့ကြခြင်းဖြင့် စာရေးသူအား ဘခင်ကြီး အတွက် ကြောင့်ကြမှုမဲ့ပညာသင်ကြားခွင့်ပေးခဲ့ကြသည့်အကိုကြီးဦး စံအေး ဒေါ်သန်းရီ၊ အကိုလေး ဦးထွန်းအေး ဒေါ်ကျင်ရွှေ၊ ညီဖြစ်သူ ဦးသန်းမောင် ဒေါ်ခင်မေ မိသားစုတို့အားရင်း၊ စာရေးသူအား စာရေးခွင့်ရရန် အိမ်ထောင်တာဝန်အားလုံးကို ထိန်းသိမ်းဆောင်ရွက်ပေးသူ ဇနီးဒေါ်တင်ရီအားရင်း၊ ဤစာအုပ်ဖြင့်ကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။

သောင်းလွင်

၇-၈-၇၆

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ( ၁ ) ပရိတ်တော်သမိုင်း | |
| ၁။ | ပရိတ်ဆိုတာဘာလဲ | ၁၇ |
| ၂။ | ဘုရားမပွင့်မီက ပရိတ်တော်စခဲ့ | ၁၈ |
| ၃။ | တေလပတ္တဇာတ်နှင့်ပရိတ် | ၂၀ |
| ၄။ | မောရဇာတ်နှင့်ပရိတ် | ၂၂ |
| ၅။ | ဝဋ္ဋဇာတ်နှင့်ပရိတ် | ၂၂ |
| ၆။ | ခန္ဓဇာတ်နှင့်ပရိတ် | ၂၃ |
| ၇။ | ဘုရားရှင်ကိုယ်တိုင် ပရိတ်တော်ရွတ်ခဲ့၏ | ၂၃ |
| ၈။ | ဘုရားရှင်ကိုယ်တိုင် ပရိတ်တော်နာခဲ့၏ | ၂၄ |
| ၉။ | ဘုရားရှင်ကိုယ်တိုင် ပရိတ်ကိုချွင်းပြုခဲ့၏ | ၂၄ |
| ၁၀။ | ဘုရားဟောသည့် ကိုယ်ကျင့်ပရိတ်များ | ၂၅ |
| ၁၁။ | ပရိနိဗ္ဗာန်စံပြီးနောက် ပရိတ်အစဉ်အလာ | ၂၆ |
| ၁၂။ | ရှင်မဟာဗုဒ္ဓဃောသ ခေတ်ပရိတ်တော်များ | ၂၇ |
| ၁၃။ | မြန်မာနိုင်ငံသုံး ပရိတ္တသုတ်များ | ၂၈ |
| ၁၄။ | မြန်မာ သက္ကရာဇ် ၉၈၁ အထိ ဝဋ္ဋသုတ်နှင့် ပုဗ္ဗဏှသုတ်မရှိသေး | ၃၀ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | ကုန်းဘောင်ခေတ် ပရိတ်ကြီး (၁၀)သုတ် | ၃၂ |
| ၁၆။ | ကိုလိုနီခေတ်နှင့်လွတ်လပ်ပြီးခေတ် ပရိတ်ကြီး (၁၁)သုတ် ဖြစ်သလော | ၃၄ |
| ၁၇။ | အမွန်းမပေါ် ထူးခြားသော ပုဗ္ဗဏှသုတ် | |
| ၁၈။ | ပျောက်ကွယ်လုမတတ် ဖြစ်နေသော ပုဗ္ဗဏှ သုတ်ဆိုင်ရာ ဆရာစဉ်ဆက် ဩဝါဒ | |
| ၁၉။ | ပရိတ်နာလို့ အန္တရာယ်ကင်းသလား | ၃၉ |
| ၂၀။ | ပရိတ်ရွတ်သူ အင်္ဂါသုံးပါး | ၄၁ |
| ၂၁။ | ပရိတ်နာသူ အင်္ဂါသုံးပါး | ၄၁ |
| ၂၂။ | ကိုယ်ကျင့်ပရိတ် အင်္ဂါသုံးပါး | ၄၁ |
| ၂၃။ | ပရိတ်မှာ ဘာ့ကြောင့် တန်ခိုးရှိသလဲ | ၄၂ |
| ၂၄။ | ရတနာသုံးပါးဂုဏ်တန်ခိုး | ၄၂ |
| ၂၅။ | သစ္စာဓိဋ္ဌာန် တန်ခိုး | ၄၄ |
| ၂၆။ | မေတ္တာပွားခြင်း တန်ခိုး | ၄၄ |
| ၂၇။ | ဘုရားရဟန္တာ နတ်ပြဟ္မာတို့ တန်ခိုး | ၄၅ |
| ၂၈။ | နတ်တွေကစောင့်ရှောက်သလော | ၄၇ |
| ၂၉။ | ဓမ္မပီတိစွမ်းအားတန်ခိုး | ၄၈ |
| ၃၀။ | ကိုယ်ကျင့်ပရိတ်ကြီးဆိုတာဘာလဲ | ၄၉ |
| ၃၁။ | မရွတ်နိုင်လျှင် ဖတ်ပါ | ၅၁ |
| ၃၂။ | အိမ်သုံးပရိတ်ဆိုဘာ ဘာတွေလဲ | ၅၂ |
| ၃၃။ | ရေးသားပုံအစီအစဉ် | ၅၃ |

# မာတိကာ

## ( ၂ ) ပါဠိရွတ်ဖတ်နည်း


၃၄။ ပါဠိဖတ်နည်း သိသင့်ခြင်း ၅၅

၃၅။ ရ,ကောက်ကို လျှာလိပ်ဖတ်ပါ ၅၆

၃၆။ ယပင့်,ရရစ်သံ အပိုမထည့်ရ ၅၆

၃၇။ မြန်မာ၌မရှိသော လုံးကြီးတင်သေးတင်အသံ ၅၆

၃၈။ က-ဂ အဆင့် ဖတ်ထုံးများ ၅၇

၃၉။ စ-ဇ အဆင့် ဖတ်ထုံးများ ၅၇

၄၀။ တ-ဒ-ဋ-ဍ-ပ-ဗ အဆင့် ဖတ်ထုံးများ ၅၈

၄၁။ ကင်းစီ နှင့်ဉကလေး ညကြီး အဆင့်ဖတ်ထုံးများ ၅၉

၄၂။ ဏ-န-ပ-လ-ဟ အဆင့် ဖတ်ထုံးများ ၅၉

၄၃။ ပါဠိ ယပင့်,ရရစ် ရှေ့စာလုံး ဖတ်ထုံးများ ၆၀

၄၄။ ပါဠိ ဝဆွဲ ရှေ့စာလုံး ဖတ်ထုံးများ ၆၁

၄၅။ သကြီး ခေါ် သ,နှစ်လုံးဆင့် ဖတ်ထုံးများ ၆၁

၄၆။ ဝိဘတ္တနိုသံ တည့်ဖတ်သင့် မသင့် ၆၂


## ( ၃ ) ပရိတ်ကြီး ၁၁ သုတ်


၄၇။ ပရိတ်မရွတ်မီ နတ်များကို ဖိတ်ခြင်း ၆၄

၄၈။ ပရိတ်ဘုန်ခိုး ၆၆

၄၉။ နတ်တို့ ကာကွယ်စောင့်ရှောက်ပေးရမည့် အန္တရာယ်များ ၇၁

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၀။ | မင်္ဂလသုတ်နိဒါန်း | |
| ၅၁။ | မင်္ဂလာမည်ခြင်းအကြောင်း | ၇၇ |
| ၅၂။ | မင်္ဂလာပြဿနာ အေးငြိမ်းသွားပုံ | ၇၈ |
| ၅၃။ | လက်တွေ့ကျင့်စရာမင်္ဂလာ | ၇၉ |
| ၅၄။ | မင်္ဂလာအကျိုးပြ ချီးကျူးချက် | ၈၄ |
| ၅၅၊ | မင်္ဂလသုတ်မှာ သိစရာ | ၈၄ |
| ၅၆။ | ရတနသုတ်နိဒါန်း | |
| ၅၇။ | ရတနသုတ်အမွှန်း | ၉၀ |
| ၅၈။ | နတ်တို့ကို တိုက်တွန်း ဆုံးမခြင်း | ၉၂ |
| ၅၉။ | ရတနာသုံးပါးနှင့် နိဗ္ဗာန် သောတာပန်တို့၏ ဂုဏ် ထုတ်ဖော်၍ သစ္စာဆိုချက်များ | ၉၃ |
| ၆၀။ | သိကြားမင်းက ရတနာသုံးပါးကို ရှိခိုး၍ မေတ္တာပို့ပုံ | ၁၀၂ |
| ၆၁။ | ရတနသုတ်မှာ သိစရာများ | ၁၀၃ |
| ၆၂။ | မေတ္တာသုတ်နိဒါန်း | |
| ၆၃။ | မေတ္တာအကျိုးများ | ၁၀၇ |
| ၆၄။ | မေတ္တာသုတ်အမွှန်း | ၁၀၈ |
| ၆၅။ | မေတ္တာရှေ့ပြေး အကျင့် ၁၅-ပါး | ၁၀၉ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၆။ | မေတ္တာအကျိုးအကျယ်ပို့ပုံ | ၁၁၀ |
| ၆၇။ | မေတ္တာဘာဝနာမှမဂ်ဖိုလ်သို့ကူးနိုင်ပုံ | ၁၁၃ |
| ၆၈။ | မေတ္တာ သုတ်မှာသိစရာများ | ၁၁၃ |
| ၆၉။ | ခန္ဓသုတ်ပရိတ်နိဒါန်း | |
| ၇၀။ | ခန္ဓသုတ်အမှမ်း | ၁၁၆ |
| ၇၁။ | မြွေနဂါတို့အားမေတ္တာပွားပုံ | ၁၁၇ |
| ၇၂။ | သတ္တဝါအများအားမေတ္တာပွားပုံ | ၁၁၇ |
| ၇၃။ | ပရိတ်အရံအတားပြု၍ဘုရားရှိခိုးပုံ | ၁၁၉ |
| ၇၄။ | ခန္ဓသုတ်မှာသိစရာများ | ၁၁၉ |
| ၇၅။ | မောရသုတ်ပရိတ်နိဒါန်း | |
| ၇၆။ | မောရသုတ်အမှမ်း | ၁၂၅ |
| ၇၇။ | တက်နေမင်းကိုရှိခိုး၍အရံအတားပြုပုံ | ၁၂၆ |
| ၇၈။ | ဘုရားတရားကိုရှိခို၍အရံအဘားပြုပုံ | ၁၂၆ |
| ၇၉။ | ဝင်နေမင်းကိုရှိခိုး၍အရံအဘားပြုပုံ | ၁၂၇ |
| ၈၀။ | မောရသုတ်မှာသိစရာများ | ၁၂၈ |
| ၈၁။ | ဝဋ္ဋသုတ်နိဒါန်း | |
| ၈၂။ | ဝဋ္ဋသုတ်ပရိတ်အမှမ်း | ၁၃၃ |
| ၈၃။ | ငုံးမင်းသစ္စာပြုပုံနှင့်သစ္စာအစွမ်း | ၁၃၅ |
| ၈၄။ | ဝဋ္ဋသုတ်မှာသိစရာများ | ၁၃၆ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၅။ | **ဓဇဂ္ဂသုတ်နိဒါန်း** | |
| ၇၆။ | ဓဇဂ္ဂသုတ်အမွှမ်း | ၁၄၁ |
| ၇၇။ | နတ်သိကြားတို့အားကိုး၍အကြောက်မပြေနိုင်ကြောင်း | ၁၄၄ |
| ၇၈။ | ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ် ပွားရန် ဘုရားဟော | ၁၄၅ |
| ၇၉။ | ရတနာသုံးပါး ဂုဏ်ကိုပွားလျှင်အကြောက် ပြေနိုင်ကြောင်း | ၁၄၉ |
| ၈၀။ | ဂုဏ်တော်ပွားရကျိုး | ၁၅၁ |
| ၈၁။ | ဓဇဂ္ဂသုတ်မှာသိစရာများ | ၁၅၂ |
| ၈၂။ | **အာဋာနာဋိယသုတ်နိဒါန်း** | |
| ၈၃။ | အာဋာနာဋိယသုတ်အမွှမ်း | ၁၅၆ |
| ၈၄။ | ဝေဿဝဏ်နတ်မင်းကြီး၏ဘုရားခုနစ်ဆူ ရှိခိုးဂါထာများ | ၁၅၇ |
| ၈၅။ | ရှေးဆရာတော်တို့ရေးထည့်သည့် ဘုရားရှိခိုးဂါထာများ | ၁၅၈ |
| ၈၆။ | အရပ်လေးမျက်နှာစည်းချပုံ | ၁၆၃ |
| ၈၇။ | နတ်မင်းလေးပါးအစောင့်ထားပုံ | ၁၆၄ |
| ၈၈။ | ရှိခိုးရိုသေမှုအကျိုးများ | ၁၆၅ |
| ၈၉။ | အာဋာနာဋိယသုတ်မှာသိစရာများ | ၁၆၆ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၀။ | အင်္ဂုလိမာလပရိတ်နိဒါန်း | |
| ၁၀၁။ | အင်္ဂုလိမာလပရိတ်အမွှမ်း | ၁၇၀ |
| ၁၀၂။ | သစ္စာပြုပုံ | ၁၇၀ |
| ၁၀၃။ | အင်္ဂုလိမာလသုတ်မှာ သိစရာများ | ၁၇၁ |
| ၁၀၄။ | ဗောဇ္ဈင်သုတ် နိဒါန်း | |
| ၁၀၅။ | ဗောဇ္ဈင်သုတ် အမွှန်း | ၁၇၄ |
| ၁၀၆။ | ဗောဇ္ဈင်၇-ပါးပွား၍ သစ္စာပြုပုံ | ၁၇၅ |
| ၁၀၇။ | ဗောဇ္ဈင်အကျိုး | ၁၇၅ |
| ၁၀၈။ | ဗောဇ္ဈင်သုတ်မှာ သိစရာများ | ၁၇၇ |
| ၁၀၉။ | ပရိတ်နာ၍ ရောဂါပျောက်မည်သော | ၁၇၉ |
| ၁၁၀။ | ပုဗ္ဗဏှသုတ် နိဒါန်း | |
| ၁၁၁။ | မေတ္တာပို့ အာသီသ | ၁၈၂ |
| ၁၁၂။ | နတ်တို့အား အမျှဝေ | ၁၈၄ |
| ၁၁၃။ | တိုက်တွန်းချက်နှင့် နတ်တို့ကိုပြန်ပို့ပုံ | ၁၈၄ |
| ၁၁၄။ | စည်းတားပုံ | ၁၈၄ |
| ၁၁၅။ | ရတနာသုံးပါးဂုဏ်နှင့် သစ္စာဆိုပုံ | ၁၈၇ |
| ၁၁၆။ | ကုသိုလ်ပြုချိန် အခါကောင်း | ၁၈၈ |
| ၁၁၇။ | ကောင်းမှုသုံးပါး ကြီးပွားကြောင်း | ၁၈၈ |
| ၁၁၈။ | ပုဗ္ဗဏှသုတ်မှာ သိစရာ | ၁၈၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ( ၄ ) အိမ်သုံးပရိတ်များ


| | | |
|---|---|---|
| ၁၁၉။ | အိမ်သုံးပရိတ်ဆိုသည်မှာ | ၁၉၀ |
| ၁၂၀။ | ဆဒိသာပါသုတ် | ၁၉၁ |
| | အရပ်၆-မျက်နှာကို စည်းချခြင်း | ၁၉၂ |
| ၁၂၁။ | စက္ကပရိတ် | |
| | ဓမ္မစက်၏အစွမ်းဖြင့် အရပ်၆-မျက်နှာမှ ၈ သန်းရှိသော ဘေးနှင့်ရောဂါစုံကိုကာကွယ်ခြင်း | ၂၀၄ |
| ၁၂၂။ | ပရိမိတ္တဇာလသုတ် | ၂၀၅ |
| ၁၂၃။ | ခေရဏာပရိတ် သိမှတ်စရာ | ၂၀၉ |
| ၁၂၄။ | ဗုဒ္ဓဓမ္မတရား ၁၈-ပါး | ၂၁၄ |
| ၁၂၅။ | ခေရဏာပရိတ်၏တန်ခိုး | ၂၁၆ |
| ၁၂၆။ | ခန္ဓိမသုတ် လမင်းပရိတ် သိမှတ်စရာ | ၂၁၈ |
| ၁၂၇။ | လနတ်သား ဘုရားအား ရှိခိုးခြင်း | ၂၂၁ |
| ၁၂၈။ | လမင်းပရိတ် | ၂၂၁ |
| ၁၂၉။ | ဓမ္မစက္ကပဝတ္တနသုတ် သိမှတ်စရာ | ၂၂၂ |
| ၁၃၀။ | ဓမ္မစကြာအမွှမ်း | ၂၂၈ |
| ၁၃၁။ | ဓမ္မစကြာတရား | ၂၂၉ |
| ၁၃၂။ | အနတ္တလက္ခဏာသုတ် သိမှတ်စရာ | ၂၅၂ |
| ၁၃၃။ | အနတ္တလက္ခဏာသုတ်အမွှမ်း | ၂၅၂ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်စာ |
|---|---|---|
| ၁၃၄။ | အနတ္တတရား | ၂၅၃ |
| ၁၃၅။ | သမ္ဗုဒ္ဓေ ဘုရားဂါထာ သိမှတ်စရာ | ၂၆၁ |
| ၁၃၆။ | သမ္ဗုဒ္ဓေဘုရားရှိခိုး | ၂၆၆ |
| ၁၃၇။ | သမ္ဗုဒ္ဓေမူကွဲ အမျိုးမျိုး | ၂၆၈ |
| ၁၃၈။ | သမ္ဗုဒ္ဓေ ဘာကြောင့် အန္တရာယ်ကင်းသလဲ | ၂၆၉ |
| ၁၃၉။ | သမ္ဗုဒ္ဓေဂါထာ၏ ထူးခြားချက် | ၂၇၁ |
| ၁၄၀။ | မဟာသမယသုတ် သိမှတ်စရာ | ၂၇၂ |
| ၁၄၁။ | နတ်ချစ်ဘုရားတော် | ၂၇၅ |
| ၁၄၂။ | မဟာသမယသုတ် အမွှမ်း | ၂၇၉ |
| ၁၄၃။ | မဟာသမယသုတ် နိဒါန်း | ၂၈၀ |
| ၁၄၄။ | နတ်တို့၏မျိုးနွယ် အမည်ကို ဟောကြားခြင်း | ၂၈၇ |
| ၁၄၅။ | နိဂုံး | ၃၀၂ |

# ပရိတ်တော် သမိုင်း

## ပရိတ်ဆိုတာ ဘာလဲ

"ပရိတ္တ" ဟူသောပါဠိစကားကို မြန်မာတို့က "ပရိတ်ဘုရားတော်ပရိတ်ကြီး" ဟု ခေါ်ဆို ကြ၏။ ပရိတ္တ ဟူသော ပါဠိကို ပရိ+တ္တဟူ၍ခွဲစိတ်နိုင်၏။ ပရိ၏အဓိပ္ပါယ်မှာ ဘေးပတ်ဝန်းကျင် အရပ်ဒေသဖြစ်၍ တ္တ ၏အဓိပ္ပါယ်မှာကာကွယ်စောင့်ရှောက်ခြင်း ဖြစ်၏။ ထို့ကြောင့် ပရိတ္တ၏အဓိပ္ပါယ်မှာ ဘေးပတ်ဝန်းကျင်မှ ဖြစ်ပေါ်လာမည့် ရောဂါဘေးရန်အန္တရာယ်တို့မှ ကာကွယ်စောင့်ရှောက်တတ်သော တန်ခိုးဒေသနာတော်များဟု အဓိပ္ပါယ်ရ၏။ ပရိတ်တရားတော်ကိုရိုသေစွာယုံကြည်စွာနာကြားသောသူ၊ လက်တွေ့ ကျင့်ကြံသောသူတို့အား ဘေးပတ်ဝန်းကျင်မှဖြစ်ပေါ်လာမည့်ရောဂါ ဘေးဒဏ် အန္တရာယ် အမျိုးမျိုးတို့ကို ကာကွယ်ရန် အတွက်ရှေးဆရာစဉ်ဆက်တို့ ရွတ်ဆိုကြားနာသော ဘုရားဟော သုတ္တန်ပါဠိများ၊ ထိုဘုရားဟောသုတ္တန်ပါဠိများမှ ထုတ်နှုတ်၍ ရှေးရဟန္တာဆရာတော်ကြီးများ စီစဉ်ရေးသားသော သုတ်များ

ကို ပရိတ်ဟုခေါ်၏။ ဘုရားဟော ပါဠိတော် မွန်သမျှရွတ်ဖတ်နာယူလျှင် အန္တရာယ်မှ ကာကွယ်တားဆီးနိုင်စွမ်း သော်လည်း ဤသုတ်များကိုသာ ပရိတ္တအဖြစ် သီးသန့် ထုတ်နုတ်စီစဉ်ရသည့် အကြောင်းကိုသက်ဆိုင်ရာပရိတ္တသုတ်များ၏ နိဒါန်းအတ္ထုပ္ပတ္တိ၌ ဖော်ပြထားပါသည်။

## ဘုရား မပွင့်မီက ပရိတ် စခဲ့

ပရိတ်တော်များ ရွတ်ဖတ်နာကြား၍ ဘေးအန္တရာယ်ကို အကာအကွယ်ပြုသော အစဉ်အလာသည် မည်သည့် ခေတ်ကစခဲ့သနည်း၊ ဂေါတမဘုရားရှင်မပွင့်မီကပင် ပရိတ်တော်များကိုရွတ်ဖတ်နာကြားသော အစဉ်အလာရှိနေပါသည်။ ကုလာဝကဇာတ်တော်တွင် မာဃဝတိုင်းမစလရွာသားမာဃလုလင်နှင့်အဖွဲ့တို့သည် လမ်းပြင် တံတားဆောက် စသည်ကောင်းမှုတို့ကိုပြုကာ လူငယ်တို့အားငါးပါးသီလဲ့ဘည်စေ၏။ ထိုအခါ မစလရွာကိုပိုင်စားသော ရွာစားသည် ဒုစရိုက်မှုနည်းပါး၍ ဒဏ်ငွေများ မရသောကြောင့် မာဃနှင့်အဖွဲ့သားတို့ကို လူဆိုးသူခိုးများအဖြစ် ဖမ်းဆီး၍ဘုရင့်ထံပို့ကြ၏၊ ဘုရင်လည်းမစစ်ဆေ မူ၍ထိုသူတို့ကိုဆင်ဖြင့်နင်းသတ်စေဟုအမိန့်ပေး၏။

ထိုအခါမာဃလုလင်က သူ၏အဖွဲ့သားတို့အားဤသို့ဩဝါဒပေး၏။ အချင်းတို့၊ သင်တို့ ကျင့်သုံးခဲ့သော သီလ တရားတို့ကိုအောက်မေ့ ဆင်ခြင်ကြကုန်လော့၊ ကုန်းတိုက်သူရွာစား၊ သတ်မိန့်ပေးသောမင်းနှင့် နင်းသတ်မည့်ဆင်တို့ကို မိမိတို့ကိုယ်နှင့်ထပ်

တူထား၍ မေတ္တာပွားများကြကုန်လော့ ဟု ဩဝါဒပေး၏။ ထို ဩဝါဒအတိုင်း ဆရာတပည့်အားလုံးကျင့်သုံး၏။ ထိုသူတို့ကိုနှင်း သတ်ရန် ဆင်တို့ကိုယူလာသောအခါ ဆင်တို့သည် ထိုသူတို့အနား သို့မလာဝံ့ဘဲ ကျယ်လောင်စွာအော်ဟစ်လျက် ထွက်ပြေးကုန်၏။ အခြားအခြားသော ဆင်တို့ကိုယူလာသောအခါ ရှေးနည်းတူပင် အော်မြည်၍ ပြေးလေ၏။

ထိုအခါမင်းကြီးက ထိုသူတို့တွင် ဆေးလက်ဖွဲ့များ ဆောင် ထားခြင်းရှိမရှိ ရှာဖွေစေရာ ဆေးလက်ဖွဲ့ တစုံတခု မရှိကြောင်း တွေ့ရ၏။ ထိုသူတို့အန္တရာယ်ကင်းရန် ရွတ်ဆိုသောပရိဝတ္တနမန္တာန် ရှိမရှိ စုံစမ်းစစ်ဆေးသောအခါ၊ မာဃအဖွဲ့သားတို့က ရှိသည်။ ထိုမန္တာန်မှာ အခြားမဟုတ် ငါးပါးကို လုံအောင်ထိန်းခြင်း၊ တံတား၊ လမ်း၊ ရေတွင်း၊ ရေကန်၊ ဇရပ်တို့ကို ပြုပြင်ဆောက်လုပ် ခြင်း၊ အလှူဒါနပြုခြင်း၊ မေတ္တာဘာဝနာ ပွားများခြင်းများပင် ဖြစ်၏။ "အယံ အမှာကံ မန္တော ပရိတ္တဉ္စ ဝုဒ္ဓိစာတိ" ဤသို့ ငါးပါးလုံခြင်း၊ ကောင်းမှုပြုခြင်း၊ မေတ္တာဘာဝနာ ပွားများ ခြင်းသည်၊ ကျွန်ုပ်တို့၏မန္တာန်ပင်ဖြစ်၏။ ပရိတ် အကာအကွယ်ပင် ဖြစ်၏၊ ကြီးပွားကြောင်း တရားပင်ဖြစ်၏ဟု ပြောပြ၏။

မင်းကြီးသည် အကြောင်းကိုသိရသောအခါ ရွာစား၏စည်း စိမ်ဥစ္စာတို့ကိုသိမ်းပိုက်ကာ မာဃအဖွဲ့အားပေး၏၊ မာဃလုလင် ကိုလည်း မစသရွာစားအဖြစ်ခန့်၏။ ဤဝတ္ထု၌ ငါးပါးလုံခြင်း ကုသိုလ် ကောင်းမှုပြုခြင်း တို့ကို မန္တာန်ပရိတ်ဟု ပြထားသော် လည်း အမှန်မှာ ဆင်တို့မနင်းမိအောင်ပြုလုပ်သောသီလတန်ခိုး အာနိ သင်ကိုဆင်ခြင်အောက်မေ့ ပွားများခြင်းနှင့် မင်းကြီး၊ ရွာစား၊

ဆင်တို့ကို ကိုယ်နှင့်ထပ်တူပွားများသောမေတ္တာပရိတ်သည်အင်္ဂါ ဖြစ်၏။

ဤအား ဘုရားလောင်းသည် မေတ္တာပရိတ်ကို ကိုယ်တိုင်ပွား များ၍အကျိုးခံစားခဲ့ရပုံသာဓကတည်း။

## တေလပတ္တဇာတ်

တေလပတ္တဇာတ်တွင် ဘုရားလောင်းသည်ဗြဟ္မဒတ်မင်းကြီး၏ သားအထွေးဆုံး ဖြစ်၏။ ခမည်းတော်၏ အရိုက်အရာကို အကို တော်များသာ ဆက်ခံခွင့်ရှိသည်ဟု စဉ်းစားကာ ပစ္စေကဗုဒ္ဓါတို့ အား အကျိုးအကြောင်းကိုလျှောက် ထား၏။ ပစ္စေက ဗုဒ္ဓါတို့က ဗာရာဏသီပြည်၌ မင်းမဖြစ်နိုင်၊ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်သို့ သွားလျှင် မင်းဖြစ်မည်။ သို့သော် ဗာရာဏသီနှင့် တက္ကသိုလ်အ ကြား ဘီလူးတို့သောင်းကျန်းသော ယက္ခကန္တာရရှိသည်၊ ဘီလူးမ တို့က အာရုံငါးပါးဖြင့် ဖျားယောင်း လှည့်ပတ်၍ စားကြသည်၊ အကယ်၍ကြူ့ခြွေစောင့်စည်းလျက် သတိတရားဖြင့် သွားလာလျှင် အာရုံငါးပါးကိုမတပ်မက်လျှင် မင်းဖြစ်လိမ့်မည်ဟု ပစ္စေကဗုဒ္ဓါ တို့ကဟော၏။

ထိုအခါ ဘုရားလောင်းက တက္ကသိုလ်ပြည်သို့ သွားမည်ဟု လျှောက်ရာပစ္စေကဗုဒ္ဓါအရှင်မြတ်တို့က ပရိတ်ရွတ်ဖတ်တော်မူ၍ ပရိတ်သဲနှင့်ပရိတ်ချည်တို့ကို အဆောင်အဖြစ်ပေးလိုက်၏။ ဘုရား လောင်းသည် ပစ္စေကဗုဒ္ဓါနှင့်မိဘတို့အားကန်တော့၍နန်းတော်မှ အဖော် ၅-ယောက်နှင့်အတူ သွား၏။ ဘုရားလောင်းသည်လမ်း

ခရီး၌ဘီလူးတို့က အာရုံငါးပါးဖြင့်ဖျားယောင်းလှည့်စားတတ်၍ သတိကြီးစွာထား၍လိုက်ရန်မှာ၏။

လမ်းခရီးတွင် ဘီလူးတို့သည် ရှာကိုဖန်ဆင်းလျက် အာရုံငါး ပါးတို့ဖြင့် ဖျားယောင်းကြ၏။ ရူပါရုံ၌ မက်မောသောသူသည် ဘီလူးမတို့၏ ရူပါရုံ၌ဘပ်မက်မော၍ ခြေထောက် နာသေးသည် နေခဲ့ဦးမည်ဆိုကာ နေခဲ့၍ ဘီလူးတို့ အစားခံရ၏။ ဤနည်းတူ သဒ္ဒါရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ တို့ကိုတပ်နှစ်သက်သူတို့ ဤနည်း အားဖြင့်ဘီလူးစားခံကြရကုန်၏။

ဘီလူးမတယောက်သည် ဘုရားလောင်း မင်းသားနောက်သို့ လိုက်ရာ တက္ကသိုလ်ပြည် မြို့တံခါးဇရပ်တခု၌ ဘုရားလောင်း ဘည်းခိုနေစဉ် ဘီလူးမသည် လှပသောအဆင်းကို ဖန်ဆင်းလျက် တံခါး၀၌နေ၏။ တက္ကသိုလ်မင်းသည် ထိုဘီလူးမအား တပ်နှစ် သက်သည်ဖြစ်၍ မိဘုရားအဖြစ် မြှောက်စား၏။ ဘီလူးမသည် ဘီလူးအပေါင်းတို့ကိုခေါ်၍ နန်းတော်ဘခုလုံးရှိ လူအားလုံး ဘို့ကို စားပစ်ကြသည်။

ဘုရားလောင်းသည် ထိုညအဖို့မအိပ်မူ၍ ပရိတ်သဲကို ခေါင်း ထဲ၌ထည့်လျက် ပရိတ်ချည်ဖြင့် အကာအရံပြုပြီးလျှင် သံလျက်ကို ကိုင်လျက် မိုးလင်းခဲ့၏။ နတ်တမျှလှပသော ဘီလူးမကိုကြည့်ပင် မကြည့်ဘဲ တည်ကြည်၍ ဉာဏ်အမြော်အမြင် ရှိသော ဘုရား လောင်းကို တက္ကသိုလ် ပြည်သားတို့က ဘုရင်မြှောက်ကြကုန်၏။

ဤကား ဘုရား အလောင်းတော်ဘ၀ကပင် ပရိတ်နာ၍ ပရိတ်သဲပရိတ်ချည်ဆောင်ခဲ့၍ အန္တရာယ်ကင်းပုံတည်း။

## မောရဇာတ်

ဘုရားလောင်းသည် နှစ်ဥ်အခါ ဥဒေါင်းမင်းဖြစ်ခဲ့ဘူး၏။ အလောင်းတော် ဥဒေါင်းမင်းသည် နံနက်နေထွက်လျှင် နေမင်းနှင့်တကွ ရှေးဘုရားရှင်တို့ကိုရှိခိုး၍ ပရိတ်အကာအကွယ်ကိုပြု၏။

ညနေ နေဝင်သောအခါ နေမင်းနှင့်တကွ ရှေးဘုရားတို့အားရှိခိုး၍ ညအတွက် ပရိတ်အကာအကွယ်ကိုပြု၏။ ထိုပရိတ်၏အစွမ်းကြောင့် မင်းဆက် ၇-ဆက်တိုင်တိုင် မုဆိုးတို့သည် ဘုရားလောင်းဥဒေါင်းမင်းကို မဖမ်းနိုင်ကြကုန်။ နောက်ဆုံး ဒေါင်းမနှင့် ထောင်ဖမ်းသောအခါ ပရိတ်ရွတ်ဆိုရန်မေ့လျော့သွားသောအခါမှ အဖမ်းခံရ၏။

## ဝဋ္ဋဇာတ်

ဘုရားအလောင်းတော် ငုံးမင်းဘဝဖြစ်စဉ် တောမီးသည် အကြီးအကျယ် လောင်လာ၏။ အလောင်းတော် ငုံးမင်းသည် အကောင်ပေါက်စဖြစ်၍ အမွေးအတောင် မစုံသေးသောကြောင့် မပျံနိုင်မသွားနိုင်၊ ထိုအခါအလောင်းတော်ငုံးမင်းက...

'ငါ့မှာ အတောင်ရှိလျက် မပျံနိုင်ပါ၊ ခြေထောက်ရှိလျက် မသွားနိုင်ပါ၊ မိဘနှစ်ပါးလည်း ထွက်ခွာသွားကြလေပြီ၊ ဤမှန်သော သစ္စာစကားကြောင့် အိုတောမီး၊ ဖယ်ရှားပါလော့'

ဟု သစ္စာပြု၏။ ထိုသစ္စာပြုခြင်း ပရိတ်တန်ခိုးကြောင့် တောမီးသည် ၁၆ ပယ်အရပ်မှာပင် ငြိမ်းသွား၏။

## ခန္ဓဇာတ်

ဘုရားလောင်းနစ်အခါ ဟိမဝန္တာ၌ တပည့်ရသေ့တို့နှင့် နေစဉ် ရသေ့တပါးမြွေကိုက်သေဆုံးရာမှ ဘုရားလောင်းရသေ့ဆရာကြီး ကစိရုပက္ခစသော မြွေမင်းနဂါးမင်းတို့ကို မေတ္တာပို့ရန် ညွှန်ကြားခဲ့၏။ ဟာမေတ္တာပို့ခြင်း ပရိတ်တန်ခိုးကြောင့် ရသေ့တို့ မြွေကိုက်ခြင်းဘေးမှ လွတ်ကင်းခဲ့၏။

အထက်ပါ ဇာတ်တော်ငါးဇာတ်တို့မှာ ဘုရားအလောင်းတော်နစ်ဉ်က ကိုယ်တိုင်ကျင့်သုံးခဲ့၍ သူတပါးတို့ကို ကျင့်သုံးစေခဲ့ပြီး လက်တွေ့အကျိုးခံစားခဲ့ရသော သာဓကအထောက်အထားများဖြစ်၏။ ထိုဇာတ်တော်များအရ ပရိတ်ရွတ် ပရိတ်နာသော အစဉ်အလာသည် ဘုရားမပွင့်မီ အချိန်ကပင်ရှိနေကြောင်း သိရပေသည်။

## ဘုရားကိုယ်တိုင် ပရိတ်ရွတ်ခဲ့

ဘုရားရှင် ကိုယ်တော်တိုင်ပင် ပရိတ်တော်ကိုရွတ်ခဲ့သည်။ ဝေသာလီပြည်တွင် ဘေးကြီးသုံးပါး ဆိုက်ရောက်နေသောအခါ ဘုရားရှင်ကိုယ်တိုင် ဝေသာလီပြည်သို့ ကြွရောက်ကာ ညီတော်အာနန္ဒာအားရတနသုတ်ပရိတ်ကိုရွတ်ဆိုစေတော်မူသည်။ ဘုရားရှင်ကိုယ်တော်တိုင်လည်းရတနသုတ်ပရိတ်ကို ရွတ်ဖတ်ဟောကြားတော်မူသည်။

အခါတပါး ရှင်မဟာကဿပနှင့်ရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်တို့ မကျန်းမမာ ဖြစ်နေတော်မူသည်။ ဘုရားရှင် ကြားသိ

တော်မူသဖြင့် ဘုရာ ရှင်ကိုယ်တိုင် ကြွရောက်ကာ ရောဂါပျောက် ကင်းစေရန်အတွက် ဗောဇ္ဈင်္ဂသုတ်ကို ရွတ်ဖတ်ပေးတော်မူသည်၊ ထိုဘုရားရှင်ရွတ်ဆိုသော ဗေ ဇ္ဈင်္ဂပရိတ်၏အစွမ်းကြောင့် အရှင် မဟာကဿပနှင့် ရှင်မောဂ္ဂလာန်တို့ ရောဂါမှ လုံးဝပျောက်ကင်း သွားခဲ့သည်။

## ဘုရားရှင်ကိုယ်တိုင် ပရိတ်နာခဲ့

တရံရောအခါ ဘုရားရှင်သည် မကျန်းမမာ ဖြစ်တော်မူ၏။ ထိုအခါ ဘုရားရှင်သည် စုန္ဒမထေရ်အား ခေါ်၍ ဗောဇ္ဈင်ပရိတ် ကို သင်ပေးကာ ဘုရားရှင်၏ အနီး၌ ရွတ်ဖတ်စေ၏။ စုန္ဒမထေရ် ဆိုသောဗေဇ္ဈင်တရားတော်ကို ဘုရားရှင်ကိုယ်တိုင် နာကြားတော် မူသည်။ ထိုပရိတ်နာကြားပြီးသောအခါ ဘုရားရှင်သည်ပကာတိ ကျန်းမာတော်မူ၏။

## ဘုရားရှင်ကိုယ်တိုင် ပရိတ်ကိုခွင့်ပြုခဲ့

သုတ်ပါထေယျပါဠိတော် အာဋာနာဋိယသုတ်၌ ဝေဿဝဏ နတ်မင်းကြီးက အချို့သာသနာတော်ကို မကြည်ညိုသောဘီလူး တို့က ဗုဒ္ဓဘာသာ လူရှင် ရဟန်းတို့အား ဖမ်းစားခြင်း၊ နှောက် ယှက်ခြင်းများ ပြုတတ်ပါသည်။ ထိုဘီလူးတို့မဖမ်းစား မနှောက် ယှက်နိုင်အောင် အာဋာနာဋိယသုတ်ပရိတ် အရံအတားကို ခွင့် ပြုပါဟု လျှောက်ထား၏။ဘုရားရှင်က ဆိတ်ဆိတ်နေ၍ လက်ခံ တော်မူသဖြင့် ဝေဿဝဏ်နတ်မင်းကြီးသည် အာဋာနာဋိယပရိတ်

အစီအရင်ကိုပြု၏။ ဝိသာခီစသော ဘုရား ၇-ဆူတို့အား ရှိခိုးကာ နတ်စစ်သူကြီးတို့၏ တန်ခိုးဖြင့်ဖမ်းစားသော ဘီလူးတို့အား လွှတ်ရန်စီမံခဲ့၏။ ဤသို့ ဝေဿဝဏ်နတ်မင်းကြီး လျှောက်ထားစဉ် လူသားထဲမှ မည်သူမျှမရှိ၊ နောက်တနေ့ နံနက်မိုးလင်းသောအခါ ဘုရားရှင်သည် အာဋာနာဋိယ ပရိတ်အရံအတားကို ရဟန်းတို့သင်ယူသားရန် ရွတ်ဖတ်ကြရန် ဘုရားရှင်ကိုယ်တိုင် ခွင့်ပြုဟောကြားတော်မူသည်။အာဋာနာဋိယပရိတ်သည် ရဟန်းရှင်လူတို့၏ အကာအကွယ်အစောင့်အရှောက်ဖြစ်၍ ချမ်းသာစွာ နေခြင်းငှာဖြစ်၍ အကျိုးစီးပွား နှင့် စပ်၏ဟု ဟောတော်မူ၏။

## ဘုရားဟောသည့် ကိုယ်ကျင့်ပရိတ်များ

ဟိမဝန္တာအနီး တောအုပ်တခု၌ ကမ္မဋ္ဌာန်းတရားပွားများနေသော ရဟန်း ၅၀၀တို့အား နတ်တို့က ခြောက်လှန့်ကြသဖြင့် တရားကိုနှလုံးမသွင်း သမာဓိ မရနိုင်ကြသဖြင့် ဘုရားရှင်ထံပြန်လာကြ၏။ ထိုအခါ ဘုရားရှင်က ထိုတောသို့ပင် ပြန်သွား၍ မေတ္တာတရားပွားများကြရန် မေတ္တာသုတ်ကိုဟော၏။ ထိုသို့ဟောသည့်အတိုင်း ရဟန်းတို့က မေတ္တာတရားကို လက်တွေ့ပွားများကြသဖြင့် နတ်တို့က ရဟန်းတို့ကို မခြောက်လှန့်ကြတော့ဘဲ တရားအားထုတ်ကြရာ ရဟန္တာဖြစ်ကုန်ကြ၏။

ဝိနည်းစူဠဝါပါဠိတော်တွင် ရဟန်းတပါး မြွေကိုက် ပျံလွန်တော်မူသဖြင့် ဘုရားရှင်က အလောင်းတော်ဘဝ ရသေ့ဖြစ်စဉ်က တပည့်ရသေ့တို့အား သင်ပေးခဲ့ဘူးသော ခန္ဓပရိတ်ကို

ရဟန်းတို့အား သင်ပေး၏။ ရဟန်းတို့လည်း ဝိရူပက္ခစသော မြွေမင်းကြီး လေးဦးတို့အား မေတ္တာ ပို့သဖြင့် ရဟန်းများ မြွေဘေးမှကင်းဝေးခဲ့ကုန်၏။

သံယုတ် ပါဠိတော်တွင် တရားအားထုတ်ရန် တောအရပ် သစ်ပင်ရင်း စသည်သို့ ချဉ်းကပ်သော ရဟန်းတော် တို့အား ကြောက်ရွံ့ခြင်း၊ ကြက်သီးထခြင်းများဖြစ်၏။ ထိုအခါ ဘုရားရှင်က ထိုသို့ကြောက်ရွံ့ခြင်းဖြစ်လျှင် ငါဘုရား၏ ဂုဏ်တော်ဘို့ကိုဖြစ်စေ၊ တရားတော်၏ ဂုဏ်တော်တို့ကိုဖြစ်စေ၊ သံဃာတော်တို့၏ဂုဏ်တို့ကိုဖြစ်စေ၊ ဆင်ခြင်အောက်မေ့ရန် ဟောကြား၏။ ဤသို့ဆင်ခြင်အောက်မေ့သူအား ကြောက်ရွံ့ခြင်း၊ ကြက်သီးထခြင်း၊ ကြက်သေသေကာ ငိုင်နေခြင်းများ ပျောက်လိမ့်မည်ဟု ဘုရားရှင် ဟောထားတော်မူ၏။

ဤမေတ္တသုတ်၊ ခန္ဓသုတ်၊ ဓဇဂ္ဂသုတ်တို့သည် သူတပါးအတွက် ရွတ်ဖတ်ပေးရန်ဟောခြင်းမဟုတ်၊ သူတပါးက ရွတ်ဖတ်သည်ကို နာယူရန်မဟုတ်၊ မိမိကိုယ်တိုင် အန္တရာယ်ကင်းရေးအတွက် မိမိကိုယ်တိုင် ကျင့်ကြံရန် ဟောသောသုတ်များသာဖြစ်၏။

## ပရိနိဗ္ဗာန်စံပြီးနောက် ပရိတ်အစဉ်အလာ

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ်ပေါင်း ၅၀၀ ခန့်ကြာသောအခါ သာဂလတိုင်းပြည်၌ မိလိန္ဒမင်းကြီး နန်းစံ၏။ ထိုမိလိန္ဒမင်းကြီးသည် ဗုဒ္ဓဘာသာရေးဆိုင်ရာ ပြဿနာတို့ကို ရှင်နာဂသိန်အား မေးမြန်း၏။ ရှင်နာဂသိန်မထေရ်က

ဥပမာဥပမေယျဖြင့် စုံလင်စွာဖြေကြားခဲ့ရာ မိလိန္ဒပဉှာဟူသော ကျမ်းတဆူပေါ်ထွက်ခဲ့၏။ ထိုကျမ်းကို ဗုဒ္ဓဘာသာအစဉ်အဆက်က ဘုရားဟောပါဠိတော်နှင့် တန်းတူထားကာ သံဂါယနာအဆက်ဆက်တင်ခဲ့ကြ၏။ ထိုမိလိန္ဒပဉှာတွင် ပရိတ်နာ၍ အန္တရာယ်ကင်းမကင်းကို မိလိန္ဒမင်းကြီးကမေးရာ အန္တရာယ်ကင်းကြောင်း ဥပမာအမျိုးမျိုးဖြင့် ရှင်နာဂသိန်ဖြေကြားတော်မူ၏။ ထိုမိလိန္ဒပဉှာကျမ်းတွင် ရတနသုတ်၊ မေတ္တသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဓဇဂ္ဂသုတ်၊ အာဋာနာဋိယသုတ်၊ အင်္ဂုလိမာလသုတ်ဟူသောပရိတ်တော်ခုနစ်သုတ်ကို ဖော်ပြထားသဖြင့် ထိုသာသနာသက္ကရာဇ်–၅၀၀ကျော်ခန့်အထိပရိတ်ကြီး ခုနစ်သုတ်ကို ရွတ်ဖတ်နာယူကြကြောင်းသိရ၏။

မိလိန္ဒပဉှာကျမ်းကို ရေးသားရာ သာဂလပြည်သည် အိန္ဒိယနိုင်ငံအတွင်းမှာဖြစ်၍ ထိုပရိတ်များကို အိန္ဒိယပြည်သုံး ပရိတ်များဟု မှတ်ယူနိုင်၏။

## ရှင်မဟာဗုဒ္ဓဃောသခေတ် ပရိတ်တော်များ

မြတ်စွာဘုရားဟောကြားတော်မူသော ပါဠိတော်များတွင် ခက်ခဲသောအကြောင်းအရာများကို အဋ္ဌကထာတို့၌ဖွင့်ပြကြ၏။ ယခု မြန်မာပြည်၌သုံးနေသော အဋ္ဌကထာများကို အများအားဖြင့် ရှင်မဟာဗုဒ္ဓဃောသမထေရ် ဖွင့်ဆိုရေးသားခဲ့၏။ ရှင်မဟာဗုဒ္ဓဃောသသည် သာသနာသက္ကရာဇ်–၉၀၀ လောက်တွင် အဋ္ဌကထာများကိုရေးသားခဲ့ရာ ထိုအဋ္ဌကထာများ၌ ပရိတ်တော်

များနှင့်စပ်၍ဖွင့်ဆိုရန် အခွင့်ကြုံလာသောအခါ ပရိတ္တသုတ်များကို ဖော်ပြရေးသားခဲ့၏။ ပါရာဇိကကဏ်အဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ အင်္ဂုတ္တရအဋ္ဌကထာ၊ ပါထိက ဝဂ္ဂအဋ္ဌကထာ၊ဥပရိပဏ္ဏာသအဋ္ဌကထာ၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာတို့၌ ပရိတ္တသုတ်များ စာရင်းတမျိုးစီ ဖော်ပြထားသော်လည်း အားလုံးစုပေါင်းလိုက်သောအခါ ရတနသုတ်၊မေတ္တသုတ်၊ခန္ဓသုတ်၊မောရသုတ်၊ ဓဇဂ္ဂသုတ်၊ အာဋာနာဋိယသုတ်၊ ဗောဇ္ဈင်သုတ်၊ ဣသိဂိလိသုတ်ဟူ၍ ၈ သုတ်ကိုဖော်ပြထား၏။ ရှင်မဟာဗုဒ္ဓဃောသသည် သီဟိုဠ်နိုင်ငံဘွင် သီဟဠမဟာအဋ္ဌကထာများကိုမှီ၍ အဋ္ဌကထာသစ်ကို ရေးသားခြင်းဖြစ်ရာ ဤအဋ္ဌကထာလာ ပရိတ္တသုတ်များမှာ သီဟိုဠ်ဗုဒ္ဓဘာသာတို့ ထိုခေတ်က ရွတ်ဖတ် နာယူသော ပရိတ္တသုတ်များဖြစ်သည်ဟု မှတ်ယူအပ်ပေသည်။

မိလိန္ဒပဉှာ၌ ဖော်ပြသော ပရိတ်သုတ်များနှင့် နှိုင်းယှဉ်ကြည့်သောအခါ အဋ္ဌကထာလာ ပရိတ္တသုတ်စာရင်း၌ အင်္ဂုလိမာလသုတ်မပါဘဲ ဗောဇ္ဈင်သုတ်နှင့် ဣသိဂိလိသုတ် နှစ်သုတ် ပိုလာသည်ကိုတွေ့ရ၏။

## မြန်မာနိုင်ငံသုံး ပရိတ္တသုတ်များ

မြန်မာတို့သည် ဗုဒ္ဓဘာသာမြန်မာနိုင်ငံသို့ ရောက်စကပင် ပရိတ်တော်များကို ရွတ်ဖတ်နာယူကြမည်မှာ သေချာသည်။ သို့ရာတွင် မည်သည့်သုတ်များကို ဖတ်ရွတ် နာယူသည်ဟူသော မှတ်တမ်းကိုကား သာသနာ သက္ကရာဇ်–၂၁၅၃–ခု မြန်မာ

သက္ကရာဇ် ၉၇၁-ခု ပတ်ဝန်းကျင်ကာလတွင် အရှင်တေဇောဒိပ ဆရာတော်က ပရိတ္တဝဏ္ဏနာခေါ် ပရိတ်ကြီးဋီကာကျမ်းကိုရေး သဖြင့် သိရ၏။ ထိုပရိတ္တဋီကာရေးသားသောခေတ်တွင် မြန်မာ တို့သည် အထက်ပါမိလိန္ဒပဉှာနှင့် အဋ္ဌကထာများ၌ လာသော ပရိတ်နှစ်မျိုးကိုပေါင်း၍ မင်္ဂလသုတ်ကိုထည့်၍ မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဓဇဂ္ဂသုတ်၊ အာဋာနာဋိယသုတ်၊ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ် ဟူ၍ ပရိတ် ၉ သုတ်ကို ဖတ်ရွတ် နာယူလျက်ရှိကြောင်း သိရ၏။ ထို ပရိတ်ကြီးဋီကာတွင် ဖော်ပြပါ ပရိတ် ၉ သုတ်ကိုသာ ဖွင့်ပြထား ၏။ ဗောဇ္ဈင်သုတ်အဖွင့်အဆုံး ပရိတ္တသုတ်များသည် မည်သည့် ပါဠိတော် မည်သည့်ဇာတ်အဋ္ဌကထာတို့၌ လာကြောင်းကို ညွှန်း ပြရာ၌လည်း အထက်ပါပရိတ် ၉ သုတ်ကိုသာ ညွှန်းသည်။ ထို့ ကြောင့် မြန်မာသက္ကရာဇ်-၉၇၁ အနောက်ဖက်လွန်မင်းတရား ကြီးလက်ထက်တွင် မြန်မာတို့ ဖတ်ရွတ် နာယူနေသော ပရိတ္တ သုတ်များမှာ ၉ သုတ်သာရှိသည်ဟု မှတ်ယူနိုင်ပေသည်။

ပရိတ်ကြီးဋီကာခေတ်တွင် ယခုကာလပရိတ္တသုတ်များမှာကဲ့သို့ ယံမင်္ဂလံဒွါဒသဟိမှ စသော မင်္ဂလသုတ် ပြီးမှ ပဏိဓာနတော ပဋ္ဌာယမှစသော ရတနသုတ်ကို တသီးတခြားစီ ပြသော ပရိတ် မူကတမျိုးနှင့်ရာဇဘောဝါ အဆုံးတွင် ပဏိဓာနတော ပဋ္ဌာယ ဟူသော ပရိတ္တဂုဏကထာနှင့် ရတနသုတ် အမှန်းကို ပြပြီးမှ မင်္ဂလသုတ်ကို ဝေမေသုတ်မှ၍ပြကာ မင်္ဂလသုတ်ဆုံးမှ ယာနီဓ ဘူတာနိသမာဂတာနိ စသော ရတနသုတ် ပရိတ်စာသား အစ အဆုံးကိုပြသော မူတမျိုးဟု နှစ်မျိုးရှိနေသည်၊ ဒုတိယမူတွင်

ယံမင်္ဂလံဒွါဒသဟိစသော မင်္ဂလသုတ်အမွှမ်း နှစ်ဂါထာမပါပေ၊ ပရိတ္တဋီကာ ကျမ်းပြုဆရာသည် ဤနောက်မှုကို သဘောကျ၍ နောက်မှုအတိုင်း ဋီကာဖွင့်ပြထားသည်ကိုတွေ့ရ၏။

ထိုပရိတ္တဋီကာအဖွင့်အရ ထိုခေတ်တွင် မင်္ဂလသုတ်ကို ပရိတ္တသုတ်အဖြစ် ရွတ်ဆိုခြင်း ဟုတ်ဟန်မတူပေ၊ ထိုထိုပရိတ်များကို မရွတ်ဆိုမီ မင်္ဂလာကျက်သရေရှိရန်အတွက် မင်္ဂလသုတ်ကိုရွတ်ဆို ဟန်ရှိပေသည်။ ထိုသို့မင်္ဂလသုတ်ကို ပရိတ္တသုတ် အဖြစ် ရွတ်ဆို ခြင်းမဟုတ်သောကြောင့် ယံမင်္ဂလံဒွါဒသဟိစသော မင်္ဂလသုတ် အမွှမ်းကိုချန်ကာ ဧဝံမေသုတံကစ၍ ရွတ်ဆိုကြခြင်းဖြစ်ပုံ ရပေ သည်၊ ၎င်းပြင် ရတနသုတ်အမွှမ်းကို ရွတ်ဆိုပြီးမှ မင်္ဂလသုတ်ကို ကြားညှပ် အနေဖြင့် ထည့်သွင်း ရွတ်ဆိုသည်က ထူးဆန်း နေ ပြန်သည်။

တံ ပရိတ္တံ ရတနသုတ္တံ ဟောသပ္ပ၊ ရိသာ၊ မယံဘဏာမ ဝဒါမာတိယောဇနာ ဟု ရတနသုတ်အမွှမ်းကို ဖွင့်ဆိုပြီးမှ—

ဧတ္ထစ ရတနသုတ္တ ပမာနာနုရူပံရတနသုတ္တေ ဝတ္တဗ္ဗေပိ သုနိမိတ္တောဘာသမင်္ဂလဘာဝါယ ပဌမံ မင်္ဂလသုတ္တန္တိ ဒဋ္ဌဗ္ဗ ။

ရတနသုတ် အမွှမ်း အားလျော်စွာ ရတနသုတ်ကို ရွတ်သင့် သော်လည်း ကောင်းသောနိမိတ်သြဘာ မင်္ဂလာအလို့ငှာရှေးဦး စွာမင်္ဂလသုတ်ကို ရွတ်ဆိုသည်ဟု မှတ်ရမည်ဟုပြထား၏။

## ဝဋ္ဋသုတ် မရှိသေး

ဒုတိယ အင်းဝခေတ်စတွင် ပရိတ္တသုတ်များ စာရင်းတွင် ဝဋ္ဋ သုတ်မပါသေးချေ။ ယခုခေတ် ပုဗ္ဗဏှသုတ်အနေဖြင့် ရွတ်ဖတ်

နေကြသော ယံဒုန္နိမိတ္တံ မှ ဇယန္တောဗောဓိယာမူလေ ဂါထာ အထိကိုထိုခေတ်က ရွတ်ဖတ်ကြ၏။ ဇယန္တော ဂါထာအဆုံးတွင် ရှေ့မှာရွတ်ပြီးသော သဗ္ဗေဗုဒ္ဓာဗလပတ္တာ ဂါထာကိုပြန်ရွတ်ကြ၏။ ထိုသဗ္ဗေဗုဒ္ဓာဂါထာဖြင့် အဆုံးသတ်ပုံရ၏။ သို့သော် ပရိတ္တ သုတ်တသုတ်အနေရွတ်ဆိုခြင်း မဟုတ်ပေ၊ ပုဗ္ဗဏှသုတ် ဟုလည်း မခေါ်သေးချေ၊ အင်္ဂုတ္တိုရ် ပါဠိတော်လာ သုနက္ခတ္တံသုမင်္ဂလံ စသည်လည်း မရှိသေးသောကြောင့် ပုဗ္ဗဏှသုတ်ဟုအမည်ပေး၍ လည်းမရသေးချေ။ ထို့ကြောင့် ဗောဇ္ဈင်သုတ်ကို ဖွင့်ပြီးနောက် ပရိတ္တများကုန်ပြီဟူသောအဓိပ္ပါယ်ဖြင့် မင်္ဂလသုတ်အစ ဗောဇ္ဈင် သုတ်အဆုံး ပရိတ္တများ မည်သည့် ပါဠိတော်၌ ပါကြောင်းကို ညွှန်ပြပါသည်။ယခုခေတ်ပုဗ္ဗဏှသုတ်အစဖြစ်သော ယံဒုန္နိမိတ္တံကို ဖွင့်လိုသောအခါ—

ယခုအခါ၌ ခပ်သိမ်းသော မေတ္တာ စသည်တို့ကို တပေါင်း တည်းပြတော်မူလိုရကား ရှေးဦးစွာအကျိုးမဲ့ကိုပယ်သေ မေတ္တာ ဘာဝနာကိုပြရန် ယံဒုန္နိမိတ္တံ စသည်ကိုဆို၏၊ ဤဂါထာတို့ကို ရှေးဆရာတော်များက စီစဉ်ထားခဲ့သည်ဟု သိမှတ်အပ်၏” ဟု ပရိတ္တဋီကာဆရာပြ၏။ ထိုခေတ်တွင် အင်္ဂုတ္တိုရ်ပါဠိတော်လာ သုနက္ခတ္တံစသော ပုဗ္ဗဏှသုတ်ဂါထာများ မရှိသေး။ ပုဗ္ဗဏှ သုတ်ဟူသည်း မခေါ်သေးကြောင်း ပရိတ်များ ရွတ်ဖတ်ပြီးသော အခါ မေတ္တာပို့ဆုတောင်း အာသီသတို့ကို ပရိတ်နိဂုံးအနေဖြင့် ရွတ်ဆိုကြကြောင်း သိရပေသည်။

## ကုန်းဘောင်ခေတ် ပရိတ္တသုတ်များ

ကုန်းဘောင်ခေတ် မြန်မာသက္ကရာဇ် ၁၁၇၄ ခုတွင် ဗုဒ္ဓဘာသာ တို့ရွတ်ဆိုနေသော ပရိတ္တသုတ်များသည် ဒုတိယအင်းဝခေတ်တွင်ရွတ်ဆိုနေသောပရိတ္တသုတ် ၉ သုတ်တွင်ဝဋ္ဋသုတ်ကိုပရိတ္တသုတ်တခုအနေ ထည့်ရွတ်လာသည်ကိုတွေ့ရ၏။ ဝဋ္ဋသုတ်ကို မည်သည့်ခေတ်ခုနှစ်တွင် စတင် ရွတ်ဆိုမှု ပြုလုပ်လာကြသည်ကို အတိအကျ မသိရသော်လည်း မြန်မာသက္ကဇ်၁၁၇၄ခုနှစ်တွင် စလင်းဆရာတော်သည်။ ပရိတ်ကြီး နိဿယစာအုပ်တွင် ထည့်ရေးထားသောကြောင့် ဝဋ္ဋသုတ်ကို ကုန်းဘောင်ခေတ်တွင် ရွတ်ဆိုသော ပရိတ်အဖြစ် သိမှတ်ရခြင်းဖြစ်ပါသည်။

စလင်းဆရာတော်၏ ပရိတ်ကြီး နိဿယ၌ ဗောဇ္ဈင်္ဂသုတ်နိဿယအပြီးတွင် ပရိတ်တော်သုတ်များ စာရင်းကို စီစစ်ပြရာ၌ ပရိတ္တသုတ်များသည် ပရိတ်ကြီး ၈ သုတ်နှင့် ပရိတ်ကလေး နှစ်သုတ်အားဖြင့် ၁၀ သုတ်ရှိသည်ဟု ပြထား၏။ ရှေးဆရာတော်တို့ ရေးသော ပရိတ်မှမ်းဂါထာအဆုံးတွင် 'ပရိတ္တံ တံဘဏာမဟေ' ဖြင့် အဆုံးသတ်သော ရတနသုတ်၊ မေတ္တသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်၊ ဓဇဂ္ဂသုတ်၊ အင်္ဂုလိမာလသုတ်၊ အာဋာနာဋိယသုတ်၊ ၈ သုတ်ကို ပရိတ်ကြီးခေါ်၍ပရိတ်မှမ်းတွင် 'ပရိတ္တံ' မပါဘဲ 'မင်္ဂလံ တံဘဏာမဟေ' 'ဗောဇ္ဈင်္ဂံ ဘဏာမဟေ' ဖြင့် အဆုံးသတ်သော မင်္ဂလသုတ်၊ ဗောဇ္ဈင်သုတ် နှစ်သုတ်ကို ပရိတ်ကလေးဟု ရှေးဆရာတော်များ သတ်မှတ်ပိုင်းခြားထားကြောင်း အမိန့်ရှိသွား၏။ ထို့ကြောင့် စလင်ဆရာတော် နိဿ

ယ ရေးသည့် ကုန်းဘောင်ခေတ် မြန်မာသက္ကရာဇ် ၁၁၇၄ခု တွင် ပရိတ္တ ၁၀ သုတ်ရှိသည်ဟု မှတ်ယူရပါမည်။ မင်္ဂလ တံဘာ ဏာမဟေ ယျူသော မင်္ဂလသုတ် ပရိတ်မွမ်းကို ပြသဖြင့် မင်္ဂလ သုတ်သည် ပရိတ်ကြီး ဋီကာ ခေတ်ကကဲ့သို့မဟုတ်ဘဲ သီခြား ပရိတ်တသုတ်ဖြစ်လာသည်ဟု မှတ်ရပေမည်။

သို့ရာတွင် စလင်းဆရာတော်ခေတ်၌ ပုဗ္ဗဏှသုတ်မှာ ယနေ့ တွေ့ရှိရသည့်အတိုင်း ယံဒုန္နိမိတ္တံအစသဗ္ဗေဟိဥာတိဘိ အဆုံးအ စုံပင်ရှိနေပြီဖြစ်၏။ အဂ္ဂတ္တိုရ်ပါဠိတော် ပုဗ္ဗဏှသုတ်မှ စုဏ္ဏိယများ ကို ချန်ကာ သူနက္ခတ္တံ သုမင်္ဂလံ စသော ၃ ဂါထာခွဲကို ဖြည့်စွက် ထားပြီးဖြစ်သောကြောင့် ပုဗ္ဗဏှသုတ်ဟု အမည်ရနေပြီလည်း ဖြစ်၏။ သို့သော် ထိုပုဗ္ဗဏှသုတ်ကို ပရိတ္တတသုတ်အဖြစ်ကား မယူဆပေ။ မယူဆကြောင်းကိုလည်း အထက်ပါ ပရိတ်ကြီး ၈ သုတ် ပရိတ်ငယ် နှစ်သုတ် စာရင်းအရရင်း၊ ပုဗ္ဗဏှသုတ် နိဿ ယမရေးမိ အောက်ပါ အနုသန္ဓေကျမ်းတက် ဆိုရိုးအရရင်း၊ သိရ ပါသည်။

> ဤသို့လျှင် ပရိတ်ကြီး ၈ ပါး ပရိတ်ငယ် ၂ ပါးတို့ ကို ပြတော်မူပြီး၍ ယခုအခါ၌ ရတနာသုံးပါး၏ ဂုဏ် တော်၊ သစ္စာစကား၏အာနုဘော်တော် ကုသိုလ်ဖြစ်ကာ ယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော ပုဗ္ဗဏှသုတ် ဓမ္မဒေသနာတော်သီဖြင့် ပရိတ်မွမ်းနိဂုံးကို ပြတော်မူ လိုသော သင်္ဂဟာဆရာမြတ်သည်။ ယံဒုမိတ္တံအစ သဟာ သဗ္ဗေတိဉာတီဘိ အဆုံးရှိသော ဂါထာ အပေါင်းကို ဟောတော်မူ၏”ဟု ပြထား၏။

အရှင် အာဒိစ္စဝံသ ဆရာတော်သည် ၁၂၈၀ ခုနှစ်တွင် ပရိတ္တသင်္ဂဟခေါ် ပရိတ်ကြီး နိဿယစာအုပ်ကို စီစဉ်ရေးသားခဲ့၏။ ထိုစာအုပ်တွင် ပရိတ္တသုတ်များကို ၁၀ ရက်ခွဲရွတ်ရန် ခွဲဝေပေးခဲ့၏၊ ထိုသို့ခွဲဝေရာ၌ ပုဗ္ဗဏှသုတ်မပါပေ။ ပုဗ္ဗဏှသုတ်ကို ပရိတ္တာသီသနဟု အမည်တပ်ကာ အခြားပရိတ်များကို ရွတ်ပြီးတိုင်း ဆုတောင်း အမွှမ်းနိဂုံးအနေဖြင့် ရွတ်ဆိုရန် စီစဉ်ခဲ့၏၊ စလင်းဆရာတော်၊ အရှင်အာဒိစ္စဝံသဆရာတော်တို့ အမိန့်ရှိသည့်အတိုင်း ယနေ့ သံဃာတော်အရှင်မြတ်တို့ ပရိတ်ရွတ်ဖတ်ရာ၌ ပုဗ္ဗဏှသုတ် အာစ ယံဒုန္နိမိတ္တံ ဂါထာ ၃ ခုဖြင့်၎င်း၊ ဂစ္ဆန္တု ဒေဝဘာဂဘာ အထိဖြင့်၎င်း၊ သဟာသဗ္ဗေဟိဉာတိဘိအဆုံးဖြင့်၎င်း ပရိတ်တော်များကို အဆုံးသတ်လျက်ရှိကြောင်းတွေ့ရ၏။

### ကိုလိုနီခေတ်နှင့် လွတ်လပ်ပြီးခေတ် ပရိတ္တသုတ်များ

ကုန်းဘောင်ခေတ်နောက်ပိုင်းနှင့် ကိုလိုနီခေတ်တွင် ၁၀ စောင်တွဲစာအုပ်များ ပေါ်လာ၏။ ထိုစာအုပ်များသည် ဘုန်းတော်ကြီး စာသင်ကျောင်းများ၏ ကျောင်းသုံးစာအုပ်များဖြစ်သည်။ ထိုစာအုပ်တွင် ပုဗ္ဗဏှသုတ်အပါအဝင် ပရိတ်ကြီး ၁၁ သုတ်ဟု ပြထား၏။ ထို ၁၀ စောင်တွဲ စာအုပ်ပုံနှိပ်အရ ပရိတ်ကြီးသည် ၁၁ သုတ်ရှိသည်ဟု အများမှတ်ယူသာကြ၏။ ထို့ကြောင့် သက္ကရာဇ် ၁၂၇၃ ခုနှစ်တွင်ရေးသော တွံတေးဆရာတော်၏ ပရိတ်ကြီး နိဿယနှင့် ၁၃၂၇ ခုနှစ်တွင်ရေးသော သပြေကန် နိဿယသစ်တို့တွင် ပုဗ္ဗဏှသုတ်ကို မည်သို့မျှမပြောဘဲ ပရိတ္တသုတ် အနေဖြင့်သာ ရေးသားကြ၏။ ဘုရားဟော သုတ်ပါဠိထဲ၌ပါ ဥ္ဓတော် အာဋာနာဋိယသုတ်မှ ဂါထာအချို့နှင့် ရွှေဆရာတော်

ဘို ရေးသားသော ဂါထာများကိုပေါင်းကာ အာဋာနာဋိယ သုတ်ဟု ခေါ်ဝေါ်သကဲ့သို့ ဘုရားဟောအင်္ဂုတ္တိုရ် ပါဠိတော်မှ သုနက္ခတ္တံ စသော ဂါထာအချို့နှင့် ရှေးဆရာတော်တို့ ရေးသော ဂါထာများကိုပေါင်းကာ ပုဗ္ဗဏှသုတ်ဟုခေါ်သင့်ပါသည်။ ထို့ကြောင့် ယနေ့ဗုဒ္ဓဘာသာ မြန်မာ လူမျိုးတို့ ရွတ်ဖတ်နာယူသောပရိတ်သည် ၁၁ သုတ်ရှိ၏ဟု မှတ်ယူနိုင်ပါသည်။

ပုဗ္ဗဏှသုတ်သည် မူလက ပရိတ္တာသိသန ပရိတ်အမွှမ်းနိဂုံး အဖြစ်မှ သုနက္ခတ္တံ စသော ဂါထာများပါလာ၍ ပုဗ္ဗဏှသုတ် အမည်ရလာခြင်းဖြစ်သောကြောင့် အခြားပရိတ်များနှင့် မတူသော် အချက်တခုရှိနေသည်။ 'ပရိတ္တံ တံဘဏာမဟေ— အိုသူတောကောင်းတို့ ပုဗ္ဗဏှသုတ်ကို ရွတ်ကြကုန်အံ့' ဟူသော ပရိတ် အချီးအမွှမ်း နိဒါန်းမပါခြင်းပင်ဖြစ်၏။ ထို့ကြောင့် ဤပုဗ္ဗဏှ သုတ်ကို အစထား၍ ဆရာတော်တို့ ရွတ်ဖတ်လေ့မရှိဘဲ ပုဗ္ဗဏှ သုတ်အမည်မရခင်ကကဲ့သို့ပင် အခြားပရိတ်များ၏ နိဂုံးချုပ် အမွှမ်းတွင် အာသိသ ဆုတောင်းအဖြစ်ဖြင့်သာ ရွတ်ဆိုနေကြပေသည်။

နိဂုံးအမွှမ်းအဖြစ်ရွတ်ဆိုရာ၌(၁)ယံဒုန္နိမိတ္တံ ၃ ပုဒ်တွင်အဆုံး သတ်သည်လည်းရှိ၏။ (၂)ဂစ္ဆန္တုဒေဝတာဂတာ ဟူသောနတ် ပို့ဂါထာတွင် အဆုံးသတ် သည်လည်းရှိ၏။ ပုဗ္ဗဏှသုတ် အဆုံး သဟာသဗ္ဗဟိဗြဟ္မစာရိဘိ တွင် အဆုံးသတ်သည်လည်းရှိ၏။ ထို အဆုံးသတ် သုံးခုနှင့်ပတ်သက်၍ ရှေးဆရာတော်ကြီးများ အစဉ် အဆက်နှုတ်ဖြင့်မှာကြား၍ တပည့်အစဉ်အဆက်စိတ်ဖြင့်မှတ်ကာ လက်တွေ့ ကျင့်သုံးလာခဲ့သော မူတခုရှိ၏၊ ထိုဆရာတော် တို့၏

အဘိုးတန် အမှာအထားမှာ ကာလကြာညောင်းသဖြင့် ပြောသူမှတ်သူ အဆက်ပြတ်လုမတတ် ဖြစ်နေ၏။ ထိုသို့အဆက်ပြတ်နေသောကြောင့် အချို့ဒေသ၊ အချို့ပုဂ္ဂိုလ်တို့ ပရိတ်ရွတ်ဖတ်ရာ၌ နိဒါန်း နိဂုံးအဆင်မပြေမှုစာလေးများ ဖြစ်နေ၏။ ထိုကြောင့် ရှေးဆရာတော် အစဉ်အဆက် မှာကြားချက်ကို မပျောက်ပျက်စေရန်မှတ်တမ်းတင်ဖော်ပြလိုက်ပါသည်။

(၁)ပရိတ်တော်ရွတ်ဖတ်မှုကို နတ်ဖိတ်သမန္တာမှမစဘဲ မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တသုတ် တခုခုအမှမ်းမှ စ၍ရွတ်လျှင် ယံဒုန္နိမိတ္တံ သုံးပုဒ်အဆုံး သံဃာနုဘာဝေန ဝိနာသမေန္တု တွင် အဆုံးသတ်ရမည်၊အကယ်၍ ဝိနာသမေန္တု တွင် အဆုံးမသတ်ဘဲ ဂစ္ဆန္တုဒေဝတာဂတာ ပရိတ် တရားတော်နာ ကြွရောက်ကြကုန်သောနတ်တို့ပြန်ကြွလာကြပါကုန်လောအထိရွတ်၍အဆုံးသတ်ပါက ပရိတ်ရွတ်စကနတ်တို့ကိုမပင့်ထားဘဲပြန်ပို့နေသဖြင့်အဓိပ္ပါယ်မဆီလျော်မှုဖြစ်နိုင်သည်။ မဖိတ်ထားသော်လည်းပရိတ်သံကြား၍ လာနာသူနတ်များကို ပြန်ပို့သည်ဟု ဆိုလျှင်လည်း သူ့ဖာသာကြား၍ လာလျှင် သူ့ဖာသာ ပြီးမှန်းသိ၍ ပြန်ကြ လိမ့်မည်ဟု သဘောထားခြင်းကပိုကောင်းမည်ဟု အမိန့်ရှိခဲ့ကြသည်။

(၂) သမန္တာစက္ကဝါဠေသု စသည်ဖြင့် နတ်တို့ကို ပရိတ်တရားနာဖိတ်ခဲ့လျှင် ဂစ္ဆန္တု ဒေဝတာဂတာ-ပရိတ်တော်နာရန် လာသော နတ်ပြဟ္မာတို့ ပြန်ကြွနိုင်ပါပြီတွင် အဆုံးသတ်ရမည်။ အကယ်၍ ဤနတ်တို့ ပြန်ပို့သော ဂါထာအထိ မရွတ်ဘဲ သံဃာနုဘာဝေန ဝိနာသမေန္တုတွင် အဆုံးသတ်ပါက နတ်တို့ကိုဖိတ်

ထားမေ့လျော့နေ၍ တာဝန်မကြေရာ ရောက်မည်၊နိဒါန်းနှင့်နိဂုံး အဆင်မပြေဖြစ်နေပါမည်။

(၃) အကယ်၍ ပုဗ္ဗဏှသုတ် အကုန်လုံးကို ရွတ်မည် စိတ်ကူး လျှင်၊ ပရိတ်ကိုခေါင်းဆောင်သည့်ဆရာတော်က ပုဗ္ဗဏှသုတ်ပါ ရွတ်မည်ဟု အမိန့်ရှိထားလျှင် ပုဗ္ဗဏှသုတ်ကို ယံဒုန္နိမိတ္တံ မှ မစဘဲ သဗ္ဗေဗုဒ္ဓါဗလပတ္တာမှစ၍ အဆုံးထိရွတ်ပြီးမှ ယံဒုန္နိမိတ္တံ ကိုပြန်စ ကာ ဂစ္ဆန္တုဒေဝတာဂတာ နတ်ပို့တွင် အဆုံးသတ်ရမည်၊ အ ကယ်၍ထိုသို့မဟုတ်ဘဲ ပုဗ္ဗဏှသုတ် အစဉ်အတိုင်း ရွတ်သွားမည် ဆိုလျှင် နတ်တွေကို ပြန်ပို့ပြီးမှ နတ်တွေမရှိမှ မေတ္တာ၊ သစ္စာ၊ အာသီသ ဆုတောင် များကို ဆက်၍ပြုလုပ်နေသဖြင့် နတ်တွေက သွားရကောင်းနိုးနိုး၊ဆက်နာရကောင်းနိုးနိုးဖြင့် ကသိကအောင့် ဖြစ်ဘွယ်ရှိသည်။

ထိုသို့ အဆင်မပြေ ကသိကအောင့် ဖြစ်မှုမျိုးကို မကြာခဏ တွေ့ရသောကြောင့်လောမသိ၊ အရှင်အာဒိစ္စဝံသ ဆရာတော်က ပရိတ္တသင်္ဂဟတွင် တွော ဝတာစ မှ ဂစ္ဆန္တုဒေဝတာဂတာ နတ်ပို့ ဂါထာကို ပုဗ္ဗဏှသုတ် နောက်ဆုံးသို့ ပို့ထားသည်။ မည်သည့် ပရိတ်ကိုရွတ်သည်ဖြစ်စေ ပုဗ္ဗဏှသုတ်ကို အစ ဆုံးရွတ်ရန် စီစဉ် ထားသည်။ ထိုသို့စီစဉ်လိုက်သဖြင့် နတ်တို့ကိုပို့ပြီးမှ ပရိတ်ဆက် ရွတ်နေမှုမျိုးမဖြစ်တော့ဘဲနတ်ပို့ဖြင့် နိဂုံးချုပ်လိုက်သဖြင့်အဆင် ပြေသွားပေသည်။

ယခုလက်ရှိ ပရိတ်ကြီးမူ အတိုင်း ရှိလျှင်လည်း အထက်ပါ ဆရာတော်ကြီးများအမှာနိပါတ်(၃)အတိုင်းရွတ်ဆိုပါက အဆင် ပြေပါသည်။ ပုဗ္ဗဏှသုတ်ကို အကုန် မရွတ်လိုသော အခါ ယခု

လက်ရှိမူအတိုင်းတွင် ဂန္ဓဿနုဒေဝတာဂတာ နတ်ပို့၍ အဆုံး သတ်နိုင်ရန် စီစဉ်ထားခြင်းဖြစ်၍ လက်ရှိမူသည်လည်း ကောင်း သောမူပင်ဖြစ်ပါသည်။ ထို့ကြောင့် ယခုလွတ်လပ်သောမြန်မာ နိုင်ငံခေတ်တွင် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ ရွတ်ဖတ်နာကြား နေသောပရိတ္တသုတ်များမှာ မင်္ဂလသုတ်၊ရတနသုတ်၊မေတ္တသုတ်၊ ခန္ဓသုတ်၊မောရသုတ်၊ဝဋ္ဋသုတ်၊ဓဇဂ္ဂသုတ်၊ အာဋာနာဋိယသုတ်၊ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်သုတ်၊ ပုဗ္ဗဏှသုတ် ဟု ၁၁-သုတ် ရှိသည်ဟုမှတ်ယူရပါသည်။

ဤသို့လျှင် ဘုရားရှင် ပွင့်တော်မမူမီ အလောင်းတော်ဘဝက ပင် အစဉ်အလာအဖြစ် ရှိခဲ့သော ပရိတ် ရွတ်ဖတ် နာကြားမှု၊ ကျင့်ကြံ မှုအစီအစဉ်သည် ဗုဒ္ဓသက်တော်ထင်ရှား ရှိစဉ်ကလည်း ဗုဒ္ဓ ကိုယ်တော်တိုင် ရွတ်ခဲ့၊ နာခဲ့သည်၊ သီဟိုဠ်ကျွန်း ရဟန္တာ အရှင်မြတ်ကြီးများလည်း ရွတ်ဖတ်ခဲ့သည်၊ မြန်မာနိုင်ငံကျန်စစ် သားမင်းကြီး နန်းတော်တည်ဆောက်ရာ၌ ပရိတ်ရွတ်ခဲ့ကြောင်း မှန်ကျောက်စာပေါင်းချုပ် ကျမ်းတွင်ပါရှိသည်။ ဒုတိယအင်းဝ ခေတ် သက္ကရာဇ် ၉၇၁-ခု၌ပရိတ်တော် ၉-သုတ်၊ကုန်းဘောင် ပဉ္စမဆက် ဘိုးတော်မင်းတရားခေတ် သက္ကရာဇ် ၁၁၇၄-ခုနှစ်၌ ပရိတ် ၁၀-သုတ်နှင့် ယခုခေတ်တွင်ပရိတ်တော် ၁၁-သုတ်တို့ကို ဗုဒ္ဓဘာသာတို့ ယုံယုံ ကြည်ကြည် ရွတ်ဖတ် နာယူ ကျင့်ကြံခဲ့ကြ သည်မှာလက်တွေ့အန္တရာယ်ကင်းစင်၍ ကျက်သရေ မင်္ဂလာ တိုး တက် ရရှိကြသောကြောင့်သာ ဖြစ်သည်ဟု ယုံကြည် အားထား နာယူကျင့်ကြံသင့်ကြပေသည်။

## ပရိတ်နာ၍ အန္တရာယ်ကင်းသလား

ပရိတ်ရွတ်၍အန္တရာယ်ကင်း-မကင်းကို မိလိန္ဒမင်းကြီးက မေး၍ ရှင်နာဂသိန်ကဖြေဆိုထားသည်၊

အရှင်ဘုရား "ကောင်းကင်သမုဒ္ဒရာအလယ် တောင်ခေါင်းထဲ ပုန်းအောင်း နေသော်လည်း သေမင်း ကျော့ကွင်းမှ မလွတ်နိုင်" ဟု ဘုရားရှင်ဟောတော်မူသည်။ တဖန် ရတနသုတ်၊မေတ္တသုတ်၊ ခန္ဓပရိတ်၊မောရပရိတ်၊ ဓဇဂ္ဂပရိတ်၊ အာဋာနာဋိယပရိတ် အင်္ဂုလိမာလပရိတ်ဟူသော အရံအတားပရိတ်တို့ကို ဘုရားရှင်ညွှန်ကြားတော်မူသည်၊ ထိုဒေသနာနှစ်ခု မဆန့်ကျင်ပါလော ဟုမိလိန္ဒမင်းကြီးက မေးရာ—

မင်းကြီး၊ အသက်ကျွင်းရှိသေးသူ၊ ပဋ္ဌာနန္တရိယကံမထိုက်သူ အတွက် ပရိတ်အရံအတားကိုဟော၏။ အသက်ကျွင်း မရှိတော့ သောပုဂ္ဂိုလ်အား (သေချိန် ရောက်နေသူအား) ပရိတ် အရံအတားသည်အကျိုးမရှိပါ၊ ဥပမာအားဖြင့် သေ၍ခြောက်ဆွေးနေသော သစ်ပင်အား ရေအိုး တထောင်ဖြင့် လောင်းစေကာမူ မရှင်နိုင်သကဲ့သို့ ဖြစ်ပါသည်။ မသေမဲ့ လူမမာကိုသာ ဆေးဖြင့် ကုနိုင်သကဲ့သို့ သေနေ့မစေ့သေးသူကိုသာပရိတ်ရွတ်၍အန္တရာယ် ကင်းစေပါသည်ဟု ရှင်နာဂသိန်က ဖြေ၏။

သေနေ့မစေ့သေး၍ မသေသည်မှာ အဘယ်မှာလျှင် ပရိတ် တန်ခိုးရှိပါအံ့နည်းဟုမေးရာ ရှင်နာဂသိန်က ဆေးစား၍ရောဂါ အမြန် ပျောက်ကင်းသကဲ့သို့ ပရိတ်ရွတ်၍ အမြန်ပျောက်ကင်း သဖြင့် ပရိတ်အကျိုးရှိပါသည်ဟု ဖြေဆိုထားပေသည်။

ငှင်းပြင်ပရိတ်ရွတ်၍ အန္တရာယ်ကင်းနိုင် ကြောင်းကို ပရိတ္တာနိဒါန်းများအရသိနိုင်သည်။ ဝေသာလီပြည်တွင်ဘေးကြီးသုံးပါး ဆိုက်နေစဉ် ဘုရားရှင် ကိုယ်တိုင်ကြွ၍ ရှင်အာနန္ဒာအား ရတနသုတ်ကို ရွတ်စေခြင်းဖြင့် ဘေးသုံးပါး ကင်းခဲ့ဘူးသည်။ ရှင်မဟာမောဂ္ဂလာန်နှင့် ရှင်မဟာကဿပတို့ မကျန်းမမာ ဖြစ်နေရာ ဘုရားရှင်ကိုယ်တိုင်ဗောဇ္ဈင်ပရိတ်ကိုရွတ်ပေး၍ ထိုဗောဇ္ဈင်သုတ်ကိုနာရသောကြောင့် ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့ ရောဂါပျောက်ရဘူးသည်။ ဘုရားရှင်ကိုယ်တိုင် မကျန်းမမာဖြစ်နေစဉ် စုန္ဒမထေရ်အား ဗောဇ္ဈင်သုတ်ကို ရွတ်စေ၍ ဘုရားရှင်ကိုယ်တိုင်နာယူခြင်းဖြင့် ရောဂါပျောက်ကင်းဘူးသည်။ မီးမဖွားနိုင်သောအမျိုးသမီးအား အရှင်အင်္ဂုလိမာလ မထေရ်က သစ္စာပြုဆိုခြင်းဖြင့် ကိုယ်ဝန်အလွယ်တကူ ဖွားခဲ့ဘူးသည်။ ထို့ကြောင့် ပရိတ်တော်များကို ရွတ်ဆိုသူက အင်္ဂါသုံးပါးနှင့် ညီအောင်ရွတ်၍ နာသူက အင်္ဂါသုံးပါးနှင့်အညီ နာလျှင် အန္တရာယ်ကင်းဘေးရှင်းနိုင်သည်ဟု မှတ်ပါ။

## ပရိတ်ရွတ်သူ အင်္ဂါသုံးပါး

၁။ ပရိတ်တော်များကို ပုဒ်အက္ခရာ ပီပီသသရွတ်ဘတ်ခြင်း။

၂။ ပရိတ်နာသူအား အန္တရာယ် ကင်းစေလိုသော မေတ္တာရှေ့ထား၍ရွတ်ခြင်း။

၃။ မိမိ ရွတ်နေသော ပရိတ်ပါဠိများ အနက်

အဓိပ္ပာယ်ကိုသိနားလည်ခြင်း၊ မြန်မာလိုဆင်ခြင်အောက်မေ့နိုင်ခြင်း။

## ပရိတ်နာသူ အင်္ဂါသုံးပါး

၁။ ကံကြီးထိုက်သူ မဟုတ်ခြင်း၊ သို့မဟုတ် ပဉ္စာနန္တရိယကံထိုက်သူမဟုတ်ခြင်း။

၂။ ကံ-ကံ၏ အကျိုးကို ပြစ်ပယ်သော မိစ္ဆာဒိဋ္ဌိ မဟုတ်ခြင်း။

၃။ ပရိတ်တရားတော်ကို နာယူခြင်းဖြင့် အန္တရာယ်ကင်း၍ဘေးရန်ရှင်းမည်ဟု ယုံကြည်ခြင်း။

အထက်ပါပရိတ်ရွတ်သူ အင်္ဂါသုံးပါး၊ ပရိတ်နာသူ အင်္ဂါသုံးပါးနှင့်ညီညွတ်လျှင် ပရိတ်သည်အန္တရာယ်ကင်းနိုင်ပါသည်။

## ကိုယ်ကျင့်ပရိတ်အင်္ဂါသုံးပါး

အကယ်၍ပရိတ်ကို ရွတ်သူကို တပါးသူအတွက် ရွတ်ပေးခြင်း မဟုတ်ဘဲ မိမိအန္တရာယ်ကင်းဘို့အတွက် မိမိအိမ်၌ ကိုယ်တိုင်ရွတ်ခြင်းဖြစ်လျှင်—

(၁) ပရိတ်ပါဠိတော်များကို ပုဒ်အက္ခရာ ပီပီသသ ရွတ်ဘတ်ခြင်း။

(၂) ပါဠိ၏အနက် အဓိပ္ပာယ်တို့ကို သိနားလည်ခြင်း၊ မြန်မာလိုဆင်ခြင်အောက်မေ့နိုင်ခြင်း။

(၃) ပရိတ်တရားတော်ကို ရွတ်ဘတ်နာယူကျင့်ကြံ

ခြင်းဖြင့် အန္တရာယ်ကင်းအကျိုးရမည်ဟု ယုံကြည်ခြင်းဟု အင်္ဂါသုံးပါးရှိသင့်၏။

## ပရိတ်မှာဘာ့ကြောင့်တန်ခိုးရှိသလဲ

ဗုဒ္ဓဘာသာတို့သည် အန္တရာယ်ကင်း ဘေးရန်ကင်းရန် ပရိတ်များကို ရွတ်ဘတ်နာယူကြသည်။ ပရိတ္တဂါထာ များသည် ဘာကြောင့်တန်ခိုးရှိပါသနည်း၊ ပရိတ်ကြီး ၁၁ သုတ်တွင်ပါရှိသော အကြောင်းအရာ တို့ကို စုပေါင်းအနှစ် ထုတ်လိုက်လျှင် ၅ မျိုးသာရှိသည်။

(၁) ရတနာသုံးပါး၏ ဂုဏ်တော်များ။
(၂) သစ္စာဓိဋ္ဌာန်ပြုချက်များ၊
(၃) မေတ္တာတရားပွားများချက်များ။
(၄) ဘုရား ရဟန္တာ နတ်ပြဟ္မာတို့၏ အရှိန်အဝါများ အစောင့်အရှောက်များ။
(၅) တရားတော်၏အသံကို အာရုံပြု၍ရသော ဓမ္မပီတိစွမ်းအားဟု ငါးမျိုးရှိ၏။

### ၁ ရတနာသုံးပါးဂုဏ်

ရတနသုတ်၊ မောရသုတ်၊ ဓဇဂ္ဂသုတ်၊ အာဋ္ဌာနာဋိယသုတ်၊ ခါရဏပရိတ်၊ လမင်းပရိတ်တို့သည် ဘုရား သို့မဟုတ် ရတနာသုံးပါး ဂုဏ်ကိုထုတ်ဖော်ချီးကျူး ရှိခိုးခြင်းများဖြစ်၏၊ ဘုရား၊ တရား၊ သံဃာတို့၏ ဂုဏ်ကို အောက်မေ့လျှင် ကြောက်ခြင်း

ကြက်သီးထခြင်း၊ ကြက်သေသေခြင်းများ ပျောက်ကင်းကြောင်း ဘုရားက ဓဇဂ္ဂသုတ်ပရိတ်တွင် ဟောထား၏။ ရှေးဆရာတော်ကြီးများ ကျမ်းမပြုမီ ရတနာသုံးပါး ဆရာသမားတို့၏ ဂုဏ်ကို ထုတ်ဖော်ရှိခိုး၏။ တသာနုဘာဝေန ဟတန္တရာယော ရတနာသုံးပါး၏ဂုဏ်ကို အောက်မေ့ရှိခိုးခြင်းဖြင့် ဘေးရန် အန္တရာယ်တို့ကို ပယ်ဖျောက်နိုင်၏ဟု ဋီကာကျမ်း အစောင်စောင်တွင် ဖွင့်ပြ၏။ ထို့ကြောင့်ရတနာသုံးပါးဂုဏ်ကို အောက်မေ့ရှိခိုးခြင်းကိုပြသော ပရိတ်များကြောင့် အန္တရာယ်ကင်း ခြင်းဖြစ်၏။

ဓမ္မပဒအာယုဝဍ္ဎန သတ္တိသားဝတ္ထု၌—

အဘိဝါဒနသီလိဿ နိစ္စံ ဝုဍ္ဎာပစာယိနော။

စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသော ရတနာသုံးပါး ဆရာသမားတို့အား ရှိခိုးသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ကိုယ်စိတ်ချမ်းသာခြင်း၊ ကိုယ်အားစိတ်အား ရှိခြင်းဟု အကျိုးလေးပါးကိုရနိုင်၏ဟုဘုရားရှင်ဟောထား၏။

ရတနသုတ်၊ ဝဋ္ဋသုတ်၊ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်သုတ်တို့တွင် ဤမှန်သောသစ္စာစကားကြောင့် သင့်အား ချမ်းသာပါစေဟု အဓိဋ္ဌာန် ပြုချက်များပါ၏။ ထိုသို့အမှန်ကိုထုတ်၍ ရွတ်ဆိုခြင်းကို ဝစီသစ္စာဟုခေါ်၏၊ ထိုဝစီသစ္စာသည် တန်ခိုးအစွမ်းထက်၏။ ငုံးမင်း၏သစ္စာစကားကြောင့် တောမီးငြိမ်း၏။ အင်္ဂုလိ

## ၂ သစ္စာစိဋ္ဌာန်

မာလ၏သစ္စာစကားကြောင့် မီးဖွားလွယ်၏။ ရှင်အာနန္ဒာ၏ ရတနသုတ်လာ သစ္စာ စကားကြောင့် ဝေသာလီပြည် ဘေး သုံးပါးငြိမ်း၏။ အဆိပ်သင့် နေသော သုဝဏ္ဏ သာမသည် ဒုကုလပရိကာ မိဘ နှစ်ပါး နှင့် မိခင်ဟောင်း ဖြစ်ဘူးသော ဗဟုသုန္ဒရီနတ်သမီ ၏ သစ္စာစကားကြောင့် အသက်ရှင်ခဲ့၏။ သမုဒ္ဒရာ၌ နစ်တော့အံ့ဆဲဆဲ သင်္ဘောသားတို့ အသက်ကို အ လောင်းတော် သုပ္ပါရက၏သစ္စာဖြင့် ကယ်တင်ခဲ့ဘူး၏။ ဆီကြား မင်းအား ဖောက်လှူပြီးသော သိဝိမင်းကြီး၏ မျက်လုံးအစုံသည် သစ္စာဆိုခြင်းဖြင့် အကောင်းပကတိ ဖြစ်ခဲ့ဘူး၏။ သမ္ဗုလမင်း သမီး၏သစ္စာစကားကြောင့် သောတ္ထိသေန မင်းသား၏ နူနာ သည် ပျောက်ခဲ့ဘူး၏။

ထို့ကြောင့် ဤပရိတ္တ၌ပါရှိသော သစ္စာတို့ကြောင့် ပရိတ် နာသူများ အန္တရာယ်ကင်း ဘေးရန်ရှင်းခြင်းဖြစ်၏။

## ၃ မေတ္တာပွားခြင်း။

မေတ္တာသုတ်၊ ခန္ဓသုတ်နှင့် ပုဗ္ဗဏှသုတ်၊ စက္ကပရိတ် တို့သည် မေတ္တာဘာဝနာပွားများမှုကို အဓိကထားသော သုတ်များဖြစ် ၏။ ထိုသုတ်များ၏နိဒါန်းတွင် မေတ္တာ၏ တန်ခိုးစွမ်းအင်များကို ပြထားပါသည်။ ထို့ကြောင့် မေတ္တာပွားများမှုပါသော ပရိတ် များသည် အန္တရာယ်ကင်း ဘေးရန်ရှင်းသည်ဟုမှတ်နိုင်ပါသည်။

## ၄ ဘုရား ရဟန္တာ နတ်ပြဟ္မာများ

ပရိတ်အားလုံး၏အစတွင် နတ်ပြဟ္မာများကို တရားနာဖိတ်၏။ ရတနသုတ်တွင် လူတို့က နတ်တို့ကိုပသ၍ နတ်တို့က လူတို့ကို စောင့်ရှောက်ရန် ဟောထား၏။ အာဋာနာဋိယ သုတ်တွင် သဒါသုခေန ရက္ခန္တု ဗုဒ္ဓါသန္တိကရာတုဝံ စသော သုံးဂါထာဖြင့် ဘုရားရှင်တို့က ပရိတ်နာသူတို့ကို ဘေးရန်အပေါင်း ကင်းစေကြောင်းဖြင့် စောင့်ရှောက်ပါစေဟု ဘုရားရှင်၏ အစောင့်အရှောက်ကို ခံယူထား၏။ ပုရတ္ထိမသ္မိံ ဒိသာဘာဂေ စသည်တို့ဖြင့် ကုမ္ဘဏ်၊ ဘီလူး၊ ဂန္ဓဗ္ဗ၊ နဂါးနှင့် နတ်မင်းကြီးလေးယောက်တို့၏ အစောင့်အရှောက်ကို တောင်းခံထား၏။ ပုဗ္ဗဏှသုတ်တွင် သဗ္ဗေဗုဒ္ဓါဗလပတ္တာစသည်ဖြင့် ဘုရားရဟန္တာတို့ကို အထောက်အကူပြုထား၏၊ သုတ်ပါ ထေယျလာမူရင်း အာဋာနာဋိယ ပရိတ်တွင် နတ်စစ်သူကြီးတို့ကို တိုင်တည်မှုများပါ၏။ မောရပရိတ်တွင် ဥဒေါင်းမင်းသည် ဘုရားရှင်တို့အား ရှိခိုး၍ "တေစမံ ပါလယန္တု = ထိုဘုရားရှင်တို့ကငါ့အား စောင့်ပါစေသတည်း" ဟုဆိုထား၏။ ဆဒ္ဒိသာပါလသုတ်တွင် နတ်မင်းကြီးလေးဦးတို့ကို အရပ်ခြောက်မျက်နှာ၌ အစောင့်ထား၏။ ပရိမိတ္တဇာလသုတ်မှာလည်း နတ်တို့၏အစောင့်အရှောက်ကို ယူထား၏။ ထို့သို့ ဘုရား ရဟန္တာ၊ နတ်၊ ကုမ္ဘဏ် ဂန္ဓဗ္ဗဘီလူးတို့၏ အကာအကွယ်အရ အန္တရာယ်ကင်းခြင်းဖြစ်၏။

ဤနေရာတွင် ဘုရား၊ ရဟန္တာ၊ လောကပါလနတ်မင်းကြီးတို့က ပရိတ်နာသူအား စောင့်ရှောက်ပေးရသည်ဆိုသဖြင့် ဘုရား

ရဟန္တာများကို မိမိ၏ ကျေးကျွန် အစေခံ ဒါရဝမ်အဖြစ်ခိုင်း သည်မှာ သဘာဝမကျဟု ယူဆပြောဆိုကြ၏။ ထိုပုဂ္ဂိုလ်တို့ ထင်သည့်အတိုင်း ဘုရား ရဟန္တာတို့ကို ဒါရဝမ်အစေခံကင်းချ ထားခြင်းမဟုတ်ပါ။ ဘုရား ရဟန္တာတို့၏ တန်ခိုးအာနုဘော်အ ရှိန်အဝါကို ယူထားခြင်းသာဖြစ်ပါသည်။ မိဘတို့သည် သား သမီးတို့ကို စောင့်ရှောက်နေ၏။ ဆရာသမားတို့သည် တပည့်တို့ အား စောင့်ရှောက်နေ၏။ ရာထူးဌာနန္တရ ကြီးသောသူတို့သည် မိမိတို့နှင့် မကင်းရာမကင်းကြောင်း ဖြစ်သော ပုဂ္ဂိုလ်များကို စောင့်ရှောက်မစထားကြ၏။ ထိုမိဘဆရာနှင့် ပုဂ္ဂိုလ်ကြီးတို့သည် သားသမီး တပည့်ငယ်သားတို့ကို ဒါရဝမ်စောင့် ကင်းစောင့်နေ သကဲ့သို့ စောင့်ကြသည်မဟုတ်ပါ။ အထက်ကနေ၍ အရှိန်အဝါ ပေးကာ စောင့်ရှောက်ကြည့်ရှု မစနေကြခြင်းသာ ဖြစ်ပါသည်။ သူ့ကိုသွားမထိနှင့် သူက မည်သူ့၏သား၊ မည်သူ၏ညီ၊ မည်သူ၏ တပည့်ဖြစ်သည် စသည်ဖြင့် ပြောဆိုကြခြင်းမှာ မိဘဆရာသ မားတို့၏ ရာထူးတန်ခိုး ဩဇာကြီးသလောက် သားသမီးတပည့် ငယ်သားတို့ တန်ခိုးဩဇာအာဏာရှိခြင်းကို ဖော်ပြခြင်းဖြစ်ပါ သည်။ ဗုဒ္ဓဘာသာတို့က ဘုရားရဟန္တာတို့ကို နတ်မင်းကြီးလေး ပါးတို့ကို အစောင့်ဒါရဝမ်ထားခြင်းမဟုတ်ဘဲ ထိုဘုရားရဟန္တာ နတ်မင်းကြီးလေးပါးတို့၏ အရှိန်အဝါဖြင့် အကာအကွယ်ယူခြင်း သာဖြစ်ပါသည်။ ထို့ကြောင့် ဘုရား ရဟန္တာတို့၏ အစောင့် အရှောက် အကာအကွယ်ကိုယူခြင်းမှာ သဘာဝကျ၍ လုပ်သင့် သောကိစ္စဖြစ်ပါသည်။ လုပ်သင့်သောကြောင့်လည်း ရှေးဆရာ တော်ကြီးများက စီစဉ်ရေးသားခဲ့ခြင်းဖြစ်ပါသည်။

## နတ်တွေက စောင့်ရှောက်သလော

ဗုဒ္ဓဘာသာများအနေဖြင့် ဘုရားရဟန္တာတို့၏တန်ခိုးကြောင့် အန္တရာယ်ကင်းမည်၊ ကျက်သရေမင်္ဂလာ တိုးမည်ဟုယုံကြည်၏။ သို့ရာတွင် နတ်တို့က လူတို့ကို စောင့်ရှောက်မစနိုင်ပါသလောဟု နတ်တို့ကို စောင့်ရှောက်ရန် တောင်းပန်ထိုက်ပါသလောဟု သံသယရှိကြ၏။ မစောင့်ရှောက်နိုင်ဟု ယုံကြည် ပြောဆိုသူလည်းရှိကြ၏။

ဤပရိတ္တရတနသုတ်တွင် "ယာနီဓ ဘူဘာနိ" နှင့် "တသ္မာဟိ ဘူတာ နိသာမေထ" နှစ်ဂါထာကို ဘုရားရှင် ထည့်ဟောထားသဖြင့်၎င်း၊ အင်္ဂုတ္တရပါဠိတော်၌ အမျိုးသားတို့၏ ကြီးပွားကြောင်းတရား(အပရိဟာနိယတရား)ငါးပါးတွင် နတ်များကို ပသမြဲပသခြင်းလည်း တပါး ပါနေသဖြင့်၎င်း၊ ပဉ္စင်္ဂုတ္တရ၌ပင် စည်းစိမ်ဥစ္စာရယူလိုသူသည် မိမိကြိုးစားရရှိထားသော ပစ္စည်းဖြင့် ဗလိငါးမျိုးကို ပြုရမည့် ဗလိငါးမျိုးဆိုသည်မှာ(၁) ဉာတိဗလိ = ဆွေမျိုးများအား ပေးကမ်းခြင်း၊ (၂) အတိထိဗလိ = ဧည့်သည်တို့အား ပေးကမ်းခြင်း၊ (၃) ပုဗ္ဗပေတဗလိ = ကွယ်လွန်ပြီး ဆွေမျိုး ပြိတ္တာတို့အတွက် လှူဒါန်းခြင်း၊ (၄)ရာဇဗလိ = မင်းအား အခွန်ပဏ္ဏာဆက်သခြင်း၊ (၅)ဒေဝဘာဗလိ = နတ်တို့အား ပူဇော် ပသခြင်း တို့ဖြစ်၏ဟု ဟောထား သဖြင့်၎င်း၊ ဝိနည်းမဟာဝါ၌ နတ်တို့ကို ပူဇော်ပသ အမျဝေသူများကိုနတ်တို့က တုံ့ပြန်ပူဇော် တုံ့ပြန်မြတ်နိုး စောင့်ရှောက်လေ့ရှိကြောင်း နတ်တို့ စောင့်ရှောက်ခံရသောသူတို့မှာ အမြဲကောင်းသောအာရုံ

တို့ကို တွေ့ကြုံရကြောင်း ဟောထားသဖြင့်၎င်း၊ ဓမ္မပဒ အာယုဝဍ္ဎနဝတ္ထု၌ ၇-ရက်သာအသက်ရှင်မည့် ကလေးအား ရဟန္တာတို့ ၇-ရက်တိတိ ပရိတ်ရွတ်ပေးသဖြင့် ပရိတ်နာလာသော နတ်ကောင်းနတ်မြတ်တို့ကြောင့် ကလေးကိုစားမည့်ဘီလူး အနားမကပ်နိုင်သဖြင့် ထိုကလေးမှာ ဘီလူးအစားမခံရဘဲ အသက်-၁၂၀ ရှည်းဘူးသည်ကို ပြသောကြောင့်၎င်း၊ နတ်တို့၏ အစောင့်အရှောက်ကိုလည်း တောင်းခံထိုက်သည်ဟု မှတ်ယူအပ်ပါသည်။

## ၅ ဓမ္မပီတိ စွမ်းအား။

ပရိတ်ကြီးနှင့် အိမ်သုံးပရိတ်များကိုလေ့လာလျှင် အထက်ပါ ပရိတ်၏အင်္ဂါလက္ခဏာလေးပါးတွင် တပါး၊ နှစ်ပါး၊ သုံးပါး၊ ပါရှိကြသည်။ သို့ရာတွင် မင်္ဂလသုတ် ဓမ္မစကြာ အနတ္တလက္ခဏာသုတ်တို့နှင့် သံယုတ်ပါဠိတော်လာ ဗောဇ္ဈင်ပရိတ် မူရင်းများမှာ အထက်ပါ ပရိတ္တ အင်္ဂါလေးပါးအနက် တပါးမျှမပါချေ၊ သို့သော် ထိုမင်္ဂလသုတ်၊ ဓမ္မစကြာစသည်ကို လူတို့ရွတ်ဆိုကြ၏။ ထိုသို့ရွတ်ဆိုခြင်းဖြင့်ကျက်သရေမင်္ဂလာတိုးပွား၏။ရာတူးဌာနန္တရ တိုးတက်၏။ တည်မြဲ၏။ အရောင်းအဝယ် ကောင်း၏။ အကြံအစည်အောင်၏။ ကိုယ်စိတ်နှစ်ပါး ချမ်းသာ၏။ စိုးရိမ်ကြောင့်ကြကင်း၏။ လောကီလောကုတ္တရာအကျိုး အားလုံးကို ပြည့်စုံစေ၏ဟု ရှေးဆရာစဉ်ဆက် မိန့်မှာခဲ့ကြ၏။

အဘယ်ကြောင့် ထိုသို့ သိဒ္ဓိအားလုံးပြီးမြောက်ရပါသနည်း။ ထိုမင်္ဂလသုတ် ဓမ္မစကြာစသည်တို့သည် ဘုရားရှင်နှုတ်တော်ထွက် ဒေသနာများဖြစ်၍ ရွတ်ဆိုကြားနာရသည်မှာ သာယာနာပျော်

ဘွယ်ရှိ၏။ ၎င်းတို့၏အဓိပ္ပာယ်မှာလည်း လိုက်နာကျင့်ကြံပါက လက်တွေ့ခံစားရမည့် အနက်အဓိပ္ပာယ်ကို ဖော်ညွှန်းနေ၏။ ထို ကြောင့် ထိုတရားတို့ကို ရွတ်ဆိုနာယူသူများသည် တရားတော်၌ နှစ်သက်ခြင်းဓမ္မပီတိဖြစ်ပေါ်လာနိုင်၏။ထိုဓမ္မပီတိအစွမ်းကြောင့် ပင် အန္တရာယ်ကင်းခြင်း လောကီလောကုတ္တရာအကျိုးများကိုပေး နိုင်ခြင်းဖြစ်သည်ဟု မှတ်ယူအပ်၏။ ဘုရားရှင် ရှင်မောဂ္ဂလာန် ရှင်မဟာကဿပတို့ မကျန်းမာစဉ် ဗောဇ္ဈင်သုတ်ကို ကြားနာ၍ ဓမ္မပီတိကိုယူကာ ကျန်းမာလာကြ၏။ ထိုဗောဇ္ဈင်သုတ်၌ အထက် ဖေါ်ပြပါ ပရိတ်အင်္ဂါလက္ခဏာများမရှိပေ။ ထို့ကြောင့် ဓမ္မ စကြာ ပဌာန်းစသည် ရွတ်ဆိုနာယူ၍ ဓမ္မပီတိတရားတော်၌ ကြည်နူးမှုကို ရသောကြောင့် အကျိုးခံစားရသည်ဟု မှတ်ရပါ မည်။

ပရိတ်တော်များသည် ဤအချက် ငါးချက်ပါဝင်သော ကြောင့် ပရိတ်တော်၏ အာနုဘော်စွမ်းအား ထက်မြက်ရခြင်း ဖြစ်သည်ဟု သိမှတ်ယုံကြည်ကာ ရွတ်ဖတ်နာကြား ကျင့်ကြံအား ထုတ်ကြကုန်ရာ၏။

## ကိုယ်ကျင့် ပရိတ်ကြီးဆိုတာ ဘာလဲ

ဗုဒ္ဓဘာသာ ရဟန်းတော်များသည် သာမူ နာမူ ဘာသာရေး အခမ်းအနားများ၌ ပရိတ်ရွတ်ဖတ်လေ့ရှိကြသည်။ တကာ တကာမတို့က နာယူလေ့ရှိကြသည်။ ပရိတ်တော်များ

စီစဉ်သော ဆရာတော်တို့ကသည်း ဆိုင်ရာပရိတ်အမှမ်းများတွင် “ ပရိတ္တံ တံဘဏာမဟေ — ပရိတ်တော်ကို ရွတ်ကြကုန်အံ့” ဟုသာ ဖေါ်ပြကြသည်။ ထို့ကြောင့် ပရိတ်ဒေသနာများသည် ရွတ်ရန်နာရန်သာဖြစ်သည်ဟုမှတ်ယူလျက်ရှိကြသည်၊ ထို့ကြောင့် ရွတ်ဖတ်သောဆရာတော်တို့ကလည်း ပါဠိဘာသာဖြင့်သာ ရွတ်ဖတ်သွားကြသည်။ ထိုရွတ်ဖတ်သည့် ပရိတ်တော်တို့၏ အဓိပ္ပာယ်ကို ရှင်းလင်းဟောပြောလေ့မရှိကြ။ ပရိတ်နာသူတို့ကလည်း မျက်စိမှိတ်ကာ အာရုံပြု၍ နာယူကြသည်။ သို့သော် ထိုပရိတ်များ၏အဓိပ္ပာယ် မည်သို့ရှိမှန်းမသိကြပေ။ သိသင့်သည်၊ သိအောင် လုပ်သင့်သည်ဟု ယူဆသူ၊ လက်တွေ့ကျင့်ကြံဘို့ လိုအပ်သည်ဟု ခံယူသူဦးရေကား အလွန်နည်းလှပေသည်။ ဗုဒ္ဓဘာသာအများစု ခံယူထားသည်မှာ ပရိတ်နာလျှင်ကုသိုလ်ရ၍ အန္တရာယ်ကင်းသည် ဟူ၍ဖြစ်သည်။ ထို့ကြောင့် ဆွမ်းကျွေး ရှင်ပြု ရဟန်းခံ အလှူတို့၌ အရွတ်အဖတ်များသော မေတ္တာသုတ်ဆိုလျှင် ဗုဒ္ဓဘာသာတိုင်း အလွတ်ရသလောက်နီးနီးဖြစ်နေသည်။ သို့သော် ထိုမေတ္တာသုတ်၏ အဓိပ္ပာယ်သိသူ လက်တွေ့ကိုယ်တိုင် ကျင့်ကြံသူကား အလွန်နည်းပါးပေလိမ့်မည်။

ပရိတ်နာ၍ အန္တရာယ်ကင်းသည်ကို ပြခဲ့ပြီးပြီ၊ ပရိတ်တော်များ၌ပါရှိသော ရတနာသုံးပါးဂုဏ်တော်တို့ကိုအဓိပ္ပာယ်မသိဘဲ နာကြားရခြင်းထက် အဓိပ္ပာယ်ကိုသိ၍ နာကြားခြင်းနှင့် ထိုဂုဏ်တော်တို့ကို တကယ်အောက်မေ့ပွားများခြင်းက အဆများစွာပို၍ အကျိုးများမည်ဖြစ်ပါစသည်။ မေတ္တာသုတ်၊ ခန္ဓသုတ်ဆိုလျှင် မေတ္တာကို ကိုယ်ထိလက်ရောက် ပို့သပွားများရသည့်သုတ်များ

ဖြစ်ပါသည်။ ပရိတ်တော်များ၌ပါသော သစ္စာပြုချက်များကို သိ၍ မိမိကိုယ်တိုင် သစ္စာဆိုသည့်သဘောမျိုးရောက်လျှင် ပို၍ အကျိုးရှိပါသည်။ မိမိကိုယ်တိုင် အမှန်တရားတခုခုကို ထုတ်ဆို သစ္စာပြုမှုမျိုးကိုလည်း လုပ်နိုင်ပါမည်။ ဇဂ္ဂသုတ်တွင် ဂုဏ်တော်များကို ကြောက်၍ ထိတ်လန့်နေသူကိုယ်တိုင်ပွားရန် ဟောထားခြင်းဖြစ်ပါသည်။

အာဋာနာဋိယသုတ်လာ ဘုရားရှိခိုးများကို ကိုယ်တိုင် သိ၍ရှိခိုးလျှင် ပိုကောင်းပါသည်။ ပုဗ္ဗဏှသုတ်လာ ဒုက္ခာပတ္တာစ နိဒုက္ခာစသည့် မေတ္တာအာသိသတို့ကိုကိုယ်တိုင်သိ၍ ပို့သလျှင် မသိဘဲနာကြားသည်ထက် အကျိုးရှိပါမည်။ထိုသို့ကိုယ်တိုင် သိ၍ကိုယ်တိုင်ရွတ်ဖတ်နိုင်ရန် ကိုယ်တိုင်ဆင်ခြင် အောက်မေ့ပွားများနိုင်ရန် အထက်ကိုယ်ကျင့်ပရိတ်အင်္ဂါ ၃ပါး တွင်ပါသည့် အတိုင်း ရွတ်ဖတ်ဆင်ခြင် ကျင့်ကြံနိုင်ရန် ပရိတ္တပါဠိများတွင် အသေးစိတ် ခေါင်းစဉ်များတပ်၍ ထိုပါဠိ၏ မြန်မာဆိုသိုရင်း အဓိပ္ပာယ်များကိုယှဉ်တွဲပြလိုက်ပါသည်။ပရိတ်ကြီး ပါဠိပါဠိဆင့် များကိုမှန်ကန်စွာဖတ်နိုင်ရန်အတွက်ပါဠိဖတ်နည်းလမ်းညွှန်ကိုပါ ဖေါ်ပြပေးထားပါသည်။ ဤသို့ ကိုယ်တိုင်ရွတ်ဖတ် ကိုယ်တိုင် ကျင့်ကြံနိုင်အောင် စီစဉ်ပေးထားသော ပရိတ်ဖြစ်သောကြောင့် ကိုယ်ကျင့်ပရိတ်ကြီး ဟု အမည်ပေးထားခြင်းဖြစ်ပါသည်။

## မရွတ်နိုင်လျှင် ဖတ်ပါ

လူပုဂ္ဂိုလ်များအနေဖြင့် ပရိတ်တော်များကို အလွတ်ကျက်၍ ရွတ်နိုင်မည်မဟုတ်ပါ။ အလွတ်မကျက်နိုင်လျှင်လည်း စာအုပ်

ကိုကြည့်၍ ဖတ်နိုင်ပါသည်။ အလွတ်ရွတ်ဆိုခြင်းနှင့်ကြည့်၍ဖတ်ခြင်းမှာ အကျိုးသက်ရောက်မှု အတူတူပင်ဖြစ်ပါသည်။သမာဓိအားနဲ့သူများအဘို့ ကြည့်ဖတ်ခြင်းစူးစိုက်မှုကသမာဓိပို၍ရနိုင်ပါသည်။ ဖတ်သည့်အခါပါဠိတပုဒ်ကိုဖတ်ပြီးတိုင်းထိုပါဠိမြန်မာပြန်အဓိပ္ပာယ်ကို အာရုံမပြု မဆင်ခြင်နိုင်သေးလျှင် မြန်မာပြန်များကို ယှဉ်တွဲဖတ်သွားပါ။ ဖတ်ပါများ၍ ထိုပါဠိက ဖော်ပြသည့်အနက် အဓိပ္ပာယ်ကို သိလာလျှင် စိတ်မှာဆင်ခြင်နိုင်လာလျှင် ပါဠိများကိုသာ တပုဒ်ချင်း လေးလေးမှန်မှန်ဖတ်သွားရန်ဖြစ်ပါသည်။

## အိမ်သုံးပရိတ်များ

ဘုရားဟောပါဠိတော်မှ ထုတ်နှုတ်ဖော်ပြချက်များ မဟုတ်သဖြင့် ဆရာတော်တို့ ဘာသာရေးအခမ်းအနားများ၌ ရွတ်လေ့မရှိသော ဆဒိသာပါလသုတ်၊ စက္ကပရိတ်၊ ပရိမိတ္တဇာလသုတ်၊ ဓာရဏပရိတ်၊ သမ္ဗုဒ္ဓေဂါထာတို့ကို ရွတ်ဖတ်လိုသူတို့ မှန်မှန်ကန်ကန် အဓိပ္ပါယ်သိသိ ရွတ်ဖတ်ကျင့်ကြံနိုင်ရန် နိဒါန်းမြန်မာနှင့်တကွ ဖော်ပြထားပါသည်။ ဘုရားဟောပင် ဖြစ်သော်လည်း အန္တရာယ်ကင်း အနေဖြင့် ဆရာတော်တို့ ရွတ်လေ့ မရှိသော ဓမ္မစကြာ အနတ္တလက္ခဏသုတ် လမင်းပရိတ် မဟာသမယသုတ်တို့ကိုလည်း နိဒါန်း အဓိပ္ပါယ်ပြန်နှင့်တကွ အိမ်သုံးပရိတ်များထဲတွင် ရေး၍ပြလိုက်ပါသည်။

## ရေးသားပုံအစီအစဉ်

ပရိတ်တော်တသုတ်ကို ရွတ်မည်ဆိုလျှင် ထိုပရိတ်ကို မည်သည့်အကြောင်း နိဒါန်းအရဟောတော်မူသည်။ ထိုပရိတ်တွင် မည်သည့်ကျင့်ဝတ်များကို ဖော်ပြထားသည် စသည်ကို သိရှိနိုင်ရန် ပရိတ်အတ္တုပ္ပတ်နိဒါန်းကို ဖော်ပြပါသည်။ ထိုသို့ ပရိတ္တနိဒါန်းကိုသိရသဖြင့် ထိုပရိတ်၏ အာနိသင်အစွမ်းကို ယုံကြည်ကိုးစားမှု သဒ္ဓါတရား ပိုမိုပွားများလာရန် ရည်ရွယ်ပါသည်။

ပရိတ္တပါဠိတော်ဂါထာများ၏ အထက်တွင် ခေါင်းစဉ်ငယ်များတပ်ပေးထားပါသည်။ ခေါင်းစဉ်ငယ်တခုသည် နှစ်ဂါထာသုံးဂါထာနှင့်ဆိုင်နေလျှင် ထိုခေါင်းစဉ်ငယ်အောက်တွင် နှစ်ဂါထာသုံးဂါထာကို တပေါင်းတည်းပြထားပါသည်။ ယခု မိမိရွတ်မည့် ပရိတ်ပါဠိ၌ မည်သည့် အဓိပ္ပါယ်ကို ဖော်ပြထားသည်ဟု ကြိုတင်သိရှိထားနိုင်ရန် ဖြစ်ပါသည်။

ပရိတ္တပါဠိတော်များကို ရွတ်ဖတ်ရာ၌ အဖြတ်အတောက်ကို လွယ်ကူစေရန် ဆဋ္ဌသံဂါယနာ ပရိတ္တပါဠိမူအတိုင်း ရှင်းလင်းစွာ ရိုက်ထားပါသည်။ ဂါထာ ပထမပိုဒ်နှင့် တတိယပိုဒ်အဆုံးတွင် ခေတ္တရပ်၍ ဒုတိယပိုဒ်နှင့် စတုတ္ထပိုဒ်အဆုံးတွင် ပို၍ ကြာကြာရပ်ရပါမည်။ ပါဠိရွတ်ဖတ်နည်း အညွှန်းအတိုင်း လိုက်နာရွတ်ဖတ်ရန်ဖြစ်ပါသည်။

ပရိတ္တပါဠိအောက်တွင် ထိုဂါထာ၏ အဓိပ္ပါယ်ပြန်ကို ပေးထားပါသည်။ ပါဠိကို တလုံးချင်း အတိအကျ ဘာသာပြန်ထားခြင်းမဟုတ်ပါ။ ထိုဂါထာ၏ ဆိုလိုရင်းကိုခြုံ၍ အဓိပ္ပါယ်ဖော်

ပြထားခြင်းဖြစ်ပါသည်။ အထက်က ပါဠိကိုရွတ်လျှင် ဤအောက်ပါ အဓိပ္ပါယ်များကို ဆိုလိုသည်ဟု သိနိုင်ရန်ဖြစ်ပါသည်။

ပရိတ္တတသုတ်ဆုံးသောအခါ ထိုတသုတ်လုံး၏ ဆိုလိုရင်းကို ခြုံငုံ သုံးသပ်နိုင်ရန်အတွက် သိမှယ်ဘွယ် အကျဉ်းချုပ်ကို ဖော်ပြထားပါသည်။

ပရိတ္တ ပါဠိတော် များကို မှန်မှန် ကန်ကန် ရွတ်ဖတ် နိုင်၍ အဓိပ္ပါယ်များကို သိရှိဆင်ခြင်ပွားများ ကျင့်ကြံနိုင်ပြီး ဘေးရန် အန္တရာယ်အပေါင်း ကင်းငြိမ်းကာ မိမိ၊ သူတပါး၊ လူမျိုးနှင့် နိုင်ငံတော်၏ ပစ္စက္ခအကျိုး အနာဂတ် တမလွန်အကျိုးကို သည်ပိုးဆောင်ရွက်နိုင်ကြစေရန်အတွက် ဤ ကိုယ်ကျင့်ပရိတ်ကြီးနှင့် အိမ်သုံးပရိတ်များ စာအုပ်ကို ရေးသား ထုတ်စေလိုက်ပါသည်။

အားလုံး ချမ်းသာကြပါစေ....

ဆရာ သောင်းလွင်

ရန်ကုန်၊ ၂၇-၁-၇၅။

# မြန်မာနိုင်ငံသုံးပါဠိဖတ်နည်း

မြန်မာလူမျိုးအပါအဝင်ဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားတို့သည် ဗုဒ္ဓဘာသာကို အများအားဖြင့် ကိုးကွယ်ကြသည်။ မြန်မာတိုင်းရင်းသားတို့၏ ဘာသာစာပေနှင့် ယဉ်ကျေးမှုကိုထိန်းသိမ်းထားသော ဘာသာစကားမှာ ပါဠိဘာသာရေး လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဘုရားရှိခိုး သီလယူ စသည်တို့ကို ပါဠိဘာသာဖြင့်သာ ရေးထားခဲ့ဖြစ်သည်။ မြန်မာဘာသာစကားနှင့် ဘာသာစာပေထဲ၌လည်း ပါဠိဝေါဟာရ အများအပြား ဝင်ရောက်နေသည်။ ထိုစကားလုံးများကို အသံမှန်ဖတ်တတ်ရန်နှင့် ဤပရိတ်တော်များကို ပါဠိဘာသာဖြင့် မှန်မှန်ရွတ်ဖတ် တတ်ရန် အတွက် မြန်မာနိုင်ငံသုံး ပါဠိ ဖတ်နည်းကို အကျဉ်းချုပ်ဖော်ပြအပ်ပါသည်။ (ကမ္ဘာသုံး ပါဠိဖတ်နည်းမှာ တမျိုးဖြစ်ပါသည်။ မြန်မာပြည်အတွက် အသုံးမဝင်၍ မဖော်ပြပါ) ပရိတ်ရွတ်သူ၏ အင်္ဂါသုံးပါးတွင် ပုဒ် ပါဒ် အက္ခရာတို့ကို အသံထွက်မှန်မှန် ရွတ်ဖတ်နိုင်ခြင်း အင်္ဂါတပါး ပါသဖြင့် အထူးဂရုတစိုက်လေ့လာ၍ ပရိတ်တော်ပါဠိများကို အမှန်အတိုင်း ဖတ်ရွတ်နိုင်ရန် ရေးသားဖော်ပြလိုက်ပါသည်။

## ရိုးရိုးအက္ခရာများ

(၁) (ရ)ရကောက်ကို မြန်မာဘာသာ၌ကဲ့သို့ (ယ)ယပက်လက်နှင့်အတူ မ.တ်မိရန် အထူးသတိပြုရမည်။ အင်္ဂလိပ်အာရ်) အသံကဲ့သို့ လျှာကိုလိပ်၍ဖတ်ရမည်။

မုနိရာဇာ၊ အရဟတော၊ တိသရဏာသရဏာ၊

လောကန္တရေဝါ၊ မေရုရာဇာ၊

(၂) ပ ဗ မ အက္ခရာတို့တွင် ယပင့်သံဘည့်၍ မဖတ်ရ၊

မေတ္တံ = မြစ်တံ ဟု မဖတ်ရ

ပဉ္စသီလံ = ပျင်စသီလံ ။

ပစ္စယော = ပျစ်စယော ။

အညမည = အင်ညမျင်ည ။

သဗ္ဗညု = သတ်ဗျင်ညု ။

လုံးကြီးတင် သေးဘင်ကို လုံးကြီးတင် နသတ်သံဖတ်ရမည်။ (မြန်မာရေးထုံးမှာ မရှိ) ဝတ်ဆံပေါက်သံထည့်၍ မဖတ်မိအောင် သတိထားပါ။

သမတိံသ = သမတိန်သ (သမတ်တိန်းသမဟုတ်)

ဇာတိံ = ဇာတိန်

တိယာမရတ္တိံ = တိယာမရတ်တိန်

ဗါတ္တိံသ = ဗတ်တိန်သ (ဗတ်တိန်းသမဟုတ်)

## ပါဠိဆင့်ဖတ်နည်း

ပါဠိဆင့်စကားလုံးများကို ဖတ်သောအခါ အပေါ်အက္ခရာ

ကို အသတ်အဖြစ် သဘောထားရမည်။ ယပင့် ရရစ် ဟထိုး ဝဆွဲ တို့ကို ပါဠိဘာသာတွင် ပင့်ဆင့် အနေ ဖတ်ရသည်။ ဗျည်းသည် အသတ်လည်း ဖြစ်သည်။ အသံလည်း ထွက်သည်။ မြန်မာစာလုံးပေါင်းဖတ်ထုံးနှင့်မတူ၍ အထူးသတိပြုရမည်။

## အလေ့စိတ်

၁။ က–ဂ–အပေါ်ဆင့်ရှိ၍ ရှေ့ကအဆုံးသြဆုံးဗျည်းရှိလျှင် က သတ်သံဖတ်၍ ရှေ့က ဣဆုံးဥဆုံး ဗျည်းရှိလျှင် တ သတ်သံ ဖတ်ပါ။

| (က) | (ခ) |
|---|---|
| စက္က = စက်က | အဘိက္ကန္တာယ = အဘိတ်ကန္တာယ |
| စက္ခု = စက်ခု | သုခိက္ခိတော = သုခိတ်ခိတော |
| သဂ္ဂ = သက်ဂ | ဝိဂ္ဂဟ = ဝိတ်ဂဟ |
| အနဃ္ဃ = အနက်ဃ | နိက္ကာမိနော = နိတ်ကာမိနော |
| ဝေါက္ကန္တိံ = ဝေါက်ကန္တိံ | ကုက္ကုရ = ကုတ်ကုရ |
| မောက္ခဒိံ = မောက်ခဒိံ | ဒုက္ခ = ဒုတ်ခ |
| မောဂ္ဂလာန = မောက်ဂလာန | ပုဂ္ဂလ = ပုတ်ဂလ |

၂။ စ–ဇ အပေါ်ဆင့်ရှိ၍ (က)ရှေ့တွင် အ-ဆုံးဗျည်းရှိသောအခါ စသတ်သံဖတ်၍ (ခ)ဣ–ဥဆုံး ဗျည်းရှိသော အခါ အွတ်–သံဖတ်ရမည်။

(က)

သစ္စံ = သစ်စံ
တိရစ္ဆာန = တိရစ်ဆာန
အနဝဇ္ဇ = အနဝဇ်ဇ
ယဒစ္ဈဂါ = ယဒစ်ဈဂါ

(ခ)

ဝိစ္ဆိက = ဝိတ်ဆိက
ကိစ္စ = ကိတ်စ
ဒုစ္စရိတ = ဒုတ်စရိတ

(ဂ)

ဗောဇ္ဈင်္ဂ = ဗွတ်ဈင်ဂ
ပါမောဇ္ဇ = ပါမွတ်ဇ

၃။ တ၊ဒ၊ဋ္ဌ၊ဍ၊ပ၊ဗ အပေါ်ဆင့်ရှိ၍ (က)ရှေ့၌ အ-ဣ ဗျည်းရှိသောအခါ တ-သတ်သံ ဖတ်ရမည်။ အချိပ်ပါသော ဋ္ဌဝမ်းဘဲတွင် ဋ္ဌ-သံလျှင်းချိပ်အပေါ်ဆင့်ရှိသည်ဟု မှတ်ရမည်။ (ခ)ဧ-ရှိသောအခါ စ သတ်သံဖတ်၍(ဂ)ဩရှိသောအခါ ဝဆွဲ တသတ်သံ(အွတ်သံ)ဖတ်ရမည်။

(က)

သတ္တ = သတ်တ
စိတ္တ = စိတ်တ
သဒ္ဒ = သတ်ဒ
သိဒ္ဒိ = သိတ်ဒိ
အဋ္ဌ = အတ်ဋ္ဌ
ဒိဋ္ဌ = ဒိတ်ဋ္ဌ

(ခ)

မေတ္တာ = မစ်တာ
သေဋ္ဌိ = သစ်ဋ္ဌိ
ခေတ္တံ = ခစ်တံ
ဇေဋ္ဌံ = ဇစ်ဋ္ဌံ

| (က) | (ဂ) |
|---|---|
| အဋ္ဌ = အတ်ဋ္ဌ | သောတ္ထိ = သွတ်ထိ |
| အဍ္ဎ = အတ်ဍ္ဎ | ကောဏ္ဍည = ကောဏ္ဍာသ |
| သပ္ပော = သပ်ပေါ | ပေါတ္ထက = ပွတ်ထက |
| သိပ္ပဉ္စ = သိပ်ပင်စ | |
| ဒုဗ္ဘိက္ခ = ဒုတ်ဗိတ်ခ | |
| ဒုပ္ပညော = ဒုတ်ပင်ညော | |

၄။ ကင်းစီးနှင့်ဥ အဆင့်ရှိ (က)ရှေ့တွင် အ-ဆုံးဗျည်းရှိသောအခါ င-သတ်သံဖတ်၍ (ခ)ဣ၊ဉ၊ဆုံးသောအခါန-သတ်သံဖတ်ရမည်။ ဉလေးကို ဉ-ညကြီးကို ဉ နှစ်လုံးဆင့်ဟု မှတ်ရမည်။

| (က) | (ခ) |
|---|---|
| မင်္ဂလ = မင်ဂလ | ယံကိဉ္စိ = ယံကိန်စိ |
| ပဉ္စသီလံ = ပင်စသီလံ | ပုည = ပုန်ည |
| ပညာ = ပင်ညာ | ဝိညာဏ = ဝိန်ညာဏ |
| | သုညဂါရ = သုန်ညာဂါရ |
| | နိယျာနိကေ = နိယုန်ဇန်တော |

၅။ ဏ၊န၊မ၊လ၊ဟ အဆင့်ရှိ၍ (က)ရှေ့တွင် အ-ဣ ဆုံးဗျည်းရှိသောအခါ န သတ်သံဖတ်၍ (ခ)ဆုံး ဗျည်းရှိသောအခါ င သတ်သံဖတ်ပြီး(ဂ)ဩဆုံးဗျည်းရှိသောအခါ အွန်သံထွက်ရမည်။

(က)

သမန္တာ = သမန်တာ
စိန္တယိသု = စိန်တယိတု
ပဏ္ဍိတ = ပန်ဍိတ
ဓမ္မ = ဓမ်မ
ပရိဝဏ္ဏယိ = ပရိဝန်ဏယိ
ပလ္လင်္ဂ = ပလင်တေ
ဥလ္လောကေယျာထ = အုန်လောကေယျာထ
ဗြဟ္မဏ = ဗြဟ်မဏ

(ခ)

ဝိနာသဓေန္တု = ဝိနာသမင်တု

(ဂ)

ကရောန္တော = ကရွန်တော
ဟောန္တု = ဟွန်တု

၆။ ဟ ထိုးပါသောအခါ ဟ ထိုးပါအက္ခရာကို အသတ်ဟုမှတ်၍ ဖတ်ရမည်။

ပဥ္စ = ပင်ဥ
ပဋိဂ္ဂဏှန္တိ = ပဋိတ်ဂန်ဏှန်တိ
အမှ = အန်မှ
တုမှ = တုန်မှ
အဘိဏှ = အဘိန်ဏှ
ဝိဂယှ = ဝိဂယ်ယှ

၇။ (က)ယပင့် ရရစ်ပါသောအခါ ယပင့် ရရစ်ပါအက္ခရာကို အသတ်ဟုမှတ်၍ဖတ်ရမည်၊

သကျ = သက်ကျ
ဘဂျဝါ = ဘက်ဂျဝါ
အယျ = အယ်ယ

ဆဗျာပုတ္တေဟိ = ဆပ်ဗျာပုတ္တေဟိ
အတြာ = အတ်တရာ

(ခ) (ဣ၊ ဥ နောင် ယျ ဆင့် နသတ်သံဖတ်ရမည်)

ဥယျာန = အုန်ယာန
ယေဘုယျ = ယေဘုန်ယျ
နိယျာနိက = နိန်ယာနိက
ဘိယျော = ဘိန်ယော

(ဂ) (ဧ ဆုံးဗျည်း နောင်ယျရှိလျှင်ယရိုးရိုးကဲ့သို့ဖတ်)

ဥပဝဒေယျုံ = ဥပဝဒေယုံ
မိတ္တေယျ = မိတ်ဆေယ
ဒက္ခိဏေယျော = ဒက္ခိဏေယော

၇။ ဝဆွဲ ပါသောအခါ ဝဆွဲပါဗျည်းကို အသတ်ဟုမှတ်ရမည်။ (ပါဠိတွင် တဝမ်းပူသာ ဝဆွဲ အသုံးများ၍ တသတ်အကြောင်းပြန်ကြည့်ပါ။)

ပတွာ = ပတ်တွာ
ဒတွာ = ဒတ်တွာ
ဗုဇ္ဈိတွာ = ဗုတ်ဇိတ်တွာ
သုတွာ = သုတ်တွာ
အဘိဝါဒေတွာ = အဘိဝါဒစ်တွာ
ဩဘာသေတွာ = ဩဘာသစ်တွာ

၉။ (က) သ ကြီး ကို သ နှစ်လုံးဆင့်ဟု မှတ်၍ တသတ်သံဖတ်ရမည်၊ (ခ)အပေါ်ဆင့် သကို တသတ်သံဖတ်ရမည်။

| (က) | | | (ခ) | | |
|---|---|---|---|---|---|
| တဿ | = | တတ်သ | ကေသ္မိံ | = | ကေတ်သမိန် |
| တိဿော | = | တိတ်သော | တသ္မာဟိ | = | တတ်သမာဟိ |
| နိဿောကာ | = | နိတ်သောကာ | အာယသ္မာ | = | အာယတ်သမာ |
| ဒုဿုပိနံ | = | ဒုတ်သုပိနံ | | | |
| ပရိဿယံ | = | ပရိတ်သယံ | | | |

၁၀။ ဠ္ဌ (ဠကြီးဟထိုး) ကို နသတ်သံ ဖတ်ရမည်။

အဝိရူဠှိဆန္ဒာ = အဝိရုန်လှိဆန်ဒါ

ဝိရူဠှာ = ဝိရုန်လှာ

## ဖတ်နည်း နှစ်မျိုး

ပါဠိဘာသာတွင်ဝိ သဇ္ဇနီခေါ် ဝစ်ဆံနှစ်လုံးပေါက် မရှိပါ၊ သို့ရာတွင်မြန်မာဘာသာ၌ ဝိသဇ္ဇနီသံဖတ်ကျင့်ရှိနေသောမြန်မာတို့သည်ပါဠိဘာသာ င၊ ည၊ ဏ၊ န၊ မ အဆင့်နှင့် သေးသးတင်ပါစာလုံး သဝေထိုးပါ စာလုံးတို့ကို ဝိသဇ္ဇနီသံ ထည့်၍ ဖတ်တတ်ကြ၏၊ ဤသို့—ဂစ္ဆန္တု ကို ဂစ်ဆန်းတု

သုဏန္တု ကို သုဏန်းတု

ဒါနဉ္စ ကို ဒါနင်းစ

သမ္မာသမ္ဗုဒ္ဓဿ ကို သမ်းမာသံဗုတ်ဒတ်သ

ဓမ္မံယာစာမိ ကို ဓမ်မမ်းယာစာမိ

သီလံဒေထ ကို သီလန်းဒေးထ

ဝေရာမဏိ ကို ဝေးရားမဏိ

တံဘဏာမဟေ ကို တန်းဘဏာမဟေ

စသည်ဖြင့် ဝိသဇ္ဇနီသံ ထည့်၍ဖတ်ခြင်းကို အချို့ဆရာတော်များကလက်ခံ၍ အချို့ဆရာတော်များက လက်မခံချေ၊ ပရိတ္တသင်္ဂဟ ခေါ် ပရိတ်ကြီးနိဿယ ကျမ်းပြု အရှင်အာဒိစ္စဝံသ က ဝိသဇ္ဇနီသံထည့်၍လည်း ဖတ်နိုင်သည်၊ သံပေါ့ သံလေးသာခြားနားသည်ဟုမိန့်ထား၍ တွံတေးဆရာတော်၏ ပရိတ်ကြီးနိဿယနိဒါန်းတွင် ဝိသဇ္ဇနီသံများ ထည့်မဖတ်ရန် မိန့်ထား၏။ ယနေ့ရဟန်းတော်များလည်း ဝိသဇ္ဇနီ ပါ မပါ နှစ်မျိုးဖတ်နေကြ၏။

စာရေးသူငယ်စဉ်က ဝိသဇ္ဇနီဖြင့်ကျက်ခဲ့သော သဒ္ဒါသင်္ဂြိုဟ်တို့ကို ဒုတိယဆရာရွှေကျင်မြို့လေးထပ်ဆရာတော်ထံ ရောက်သောအခါ အားလုံးပြင်ဖတ်ခဲ့ရဘူး၏။ ဒုတိယ ကျော်အောင်စံထားဆရာအော်က ဝေါဟာရတ္ထပကာသနီ ကျမ်းတွင် ပါဠိ ပါကန်ဖတ်စဟန်ကား တန်ခွန် ဝိသဇ္ဇနီ မမှီမရော ဟူ၍ငင်း၊ တန်ခွန်ဝိသဇ္ဇနီ မလှိုင်စေနှင့် ငပိဆားပြား မကြိုင်စေနှင့် ဟု ရှေးဆရာတော်များမှာထားသည်ဟုပြထား၏။ ဝိသဇ္ဇနီသံပါခြင်းကြောင့်ပရိတ်အာနိသင် လျော့သွားမည်မဟုတ်သော်လည်း ပါဠိဘာသာတွင်ဝိသဇ္ဇနီမဆုံးသောကြောင့် ဝိသဇ္ဇနီသံမပါဘဲ ဖတ်ခြင်းသည်ပို၍ ကောင်းပါသည်။

အထက်တွင် ပြဆိုခဲ့သော ပါဠိရွတ်ဖတ်နည်းများကို အပြည့်အစုံနားလည်အောင် လေ့လာ၍ အတိအကျ လိုက်နာရွတ်ဖတ်ပါက ပရိတ်ရွတ်သူ၏ အင်္ဂါ သုံးပါးတွင် တပါးအဝင် ဖြစ်သောပုဒ် ပါဠိ အက္ခရာ တို့ကို အသံ မှန်မှန် ပီပီ သသ ရွတ်ဖတ်ခြင်းဟူသော အင်္ဂါနှင့်ပြည့်စုံ၍ ပရိတ်တော်၏ အာနိသင် ထက်မြက်စူးရှမည်ဖြစ်ပါသည်။ ပါဠိရွတ်ဖတ်နည်းမှန်မှန်ဖြင့် ရွတ်ဖတ်ပါက

ပရိတ်တော်ကို ကြားနာရသူများအဘို့ သာယာနာပျော် ရှိပြီး ထရားတော်၌ နှစ်သက်ခြင်း ဓမ္မပီတိ ကိုရရှိကြမည်ဖြစ်ပါသည်၊ ထို့ကြောင့်ဖော်ပြခဲ့ပါ ပဋ္ဌိရွတ်ဖတ်နည်း များကို လေ့လာမှတ်သားရှု၍မှန်ကန်စွာရွတ်ဆိုကြရန် တိုက်တွန်းလိုက်ရပါသည်။

## ပရိတ်မရွတ်မီ

## နတ်များကို တရားနာဖိတ်ခြင်း

၁။ "သမန္တာ စက္ကဝါဠေသု"စသည်မှာ-ပရိတ်မရွတ်မီ နတ်တို့ကို ပရိတ်တရားတော်နာ ဖိတ်ကြားခြင်းဖြစ်၏။ စာအုပ်များတွင် နတ်ပင့်ဂါထာဟု ရေးနေကြ၏။ ပရိတ်တော်များကို အများအားဖြင့် ရဟန်းတော်များက ရွတ်ဖတ်၏။ ရဟန်းတော်များသည် နတ်တို့ထက် အဆင့်အတန်းမြင့်၏။ မြန်မာဘာသာတွင် ရိုသေလေးစားထိုက်သော ဘုရားရှင် သံဃာတော်ဆရာသမားတို့ ကိုသာ ပင့်သည်ဟုသုံး၏။ ကျန်ပုဂ္ဂိုလ်များကို ခေါ်သည် ဖိတ်သည်ဟုသာ ဆိုကြသည်။ ယခု ပရိတ်တရားတော် ရွတ်ဆိုမည့် ရဟန်းသံဃာတော်တို့က နတ်တို့ကို လေးလေးစားစား ပင့်နေရန် မလို၊ ထို့ကြောင့် နတ်ဖိတ်ဂါထာဟူ၍သာ သုံးသင့်၏။ လူများအနေဖြင့်ကား မိမိတို့ထက် ကမ္ဗဇ်ဒ္ဓိတန်ခိုးရှိသောကြောင့် နတ်တို့ကို အမြတ်အနေထား၍ ပင့်သည်ဟု သုံးလိုကသုံးနိုင်၏။

နတ်များကို အဘယ်ကြောင့်တရားနာ ဖိတ်ရသနည်း။ သံဃာအရှင်မြတ်တို့သည် လူတကာ တကာမတို့၏ အန္တရာယ် ပျောက်ကင်း ဘေးရန်ရှင်းရေးအတွက် ပရိတ်တော်ကို ရွတ်ဖတ်ကြတော့မည်။ နတ်တို့သည်လည်း ပရိတ်တရားတော်ကို နာလိုကြသည်။ စကြာဝဠာတိုက် တသောင်းအတွင်းတွင် နတ်တို့အမြောက်အမြား ရှိနေကြသည်။ ထိုနတ်များကိုပရိတ်ရွတ်မည့် ရဟန်းတော်များက တရားနာဖိတ်လိုက်လျှင် ဒိဗ္ဗသောတ – နတ်တို့၏နားဖြင့် ကြားနိုင်ကြသည်။ လူများကို ပရိတ်တရားဘော်ဟောရင်း နတ်တို့ကိုပါ ပရိတ်တရားတော် နာစေလိုသည်၊ ထို့ကြောင့် ပရိတ်မရွတ်မီ နတ်တို့ကို တရားနာဖိတ်ရခြင်းဖြစ်သည်။

သံဃာတော်များက ပရိတ်ရွတ်ပေးရ၊ လူတို့က ပရိတ်နာရသည်မှာ လူတို့အဘို့ အန္တရာယ်ကင်းရန်ဖြစ်၏။ လူတို့ကို ဘေးရန်ပြုတတ်သည့် ပုဂ္ဂိုလ်အမျိုးမျိုးတွင် နတ်ဆိုး ဘီလူးသားရဲ အစိမ်းတစ္ဆေ မြေဘုတ်ဘီလူးတို့ ပါဝင်၏။ ပရိတ်တရားတော်ကို လာရောက်နာကြားကြမည့်နတ်တို့မှာ ရတနာသုံးပါးကို ကြည်ညိုလေးစားသည့် နတ်မြတ်နတ်ကောင်းတို့ဖြစ်ကြ၏။ ထိုတန်ခိုးကြီးသော နတ်မြတ်နတ်ကောင်းတို့ တရားနာ လာရောက်ခြင်းဖြင့် နတ်ဆိုး ဘီလူးစသည်တို့သည် အနားမကပ်ဝံ့ဘဲ အဝေးသို့ ရှောင်သွားကြရ၏။ နတ်မြတ်နတ်ကောင်းတို့သည် လူများနှင့် တရားအတူတူ နာယူရသဖြင့် မမ္ဗမိတ်ဆွေ ဖြစ်သွားကြသောကြောင့် လူတို့ကို စောင့်ရှောက်ကြ၏။ နတ်ကောင်းနတ်မြတ်တို့ တရားနာလာရောက်ကြခြင်းဖြင့် ပရိတ်တရားတော်နာ တကာ တကာမတို့

၏ အန္တရာယ်တစိတ်တဒေသမှာ ကာကွယ်ပြီး ဖြစ်သွား၏။ ထို့ကြောင့် ပရိတ်မရွတ်မီ နတ်တို့ကို တရားနာဖိတ်ရခြင်းဖြစ်၏။

## ပရိတ်တန်ခိုး

လူတို့က ပရိတ်နာလျှင် အန္တရာယ်ကင်း ဘေးရန်ရှင်း၏။ သည်မျှလောက်သာသိ၏။ နတ်တို့ကိုပရိတ်တရားတော်နာဖိတ်ရာ၌ နတ်တို့ တရားနာလာချင်စိတ်ပေါက်အောင် ပရိတ်တရားတော်၏ တန်ခိုးအစွမ်းကို ဂုဏ်ဘင်ပြရာ၌သဂ္ဂမောက္ခဒ— "နတ်ရွာနိဗ္ဗာန်ကို ပေးတတ်သော" ဟု ပါသဖြင့် ပရိတ်တရားတော်သည် နတ်ရွာနိဗ္ဗာန်ကိုပင် ရောက်စေနိုင်သည်ဟု သိထားသင့်၏။ ရတနာသုံးပါး၏ဂုဏ်ကို ပွားများခြင်း၊ မေတ္တာဘာဝနာ ပွားများခြင်းဖြင့် နတ်ပြည်ရောက်နိုင်သည်မှာ ထင်ရှား၏။ မေတ္တာသုတ်အဆုံးဂါထာတွင် မေတ္တာဘာဝနာမှတဆင့် ဝိပဿနာထိ ကူးပြောင်းပါက နိဗ္ဗာန်အထိ ရောက်စေနိုင်ကြောင်းကို "နဟိဇာတုဂ္ဂဗ္ဘသေယျံပုနရေတိ" ဟု ဘုရားရှင်ကိုယ်တော်တိုင်က ဟောထားသောကြောင့် ပရိတ်တရားတော်သည် အန္တရာယ်ကင်းရုံသာမဟုတ်၊ နတ်ရွာနိဗ္ဗာန်သို့တိုင်အောင် ရောက်စေနိုင်ပါသည်ဟု မှတ်အပ်ပေသည်။

၂။ ဓမ္မဿ ဝနကာလောအယံဘဒန္တာဖြင့် နတ်တို့ကို တရားတော်နာချိန်ရောက်ပြီဟု နှိုးဆော်ချက် ပြုခြင်းဖြစ်သည်။ ယခုကာလအလှူများ တရားပွဲများ၌ "တရား နာကြရအောင်ခင်ဗျား" ဟု ကြွေးကြော်ပေးခြင်းနှင့်တူ၏။

၃။ နမောတဿဖြင့် ဘုရားရှင်ကို ရှိခိုးခြင်းဖြစ်၏။ ဗုဒ္ဓဘာသာတို့၏ ထုံးတမ်းစဉ်လာအရ၊ ကိစ္စတခုခုကို လုပ်ဆောင်တော့မည်ဆိုလျှင် ထိုကိစ္စကို အန္တရာယ်မရှိဘဲ ပြီးမြောက်အောင် ဆောင်ရွက်နိုင်စေရန်အတွက် ရတနာသုံးပါးအား ရှိခိုးခြင်း ပဏာမမင်္ဂလာကို ပြုကြရ၏။

၄။ ယေသန္တာသည် ပရိတ်တရားတော်ကိုနာကြားရန် နတ်တို့ကို ထပ်မံဖိတ်ကြားခြင်းဖြစ်၏။ အလှူအတန်းများတွင် တရားနာရန် နီးကပ်လာပြီဖြစ်၍ အလှူမကျပ်သို့ ကြွရောက်ကြပါရန် ဖိတ်ကြားပါသည်ခင်ဗျား ဟု နှစ်ကြိမ် သုံးကြိမ် အသံချဲ့ကာ ဖြင့် ဖိတ်ခေါ်သကဲ့သို့ တရားနာလိုသောနတ်များ မကျန်ရစေလေအောင် ထပ်မံဖိတ်ခေါ်ရခြင်းဖြစ်၏။

၅-၈။ သဗ္ဗေသု စက္ကဝါဠေသု လေးဂါထာဖြင့် နတ်တို့ကို ပရိတ်ရွတ်သောလူများက အမျှပေးဝေ၍ အစောင့်အရှောက်ပြုပါဟု တိုက်တွန်းခြင်းဖြစ်၏။ သာသနာနှင့်ကမ္ဘာကို နတ်တို့စောင့်ရှောက်ပါဟု မေတ္တာရပ်ခံခြင်းဖြစ်၏။ တရားနာလာသောနတ်တို့နှင့် သတ္တဝါအပေါင်းကို မေတ္တာပို့သခြင်းပြု၏၊

၉။ ရာဇ တောဝါဖြင့် နတ်တို့နှင့် ပရိတ်တရားတော်က ကာကွယ်စောင့်ရှောက်ပေးရမည့် ဘေးရန်အမျိုးမျိုးတို့ကို ဖော်ပြထားခြင်းဖြစ်၏။

ဤသို့ ပရိတ်တခုခုကိုမရွတ်မီ နတ်တို့ကို ဖိတ်ကြားခြင်းသည် ရတနသုတ် ပါဠိတော်၌ ဘုရားရှင်၏အမိန့်အရ ညီတော်အာနန္ဒာပြုလုပ်သော အစဉ်အလာအရဖြစ်၏။

ရတနသုတ်ပရိတ်၏အစ နှစ်ဂါထာဖြစ်သော ယာနီဓဘူတာနိ နှင့် တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ ဟူသော နှစ်ဂါထာ၏ အဓိပ္ပာယ်ကိုကြည့်ပါ။ လူတွေက နတ်တွေ ပူဇော်ပသတင်မြှောက် ကြသလို နတ်တွေကလည်း လူတို့ကို မေတ္တာပွား၍ မမေ့မလျော့ စောင့်ရှောက်ကြကုန်လော့ ဟု ညွှန်ကြားတော်မူသော ရှုတ်ဆိုဟော ကြားချက်ကိုမှီး၍ ရှေးဆရာတော်ကြီးများ ပရိတ်အားလုံး၏ ရှေ့ပြေးပဏာမအနေဖြင့် နတ်ဖိတ်ဂါထာများကို စီရင် ရေးသား ကြခြင်းဖြစ်ပါသည်။

## နတ်ဖိတ်

၁။ သမန္တာ စက္ကဝါဠေသု၊ အတြာဂစ္ဆန္တု၊ ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု၊ သဂ္ဂမောက္ခဒံ။

၁။ စကြာဝဠာ တိုက်တသောင်းရှိ နတ်ဗြဟ္မာအပေါင်းတို့ ပရိတ်တရား ဟောကြားရွတ်ဆိုရာ ဤဌာနသို့ လာရောက်ကြကုန် လော့။ နတ်ပြည် နိဗ္ဗာန်အကျိုးကိုပေးတတ်သော ပရိတ်တရား တော်ကို နာယူကြကုန်လော့။

## နှိုးဆော်ချက်

၂။ ဓမ္မဿဝနကာလော အယံ ဘဒန္တာ။

၂။ နတ်ဗြဟ္မာအပေါင်းတို့၊ ယခုအချိန်သည် ပရိတ်တရား တော်နာကြားရန် အချိန်အခါပေတည်း။

## ဘုရားရှိခိုး

၃။ နမော တဿ ဘဂဝတော အရဟတော သမ္မာ
သမ္ဗုဒ္ဓဿ။

၃။ လူ နတ်ပြဟ္မာ တို့၏ ပူဇော်အထူးကို ခံတော်မူထိုက်၍ ဆရာမရှိဘဲ တရားအလုံးစုံကို ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်တော်မူသော ဘုန်းခြောက်ပါးသခင် ရှင်တော်မြတ်ဘုရားအား ရှိခိုးကန်တော့ပါ၏ဘုရား။

## နတ်တို့ကို ထပ်မံဖိတ်ခေါ်ခြင်း

၄။ ယေ သန္တာ သန္တစိတ္တာ တိသရဏသရဏာ ဧတ္ထ
လောကန္တရေ ဝါ။ ။ ဘုမ္မာဘုမ္မာစ ဒေဝါ၊ ဂုဏ ဂဏ
ဂဟဏ ဗျာဝဋ္ဌာ သဗ္ဗကာလံ။
ဧတေ အာယန္တုဒေဝါ ဝရ ကနကမယေ မေရု
ရာဇေ ဝသန္တော။ ။သန္တော သန္တောသ ဟေတုံ၊
မုနိဝရဝစနံ သောတုမဂ္ဂံ သမဂ္ဂါ။

၄။ သူတော်ကောင်းဖြစ်၍ ငြိမ်သက်သော စိတ်နှလုံးရှိကြကုန်သော ရတနာသုံးပါးကို ကိုးကွယ်၍ သီလ သမာဓိ ပညာ ဂုဏ်အပေါင်းကို ရရန်ကြိုးစားနေကြသော ဤစကြာဝဠာနှင့် စကြာဝဠာတပါးရှိ မြေ၌နေသော နတ်၊ ကောင်းကင်၌နေသော နတ် ပြဟ္မာများ နှင့် မြင့်မိုရ်တောင်ထိပ်၌ နေသော သူတော်ကောင်း သိကြားမင်းသည် စိတ်နှလုံးချမ်းမြေ့ အေးမြခြင်းကို

ဖြစ်စေတတ်သော ဘုရားရှင်၏ ပရိတ်တရားတော်ကို နာကြားဘို့ရာ ကြွရောက်စုဝေးကြပါကုန်လော့။

ကုသိုလ်ကိုအမှုဝေ၍ စောင့်ရှောက်ရန်တိုက်တွန်းခြင်း

၅။ သဗ္ဗေသု စက္ကဝါဠေသု ယက္ခာ ဒေဝါစ ဗြဟ္မနော။
ယံ အမှေဟိ ကတံ ပုညံ၊ သဗ္ဗသမ္ပတ္တိသာဓကံ။

၆။ သဗ္ဗေတံ အနုမောဒိတွာ၊ သမဂ္ဂါသာသနေ ရတာ။
ပမာဒရဟိတာ ဟောန္တု၊ အာရက္ခာသု ဝိသေသတော။

၅နှင့် ၆။ စကြာဠာတိုက်ဘသောင်းရှိ ဘီလူး နတ် ဗြဟ္မာတို့သည် စည်းစိမ်ချမ်းသာတို့ကို ပြီးမြောက်စေတတ်သော ငါတို့ပြုသည့် ကောင်းမှုအဖို့ကို ဝမ်းမြောက်နုမော် သာဓုခေါ်ကြပြီးလျှင် ညီညာဖျဖျ သာသနာတော်၌ ပျော်မွေ့ကြကုန်လော၊ အထူးသဖြင့် လူတို့ကို မမေ့မလျော့ စောင့်ရှောက်ကြကုန်လော့။

## အာသီသ

၇။ သာသနဿ စ လောကဿ၊ ဝုဍ္ဎီ ဘဝတု သဗ္ဗဒါ
သာသနမ္ပိစ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

၇။ သာသနာတော်သည်၎င်း၊ သတ္တဝါအပေါင်းသည်၎င်း၊ အမြဲတိုးတက် ကြီးပွားပါစေ၊ သာသနာတော်နှင့် လောကကြီးကို နတ်များ အမြဲစောင့်ရှောက်ကြပါစေ၊

## မေတ္တာပို့

၈။ သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ၊ ပရိဝါရေဟိ အတ္တနော။
အနီဃာ သုမနာ ဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

၈။ သတ္တဝါခပ်သိမ်းတို့သည် မိမိတို့၏ ခြွေရံသင်းပင်းများနှင့်တကွ ချမ်းသာကြပါစေ၊ ဆွေမျိုး မိတ်သင်္ဂဟတို့နှင့် အတူ ဆင်းရဲကင်းကာ စိတ်ချမ်းသာ၍ ကြည်သာအေးမြ ရှိကြပါစေ။

## နတ်တို့ ကာကွယ်စောင့်ရှောက်ပေးရမည့် အန္တရာယ်များ

၉။ ရာဇတောဝါ စောရတောဝါ
မနုဿတောဝါ အမနုဿတောဝါ
အဂ္ဂိတောဝါ ဥဒကတောဝါ
ပိသာစတောဝါ ခါဏုကတောဝါ
ကဏ္ဍကတောဝါ နက္ခတ္တတောဝါ
ဇနပဒရောဂတောဝါ အသဒ္ဓမ္မတောဝါ
အသန္ဒိဋ္ဌိတောဝါ အသပ္ပုရိသတောဝါ
စဏ္ဍ ဟတ္ထိ အဿ မိဂ ဂေါဏ ကုက္ကုရအဟိဝိစ္ဆိက
မဏိသပ္ပ ဒီပိ အစ္ဆ တရစ္ဆ သူကရမဟိံသ ယက္ခ ရက္ခ
သာဒိဟိ
နာနာဘယတောဝါ နာနာရောဂတောဝါ
နာနာဥပဒ္ဒဝတောဝါ အာရက္ခံ ဂဏှန္တု။

၉။ မင်းဆိုးသူခိုးလူဆိုးနှင့် ဘီလူးနတ်ဆိုးတို့မှ၎င်း၊ မီးဘေး ရေဘေး၊ မြေဘုတ်ဘီလူး၊ သစ်ငုတ်ခလုတ် ဆူးခြောင့်တို့မှ၎င်း၊ ဂြိုဟ်ဆိုးရောဂါဆိုးအယုတ်သရားအယူမှားနှင့် သူယုတ်မာ တို့မှ၎င်း၊ ကြမ်းတမ်းသောဆင်၊ မြင်း၊ သမင်၊ နွား၊ ခွေး၊ မြွေ၊ ကင်းမြီး

ကောက်၊ မြေစိမ်း၊ ကျားသစ်။ ၁က်ဝံ၊ အောင်း၊ ဝက်၊ ကျွဲ၊ ဘီလူး ရက္ခိုသ် စသည်တို့မှရင်း၊ ဘေးရန်ရောဂါ ဥပဒ္ဒဝေါ အန္တရာယ် အမျိုးမျိုးတို့မှရင်း၊ နတ်အပေါင်းတို့က ကာကွယ်စောင့်ရှောက် ကြပါကုန်လော။

## မင်္ဂလသုတ်နိဒါန်း

ဘုရားရှင်လက်ထက် အိန္ဒိယပြည်ဘွင် မြို့လယ်ဓမ္မာရုံကြီးများ၌ အယူဝါဒဆိုင်ရာ ဟောပြောပွဲများ ပြုလေ့ရှိကြ၏။ တရားဟောဆရာများကိုပိုက်ဆံပေး၍ နားထောင်ကြ၏။ သိလိုရာများကိုမေးမြန်းဆွေးနွေးကြ၏၊ တခါနိတွင် မင်္ဂလာဟူသည် အဘယ်နည်းဟူသော ပြဿနာကို လူတို့စိတ်ဝင်စားစွာ ဆွေးနွေးဟောပြောနေကြ၏။ အမြင် မင်္ဂလာဆရာကြီးက "မျက်စိဖြင့်မြင်ရသောအဆင်း အာရုံသည် မင်္ဂလာဖြစ်၏"ဟုပြော၏။ ထိုသူ၏ဟောပြောချက်ကို လက်ခံသူလည်းရှိ၏၊ လက်မခံသူလည်းရှိ၏။ အကြား မင်္ဂလာဆရာ တယောက်က "မျက်စိသည် အကောင်းအဆိုးအဆင်း နှစ်မျိုးကိုမြင်ရ၏။ မကောင်းသည်ကို မြင်လျှင် မင်္ဂလာမဖြစ်နိုင်၊ အသံသဒ္ဒါရုံသည်သာ မင်္ဂလာဖြစ်၏"ဟု ဟောပြန်၏။

အတွေ့မင်္ဂလာဆရာကြီးတယောက်လည်း အမြင်မင်္ဂလာ၊ အကြားမင်္ဂလာဆရာတို့မှားသည်။ 'အနံ့အရသာ အထိအတွေ့တို့သာလျှင် မင်္ဂလာဖြစ်ပေသည်'ဟု ဟောပြန်၏၊ ထိုဆရာတို့ဟောချက်ကို ယုံကြည်လက်ခံသူရှိသကဲ့သို့ မယုံကြည် မကျေနပ်သူများ

လည်းရှိ၏။ ထိုကြောင့်လူစုမိတိုင်း မင်္ဂလာပြဿနာကို ဆွေးနွေးကြ။ ငြင်းခုံနေကြ၏။

လူတို့၏ မင်္ဂလာပြဿနာသည်လူတို့ကို စောင့်ရှောက်နေသော ကိုယ်စောင့်နတ်များသို့ ကူးစက်သွား၏။ ကိုယ်စောင့်နတ် အချင်းချင်းမင်္ဂလာပြဿနာကို ဆွေးနွေး ငြင်းခုံကြပြန်၏။ ကိုယ်စောင့်နတ်များမှ တဆင့် မြေပြင်ရှိ ဘုမ္မစိုး၊ ရုက္ခစိုးနတ်တို့က ကြားသိပြီးဆွေးနွေးငြင်းခုံကြပြန်၏။ ၎င်းတို့မှတဆင့် စတုမဟာရာဇ်ဘာဝတိံသာစသည် အဆင့်ဆင့်ပြန့်နှံ့သွားရာ အထက်ဆုံး အကနိဋ္ဌဗြဟ္မာဘုံသို့ ရောက်သည်အထိ မင်္ဂလာ ပြဿနာဂယက် ရိုက်သွား၏။ သို့သော် အများသဘောတူ လက်ခံနိုင် လောက်သောအဖြေကိုမရရှိကြပေ၊

တနေ့သောအခါ တာဝတိံသာနတ်တို့က စုဝေးတိုင်ပင်၍ သိကြားမင်းထံသွားရောက် မေးမြန်းကြ၏။ သိကြားမင်းသည် ပညာရှိပင်ဖြစ်သော်လည်း မင်္ဂလာပြဿနာကိုကားမဖြေနိုင်ပေ။ သင်တို့သည်ပြဿနာကို သယ်က ကြားသနည်းဟု မေးရာ စတုမဟာရာဇ်နတ်များ ထံမှ ကြားထည်ဟုလျှောက်၏။ ဤသို့အဆင့်ဆင့်လိုက်မေးရာ နောက်ဆုံးတွင် လူတို့ထံမှစ၍ ထိုမင်္ဂလာပြဿနာပေါ်လာကြောင်းသိရှိရ၏။ ထိုအခါသိကြားမင်းကသင်တို့ဘုရားရှင်ကို မေးပြီးပြီလောဟု နတ်တို့ကိုမေးရာ "မမေးရသေးပါ"ဟုဖြေကြ၏။ "လာ- သွားကြစို့ ဘုရားရှင်ထံ သွားရောက် မေးမြန်းကြစို့"ဟု နတ်တို့ကိုခေါ်၍ ဘုရားရှင်ရှိရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့လာကြ၏။

သိကြားမင်း တာဝန်ပေးချက်အရ နတ်သားတပါးသည် ဇေတဝန်ကျောင်းတော် ပတ်ဝန်းကျင်ကို ကိုယ်ရောင် ကိုယ်ဝါဖြင့် ထွန်းလင်း တောက်ပစေပြီးလျှင် ဘုရားရှင်ထံ ချဉ်းကပ်၍ မနီးမဝေးမှာရပ်ကာ ဗဟူဒေဝါမနုဿာစ–အစရှိသော ဂါထာဖြင့် မင်္ဂလာတရားဟောကြားပါရန်လျှောက်၏။

ထိုအချိန်ဝယ် ဇေတဝန်ကျောင်းတော်၌ စကြာဝဠာတိုက်တသောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် မင်္ဂလာတရားတော်ကို နာကြားရန်စုရုံးရောက်ရှိနေကြ၏။ နတ်တို့၏တန်ခိုးဖြင့် အသေးငယ်ဆုံးဖန်ဆင်းနေသောကြောင့်သာ နေရာဆံ့ခြင်းဖြစ်၏။

ထိုနတ်သား၏ တောင်းပန်လျှောက်ထားချက်အရ မြတ်စွာဘုရားသည် အသေဝနာစ ဗာလာနံ–စသော မင်္ဂလာတရားသုံးဆယ့်ရှစ်ပါးကို ဟောတော်မူ၏။ ထိုမင်္ဂလာ တရားတော်ကို နာရသဖြင့် နတ်ဗြဟ္မာကုဋေတသိန်းရဟန္တာဖြစ်၏။ အနာဂါမ် သကဒါဂါမ်သောတာပန်ဖြစ်သော နတ်တို့ကား မရေတွက်နိုင်လောက်အောင်များပြား၏။

ဤမင်္ဂလသုတ်တွင် ဘုရားဟော အစစ်မှာ “အသေဝနာစ ဗာလာနံမှအစ–တောဒိသာနိ ကတွာန”ဂါထာအထိသာ ဖြစ်၏။ တောဒိသာနိကတွာန ဂါထာမှာ မင်္ဂလာတရားမဟုတ် မင်္ဂလာတရားဟောတော်မူပြီးနောက် မင်္ဂလာတရားတော်ကို လက်တွေ့လိုက်နာပြုကျင့်ချင်အောင် မင်္ဂလာတရားတော်၏ အကျိုးဆက်ပြဂါထာသာဖြစ်၏။ မင်္ဂလာတရားကိုပြုကျင့်လိုက်နာလျှင် နေရာတကာမှာ ရန်သူကိုအောင်နိုင်၏။ ချမ်းသား၏ “ရန်အောင်လို

လျှင် ချမ်းသာလိုလျှင် မင်္ဂလာတရားတော်ကို လက်တွေ့ကျင့်ကြ ”ဟုတိုက်တွန်းခြင်းတမျိုးဖြစ်၏။

ဘုရားရှင်သည် မင်္ဂလာတရားတော်ကို နတ်ပြဟ္မာအပေါင်းတို့အားဟောကြားခြင်းဖြစ်၏၊ ထိုအချိန်လူသားတဦးတယောက်မျှ ဘုရားရှင်အနီး၌ မရှိချေ၊ နောက်တနေ့တွင် ဘုရားရှင်က ညီတော်အာနန္ဒာအား သင်ပေး၏၊ အခြား ရဟန်းတော်များအားသင်ကြားပို့ချပေးရန် မှာကြား၏။ ညီတော် အာနန္ဒာမှ တဆင့်အခြားရဟန်းတော်များ အဆက်ဆက်ဆောင်ခဲ့ရာ ယနေ့တိုင်ဖြစ်တော့သည်။

ဘုရားဟော မင်္ဂလသုတ်သည် အသေဝနာစဗာလာနံမှစလျှင် ယံမင်္ဂလံနှင့်ဒေသိတံနှစ်ဂါထာကို ဘယ်သူဟောသနည်းဟုသိထားသင့်၏။ ထိုနှစ်ဂါထာကို ပရိတ်ကြီးကို စီစဉ်စုဆောင်းရေးသားသော ဆရာတော်တို့ စီစဉ်ရေးသား၏။ မင်္ဂလသုတ်ကို ပရိတ်အနေဖြင့် ရွတ်ဖတ်သူနှင့် နာယူသူတို့ ရွတ်လို နာလိုအောင် မင်္ဂလသုတ် ပရိတ်၏ ဂုဏ်ကျေးဇူးကို ဖော်ထုတ် ချီးကျူး၍ အမွှမ်းတင်သော ပရိတ် အမွှမ်းသာ ဖြစ်၏။ မင်္ဂလသုတ်၏ အချီးနိဒါန်းသာဖြစ်၏။

ထိုနိဒါန်းတွင် ယံမင်္ဂလံ ဒွါဒသဟိ စိန္တယိံသု = မင်္ဂလာတရားတော်ကို တဆယ့်နှစ်နှစ် တိုင် ကြံစည်ခဲ့ကြပြီး ဆိုသည်မှာ ကောလာဟလ ငါးမျိုးအနက် မင်္ဂလာကောလာဟလသည် မင်္ဂလာတရားမဟောမီ ၁၂-နှစ်ကြိုဘင်၍ ကောလာဟလဖြစ်နေ့သည်ဟုဆိုသို၏။ ကမ္ဘာကြီး ပျက်တော့မည်ဆိုလျှင် မပျက်မီ နှစ်ပေါင်းတသိန်းကြိုတင်၍ ကမ္ဘာကြီး ပျက်တော့မည်ဖြစ်ကြောင်း

ကောလာဟလဖြစ်၏။ စကြာဝတေးမင်း ပေါ်ခါနီးသောအခါ မပေါ်မီ နှစ်ပေါင်း-၁၀၀ က စကြာဝတေးမင်းပေါ်တော့မည်ဟု ကောလာဟလ ဖြစ်၏။ ဘုရားတဆူ ပွင့်တော့မည်ဆိုလျှင် ဘုရားမပွင့်မီ နှစ်ပေါင်းတသိန်းက ကြိုတင်၍ ဘုရားပွင့်တော့မည် ဟု ကောလာဟလဖြစ်နေ၏။ မောနေယျကျင့်သူ ပုဂ္ဂိုလ်ထူးပေါ်သောအခါ မပေါ်မီ ၇-နှစ်ကကြိုတင်၍ ကောလာဟလဖြစ်နှင့်၏။ ဤကောလာဟလငါးပါးအနက် မင်္ဂလာကောလာဟလသည် တဆဲ့နှစ်နှစ်ပင်ဖြစ်နေသည်ဟု ဆိုလို၏။

မင်္ဂလသုတ်ပရိတ်တော်ကို သုတ္တနိပါတ်ပါဠိတော်မှ ကောက်နှုတ်ဖော်ပြပါ၏။ သုတ္တနိပါတ်ပါဠိတော်တွင် ဝဂ်မေသုတ်မှစ၏။ ထိုဝဂ်မေသုတ်သည် ဘုရားဟောမဟုတ်သေး၊ ပထမ သံဂါယနာတင်တော်မူသောအခါ ရှင်မဟာကဿပက ဤမင်္ဂလသုတ်ကို အဘယ်ပုဂ္ဂိုလ်သည် အဘယ်ပုဂ္ဂိုလ်ကို အဘယ်ကိစ္စနှင့်ပတ်သက်၍ ဟောပါသနည်းဟု မေးတော်မူရာ အခြေ ဆရာတော် အရှင်အာနန္ဒာက ဝဂ်မေသုတ်စသည်ဖြင့် ဖြေဆိုတော်မူခြင်း ဖြစ်၏။ မင်္ဂလသုတ် တရားတော်ကို ဘုရားရှင်က ဇေတဝန်ကျောင်းမှာ နတ်သားတပါး၏ တောင်းပန်ချက်အရ ဟောခြင်း ဖြစ်ကြောင်း မင်္ဂလသုတ်၏ နိဒါန်းအချီ ပင်ဖြစ်၏။ ထိုနိဒါန်းတွင် ဗဟူဒေဝါ မနုဿာစ ဂါထာသည် နတ်သားက ဘုရားကို လျှောက်ထားချက်ဖြစ်၏။

ဤမင်္ဂလသုတ်သည် မိလိန္ဒပဉ္စာပါဠိတော်နှင့် ထိုထိုအဋ္ဌကထာတို့တွင် ဖော်ပြသောပရိတ်ကြီးသုတ်များစာရင်းတွင် မပါပေ၊ ထို့ကြောင့် ရှေးအခါက မင်္ဂလသုတ်ကို ပရိတ်တော်အဖြစ် ရွတ်ဖတ်

ကြုံမပေါ်ပေ။ သို့ရာတွင် မြန်မာဆရာတော်ကြီးများက အိမ်သစ်၊တိုက်သစ်တက်မင်္ဂလာနှင့် မင်္ဂလာ ဆွမ်းကျွေးသောအခါ ရွတ်ဖတ်ရန်အတွက် ထည့်သွင်း စီစဉ်ခဲ့ဟန် တူပေသည်။ မြန်မာသင်ပုန်းကြီးပြီးလျှင် မင်္ဂလသုတ်ကို သင်စေခြင်းဖြင့် မြန်မာလူမျိုးတို့ မင်္ဂလသုတ်ကို မည်မျှ တန်ဘိုးထားကြောင်း သိသာနိုင်ပေသည်။

## မင်္ဂလာမည်ကြောင်း

ထိုသုံးဆဲ့ရှစ်ပါးသော တရားတော်တို့ကို အဘယ်ကြောင့် မင်္ဂလာဟုခေါ်ရသနည်း။

မင်္ဂလန္တိ သဟန္တိ ဧတ္ထမဟိ သတ္တာတိ မင်္ဂလာနိ = တိုးတက်ကြီးပွားခြင်း၏အကြောင်း ဖြစ်သောကြောင့် မင်္ဂလာဟုခေါ်၏။

မင်္ဂန္တိ ဝုဒ္ဓိံ ပါပုဏန္တိ ဧတမေဟိ သတ္တာတိ မင်္ဂလာနိ = လိုက်နာကျင့်ကြံသူအပေါင်းကို တိုးတက် ကြီးပွား ချမ်းသာစေတတ်သောကြောင့် မင်္ဂလာဟုခေါ်၏။

မင်္ဂံ ပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလာ = မကောင်းသော အနိဋ္ဌာရုံ ဟူသမျှတို့ကို ပယ်ဖျောက်တတ်သောကြောင့် မင်္ဂလာဟုခေါ်ရ၏။

မင်္ဂလသုတ် အမွှမ်းတွင် ပါသော "သေတ္ထာနံ = စီးပွားချမ်းသာခြင်း၏အကြောင်းဖြစ်ကုန်သော" ဆိုသည့် စကားနှင့် "သဗ္ဗပါပဝိနာသနံ = အလုံးစုံသော မကောင်းမှုကို ပယ်ဖျောက်ပေတတ်ထသော" ဟူသော စကားတို့သည် မင်္ဂလာဟူသောပုဒ်၏

အဓိပ္ပါယ်ကို ဖော်ပြထားသောတရားတို့ဖြစ်ကုန်၏။ မင်္ဂလသုတ် အမွှမ်းပါ သောတ္တာနံ့ သဗ္ဗာပါပ ဝိနာသနံတို့ဖြင့် ကြီးပွားချမ်း သာလိုသူ မကောင်းမှု အနိဋ္ဌာရုံများ ပယ်ဖျောက်၍ ကောင်း ကျိုးချမ်းသာ ပွားတိုးလိုသောသူတို့သည် မင်္ဂလာတရားတော် များကို ကြိုးစားပြုကျင့်ပါကုန်လော့ဟု တိုက်တွန်းခြင်းဖြစ်၏။

## မင်္ဂလာပြဿနာ အေးငြိမ်းသွား

နတ်သားတောင်းပန်ချက်အရ ဘုရားရှင်က ၃၈-ပါးမင်္ဂလာ တို့ကို ဟောကြားလိုက်သောအခါ တဆဲ့နှစ်နှစ်တိုင်တိုင် နတ် ဗြဟ္မာနှင့် လူသားတို့ ပြဿနာဖြစ် အငြင်းပွားနေသော မင်္ဂလာ ပြဿနာသည် ပြေငြိမ်းသွား၏။ ပြေငြိမ်းသွားလောက်အောင် လည်း မင်္ဂလာတရားတို့က မှန်ကန်၏။ မင်္ဂလာတရားသည် ဗုဒ္ဓ ဘာသာများသာမဟုတ် လူမျိုးမရွေး ဘာသာမရွေး နိုင်ငံမရွေး လိုက်နာကျင့်ကြံနိုင်သော တရားတော်များ ဖြစ်၏။ ထိုမင်္ဂလာ တရားတော်များကို မကောင်းဟု ပြောဆိုနိုင်သူမရှိ၊ မင်္ဂလာတ ရားကို လိုက်နာခြင်းဖြင့် ယခု ပစ္စက္ခဘဝတွင်လည်း ကောင်းကျိုး ချမ်းသာကို ခံစားရမည်ဖြစ်၏။ နောင်တမလွန်ဘဝ၌သည်း သုဂ တိဘဝသို့ ရောက်ရမည်အမှန်ဖြစ်၏။ ဗုဒ္ဓဘာသာတို့သာ ကျင့်ကြံ ထိုက်သောတရားမဟုတ်၊ ကမ္ဘာ့လူသားအားလုံး လက်ခံကျင့်သုံး ထိုက်သော ကျင့်သုံးနိုင်သော ကမ္ဘာ့တရားတော်ဖြစ်၏။ ယခု သာသနာတော် သက္ကရာဇ်-၂၅ဝဝ ကျော်လာသည့်အထိ မင်္ဂလာ ဟုတ်မဟုတ် အငြင်းမပွားတော့ဘဲ မင်္ဂလာအဖြစ် တညီတညွတ် တည်း လက်ခံခဲ့သော ကမ္ဘာ့တရားတော်ကြီးဖြစ်နေပေပြီ။

## လက်တွေ့ကျင့်

မင်္ဂလသုတ်ပရိတ်ကို ရွတ်ရုံ နာရုံဖြင့်ပင် မင်္ဂလာဖြစ်ပါ၏။ ကုသိုလ်ရပါ၏။ သို့ရာတွင် မင်္ဂလသုတ်လာ အနက်အဓိပ္ပါယ်တို့ကို ကြည့်လျှင် ရွတ်ရန်နာရန်ထက် လက်တွေ့ ကျင့်ရန်သာ ဖြစ်ကြောင်း ထင်ရှား၏။ ဘုရားရှင်ကိုယ်တော်တိုင်ကလည်း မင်္ဂလာတရားတော်များအဆုံးတွင် ဧတာဒိသာနိကတွာန စသဖြင့် မင်္ဂလသုတ်အညွှန်းကို ဟောထားရာ၌ ဤသုံးဆဲ့ရှစ်ဖြာ မင်္ဂလာတို့ကို လက်တွေ့ကျင့်ကြံရသောကြောင့် ရန်သူတွေကိုအောင်၏။ ကြီးပွားချမ်းသာ၏ဟု ဟောထားတော်မူသည်။

### ရှေးဆရာတော်တို့၏ မင်္ဂလသုတ်အမှမ်း

၁၀။ ယံမင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသဉ္စမင်္ဂလံ။

၁၁။ ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ။
သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမဟေ။

၁၀။ လူနတ်တို့သည် မင်္ဂလာတရားတော်ကို တဆယ့်နှစ်နှစ်တိုင်အောင်ကြံဆခဲ့ကြပြီ ချမ်းသာခြင်း၏အကြောင်းကောင်းမြတ်သော မင်္ဂလာကိုမသိနိုင်ဘဲရှိကြ၏။

၁၁။ နတ်တကာတို့၏ဘုရားရှင်သည် မကောင်းမှု မှန်သမျှ ပယ်ဖျောက်နိုင်သော သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ကို တလောကလုံး၏ အကျိုးစီးပွားအလို့ငှာ ဟောကြားတော်မူခဲ့၏။ ထိုသုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ကို ငါတို့ရွတ်ဆိုကြကုန်စို့။

## ရှင်အာနန္ဒာ၏မင်္ဂလသုတ်နိဒါန်း

၁၂။ ဧဝံမေသုတံ—

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ
အထခေါ အညတရာ ဒေဝတာ၊
အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ
ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ။
ယေနဘဂဝါ တေနုပသင်္ကမိ။ ဥပသင်္ကမိတွာ
ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။
ဧကမန္တံ ဌိတာခေါ သာဒေဝတာ
ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

၁၂။ အရှင်မဟာကဿပ၊ တပည့်တော် အာနန္ဒာသည် ဤသို့ကြားနာခဲ့ဘူး၏။ အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မထင်ရှားသော နတ်တပါးသည် သန်းခေါင်ယံအချိန် နှစ်သက်ဖွယ်သော ကိုယ်ရောင်ကိုယ်ဝါတို့ဖြင့် ဇေဘဝန် ကျောင်းတော် ပတ်ဝန်းကျင် တခွင်လုံးကို ထိန်လင်းစေလျက် ဘုရားရှင်အား ဝတ်တွားဦးချလျက် လျှောက်ပတ်ရာ တနေရာ၌ရပ်၍ ဘုရားရှင်အား အောက်ပါအတိုင်းလျှောက်ထားခဲ့ပါသည်။

## နတ်သားတောင်းပန်ပုံ

၁၃။ ဗဟူဒေဝါ မနုဿာစ၊ မင်္ဂလာနိအစိန္တယုံ
အာကင်္ခမာနာ သောတ္ထာနံ ဗြူဟိမင်္ဂလမုတ္တမံ။

၁၃။ မြတ်စွာဘုရား၊ ခုဘဝနေ၁င်ခါ ချမ်းသာလိုကြသောနတ်ဗြဟ္မာအများတို့သည် ကြီးပွားချမ်းသာကြောင်း မင်္ဂလာတရားအပေါင်းကို ကြံစည်စဉ်းစားခဲ့ကြပါပြီ၊ ကြံ၍မရပါသဖြင့် ရှင်တော်ဘုရားက ထိုမင်္ဂလာတရားကို ဟောကြားမိန့်မြွက်တော်မူပါဘုရား။

မင်္ဂလာသုံးပါး

၁၄။ အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာစ ပူဇနေယျာနံ၊ ဧတံမင်္ဂလ မုတ္တမံ။

၁၄။ နတ်သား၊လူမိုက်တို့ကိုမပေါင်းနှင့်၊ ပညာရှိ သူတော်ကောင်းတို့ကို ဆည်းကပ်၊ ပူဇော်ထိုက်သူကို ပူဇော်၊ ဤကား ကောင်းမြတ်သော မင်္ဂလာပါပေတည်း။

မင်္ဂလာသုံးပါး

၁၅။ ပတိရူပ ဒေသဝါသော စ ပုဗ္ဗေ စ ကတပုညတာ
အတ္တသမ္မာပဏိဓိ စ၊ ဧတံမင်္ဂလ မုတ္တမံ။

၁၅။ နတ်သား သင့်လျော်ရာ အရပ်၌နေရခြင်း၊ ရှေးဘဝကပြုခဲ့ဘူးသောကောင်းမှုရှိခြင်း၊ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထားခြင်း ဤသုံးပါးမှာ ကောင်းမြတ်သော မင်္ဂလာ ပါတည်း။

မင်္ဂလာလေးပါး

၁၆။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယောစ သုသိက္ခိတော။
သုဘာသိတာ စ ယာဝါစာ၊ ဧတံမင်္ဂလ မုတ္တမံ။

၁၆။ နတ်သား၊ အကြားအမြင် များခြင်း၊ လက်မှုပညာ တတ်မြောက်ခြင်း၊ ကိုယ်ကျင့်ဝိနည်းကို သင်ခြင်း၊ ကျင့်ခြင်း၊ စကားကိုကောင်းမွန်စွာပြောဆိုခြင်း၊ ဤကားမင်္ဂလာ လေးပါးတည်း။

## မင်္ဂလာတရားလေးပါး

၁၇။ မာတာပိတုဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာစ ကမ္မန္တာ၊ ဧတံမင်္ဂလမုတ္တမံ။

၁၇။ နတ်သား၊ အမိအဘကို လုပ်ကျွေးပြုစုခြင်း၊ သားမယားကို ချီးမြှောက်ထောက်ပင့်ခြင်း၊ ရှုပ်ထွေးခြင်း ကင်းအောင် အလုပ်လုပ်ခြင်း၊ ဤလေးပါးကား မင်္ဂလာမြတ်များပါတည်း။

## မင်္ဂလာလေးပါး

၁၈။ ဒါနဉ္စ ဓမ္မစရိယာစ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံမင်္ဂလမုတ္တမံ။

၁၈။ နတ်သား၊ ပေးကမ်း လှူဒါန်းခြင်း၊ သုစရိုက်တရား ၁၀-ပါးကိုကျင့်ခြင်း၊ ဆွေမျိုးသားချင်းကို ထောက်ပံ့ခြင်း၊ အပြစ်ကင်းသော အလုပ်တို့ကိုလုပ်ခြင်း၊ ဤကားတောင်းမြတ်သောမင်္ဂလာလေးပါးတည်း။

## မင်္ဂလာ သုံးပါး

၁၉။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာစ သံယမော။
အပ္ပမာဒေါစ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ။

၁၉။ **နတ်သား၊** မကောင်းမှုမှ စိတ်ဖြင့်ရှောင်ခြင်းနှင့် ကိုယ်နှုတ်ဖြင့် ရှောင်ခြင်း၊ အရက်မသောက်ခြင်း၊ ကုသိုလ်တရားတို့၌ မမေ့ခြင်း၊ ဤသုံးပါး ကောင်းမြတ်သော မင်္ဂလာ သုံးပါး ဖြစ်ပေ၏။

## မင်္ဂလာငါးပါး

၂၀။ ဂါရဝေါ စ နိဝါတော စ သန္တုဋ္ဌိ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလမုတ္တမံ။

၂၀။ နတ်သား၊ ရိုသေထိုက်သူကို ရိုသေခြင်း၊ မိမိကိုယ်ကို နှိမ့်ချခြင်း၊ ရောင့်ရဲတင်းတိမ်ခြင်း၊ ကျေးဇူးသိခြင်း၊ သင့်လျော်သောအခါ တရားနာခြင်း၊ ဤငါးပါးမှာ ကောင်းမြတ်သော မင်္ဂလာတည်း။

## မင်္ဂလာလေးပါး

၂၁။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ။

၂၁။ နတ်သား၊ သည်းခံခြင်း၊ ဆိုးမလွယ်ခြင်း၊ ရဟန်းတော်များကို ဖူးမြင်ခြင်း၊ တရားဆွေးနွေးခြင်း၊ ဤကား မင်္ဂလာမြတ် လေးပါးတည်း။

## မင်္ဂလာလေးပါး

၂၂။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယ သစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလမုတ္တမံ။

၂၂။ နတ်သား၊ ကိလေသာငြိမ်းကြောင်း အကျင့်ကို ကျင့်ခြင်း၊ (သီလ ဆောက်တည်ခြင်း) မြတ်သောအကျင့်ကိုကျင့်ခြင်း၊ (သမထ ဝိပဿနာပွားခြင်း)၊ သစ္စာလေးပါးကို သိမြင်ခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊ ဤလေးပါးကား ကောင်းမြတ်သော မင်္ဂလာများတည်း။

## မင်္ဂလာလေးပါး

၂၃။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။

၂၃။ နတ်သား၊ လောကဓံ ၈ ပါးကြောင့် မတုန်လှုပ်ခြင်း၊ စိုးရိမ်ပူဆွေးမှုမရှိခြင်း၊ ရာဂစသောမြူမရှိခြင်း၊ ဘေးရန်ကင်းခြင်း၊ ဤကား မြတ်သောမင်္ဂလာ လေးပါးတည်း။

## မင်္ဂလာ အကျိုးပြ ချီးကျူးချက်

၂၄။ ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံတေသံ မင်္ဂလမုတ္တမံ။

၂၄။ နတ်သား၊ ဤဆိုခဲ့ပြီးသော မင်္ဂလာတရားတို့ကို ပြုကြလျှင် ရန်သူမှန်သမျှကို အောင်နိုင်ကြ၍ ဘယ်အရပ်မှာမဆို ချမ်းသာခြင်းသို့ ရောက်ရ၏။ သုံးဆယ့်ရှစ်ဖြာမင်္ဂလာသည် လက်တွေ့ကျင့်ကြံသူများအဖို့ မြတ်သောမင်္ဂလာပင် ဖြစ်ပေသတည်း။

## မင်္ဂလ သုတ်မှာသိစရာ

ဤမင်္ဂလသုတ်သည် မိလိန္ဒပဉှာ ပါဠိတော်နှင့် အဋ္ဌကထာများ

တွင် ဖော်ပြထားသော ပရိတ္တသုတ်များစာရင်း၌ မပါရှိပေ။ ထို့ကြောင့် ဤသုတ်ကို ပရိတ်တော်အဖြစ်ထည့်သွင်းသည်မှာ နောက်ကျပုံရ၏။ မြန်မာပြည်ရောက်မှ မြန်မာဆရာတော်တို့ ထည့်ခဲ့ဟန်ရှိ၏။ ရှေးဆရာတော်များက ပရိတ္တသုတ်စာရင်းတွင် မထည့်ခဲ့သည်မှာ အကြောင်းရှိသည်။ မင်္ဂလသုတ်ပါ အကြောင်းအရာများမှာ ပရိတ္တသုတ်များ၌ပါလေ့ရှိသော ရတနာသုံးပါးဂုဏ်တော်များ၊ သစ္စာပြုချက်များ၊ မေတ္တာပို့၊ ဆုတောင်း၊ အာသီသများဟူ၍ လုံးဝမပါဘဲ လက်တွေ့လိုက်နာကျင့်ကြံရမည့် အချက်များကိုသာ ဟောထားသောကြောင့် ဖြစ်ဟန်ရှိ၏။

နောက်ပိုင်း မြန်မာ ဆရာတော်တို့က မင်္ဂလသုတ်ကို ပရိတ္တသုတ်စာရင်း၌ ထည့်သွင်းခဲ့သည်မှာ အကြောင်းရှိမည်။ မင်္ဂလသုတ်သည် လူတိုင်း အတွက် အကောင်းဆုံး လက်တွေ့အကျင့်နိုင်ဆုံး ဘုရားတော်ကြီး ဖြစ်၏။ ထို့ကြောင့်ပင် ရှေးခေတ်ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ်တွင် မြန်မာသင်ပုန်းကြီးကုန်ပြီးပါက မင်္ဂလသုတ်ပါဠိအနက်ကို တက်ရ၏။ မြန်မာစာတတ်သူမှန်သမျှ မင်္ဂလသုတ်ကိုကား အလွတ်ရဘူးသူ များပေသည်။ အိမ်တက် မင်္ဂလာ၊ မင်္ဂလာဆွမ်းကျွေးသော အခမ်းအနားများတွင် မင်္ဂလသုတ်ကို ရွတ်ဖတ်ကြရန်အတွက် မင်္ဂလသုတ်ကို ပရိတ္တတွင် ထည့်သွင်းထားခဲ့ပါသည်။ မင်္ဂလသုတ်ကို ပရိတ်အရံအတားအနေ ထည့်သွင်းခြင်းမဟုတ်ဘဲ မင်္ဂလသုတ်ကို ကြားနာရန်မင်္ဂလာတရားတော်တို့ကိုလက်တွေ့လိုက်နာကျင့်ကြံစေလိုသည့် ရှေးဆရာတော်တို့၏ ယုံကြည်မြော်မှန်းချက်ဖြစ်ပုံ ရပေသည်။

ဘုရားရှင်ကိုယ်တော်တိုင်က တောဒိသာနိ ကတွာန = ဤသုံးဆယ့်ရှစ်ဖြာ မင်္ဂလာတို့ကို လက်တွေ့လိုက်နာ ပြုကျင့်ရသောကြောင့် ဟု ဟောထားသဖြင့် မင်္ဂလာတရားတော်များမှာ လက်တွေ့ကျင့်ကြံစရာများဟု မှတ်ယူသင့်ပေသည်။ မင်္ဂလသုတ် ပရိတ်ရွတ်နေသူမှာလည်း လက်တွေ့ကျင့်ကြံနိုင်ရေးအတွက် အထပ်ထပ်ဟောကြားနေခြင်းသာ ဖြစ်သည်ဟု မှတ်ယူသင့်ပေသည်။

## ကိုယ်ကျင့်မင်္ဂလာသုတ်

အသေဝနာစ ဗာလာနံမှ ဖုဋ္ဌဿလောက ဓမ္မေဟိအထိတိထွင် ပြထားသော သုံးဆယ့်ရှစ်ပါးမင်္ဂလာတို့ကို မိမိသန္တာန်၌ အပြည့်အဝမဟုတ်စေအာမူ မင်္ဂလာအများဆုံး မိမိသန္တာန်မှာ ဖြစ်ပေါ်ကျင့်ကြံနိုင်အောင် ကြိုးစား၍ ကျင့်ကြံနိုင်ကြပါစေ။

မင်္ဂလသုတ် ပြီး၏။

* * *

# ရတနသုတ်နိဒါန်း

ရတနသုတ်ကို သုတ္တနိပါတ်ပါဠိတော်မှ ထုတ်နုတ်စီစဉ်ထား၏။ ရတနသုတ်ကို မြတ်စွာဘုရားသည် ဝေသာလီ ပြည်သူပြည်သားတို့အား ဟောတော်မူ၏။ တရံရောအခါ ဝေသာလီပြည်တွင် မိုးခေါင်သဖြင့် ကောက်ပဲသီးနှံများ ပျက်စီးကာ လူတို့ငတ်မွတ်ခေါင်းပါး၍ အများအပြား သေဆုံးကြ၏။ ထိုလူသေကောင်တို့ကို မြို့ပြင်တွင်ပြစ်ထားကြရာမှ ဘီလူးသားရဲတို့သည် မြို့တွင်းသို့ ဝင်ရောက်သဖြင့် လူတို့ ပျက်စီးကြပြန်၏။ လူသေကောင်တို့၏ အပုပ်နံ့ကြောင့် "အဟိဝါတ" ခေါ် ရောဂါဆိုးတမျိုး ဖြစ်ပွားကြပြန်၏။ လူအများ သေဆုံးကြ၏။

ထိုသို့ ငတ်မွတ်ခြင်းဘေး ဘီလူးတို့ဘေး ရောဂါဘေးတည်းဟူသော ဘေးကြီးသုံးပါး ဆိုက်ရောက်သောအခါ ဝေသာလီပြည် မင်း၇-ဆက်အတွင်း ဤသို့မဖြစ်ဘူးခဲ့ကြသဖြင့် ဘုရင်မင်းမြတ် တရားမစောင့်၍ ဖြစ်လေသလောဟု လျှောက်ထား၏။ ဘုရင်လည်း လူတို့ကို စည်းဝေးစေ၍ မိမိ၌ အပြစ် ရှိ-မရှိ ရှာဖွေစေ၏။ ဘုရင်မင်းမြတ်တွင်လည်း အပြစ်တစုံတရာ မတွေ့ရသဖြင့် မည်သို့ မည်ပုံ ပြုလုပ်သင့်ကြောင်း နည်းလမ်းရှာကြ၏။

အချို့က တိတ္ထိဆရာကြီး ၆-ယောက်တို့ကို ပင့်ရန် အကြံပေးကြ၏။ အချို့က ဘုရားရှင်အားပင့်ရန် အကြံပေးကြ၏။ နောက်ဆုံးတွင် ဘုရားရှင်အား ပင့်ရန် အများသဘောတူ ဆုံးဖြတ်လိုက်ကြ၏။

ထိုအချိန်တွင် ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေ၏။ ဗိမ္ဗိသာရမင်းကြီး၏ အပူဇော်ကိုခံနေ၏။ ထို့ကြောင့် ဗိမ္ဗိသာရမင်းကြီးအား ဆက်သရန် လက်ဆောင်ပဏ္ဏာများကိုစီရင်ကာ လိစ္ဆဝီမင်းနှစ်ပါးကို နောက်လိုက်ဗိုလ်ပါနှင့်အတူ ဘုရားသခင်ပင့်ရန် စေလွှတ်လိုက်၏။ ရာဇဂြိုဟ်ပြည်သို့ ရောက်သောအခါ ဗိမ္ဗိသာရမင်းကြီးအား လက်ဆောင် ပဏ္ဏာများပေးကာ ဘုရားရှင်အား ဝေသာလီပြည်သို့ ကြွရောက်ရန် ပင့်ပေးပါဟု တောင်းပန်ကြ၏၊ ကိုယ်တိုင်ပင့်ကြရန် ဗိမ္ဗိသာရ မင်းကြီးက အကြံပေးသဖြင့် လိစ္ဆဝီမင်းနှစ်ပါးတို့ ဘုရားသခင်ထံသို့ သွားရောက်ကာ ဝေသာလီပြည်တွင် ဘေးကြီးသုံးပါး ဆိုက်ရောက်နေကြောင်း၊ ဘုရားသခင် ကြွရောက်ချီးမြှောက်ပါက ချမ်းသာကြပါမည်ဟု လျှောက်ထား၏။

ဘုရားရှင်လည်း ဝေသာလီပြည်တွင် ရတနသုတ် ပရိတ်ကိုရွတ်၍ ဘေးကြီးသုံးပါး အေးငြိမ်းမည့်အကြောင်းနှင့် ရတနသုတ်တရားတော်ကို ဟောကြားသဖြင့် ခနေယျ ရှစ်သောင်းလေးထောင် တရားထူးရမည်ကို ဆင်ခြင်တော်မူလျက် ဝေသာလီသို့ကြွရန် သဘောတူတော်မူ၏။ ဗိမ္ဗိသာရမင်းကြီး၏ ရာဇဂြိုဟ်ပြည်မှ ဂင်္ဂါမြစ်အထိ ငါးယူဇနာကွာဝေး၏။ ဗိမ္ဗိသာရမင်းကြီးသည် ပြည်သူပြည်သားတို့နှင့် အတူ လမ်းများပြုပြင်ကာ တယူဇ

နာခရီး၌ တစခန်းများ ပြုလုပ်ပေ၏။ ဘုရားရှင်နှင့် သံဃာတော်၅၀၀ တို့ ဂင်္ဂါမြစ်သို့ ငါးရက်ခရီးဖြင့် ကြွတော်မူရာလမ်းခရီး၌ အကြီးအကျယ်ပူဇော်၏။

ဝေသာလီပြည်သူပြည်သားတို့သည် ဝေသာလီပြည်မှ ၃-ယူဇနာဝေးသော ဂင်္ဂါမြစ်သို့သာရောက်၍ ဘုရားရှင်နှင့် သံဃာတော်တို့အား ကြိုဆို၏။ လမ်းခရီးတွင် သုံးရက်ကြာပြီးနောက် ဘုရားရှင်နှင့် သံဃာတော်များ ဝေသာလီပြည်သို့ ရောက်တော်မူသောအခါ သိကြားမင်းသည် နတ်အပေါင်းခြံရံလျက် ဘုရားရှင်ရှိရာသို့လာရောက်ခစား၏။ သိကြားနှင့် တန်ခိုးကြီးနတ်အများစုဝေးမိသောအခါ ဝေသာလီပြည်ရှိ ဘီလူးသားရဲတို့ ပြေးကြကုန်၏။

ဘုရားရှင်သည် ဝေသာလီပြည်မြို့တံခါး၌ ရပ်တော်မူလျက် ညီတော်အာနန္ဒာအား ရတနသုတ် ပရိတ်တော်ကို သင်ကြားတော်မူ၏။ "ဝေသာလီပြည် တံတိုင်းသုံးထပ် အတွင်း၌ လှည့်လည်၍ ရတနသုတ်ပရိတ်ကို ရွတ်လော့" ဟု အမိန့်ရှိတော်မူ၏။ ညီတော်အာနန္ဒာသည် ဘုရားရှင် မိန့်တော်မူတိုင်း ဘုရားရှင်၏ သပိတ်တော်ဖြင့် ရေကိုထည့်၍ မြို့တွင်းလှည့်လည် ပရိတ်ရွတ်စဉ် ရေကိုလည်းပက်ဖျန်းတော်မူ၏။

ညီတော်အာနန္ဒာသည် "ယံကိဉ္စိဝိတ္တံ" ဟု ဘုရားသခင်ဂုဏ်တော်ကိုရွတ်ဆို လိုက်သည်နှင့် တပြိုင်နက် တခဲ့ဘီလူးတို့သည် တံခါးလေးဘက်မှထွက်ပြေးကြ၏။ အစိမ်းဘီလူးတို့ မရှိသည်နှင့် တပြိုင်နက် လူအပေါင်းတို့ ကျန်းမာကြကုန်၍ မြို့သူမြို့သားတို့လည်း အရှင်အာနန္ဒာအား ပန်းနံ့သာတို့ဖြင့် ပူဇော်ကြ၏။

ဘုရားရှင်အား မြို့လယ်ဓမ္မာရုံသို့ပင့်၍ ပူဇော်ကြ၏။ မြို့လယ် ဓမ္မာရုံတွင် သိကြားမင်းနှင့်နတ်များ ဝေသာလီပြည်သူပြည်သား များစုဝေးနေစဉ် ဘုရားရှင်သည် ရတနသုတ် တရားတော်ကို ဟောတော်မူသည်။

## ရတနသုတ်အမွှန်း

သုတ္တနိပါတ်လာ ဘုရားဟော ရတနသုတ် ပါဠိတော်သည် "ယာနီဓဘူတာနိ သမာဂတာနိ" မှစ၍ "ပဏိဓာနတောမှစ၍ ပရိတ္တံ တံဘဏာမဟေ"အထိကား ရတနသုတ်ကို သင်သူရွတ်သူ နာယူသူတို့သင်ချင်လာအောင် ရတနသုတ်၏ ဂုဏ်ကို ရှေးဆရာ တော်တို့ ချီးကျူး အမွှမ်းတင်ထားခြင်း ဖြစ်၏။ ရှေးဆရာတော် တို့ကလည်း ပဏိဓာနတော ပဋ္ဌာယ စသောရတနသုတ် အမွှမ်း တို့ကို ဓမ္မပဒအဋ္ဌကထာပုပ္ပကမ္မဝတ္ထုမှ ရှင်အာနန္ဒာမထေရ် ဆင် ခြင်ပုံကိုယူ၍ ပရိတ်မွှမ်းထားခြင်းဖြစ်၏။

## ရတနသုတ်

ဤရတနသုတ်သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး တို့၏ဂုဏ်ကျေးဇူးကိုဖော်ပြသောပရိတ်ဖြစ်၏။ ရတနသုတ်ပါဂုဏ် တော်၏အနက်အဓိပ္ပာယ်တို့ကို ဆင်ခြင်ပွားများနိုင်အောင် အား ထုတ်သင့်၏။ ရတနသုတ်သည် ယာနီဓဘူတာနိမှ စသည်ဆိုသော် လည်းရတနာသုံးပါး၏ဂုဏ်မှာ ယံကိဉ္စိဝိတ္တံမှစ၏။ ယာနီဓဘူတာ နိ ဂါထာမှာ ဘုရားရှင်က နတ်တို့ကို စိတ်ကြည်လင်ဘို့ တရား

တော်ကို အာရုံစိုက်ဘို့တိုက်တွန်းခြင်း ဖြစ်၏။ တသ္မာဟိဘူတာနိ သာမေထဂါထာကား လူတွေက နတ်တွေကို ပူဇော်ပသကြ၍ ကျေးဇူး တုံ့ပြန်သောအားဖြင့် နတ်တွေက လူတွေကို စောင့်ရှောက်ဘို့တိုက်တွန်းသတိပေးချက်ဖြစ်၏။

## ရတနသုတ်အမွှမ်း

၂၅။ ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ ဒသပါရမိယော
ဒသ ဥပပါရမိယော ဒသ ပရမတ္ထပါရမိယောတိ
သမတ္တိံသ ပါရမိယော ပဉ္စမဟာပရိစ္စာဂေ
လောကတ္ထစရိယံ ဉာတတ္ထစရိယံ ဗုဒ္ဓတ္ထစရိယန္တိ
တိဿော စရိယာယော ပစ္ဆိမဘဝေ ဂဗ္ဘဝေါက္ကန္တိံ
ဇာတိံ အဘိနိက္ခမနံ ပဓာနစရိယံ ဗောဓိပလ္လင်္ကေ
မာရဝိဇယံ သဗ္ဗညုတညာဏပ္ပဋိဝေဓံ
ဓမ္မစက္ကပ္ပဝတ္တနံ နဝ လောကုတ္တရဓမ္မေတိ
သဗ္ဗေပိမေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ
ဝေသာလိယာ တီသု ပါကာရန္တရေသု
တိယာမရတ္တိံ ပရိတ္တံ ကရောန္တော
အာယသ္မာ အာနန္ဒတ္ထေရော ဝိယ
ကာရုညစိတ္တံ ဥပဋ္ဌပေတွာ—

၂၆။ ကောဋိသတသဟဿေသု၊ စက္ကဝါဠေသု ဒေဝတာ။
ယဿာဏံ ပဋိဂ္ဂဏှန္တိ၊ ယဉ္စ ဝေသာလိယာ ပုရေ။

၂၇။ ရောဂါမနုဿဒုဗ္ဘိက္ခ- သမ္ဘူတံ တိဝိဓံ ဘယံ။
ခိပ္ပမန္တရဓာပေသိ၊ ပရိတ္တံ တံ ဘဏာမဟေ။

၂၅-၂၆။ ဒီပင်္ကရာ ဘုရားသခင်ထံ ဘုရားဆုပန်သည်မှ စ၍ ပါရမီဆယ်ပါး ဥပပါရမီဆယ်ပါး ပရမတ္ထ ပါရမီ ဆယ်ပါး တည်းဟူသော ပါရမီ ၃၀ တို့ကိုရင်း၊ စွန့်ခြင်းကြီး ငါးပါး၊ သတ္တဝါတို့အတွက် ကျင့်ခြင်း၊ ဆွေမျိုးတို့အတွက်ကျင့်ခြင်း၊ ဘုရားဖြစ်ရန် ကျင့်ခြင်း ဟူသော အကျင့် သုံးပါး၊ ဘုရားဖြစ်မည့် နောက်ဆုံး ဘဝ၌ ပဋိသန္ဓေနေခြင်း၊ ဖွားတော်မူခြင်း၊ တောထွက်ခြင်း၊ ဒုက္ကရစရိယာ ကျင့်တော်မူခြင်း၊ ဗောဓိပင်ရင်း၌ မာရ်ငါးပါးကို အောင်တော်မူခြင်း၊ သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်းသိမြင်ခြင်း၊ ဓမ္မစကြာတရားဟောတော်မူခြင်း၊ ကိုးပါးသော လောကုတ္တရာတရား ဟူသော ဘုရားဂုဏ် အလုံးစုံကို အောက်မေ့ဆင်ခြင်တော်မူပြီးလျှင်၊ ဝေသာလီပြည် တံခါးသုံးထပ်အကြား၌ ညဉ့်သုံးယံ ပတ်လုံး ပရိတ်အရံအတားကို ပြုတော်မူသော အရှင်အာနန္ဒာ မထေရ်ကဲ့သို့ ကရုဏာစိတ်ကိုဖြစ်စေကြကုန်၍ စကြာဝဠာ ကုဋေတသိန်းမှ နတ်ဗြဟ္မာတို့ နားကြားသော ဝေသာလီပြည်၌ ရောဂါဘေး၊ ဘီလူးဘေး၊ ငတ်မွတ်ခြင်းဘေး သုံးပါးမှ လွတ်စေခဲ့ဘူးသော ရတနသုတ်ပရိတ်တော်ကို ရွတ်ဆိုကြပါကုန်စို့။

## နတ်တို့ကို တိုက်တွန်းခြင်း

၂၇။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။

သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။

၂၈။ ဤအရပ်သို့ စည်းဝေးရောက်လာကုန်သော မြေပြင်နှင့် ကောင်းကင် နေနတ်အပေါင်းတို့သည် နှစ်သက်ရွှင်လန်းဝမ်းမြောက် ကြကုန်လျက် ငါဘုရား တရားတော်ကိုနာကြကုန်လော့။

## နတ်တို့ကို တိုက်တွန်းဆုံးမခြင်း

၂၉။ တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။

၂၉။ နတ်အပေါင်းတို့ တရားတော်ကို အာရုံစိုက်ကြ၊ သင်တို့ လူသားတွေကို မေတ္တာထားကြ၊ သင်တို့အားနေ့ညဥ့်မပြတ် ပူဇော်နေကြသည့် လူများကို မမေ့မလျော့ စောင့်ရှောက်ကြ။

## ဘုရားဂုဏ်

၃၀။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၀။ လူ့ပြည် နဂါး ဂဠုန်ပြည် ဗြဟ္မာပြည်တို့၌ ရှိရှိသမျှသော ရတနာတို့တွင် ဘုရားရှင်နှင့်တူသော ရတနာကား မရှိပေ။ ဘုရားရှင်၌ရှိသော ဂုဏ်တော်တည်းဟူသော ရတနာသည် ကောင်းမြတ်လှပါ၏။ ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေသတည်း။

## နိဗ္ဗာန်၏ဂုဏ်

၁၁။ ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိဟောတု။

၁၁။ တည်ကြည်သော စိတ်ရှိတော်မူသော သာကီနွယ်ဖွား ဘုရားမြတ်သည် ကိလေသာကုန်၍ရာဂကင်းရသေခြင်းမရှိသော ကောင်းမြတ်လှစွာသော နိဗ္ဗာန်တရားတော်ကို သိမြင်ရရှိဘော်မူခဲ့သည်၊ ထိုနိဗ္ဗာန်တရားနှင့် ဂုဏ်ရည် တူညီသော တရားဟူ၍ တစုံတရာမရှိတော့ပေ၊ နိဗ္ဗာန်၌ရှိသောရတနာဟု သိနိုင်ကြောင်း ဂုဏ်တော် အပေါင်းသည်လည်း ထူးမြတ်လှပါပေ၏။ ဤသစ္စာစကားကြောင့်သတ္တဝါတွေချမ်းသာကြပါစေ၊

## အရိယမဂ်၏ဂုဏ်

၁၂။ ယံဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယိ သုစိံ၊
သမာဓိ မာနန္တရိကည မာဟု။

သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၂။ ဗုဒ္ဓရှင်တော်မြတ်သည် ကိလေသာကင်း အလွန်ဖြူစင်သန့်ရှင်းသော အရိယာမဂ် သမာဓိကိုအမျိုးမျိုး ထုတ်ဖော် ချီးကျူးတော်မူခဲ့၏။ ထိုအရိယာမဂ် သမာဓိကိုပင် မိမိ အခြားမဲ့၌ တဆက်တည်းအကျိုးကို ပေးတတ်သော အနန္တရိကသမာဓိဟူ၍ လည်းဘုရားရှင်များ မိန့်ကြားတော်မူခဲ့သည်၊ ထိုအရိယာသမာဓိနှင့်တူညီသောသမာဓိကား မရှိတော့ပေ၊ အရိယမဂ်တရားတော်၌ရှိသော ရတနာ၏အဖြစ် နှစ်သက်ဘွယ်ကောင်း ဂုဏ်တော်အပေါင်းသည်လည်း ထူးမြတ်လှပါပေ၏။ ဤသစ္စာစကားကြောင့် သတ္တဝါတွေချမ်းသာကြပါစေ။

## သံဃာတော်ဂုဏ်

၃၃။ ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိသံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိဟောတု။

၃၃။ ဘုရားအစရှိသော သူတော်ကောင်းတို့ ချီးမွမ်းအပ်သော အရိယာပုဂ္ဂိုလ်တို့သည် အရေအတွက် အားဖြင့် ၈-ပါး

အစုံအားဖြင့် ၄-စုံရှိကုန်၏။ မြတ်ဘုရား၏ တပည့်သာဝကဖြစ်ကြကုန်သော ထိုအရိယာတို့သည် မြတ်သောအလှူကို ခံတော်မူထိုက်ကုန်၏။ ထိုအရိယာ၌လှူအပ်သမျှ အလှူဒါနတို့ကားအကျိုးကြီးမားလှ၏။ အရိယာ သံဃာတော်၌ရှိသော ရတနာ၏အဖြစ်နှစ်သက်ဘွယ် ဂုဏ်တော် အပေါင်းသည် ထူးမြတ် လှပါပေ၏။ ဤသစ္စာစကားကြောင့် သတ္တဝါတွေချမ်းသာကြပါစေ။

## ရဟန္တာသံဃာတော်ဂုဏ်

၁၄။ ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ကာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၄။ မြဲမြံသော သမာဓိဖြင့် အားထုတ်ကြကုန်သော ဂေါတမမြတ်စွာဘုရား သာသနာတော်၌ ကိလေသာတို့မှ လွတ်မြောက်ကြကုန်သော ရဟန္တာအရှင်မြတ်တို့သည် နိဗ္ဗာန်ကိုအာရုံပြုလျက် ပစ္စည်းဥစ္စာအနည်းငယ်မျှ မကုန်ကျရဘဲ အလွယ်တကူရရှိသော ဖလသမာပတ် အငြိမ်းဓာတ် အရသာကို ခံစားတော်မူလျက် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြကုန်၏။ သံဃာတော်၌ရှိသောနှစ်သက်ဖွယ်ရတနာသည် ထူးမြတ်လှပါပေ၏။ ဤသစ္စာစကားကြောင့် သတ္တဝါတွေချမ်းသာကြပါစေ။

## သောတာပန်ဂုဏ်

၃၅။ ယထိန္ဒခီလော ပထဝိဿိတောသိယာ၊
စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယောအရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၅။ မြေ၌ ကောင်းစွာ စိုက်ထားသော တံခါးတိုင်သည် အရပ်လေးမျက်နှာမှလာသော လေပြင်း မုန်တိုင်း တို့ကြောင့် မတုန်မလှုပ်တည်ငြိမ်သကဲ့သို့ မဂ်ဉာဏ်ဖြင့် အရိယာ သစ္စာကို သိမြင်သော သောတာပန် ပုဂ္ဂိုလ်သည် ရတနာသုံးပါး၌ ခိုင်ခိုင်မြဲမြဲယုံကြည်သည်ဖြစ်၍ တံခါးတိုင်ကြီးနှင့် တူသော ပုဂ္ဂိုလ်ဟူ၍ ငါဘုရားဟောတော်မူ၏။ သောတာပန်ပုဂ္ဂိုလ်၌ရှိသော ရတနာ၏အဖြစ်နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါပေ၏။ ထိုသစ္စာစကားကြောင့်သတ္တဝါတွေ ချမ်းသာကြပါစေသတည်း။

## သတ္တက္ခတ္တုပရမသောတာပန်ဂုဏ်

၃၆။ ယေအရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမ မာဒိယန္တိ။

ဣဒမ္ပိသံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိဟောတု။

၃၆။ နက်နဲသော ပညာရှိတော်မူသော မြတ်စွာဘုရား ကောင်းစွာဟောကြားတော်မူသော အရိယာသစ္စာတို့ကိုသိတော်မူသော သောတာပန် ပုဂ္ဂိုလ်တို့သည် စည်းစိမ်ရစ်၍ အလွန်အကဲ မေ့လျော့ကြစေကာမူ ၈-ကြိမ်မြောက် ဘဝကို ယူရိုး မရှိတော့ (၇-ဘဝအတွင်း အထက်မဂ်ကိုရ၍ ရဟန္တာ ဖြစ်ရမည်) သတ္တက္ခတ္တု ပရမသောတာပန်၌ရှိသော ရှစ်ကြိမ်မြောက် ဘဝကို မယူခြင်း ဂုဏ်သည် ထူးမြတ်လှ၏။ ဤသစ္စာ စကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေသတည်း။

### သောတာပန်ဂုဏ်တမျိုး

၃၇။ သဟာဝဿ ဒဿန သမ္ပဒါယ၊
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။

၃၇။ သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ကိုရသည်နှင့်တပြိုင်နက် အတ္တဟူသော မိမိကိုယ်ရှိ၏ ဟူသော သက္ကာယဒိဋ္ဌိ၊ ရှစ်ဌာန၌ ယုံမှားခြင်းဝိစိကိစ္ဆာ၊ နွား ခွေး တို့၏ အကျင့်ဖြင့် သံသရာမှ ထွက်မြောက်နိုင်၏ ဟူသော သီလဗ္ဗတ ပရာမာသ တရား သုံးပါးတို့ကိုရင်း၊ အချို့ ကိလေသာများကိုရင်း၊ အပြီးတိုင် ပယ်စွန့်အပ်ကုန်၏။

၃၇။ စတုဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၇။ ထိုသောတာပန် ပုဂ္ဂိုလ်သည် အပါယ်လေးပါးတို့မှ လည်းကင်းလွတ်၏။ ပဉ္စာနန္တရိယ ကံ ၅ ပါးနှင့် ဘုရားမှတပါး အခြားဆရာကိုညွှန်းခြင်းဟူသော ကံကြီး ၆ပါးတို့ကို မပြုတော့၊ သောတာပန် သံဃာ၌ရှိသော သံယောဇဉ်တရားသုံးပါးကို ပယ်ခြင်းစသော ဂုဏ်သည် ထူးမြတ်၏။ ထိုသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေသတည်း။

၃၈။ ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၈။ သောတာပန် ပုဂ္ဂိုလ်သည် ကိုယ် နှုတ် စိတ် သုံးပါးတို့ဖြင့် မကောင်းမှုကို ပြုတိစေကာမူ ထိုအပြစ်ကို ဖုံးလွှမ်းလေ့ မရှိ၊ မဂ်ဉာဏ်ဖြင့်နိဗ္ဗာန်ကိုမြင်ပြီးသော သောတာပန် ပုဂ္ဂိုလ်၏ မကောင်းမှုကို မဖုံးလွှမ်းထိုက်ကြောင်းကို ဘုရားရှင်ဟောတော်မူ၏။ သောတာပန် ပုဂ္ဂိုလ်၌ရှိသော မကောင်းမှုကို မဖုံးထားခြင်း ဂုဏ်သည် မွန်မြတ်လှပေ၏၊ ထိုသစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေ။

## ဘုရားဂုဏ်တော်

၄၉။ ဥနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊
ဂိမ္ဟာန မာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၇။ နွေဦးအစ တန်ခူးလ၌ တောရဂုံတွင် စည်ပင်ပွားစီး ပန်းရုံကြီးတို့သည် အဖူးအပွင့်တို့ဖြင့် တင့်တယ်လှပ အာသရေရှိလှ သကဲ့သို့ သဒ္ဒါအနက် နှစ်ချက်စုံစွာ ထိုတောအုပ်လျှင် ပုံပမာရှိ သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော သုံးပုံပိဋကတ် တရား မြတ်ကို မြတ်သောနိဗ္ဗာန်အကျိုးငှာ ရှင်တော်ဘုရား ဟောကြား တော်မူ၏။ မြတ်စွာဘုရား၌ ရတနာဟု သိကြောင်း ဖြစ်သော ဤဂုဏ်တော်သည်လည်း ထူးမြတ်လှပါပေ၏။ ဤသစ္စာစကား ကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

## ဘုရားဂုဏ်တော်

၄၁။ ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၁။ အမြတ်ဆုံးသော ဘုရားရှင်သည် အမြတ်ဆုံးသော နိဗ္ဗာန်ကို ပေးသနားတော်မူတတ်သော ရှေးဟောင်း ကျင့်စဉ် လမ်းမြတ်ကို ယူဆောင်တော်မူတတ်သော ဘုရားရှင်သည် တရားတော်မြတ်ကို ဟောကြားတော်မူလေသည်။ မြတ်စွာဘုရား၌ရှိသော ရတနာဟု သိနိုင်ကြောင်း ဤဂုဏ်တော် အပေါင်းသည်လည်း ထူးမြတ် လှပါပေ၏။ ဤသစ္စာ စကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

## ရဟန္တာဂုဏ်ရည်

၄၂။ ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တ စိတ္တာယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရူဠိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၂။ ရဟန္တာအရှင်မြတ်တို့အားရှေးအတိတ်ကံဟောင်းများလည်းကုန်ခဲ့ပြီ၊ ကံအသစ်များလည်း မဖြစ်တော့ပေ။ ဘဝသစ်၌ တွယ်တာသောစိတ်လည်းကင်းတော်မူ၏။ ပဋိသန္ဓေမျိုးစေ့လည်း ကုန်ခဲ့ပြီ၊ ဘဝဆက်တည် စည်ပင်ရေးဝယ် တွယ်တာသော ဆန္ဒလည်းမရှိကြ။ ထိုရဟန္တာပညာရှိတို့သည် ဆီမီးတိုင် ငြိမ်းသွားသကဲ့သို့ ဝဋ်ဇာတ်သိမ်း၍ချုပ်ငြိမ်းတော်မူကြကုန်၏။ ရဟန္တာ သံဃာ၌ ရတနာ၏အဖြစ်နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်းထူးမြတ်

လှုပါပေ၏။ ဤသစ္စာစကားကြောင့်သတ္တဝါများ ချမ်းသာကြပါစေ။

## သိကြားမင်းက ရတနာသုံးပါးရှိခိုး၍ မေတ္တာပို့ပုံ

၄၃။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိဝါ ယာနိဝ အန္တလိက္ခေ၊
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိဟောတု။

၄၄။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိဝါ ယာနိဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိဟောတု။

၄၅၊ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိဝါ ယာနိဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿ ပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိဟောတု။

၄၃။ မြေ၌နေသော နတ်များနှင့် ကောင်းကင်၌ နေသော နတ်တို့သည်ဤအရပ်၌စုဝေးရောက်လာကြကုန်၏။ ငါတို့သည်နတ်လူအများ လေးစားပူဇော်အပ်သော တထာဂတ ဘွဲ့မည်ရသော ဘုရားရှင်ကိုရှိခိုးကြပါကုန်၏။ သတ္တဝါတွေချမ်းသာကြပါစေ။

၄၄။ မြေ၌နေကုန်သောနတ်များနှင့် ကောင်းကင်၌နေကုန်သောနတ်တို့သည် ဤအရပ်၌ စုဝေးရောက်နေကြကုန်၏။ ငါတို့

သည် တထာဂတမည်ငြား တရားတော်မြတ်ကို ရှိခိုးကြပါကုန်၏။ သတ္တဝါတွေချမ်းသာကြပါစေ။

၄၅။ မြေ၌နေသော နတ်တို့သည်၎င်း၊ ကောင်းကင်၌ နေသောနတ်တို့သည်၎င်း၊ ဤအရပ်၌စုဝေးရောက်ရှိနေကြပေ၏၊ ငါတို့သည် တထာဂတမည်ငြား သံဃာတော်များကို ရှိခိုးကြပါကုန်၏။ သတ္တဝါတွေချမ်းသာကြပါစေ။

## ရတနသုတ်မှာသိစရာ

ဤရတနသုတ်တွင်စာပိုဒ် ၂၅-နှင့်ဂါထာ ၂၆၊ ၂၇-တို့သည် ရတနသုတ်ကို ရွတ်ချင် နာချင် လာအောင် ချီးမွမ်း ပေးသော တိုက်တွန်းလှုံ့ဆော်သော ဆရာတော်တို့ရေးသော ဂါထာများ ဖြစ်သည်၊ အစဆုံးစာပိုဒ် ၂၅-သည် ရတနသုတ်ပရိတ်ကိုမရွတ်မီ ရှင်အာနန္ဒာမထေရ်သည် ဘုရားရှင်၏ဗုဒ္ဓဝင်အကျဉ် နှင့်ဂုဏ်တော် တို့ကိုဆင်ခြင်သကဲ့သို့ ယခုရတနသုတ်ကိုရွတ်မည့်ပုဂ္ဂိုလ်များသည် လည်း ဗုဒ္ဓဝင်အကျဉ်းနှင့် ဂုဏ်တော်တို့ကို ဆင်ခြင်ပြီးမှ ရွတ်ပါ ဟု တွက်တွန်းသတိပေးသောစာပိုဒ်ဖြစ်၏။

ဂါထာ ၂၈ သည် နတ်ပြဟ္မာတို့အား တရားနာရန် ဘုရား ရှင်က တိုက်တွန်းပြီ ဂါထာ ၂၉ ဖြင့် နတ်တို့က လူတို့ကိုစောင့် ရှောက်ရန် သတိပေးထားပေသည်။ ဂါထာ ၃၀ မှ ၄၂ အထိ သည် တရနသုံးပါး၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော်ကာ သတ္တ ဝါများ ချမ်းသာစေကြောင်းသစ္စာအဓိဋ္ဌာန်ပြုချက်များဖြစ်၏။

၄၃-၄၄-၄၅ ဤ၃ ဂါထာမှာ ရတနသုတ် တရားတော်ကို နာရန်ရောက်နေသော သိကြားမင်းက ရဘနာသုံးပါး၏ ဂုဏ်ကို ဖော်ထုတ်ရှိခိုး၍ မြို့သူမြို့သားတို့ ချမ်းသာစေကြောင်း မေတ္တာပို့ချက်များဖြစ်၏။

ရတနသုတ်ပြီး၏။

* * *

# မေတ္တသုတ်နိဒါန်း

ဤမေတ္တာသုတ် ပရိတ်တော်ကို သုတ္တနိပါတ်ပါဠိတော်မှထုတ်နုတ်ထားသည်။ပါဠိတော်တွင်မေတ္တာသုတ်အစမှာ "ကရဏီယ မေတ္တကုသလေန"ဖြစ်သည်။"ယဿာနုဘာဝတော ယက္ခာ နေဝ ဒဿန္တိ ဘီသနံ"... တံဘဏာမဟေ" အထိမှာ ရှေးဆရာတော်များ ရေးသားထားသော မေတ္တာသုတ် အမွှမ်းဖြစ်သည်။ မေတ္တာသုတ်ကို ရွတ်ဖတ်ချင်အောင် ကြားနာချင်အောင် မေတ္တာသုတ်ပရိတ်ကို ချီ ကျူးလို့ ဆော် ထားခြင်းဖြစ်သည်။

ထိုမေတ္တသုတ်အမွန်းတွင် ပါရှိသော "ယဿာနုဘာဝတော ယက္ခာနေဝဒဿေန္တိ ဘီသနံ = မေတ္တာသုတ်ပရိတ် တန်ခိုးကြောင့် နတ်တို့က ကြောက်မက်ဘွယ်ရုပ်အဆင်းကို မပြုကုန်" ဟူသော စကားမှာ မေတ္တာသုတ် ပရိတ်အဋ္ဌုပ္ပတ္တိ နိဒါန်းကို အခြေခံနေသည်။

ဘုရားရှင်လက်ထက်တော်တွင် ရဟန်း ၅၀၀ တို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကိုသင်ယူ၍ ဟိမဝန္တာအနီးရှိသော တောအုပ်တခုတွင် သွားရောက်၍ ကမ္မဋ္ဌာန်းအားထုတ်ကြသည်။ ရဟန်းများမှာ အကျင့်သီလရှိသူများဖြစ်၍ ထိုတောတွင် နေသောနတ်တို့သည် သစ်ပင်များ၌ မနေနိုင်ကြဘဲ မြေသို့ ဆင်းနေကြရသည်။

ပထမတွင် ရဟန်းများသည် ခဏတဖြုတ်သာရောက်ကြခြင်းဖြစ်သည်ဟုထင်၍ တရက်ပြန်နိုးနိုးနှင့် စောင့်နေကြသည်။ ရက်ကြာညောင်းလာ၍ သားသမီးများနှင့် မြေပြင်တွင် ဆင်းရဲစွာနေကြရသောအခါ ရဟန်းတော်များ ဆက်လက်မနေနိုင်စေရန် ကြောက်မက်ဘွယ်သော ရုပ်ပုံအမျိုးမျိုးကို ပြကြသည်။ အသံအမျိုးမျိုးအော်ဟစ် ကြသည်။ အနံ့ဆိုးတို့ကို လွှတ်ကြသည်။ ရဟန်းတို့လည်း ကြောက်ရွံ့ထိတ်လန့်ကြသဖြင့် တရား၌ အာရုံမရကြကုန်၊ ကြောက်ရွံ့ထိတ်လန့်ကြသဖြင့် တနေ့တခြားပိန်ချုံးလာကြသည်။ ဤတော၌နေ၍ တရားအားထုတ်၍ မရသည်ကို သိရှိလာကြသောအခါ ရဟန်းများစုဝေးတိုင်ပင်ကာ ဘုရားရှင်ထံသို့ပြန်လာကြ၏။

ဘုရားရှင်လည်းအကျိုးအကြောင်းကိုသိရှိရသောအခါထိုရဟန်းငါးရာတို့ အတွက် ထိုတောအုပ်သာအကောင်းဆုံး ဖြစ်ကြောင်းမြင်တော်မူသဖြင့် "ရဟန်းတို့ ထိုတောအုပ်သို့ပြန်၍ တရား အားထုတ်ကြကုန်လော့၊ နတ်တို့က သင်တို့ကို မခြောက်လှန့်စေရန်ဤမေတ္တာသုတ်ပရိတ်တော်ကို သင်ယူ၍ ရွတ်ကြကုန်လော၊ မေတ္တာဘာဝနာကို ပွားများကြကုန်လော" ဤမေတ္တာသုတ်သည် သင်တို့အတွက် ပရိတ်အရံအတားလည်းဖြစ်သည်၊ ပွားများရန် မေတ္တာဘာဝနာကမ္မဋ္ဌာန်းလည်း ဖြစ်ပေသည်" ဟု ဟောတော်မူ၏။

ထိုအခါ ရဟန်းတော်တို့သည် တောအုပ်သို့ပြန်ကာ မေတ္တာဘာဝနာကိုပွားများအားထုတ်ကြ၏။ထိုမေတ္တာ၏တန်ခိုးကြောင့်နတ်တို့သည် ထိုရဟန်းများကို ကြည်ညိုလာကြ၏။ ယခင်ကကဲ့သို့ ခြောက်လှန့်ခြင်းကို မပြုကြတော့၊ ရဟန်းတို့လည်း ချမ်းသာစွာ မေတ္တာကမ္မဋ္ဌာန်းကို ဆက်လက် ပွားများ အားထုတ်ကြသည်။ သမထမေတ္တာဘာဝနာကို ပွားများ၍ သမာဓိ ကောင်းလာသောအခါ ဝိပဿနာဘာဝနာသို့ကူးပြောင်းပွားများသဖြင့်သိတင်းကျွတ်သောအခါ အားလုံး ရဟန္တာချည်းဖြစ်ကြကုန်၏။

ထိုအဋ္ဌုပ္ပတ္တိနိဒါန်းကို အခြေခံ၍ မေတ္တာသုတ် ပရိတ်အမွှမ်းကို စီစဉ်ရေးသားသော ဆရာတော်တို့က ထိုမေတ္တာသုတ်တန်ခိုးကြောင့် နတ်တို့က ကြောက်မက်ဘွယ် အဆင်းကို မပြုကြကုန် ဟု ထည့်သွင်းရေးသားခြင်းဖြစ်ပေသည်၊ "သုခံ သုပတိ သုတ္တောစ ပါပံကိဉ္စိ နပဿတိ" ဆိုသည်မှာ အင်္ဂုတ္တိုရ်ပါဠိတော်လာ မေတ္တာအကျိုး ၁၁ ပါးအနက်မှ နှစ်ပါးကိုအမြွက်မျှ ပြဆိုထားခြင်းဖြစ်၏။

အင်္ဂုတ္တိုရ်လာမေတ္တာအကျိုး ၁၁ ပါးမှာ-

၁။ ချမ်းသာစွာ အိပ်ရခြင်း၊
၂။ ချမ်းသာစွာနိုးရခြင်း၊
၃။ အိပ်မက်ဆိုးများ မမြင်မက်၊
၄။ လူတို့ချစ်ခင်သည်၊
၅။ နတ်တို့ချစ်ခင်သည်
၆။ နတ်တို့ကစောင့်ရှောက်သည်၊
၇။ လက်နက်မထိ အဆိပ်မသင့် မီးမလောင်၊
၈။ စိတ်ခက်ကြည်၏။
၉။ မျက်နှာကြည်လင်၏။
၁၀။ မတွေဝေ သေရ၏
၁၁။ သေသောအခါ ဗြဟ္မာပြည်ရောက်၏။
ဤ ၁၁ ပါးတို့ ဖြစ်သတည်း။

## မေတ္တာ အကျိုး

အထက်ပါမေတ္တာအကျိုး ၁၁ ပါးအပြင် မေတ္တာနှင့် ပတ်သက်၍ ဟောကြားချက်များ ရှိသေး၏၊ လူတယောက်သည် နံနက် နေ့ည ထမင်းအိုးတရာစီချက်၍ လှူ၏။ ထိုသူ၏ ကုသိုလ်ထက် (ရဲ……) ဟူသော နွားနို့ တညှစ်စာ အချိန်ကာလမျှ နံနက်,နေ့,ည,သုံးကြိမ် မေတ္တာဘာဝနာပွားသောသူ၏ကုသိုလ်က ပို၍အကျိုးကြီးသည်ဟု သံယုတ်ပါဠိတော်တွင် ဟောထား၏။

အင်္ဂုတ္တိုရ် ပါဠိတော်တွင် ဟောထားသည်မှာ- လက်ဖြစ် တတွက်ကြာမျှ မေတ္တာဘာဝနာ ပွားများခြင်းဖြင့် ပြည်သူတို့ လှူသောဆွမ်းကို စားသိုက်၏။ မေတ္တာပို့သပြီး သူ၏ပစ္စည်း လေးပါးသုံးဆောင်ခြင်းသည် သာမိပရိဘောဂ-ကိုယ်ပိုင်ပစ္စည်း ကို သုံးဆောင်ခြင်း ဖြစ်၏။ အဏဏျ ပရိဘောဂ = အကြွေး မတင်သော သုံးဆောင်ခြင်းဖြစ်၏။ ဒါယဇ္ဇပရိဘောဂ = အမွေ ခံရ၍ ပိုင်ဆိုင်နေသောပစ္စည်းကို သုံးဆောင်ခြင်းဖြစ်၏၊ အလှူခံ ပုဂ္ဂိုလ်က မေတ္တာဘာဝနာဖြင့် ကြည်လင်ရွှင်ပြနေသောကြောင့် လှူဒါန်းရသော ဒါနကုသိုလ်၏အကျိုးသည် ကြီးမား၏။ အလှူခံ ပုဂ္ဂိုလ်၏ မေတ္တာဘာဝနာသည် အလှူခံပုဂ္ဂိုလ်နှင့်အလှူရှင်နှစ်ဦး လုံးကို ကျေးဇူးများစေ၏။

ထို့ကြောင့် ဒါနကုသိုလ်ကဲ့သို့ အလှူခံပုဂ္ဂိုလ် ရွေးချယ်ရ ခြင်း၊ အလှူဝတ္ထုပစ္စည်းကို ရှာဖွေရခြင်း၊ ဒုက္ခလည်းမရှိ၊ သီလ ဆောက်တည်ခြင်းကဲ့သို့ စောင့်စည်းရှောင်ကြဉ် ခြိုးခြံနေရခြင်း မျိုးလည်း မရှိ၊ ဒါနသီလတို့ထက် မွန်မြတ်သော နေရာမရွေး အချိန်မရွေး သွားရင်းလာရင်း နေရင်း ထိုင်ရင်း ပွားများ၍ ရသော မေတ္တာဘာဝနာကို ပွားများသင့်ပေသည်။

## မေတ္တာသုတ်အဓိပ္ပာယ်

၄၆။ ယဿာနုဘာဝတော ယက္ခာ၊ နေဝဒဿေန္တိ ဘီသနံ။

ယမှိ စေဝါနုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝ မတန္ဒိတော။

၄၇။ သုခံ သုပတိ သုတ္တောစ၊ ပါပံကိဉ္စိ န ပဿတိ။
ဧဝမာဒိဂုဏုပေတံ၊ ပရိတ္တံ တံဘဏာမဟေ။

၄၆–၄၇။ သူတော်စင် အပေါင်းတို့၊ မေတ္တာသုတ် ပရိတ် တန်ခိုးကြောင့် နတ်တို့သာ မခြောက်မလှန့်ကြ၊ မေတ္တာသုတ်ကို နေ့ညဥ့်မပြတ် ရွတ်သောသူသည် ကောင်းစွာအိပ်ရ၏။ အိပ်မက်ဆိုးများ မြင်မက်လေ့မရှိ၊ ဤသို့ စသော အကျိုးအာနိသင်နှင့် ပြည့်စုံသော မေတ္တာသုတ် ပရိတ်ကို ငါတို့ ရွတ်ကြကုန်စို့။

မေတ္တာရှေ့ပြေး အကျင့် ၁၅ ပါး

၄၈။ ကရဏီယ မတ္ထကုသလေန
ယန္တ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူစ သုဟုဇူစ၊
သုဝစော စဿ မုဒုအနတိမာနီ။

၄၉။ သန္တုဿကောစ သုဘရောစ၊
အပ္ပကိစ္စောစ သလ္လဟုက ဝုတ္တိ။
သန္တိန္ဒြိယောစ နိပကောစ၊
အပ္ပဂဗ္ဘော ကုလေသွ နနုဂိဒ္ဓေါ။

၅၀။ နစ ခုဒ္ဒ မာစရေကိဉ္စိ၊
ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနော ဝ ခေမိနော ဟောန္တု။
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၄၈–၄၉–၅၀။ ငြိမ်သက်အေးချမ်းသောနိဗ္ဗာန်ကိုသိမြင်၍ နေလိုသော အကျိုးစီးပွား၌ လိမ္မာသူသည် သိက္ခာသုံးပါး အကျင့်များကို ပြုကျင့်ရမည်၊ ကောင်းမြတ်သော အရာတို့ကို ကျင့်စွမ်းနိုင်ရမည်၊ ဖြောင့်မတ်ရမည်၊ အလွန် ဖြောင့်မတ်ရမည်၊ ဆိုဆုံးမလွယ်ရမည်၊ နူးညံ့ ပျော့ပြောင်းရမည်၊ မာနမကြီးရ၊ ရောင့်ရဲလွယ်ရမည်။ မွေးမြူလွယ်ရမည်၊ အပိုကိစ္စ နည်းပါးရမည်၊ ပေါ့ပါးလွယ်ကူရမည်၊ ငြိမ်သက်သော ဣန္ဒြေရှိရမည်၊ ရင့်ကျက်သော ပညာရှိရမည်၊ ကိုယ်နှုတ်စိတ် မကြမ်းတမ်းရ၊ လူတို့၌ တွယ်တာ မက်မောခြင်းမရှိရ၊ ပညာရှိတို့ကဲ့ရဲ့မည့်အရာ အနည်းငယ်မျှမပြုလုပ်ရ။

## မေတ္တာပို့အကျဉ်း

သတ္တဝါ မှန်သမျှ ကိုယ်ချမ်းသာ ကြပါစေ။
ဘေးရန်ကင်းဝေး ချမ်းအေးကြပါစေ။
ချမ်းသာရွှင်ပျ စိတ်ကြည်ကြပါစေ။

## မေတ္တာပွားပုံအကျယ်

၅၁။ ယေ ကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာ ဝ နဝသေသာ။
ဒီဃာ ဝါ ယေဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။

၅၂။ ဒိဋ္ဌာဝါ ယေဝ အဒိဋ္ဌာ၊
ယေဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီ ဝ၊
သဗ္ဗသတ္တာဘဝန္တု သုခိတတ္တာ။

၅၁-၅၂။ ခပ်သိမ်းသောထိတ်လန့်တတ်သောပုထုဇဉ်သေက္ခ၊ မထိတ်လန့်တတ်သော ရဟန္တာ၊ ကိုယ်ခန္ဓာ အရှည် အတို အလယ် အလတ်အကြီး အငယ် အလယ် အလတ် အဆူအကြုံ အလယ် အလတ်သတ္တဝါများ၊ မြင်ဘူးမမြင်ဘူးသောသတ္တဝါများ၊ အဝေး အနီးရှိသတ္တဝါများ၊ ဘဝသစ်၌ မဖြစ်တော့မည့် ရဟန္တာ၊ ဖြစ်ဦး မည့်ပုထုဇဉ်သေက္ခများ ဤသတ္တဝါအားလုံးကိုယ်စိတ်နှစ်ဖြာချမ်း သာကြပါစေ။

## မေတ္တာပို့တမျိုး

၅၃။ န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ န ကိဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊
နာညမညဿ ဒုက္ခမိစ္ဆေယျ။

၅၃။ တယောက်ကတယောက်ကိုမကောက်ကျစ်မစဉ်းလဲပါ စေနှင့်၊ နေရာတကာမည်သူ့ကိုမဆို မထေမဲ့မြင်မပြုကြပါစေနှင့်၊ ကိုယ်နှုတ်ဖြင့်၎င်း၊ဒေါသစိတ်ဖြင့်၎င်း၊တယောက်ကိုတယောက်က ဆင်းရဲအောင်မလုပ်ကြပါစေနှင့်။

## မိခင်ပမာ မေတ္တာထား

၅၄။ မာတာယထာ နိယံ ပုတ္တံ၊
မာယုသာ ဧကပုတ္တမနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။

၅၄။ တဦးတည်းသော ရင်သွေးကို အသက်လဲ၍ စာကွယ် စောင့်ရှောက်သော မိခင်၏မေတ္တာမျိုးဖြင့် သတ္တဝါအားလုံးတို့ အပေါ်အတိုင်းမရှိသောမေတ္တာမျိုးကို ပွားများကြပါကုန်။

## မေတ္တာနှံ့အောင်ပွား

၅၅။ မေတ္တဉ္စ သဗ္ဗ လောကသ္မိံ၊
မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရ မသပတ္တံ။

၅၅။ အထက်ဘဝဂ် အောက်အဝီစိ ကျန်အလယ် ဒေသ၌ အတိုင်းအတာမရှိသော မေတ္တာစိတ်ကို အပိုင်းအခြားမရှိအောင် ဒေါသဟူသောအတွင်းရန်မရှိအောင် ပြင်ပရန်သူမရှိအောင် ပွား များကြရမည်။

## မေတ္တာနှင့်နေ အမြတ်ဆုံးပေ

၅၆။ တိဋ္ဌံ စရံ နိသိန္နော ဝ၊
သယာနော ယာဝတာဿ ဝိတမိဒ္ဓေါ။

**ဧတံ သတိံ အဓိဋ္ဌေယျ၊**
**ဗြဟ္မမေတံ ဝိဟာရ မိဓ မာဟု။**

**၅၆။ ရပ်၊ ထိုင်၊ အိပ်၊ သွား၊** ဤလေးပါး၌ ငိုက်မြည်းခြင်းကင်းချိန်တွင် မေတ္တာဘာဝနာကို ပွားများနိုင်ပါသည့်၊ ဤဘုရားသာသနာတော်၌ မေတ္တာပွား၍ နေခြင်းကို မြတ်သောနေခြင်း (လက်ငင်းကြီးပွားကြောင်း)ဟု ဘုရားရှင်များ ဟောကြားတော်မူခဲ့၏။

### မေတ္တာဘာဝနာမှ မဂ်ဖိုလ်သို့ကူးနိုင်ပုံ

၅၇။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနေယျ ဂေဓံ၊
နဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုနရေတိ။

၅၇။ ထိုမေတ္တာပွားပြီးသော (မေတ္တာစျာန် ရပြီးသော) ယောဂီသည် အတ္တဒိဋ္ဌိ အစွဲမရှိအောင်ပြု၍ လောကုတ္တရာသီလရှိသော သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသူဖြစ်လျက် ဝတ္ထုအာရုံ **ကာမဂုဏ်တို့၌ ကိလေသာဖြင့်** တွယ်တာခြင်းမရှိသည်ဖြစ်၍ တဖန် ပဋိသန္ဓေမနေရတော့ပေ။

### မေတ္တာသုတ်မှာ သိစရာ

ဤမေတ္တာသုတ်တွင် ဂါထာ ၄၆-၄၇ မှာ မေတ္တာသုတ်ကို ရွတ်ချင် နာချင် ကျင့်ချင်လာအောင် ရှေးဆရာတော်ကြီးတို့ရေးသားသော မေတ္တာသုတ်အမွှမ်းဖြစ်၏။

ဂါထာ ၄၈-၄၉နှင့် ၅၀အပေါ်ပိုင်း နှစ်ပိုဒ်သည် မေတ္တာမပို့မီ မေတ္တာပို့မည့် ပုဂ္ဂိုလ်သန္တာန်၌ရှိရမည့် မေတ္တာမပို့မီ ပြုကျင့်ရမည့် ရှေးပြေ အကျင့် ၁၅-ပါးကိုပြ၍ ဂါထာ၅၀ အောက်နှစ်ပိုဒ်သည် မေတ္တာပို့ အကျဉ်းချုပ်ကိုပြ၏။ သတ္တဝါအားလုံးကို သိမ်းခြုံ၍ပို့သော ကြောင့် "သဗ္ဗသင်္ဂါဟိက မေတ္တာပွားနည်း" ဟုလည်းခေါ်၏။

ဂါထာ ၅၁နှင့် ၅၂သည် သတ္တဝါများကို နှစ်ပါးတွဲ ၄-စုံ ၃-ပါးတွဲ ၃-စုံအားဖြင့် ၇-စုစု၍ မေတ္တာ အကျယ်ပွားပုံကိုပြ၏။ ဂါထာ ၅၃ ဖြင့် ခမေတ္တာပို့ နည်းတမျိုး ကိုပြ၍ ဂါထာ ၅၄-၅၅ဖြင့် ခမေတ္တာစိတ်ထားပုံနှင့် မေတ္တာနှင့် အောင်ပွားပုံကိုပြလေသည်။ ဂါထာ ၅၆ သည် မေတ္တာဖြင့်နေခြင်းကို ချီးကျူးချက်ဖြစ်၍ ဂါထာ ၅၇ သည် မေတ္တာဘာဝနာသည် သမာဓိရရှိမျှ ဈာန်ရရှိမျှသာမဟုတ်ဘဲ မေတ္တာသမာဓိ မေတ္တာဈာန်မှတဆင့် ဝိပဿနာသို့ ကူးပြောင်းပါက အရိယာ ဖြစ်နိုင်ကြောင်းဖြင့် မေတ္တာ၏အစွမ်းထက်ပုံကို ပြလေသည်။

မေတ္တာသုတ်ပြီး၏။

# ခန္ဓသုတ် ပရိတ် နိဒါန်း

ဤခန္ဓသုတ်ပရိတ်ကို ဒုကနိပါတ်ခန္ဓဇာတ်မှ ထုတ်နှုတ်၍စီစဉ်သား၏။ ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး

နေတော်မူစဉ် မီးဖိုအနီး ထင်းခွဲနေသော ရဟန်းတပါးသည် ထင်းပုံကြားမှ မြွေတကောင်ကိုက်၍ ပျံလွန်တော်မူသည်။ ထိုအကြောင်း ဘုရားရှင်ကြားသိသောအခါ ရဟန်းတို့ ထိုရဟန်းသည် ဝိရူပက္ခစသော လေးပါးကုန်သောမြွေတို့ကို မေတ္တာပို့သဖြင့်အံ့ မြွေသည် ထိုရဟန်းကိုမကိုက်ရာ၊ ရှေးပညာရှိတို့လည်း မြွေလေးပါးကို မေတ္တာပို့၍ မြွေတို့၏ဘေးရန်မှ လွတ်ဘူးပြီဟု အတိတ်ဇာတ်ကို ဟောတော်မူသည်။

ဘုရားလောင်းရသေ့သည် ဟိမဝန္တာအနီး မြစ်ကွေ့တခုအနီးတွင် ရသေ့အပေါင်းခြံရံလျက်နေ၏။ ရသေ့အချို့ မြွေကိုက်သေဆုံးသဖြင့် ဆရာရသေ့အား လျှောက်ထားကြ၏။ ဘုရားလောင်းရသေ့က သင်တို့သည် မြွေလေးမျိုးတို့ကို မေတ္တာပို့သအံ့၊ မြွေတို့သည် သင်တို့ကို မကိုက်ကုန်ရာ၊ ဤနေ့မှစ၍ သင်တို့သည် မြွေလေးပါးတို့၌ မေတ္တာကို ပွားစေကြကုန်လော့ဟု မိန့်ကာ—

> ဝိရူပက္ခေဟိ မေ မေတ္တံ၊
> မေတ္တံ ဧရာပထေဟိ မေ။
> ဆဗျာပုတ္တေဟိ မေ မေတ္တံ၊
> မေတ္တံ ကဏှာ ဂေါတမကေဟိစ။
> အပါဒကေဟိ မေ မေတ္တံ၊ မေတ္တံ ဒွိပါဒကေဟိမေ။
> စတုပ္ပဒေဟိ မေ မေတ္တံ၊ မေတ္တံ ဗဟုပ္ပဒေဟိမေ။
> မာမံ အပါဒကော ဟိံသိ၊ မာမံ ဟိံသိ ဒွိပါဒကော။
> မာမံ စတုပ္ပဒေါ ဟိံသိ၊ မာမံ ဟိံသိ ဗဟုပ္ပဒေါ။
> သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊

သဗ္ဗေ ဘူတာ စကောဝလာ။
သဗ္ဗေ ဘဒြာနိ ပဿန္တု၊
**မာ ကဉ္စိ ပါပ မာဂမာ။**
အပ္ပမာဏော ဗုဒ္ဓေါ၊ အပ္ပမာဏော ဓမ္မော။
အပ္ပမာဏော သံဃော၊ ပမာဏဝန္တာနိ သရိသပါနိ။
အဟိ ဝိစ္ဆိကာ သတပဒီ၊ ဥဏ္ဏာနာဘိ သရဗူ မူသိကာ။
ကတာ မေ ရက္ခာ၊ ကတံ မေ ပရိတ္တံ၊
ပဋိက္ကမန္တု ဘူတာနိ။
**သောဟံ နမော ဘဂဝတော၊**
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

ဟူသော ခန္ဓပရိတ်အရံအတားကို ဟောတော်မူသည်။ ရသေ့တို့လည်း ဆရာသင်ပေးတိုင်း မြွေလေးပါးတို့ကို မေတ္တာပွားသဖြင့် မြွေတို့သည် ရသေ့တို့ကိုမကိုက်ဘဲ ရှောင်ရှားကြလေ၏။

## ခန္ဓသုတ်အဓိပ္ပာယ်

၅၈။ သဗ္ဗာသီဝိသ ဇာတီနံ၊ ဒိဗ္ဗမန္တာဂဒံ ဝိယ။
ယံ နာသေတိ ဝိသံဃောရံ၊သေသဉ္စာပိ ပရိဿယံ။
၅၉။ အာဏာက္ခေတ္တမှိ သဗ္ဗတ္ထ၊ သဗ္ဗဒါ သဗ္ဗပါဏိနံ။
သဗ္ဗသောပိ နိဝါရေတိ၊ပရိတ္တံ တံဘဏာမဟေ။

၅၈။ သူတော်ကောင်းတို့ နတ်မန္တာန် နတ်ဆေးဝါးသည် အဆိပ်လျင်သော မြွေမျိုးမှန်သမျှတို့၏ ပြင်းထန်သောအဆိပ်တို့ကို ဖျက်ဆီးတတ်သကဲ့သို့ ခန္ဓသုတ်ပရိတ်တော်သည်လည်း အာ

ဏာခေတ်တခွင်လုံး၌ သတ္တဝါမှန်သမျှတို့၏ အဆိပ်ကိုရင်း၊ ကျွန်ဘေးရန်အမျိုးမျိုးကိုရင်း၊ ပယ်ဖျောက်နိုင်ကုန်၏။ ထိုခန္ဓသုတ်ကို ငါတို့ ရွတ်ဆိုကြစို့။

## မြွေနဂါးတို့အား မေတ္တာပွားပုံ

၆၀။ ဝိရူပက္ခေဟိ မေ မေတ္တံ၊
မေတ္တံ ဧရာပထေဟိ မေ။
ဆဗျာ ပုတ္တေဟိ မေ မေတ္တံ၊
မေတ္တံ ကဏှာ ဂေါတမ ကေဟိစ။

၆၀။ ငါ၏မေတ္တာစိတ်သည် ဝိရူပက္ခ နဂါးမျိုးတို့နှင့် အတူတကွဖြစ်ပါစေ၊ ငါ၏မေတ္တာစိတ်သည် ဧရာပထနဂါးမျိုးတို့နှင့် အတူတကွဖြစ်ပါစေ။ ငါ၏မေတ္တာစိတ်သည်ဆဗျာပုတ္တ နဂါးမျိုးတို့နှင့်အတူတကွဖြစ်ပါစေ၊ငါ၏မေတ္တာစိတ်သည်ကဏှာဂေါတမက နဂါးမျိုးနှင့်အတူတကွဖြစ်ပါစေ။

## သတ္တဝါအများမေတ္တာပွားပုံ

၆၁။ အပါဒကေဟိ မေ မေတ္တံ၊ မေတ္တံ ဒွိပါဒကေဟိ မေ။
စတုပ္ပဒေဟိ မေ မေတ္တံ၊ မေတ္တံ ဗဟုပ္ပဒေဟိ မေ။

၆၁။ ငါ၏မေတ္တာစိတ်သည် အခြေမရှိသော သတ္တဝါတို့၌ ကျရောက်ပါစေ၊ ငါ၏မေတ္တာစိတ်သည် အခြေလေးချောင်းရှိသော သတ္တဝါတို့၌ ကျရောက်ပါစေ၊ ငါ၏မေတ္တာစိတ်သည် အခြေများသော သတ္တဝါတို့၌ကျရောက်ပါစေ။

## မေတ္တာတောင်းခံပုံ

၆၂။ မာမံအပါဒကော ဟိံသိ၊ မာမံ ဟိံသိ ဒွိပါဒကော။
မာမံ စတုပ္ပဒေါ ဟိံသိ၊ မာမံ ဟိံသိ ဗ ဟုပ္ပဒေါ။

၆၂။ ခြေမရှိသော သတ္တဝါတို့သည် ငါ့ကို မညှဉ်းပါစေလင့်။ ခြေနှစ်ချောင်းရှိသော သတ္တဝါတို့သည် ငါ့ကိုမညှဉ်းဆဲပါစေလင့်၊ ခြေလေးချောင်းရှိသော သတ္တဝါတို့သည် ငါ့ကို မညှဉ်းဆဲပါစေလင့်။ ခြေများစွာရှိသော သတ္တဝါတို့သည်လည်း ငါ့ကိုမညှဉ်းဆဲပါစေလင့်။

## သီးခြားမရည်ညွှန်းသောအနောဒိဿမေတ္တာ

၆၃။ သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊
သဗ္ဗေ ဘူတာ စ ကေဝလာ။
သဗ္ဗေ ဘဒြာနိ ပဿန္တု၊
မာ ကိဉ္စိ ပါပ မာဂမာ။

၆၃။ သက်ရှိသတ္တဝါ အားလုံးတို့သည် နှစ်သက် လိုလားတောင့်တအပ်ကောင်းမြတ်သော ဝတ္ထုအာရုံတို့ကို ကြုံတွေ့ကြပါစေ၊ မည်သူတဦးတယောက်မှာမျှဆင်းရဲဒုက္ခမကျရောက်ကြပါစေနှင့်။

## အရံအတားပြုခြင်း

၆၄။ အပ္ပမာဏော ဗုဒ္ဓေါ၊ အပ္ပမာဏော ဓမ္မော။
အပ္ပမာဏော သံဃော၊ ပမာဏ ဝန္တာနိ
သရိသပါနိ။

အပါယိဝိစ္ဆိကာ သတာပဒီ၊ ဥဏ္ဏာနာဘိ သရဗူ
မူသိကာ။

၆၄။ ဘုရားရှင်၏ ဂုဏ်တော်၊ တရားတော်၏ ဂုဏ်တော်၊ အရိယာသံဃာတော်တို့၏ ဂုဏ်တော်တို့သည် အတိုင်းအတာမရှိ များပြားကုန်၏။ မြွေ၊ကင်းမြီးကောက်၊ စာင်းခြေများ၊ ပင့်ကူ၊ အိမ်မြောင်၊ ကြွက်ဟူသော ရင်ဖြင့်တွားသွား တတ်သည့် သတ္တဝါများကား ကိလေသာ ရှိသူများဖြစ်၍ အတိုင်းအတာ ရှိသူများဖြစ်ကုန်၏၊

## ဘုရားရှိခိုး

၆၅။ ကတာ မေ ရက္ခာ ကတံ မေ ပရိတ္တံ၊
ပဋိက္ကမန္တု ဘူတာနိ။
သောဟံ နာမော ဘဂဝတော၊
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

၆၅။ ငါသည် အကာအကွယ် အစောင့်အရှောက်ကို ပြုခဲ့ပြီးပြီ။ အရံအတားကို ပြုခဲ့ပြီးပြီ။ ဘေးရန်ပြုမည့် သတ္တဝါများ ရှောင်ရှားကြကုန်လော့၊ ပရိနိဗ္ဗာန်စံပြီး ဘုရားရှင် မှန်သမျှအားရင်း၊ ဝိပဿီ စသော ခုနစ်ဆူသောဘုရားရှင်တို့အားရင်း ရှိသေစွာ ရှိခိုးပါ၏။

## ခန္ဓသုတ်မှာသိစရာ

ဂါထာ ၅၈-၅၉ သည် ခန္ဓသုတ်ကို ရွတ်ချင် နာချင် ကျင့်ချင်လာအောင် ရှေးဆရာတို့ စီရင်ထားသော ခန္ဓသုတ် ပရိတ်

အမှမ်းတင်များ ဖြစ်သည်။ ခန္ဓသုတ် ပရိတ်တော်သည် နတ်ဘို မန္တာန်ဆေးဝါးကဲ့သို့ အဆိပ်အားလုံးအပြင် အခြား ဘေး အန္တရာယ်တို့ကို ပျောက်စေသည်ဟု ဖော်ပြထားသည်။

ဂါထာ ၆၀ သည် မြွေနဂါး ၄ မျိုးတို့ကို သီးခြားမေတ္တာ ပို့ချက်ဖြစ်၍ ဂါထာ ၆၁ ဖြင့် သတ္တဝါ အားလုံးကို ခြေမရှိ, ခြေနှစ်ချောင်း, ခြေလေးချောင်း, ခြေအများ ရှိဟု ၄ စု ခွဲပြီး မေတ္တာပို့သည်။ ဂါထာ ၆၂ ဖြင့် သတ္တဝါလေးမျိုးက မိမိပေါ် သို့ မေတ္တာထားရန် မညှင်းဆဲရန် ၎င်းတို့၏မေတ္တာကို တောင်း ခံသည်။

ဂါထာ ၆၀-၆၁ တို့ဖြင့် သီးခြား ရည်ညွှန်းသော ဩဒိဿ မေတ္တာများဖြစ်၍ မေတ္တာပို့ အစဉ်အလာအရ မရည်ညွှန်းဘဲ သတ္တဝါအားလုံးကို ခြုံ၍ပို့သော အနောဒိဿ မေတ္တာပို့ကို ဂါထာ ၆၃ ဖြင့် ပြလေသည်။

ဂါထာ ၆၄ ဖြင့် ရတနာသုံးပါး၏ ဂုဏ်တော်များဖြင့် ပရိတ် အရံအတားကို ပြုပြီးလျှင် ဂါထာ ၆၅ ဖြင့် အန္တရာယ်ပြုမည့် သတ္တဝါတို့အား ရှောင်ရှားရန်တောင်းပန်၏။ မေတ္တာတန်ခိုးပို၍ ထက်စေရန် ဘုရားရှင်များနှင့် ဝိပဿီစသော ဘုရား ၇-ဆူကို ရှိခိုး ပူဇော်ကာ ခန္ဓသုတ်ကို နိဂုံးချုပ်ထားလေသည်။

## တောင်သူဦးကြီးများ အထူးရွတ်သင့်

ဤခန္ဓသုတ် ပရိတ်တော်ကို မြန်မာနိုင်ငံတော်၏ ရိက္ခာကို တာဝန်ယူ ထုတ်လုပ်နေကြသော တောင်သူဦးကြီးများ အထူး ရွတ်သင့်၏။ မြက်ရိတ်, စပါးရိတ်, ပျိုးနှုတ်, လယ်ထွန်ခြင်း စသည်

လယ်ယာလုပ်ငန်းဆောင်တာကို ပြုလုပ်ကြရာ၌ မြွေတို့နှင့် မကြာခဏ တွေ့ရတတ်၏။ မြွေဆိုးတို့အန္တရာယ်မှ ကင်းလွတ်ရန်နှင့် နိုင်ငံ၏ရိက္ခာကို ထုတ်လုပ်ရင်း မေတ္တာဘာဝနာကို ပွားပြီးဖြစ်စေရန် ခန္ဓသုတ်ကို ရွတ်ကြပါကုန်၊ ပါဠိမရွတ်တတ်သူတို့ မြန်မာဘာသာဖြင့် ပြထားသည့်အတိုင်း မေတ္တာပွား၍ ကိုယ်တွေ့ ကျင့်နိုင်ကြပါစေ။

ခန္ဓသုတ် ပြီး၏၊

# မောရသုတ်ပရိတ် နိဒါန်း

ဤမောရ ပရိတ် ကို ဒုကနိပါတ် မောရဇာတ်မှ ကောက်နုတ်စီစဉ်ထား၏။ ဘုရားအလောင်းသည် ဗါရာဏသီပြည်အနီး ဒဏ္ဍကရွှေတောင်၌ ဥဒေါင်း မျိုး၌ဖြစ်၏။ ရွှေအဆင်းနှင့် တူသော အဆင်းရှိ၍ လှပတင့်တယ်သောကြောင့် ရွှေဥဒေါင်းဟု ခေါ်၏။

ထိုရွှေဥဒေါင်းသည် နံနက်အိပ်ရာမှထသောအခါ ရွှေတောင်ထိပ်၌နေလျက် အရှေ့ခုဒည်စွန်းမှ ထွက်ပေါ်လာသဲ နေမင်းကို "ဥဒေတယံစက္ခုမာ" စသော ဂါထာဖြင့် ရှိခိုး၏။ ထိုနောက် ပရိနိဗ္ဗာန် ပြုတော်မူပြီးကုန်သော ဘုရားရှင်တို့ကိုရင်း၊ ထိုဘုရားရှင်တို့၏ ဂုဏ်တော်တို့ကိုရင်း၊ "ယေ ဗြာဟ္မဏာဝေဒဂူ" စသော ဂါထာဖြင့် ရှိခိုးကာ အစာရှာထွက်မည့် နေရာ၌ ပရိတ်အရံအတားကိုပြု၏။

ညနေစောင်းသောအခါ ဝင်လုဆဲဖြစ်သောနေမင်းကို ကြည့်၍လျက် 'အပေတယံစက္ခုမာ”စသော မန္တာန်ဖြင့် နေမင်းကိုရှိခိုး၏၊ ထိုနောက် 'ယေ ဗြဟ္မဏာဝေဒဂူ'စသော ဂါထာဖြင့် ဘုရားရှင်တို့ကို ရှိခိုးကာ ညအိပ်ချိန်အတွက် ပရိတ် အရံအတားကို ပြု၏။

ဘုရားလောင်း ရွှေဥဒေါင်းသည် ထိုသို့နံနက်နှင့်ညနေ ပရိတ်အရံအတားကို ပြုလျက်နေရာ ဘေးအန္တရာယ်မရှိ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိဘဲ၊ အေးချမ်းစွာ နေရ၏။ ဗာရာဏသီပြည်အနီးမုဆိုးရွာမှမုဆိုးတယောက်သည်ထိုဘုရားလောင်းရွှေဥဒေါင်းဒဏ္ဍကရွှေတောင်၌ နေသည်ကို တွေ့၍ သူ၏သား မုဆိုးအားပြောကြားခဲ့၏။

ဗာရာဏသီမင်းကြီး၏ မိဖုယားကြီး ခေမာသည် အိပ်မက်တွင်ရွှေဥဒေါင်းမင်း၏ တရားကို နာယူရသည်ဟု အိပ်မက်မြင်မက်၏။ မိဖုယားကြီးသည်မင်းကြီးအား အိပ်မက်ကိုပြောပြ၍ ရွှေဥဒေါင်း၏တရားကို နာလိုကြောင်း လျှောက်ထား၏။ မင်းကြီးလည်းအမတ်တို့ကိုမေး၍ အမတ်တို့က ပုဏ္ဏားတို့ကိုမေးရာ ပုဏ္ဏားတို့ကမုဆိုးတို့ကိုခေါ်ယူစည်းဝေးမေးမြန်း၏။ ထိုအခါအဖေမုဆိုး ထံမှရွှေဥဒေါင်းအကြောင်းသိထားသော မုဆိုးက ရွှေဥဒေါင်းသည်ဒဏ္ဍကတောင်တွင်ရှိကြောင်း ပြောကြား၏။ မင်းကြီးကထိုမုဆိုးအား အရှင်ဖမ်းပေးရန်တာဝန်ပေး၏။

မုဆိုးသည် ဒဏ္ဍကတောင်သို့ သွားရောက်ကာ ညွတ်ကွင်းဖြင့်ထောင်ဖမ်းပါသော်လည်း ရွှေဥဒေါင်း၏ နံနက် ညနေ မှန်မှန်ရွတ်အပ်သော ဗြဟ္မ မန္တာန်ခေါ် ပရိတ်တော် တန်ခိုးကြောင့်

ညွတ်ကွင်း၌မမိဘဲရှိနေ၏။ မုဆိုးသည် အကြိမ်ကြိမ်ကြိုးစားသော်လည်းမရဘဲ ထိုတောင်အနီး၌ပင် ၇-နှစ်လုံးလုံးနေ၍သေလေ၏။ ခမာမိဖုယားကြီးလည်း တောင့်တသော ရွှေဥဒေါင်းမရသဖြင့် သေလေ၏။

ဘုရင်မင်းမြတ်လည်း ဤရွှေဥဒေါင်းကို အကြောင်းပြုပြီး ငါ၏မိဖုယားကြီးသည် သေရသည်ဟု အမျက်ထွက် စိတ်နာ၍ ဟိမဝန္တာအရပ်၌ဒဏ္ဍကမည်သော ရွှေတောင်ရှိ၏။ ထိုရွှေတောင်၌ ရွှေအဆင်းနှင့်တူသော ဥဒေါင်းဘကောင်ရှိ၏။ ထိုဥဒေါင်း၏ အသားကို စားရသောသူသည် မည်သည့်အခါမျှ မအို၊ မသေ အသက်ရှည်မည်ဟု ရွှေပြားတွင်ရေးသာ သေတ္တာ၌ သိမ်းဆည်းခဲ့၏။ ထိုမင်းကြီးနတ်ရွာစံသောအခါ ဆက်ခံသော မင်းအဆက်ဆက်တို့သည် ထိုရွှေပြားစာအရ မုဆိုတို့ကိုလွှတ်၍ ဘုရားလောင်းဥဒေါင်းမင်းကိုဖမ်းစေ၏။

မုဆိုးတို့လည်း ဥဒေါင်းကိုမဖမ်းနိုင်ဘဲ ထိုဟိမဝန္တာရွှေတောင်အနီးမှာ သေကြကုန်၏။ ဤသို့အားဖြင့် မင်း၆ဆက် လွန်လေ၏။

၇-ဆက်မြောက် မင်းလက်ထက်တွင် တာဝန်ကျသောမုဆိုးသည် မင်းအဆက်ဆက်ကြိုးစားဖမ်းခဲ့ရာ မမိသည်ကိုသိ၍ ဥဒေါင်းမတကောင်ဖြင့် ထောင်၍ဖမ်း၏။ ဘုရားလောင်းသည် ဥဒေါင်းမနှင့် ပျော်မြူးနေ၍ မိမိရွတ်နေကြဖြစ်သော ပြဟ္မာမန္တာန်ကို ရွတ်ရန် မေ့လျော့နေ၏။ ထို့ကြောင့် မုဆိုး၏ကျော့ကွင်း၌မိလေ၏။ မုဆိုးသည် ရွှေဥဒေါင်ကိုဖမ်း၍ ဘုရင်မင်းမြတ်ထံဆက်သ၏။ ရွှေဥဒေါင်းသည် အလွန်အဆင်းလှသည်ဖြစ်၍ မင်းကြီးက အလွန်နှစ်သက်၏။ ဥဒေါင်းမင်းက အရှင်မင်းကြီး အဘယ့်ကြောင့်

အကျွန်ုပ်ကို ဖမ်းစေပါသနည်းဟု မေး၏။ မင်းကြီးက အသင်ရွှေဥဒေါင်း၏အသားကို စားရသောသူသည် မအို မနာ မသေဟု ကြားသိရသောကြောင့် သင်၏အသားကိုစား၍ မအို မနာ မသေလိုသောကြောင့် ဖမ်းစေပါသည်ဟုပြော၏။ မင်းကြီး အကျွန်ုပ်ပင် သေရခြင်းသဘောရှိပါလျက် အကျွန်ုပ်၏အသားကို စားရသောသူသည် မအို မနာ မသေ နေရမည်ဆိုသည်မှာ ဖြစ်နိုင်ပါမည်လောဟု ဥဒေါင်းက ပြောလေ၏။

ဥဒေါင်းမင်း- အသင်သည် ရွှေအဆင်းနှင့်တူသော အဆင်းရှိသောကြောင့် သင်၏အသားကိုစားရသူသည် မအို မသေ ဖြစ်လတ္တံ့ဟု မင်းကြီးကပြော၏။ ထိုအခါ ရွှေဥဒေါင်းက ကျွန်ုပ်ရွှေအဆင်းရှိသည်မှာ အခြားကြောင့်မဟုတ်၊ ကျွန်ုပ်သည် ရှေးအခါက ဤမြို့၌ စကြာဝတေးမင်းဖြစ်ဘူး၏။ ကျွန်ုပ်ကိုယ်တိုင်လည်း ငါးပါးသီလစောင့်သုံး၏။ စကြာဝဠာနေသူတို့ကိုလည်း ငါးပါး သီလ စောင့်သုံးစေ၏။ ထိုရှေးကောင်းမှုကြောင့် တာဝတိံသာ၌ဖြစ်ပြီးမှ တသောအကုသိုလ်ကြောင့် ဥဒေါင်းမျိုး၌ ဖြစ်ရသော်လည်း ငါးပါးသီလမြဲစွာ စောင့်သုံးခဲ့၍ ရွှေအဆင်းကဲ့သို့ လှပရခြင်းဖြစ်၏။ ကျွန်ုပ်စီးခဲ့ရသော ရဘနာရထားသည် ဤရေကန်တွင်း၌ပင် ရှိ၏ဟုပြော၏။ ရေကန်ကိုပက်၍ကြည့်ရာ ရတနာရထားကို တွေ့ရသောကြောင့် ရွှေဥဒေါင်းမင်း၏စကားကို ယုံကြည်၍ များစွာ ကြည်ညိုလေးစားသွား၏။

မြတ်သောမင်းကြီး အမြိုက်ဖြစ်သော မဟာနိဗ္ဗာန်ကိုထား၍ ကြွင်းသော သင်္ခတ တရားတို့သည် ဖြစ်ပြီးနောက် ပျက်တတ်သော သဘောရှိကုန်၏။ မမြဲကုန်ဟု မင်းကြီးအား တရားဟော

လေ၏။ မင်းကြီးလည်း ဥဒေါင်းမင်းအား ကောင်စွာပူဇော်၏။ ဘုရားလောင်း ဥဒေါင်းမင်းသည် ဒဏ္ဍကရွှေတောင်သို့ ပြန်သွားလေသည်။

ဤမောရပရိတ်နိဒါန်းတွင် ဗြဟ္မမန္တာန်ခေါ် မောရပရိတ်အရံအတားကြောင့် မင်း၇-ဆက်ဘုရားလောင်း ရွှေဥဒေါင်းကို ဖမ်း၍ မမိခြင်းသာ ပြလိုရင်းဖြစ်ပါသည်။ ဗဟုသုတအတွက် မောရဇာတ်ကို အဆုံးပြလိုက်ပါသည်။

မောရသုတ်အမွှမ်း

၆၆။ ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ မောရယောနိယံ။
ယေန သံဝိဟိတာရက္ခံ၊ မဟာသတ္တံ ဝနေစရာ။
၆၇။ စိရဿံ ဝါယမန္တာပိ၊ နေဝ သက္ခိံသု ဂဏှိတုံ။
"ဗြဟ္မမန္တံတိ" အက္ခာတံ၊ ပရိတ္တံ တံ ဘဏာမဟေ။

၆၆-၆၇။ သူတော်စဉ်အပေါင်းတို့ ဘုရားလောင်းသည် ပါရမီဖြည့်တော်မူစဉ် ဥဒေါင်းမျိုး၌ ဖြစ်ခဲ့ဘူး၏။ မောရသုတ်ပရိတ်တော်ဖြင့် အကာအကွယ် အစောင့်အရှောက် ပြုထားသော ကြောင့် ဘုရားလောင်း ဥဒေါင်းမင်းကို မုဆိုးတို့ မိအောင်မဖမ်းနိုင်၊ ဗြဟ္မမန္တာန်ဟု ဘုရားရှင်ဟောထားသော မောရသုတ်ပရိတ်တော်ကို ငါတို့ ရွတ်ဆိုကြပါကုန်စို့။

## နေမင်းကိုရှိခိုးပုံ

၆၇။ ဥဒေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ။
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။

၆၇။ ကမ္ဘာသူကမ္ဘာသားတို့ မျက်စိအမြင်ရရန် အရောင်ကို ပေးတတ်သော လောကဓာတ်တွင် တဆူတည်းဖြစ်သော ရွှေအဆင်းရှိလျက် မြေပြင်အနှံ့ ထွန်းလင်းတတ်သော နေမင်းကြီးသည် ထွက်ပေါ်လာလေပြီ၊ ရွှေအဆင်းရှိရှ် မြေပြင်အနှံ့ ထွန်းလင်းတတ်သော ထိုနေမင်းကြီးကို အကျွန်ုပ် ရှိခိုးပါ၏။ ယနေ့ အရှင်နေမင်း၏ အစောင့် အရှောက်ကို ခံယူ၍ တနေ့ပတ်လုံး ချမ်းသာစွာနေလိုပါ၏၊

## ဘုရားနှင့် တရားကိုရှိခိုးပုံ

၆၈။ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထုဗောဓိယာ။
နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊ မောရောစရတိဧသနာ။

၆၈။ ကိလေသာကို ပယ်ပြီးကုန်သော ဘုရားရှင်တို့သည် အလုံးစုံသောတရားတို့ကို သိတော်မူကြကုန်၏။ ထိုဘုရားရှင်တို့သည် အကျွန်ုပ်၏ရှိခိုးခြင်းကို ခံယူတော်မူပါကုန်၊ ထိုဘုရားရှင်

တို့သည် အကျွန်ုပ်ကိုလည်း စောင့်ရှောက်တော်မူ ကြပါကုန်၊ ဘုရားရှင်တို့အား ရှိခိုးပါ၏၊ ဘုရားရှင်တို့၏ မဂ်ဉာဏ်ဖိုလ်ဉာဏ် အား ရှိခိုးပါ၏၊ ကိလေသာတို့မှ ကင်းလွတ်တော်မူပြီးသော ဘုရာ ရှင်တို့အား ရှိခိုးပါ၏။ ထိုဘုရားရှင်တို့၏ ဝိမုတ္တိငါးပါး အား ရှိခိုးပါ၏။ ရဟန်းတို့ ထိုဥဒေါင်းမင်းသည် ဤပရိတ်အရံ အတားကိုပြုကာ အစာရှာရန် လှည့်လည်လေသည်။

## နေဝင်ချိန် နေမင်းကိုရှိခိုးပုံ

၇၀။ အပေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ရတ္တိံ။

၇၀။ ကမ္ဘာသူကမ္ဘာသားတို့၏မျက်စိအမြင်ကိုရရန် အရောင် ကိုပေးတတ်သော၊ လောကဓာတ်တွင် တဆူတည် ဖြစ်သော ရွှေ အဆင်းရှိလျက် မြေပြင်အနှံ့ ထွန်းလင်းတတ်သော နေမင်းကြီး သည်အတ္ထတောင်စွယ် ဝင်ကွယ်၍ သွားလေပြီ၊ ရွှေအဆင်းရှိ၍ မြေပြင်အနှံ့ ထွန်းလင်းတတ်သော ထိုနေမင်းကြီးကို အကျွန်ုပ် ရှိခိုးပါ၏၊ အရှင်နေမင်း၏အစောင့်အရှောက်ကိုခံယူ၍ တညပတ် လုံးချမ်းသာစွာနေလိုပါ၏။

## ဘုရားနှင့်တရားကိုရှိခိုးပုံ

၇၁။ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော တေ စ မံ ပါလယန္တု။

**နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊**
**နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။**
ဣမံ သောပရိတ္တံ ကတွာ၊ မောရော စရတိ ဧသနာ။ မကပ္ပယိ။

၇၁။ ကိလေသာကို ပယ်ပြီးကုန်သော ဘုရားရှင်တို့သည် အလုံးစုံသော တရားတို့ကို သိတော်မူကြကုန်၏။ ထို ဘုရားရှင်တို့သည်အကျွန်ုပ်၏ ရှိခိုးခြင်းကို ခံယူတော်မူကြပါကုန်၊ ထိုဘုရားရှင်တို့သည် အကျွန်ုပ်ကိုလည်း စောင့်ရှောက်တော် မူကြပါကုန်၊ ဘုရားရှင်တို့အား ရှိခိုးပါ၏၊ ဘုရားရှင်တို့၏ မဂ်ဉာဏ် ဖိုလ်ဉာဏ်အားရှိခိုးပါ၏၊ ကိလေသာတို့မှကင်းလွတ်တော်မူပြီးသောဘုရားရှင်တို့အားရှိခိုးပါ၏၊ ထိုဘုရားရှင်တို့၏ ဝိမုတ္တိငါးပါးအား ရှိခိုးပါ၏၊ ရဟန်းတို့ ထိုဥဒေါင်းမင်းသည် ဤပရိတ်အရံအတားကိုပြုကာ ညအိပ်နေခြင်းကိုပြုလေပြီ။

## မောရသုတ်မှာသိစရာ

ဂါထာ ၆၆-၆၇-သည် မောရသုတ် ပရိတ်ကို ရွတ်ချင်ဖတ်ချင် ကျင့်ချင်အောင် ရှေးဆရာတို့ စီစဉ်ရေးသားသော အမွှမ်းဂါထာများဖြစ်သည်၊ ၆၈-မှ ၇၁-အထိ လေးဂါထာ သည် ဒုကနိပါတ်မောရဇာတ်တွင် ဘုရားလောင်းဥဒေါင်းမင်းရွတ်ဆို၍ ပရိတ်အရံအတား ပြုသောမောရပရိတ်တော်ဖြစ်သည်။ ထိုမောရပရိတ်တော်တွင် ၆၈-သည်ထွက်လုဆဲနေမင်းကို ရှိခိုးသော ဂါထာဖြစ်၍ ၆၉-သည်ဘုရားရှင်နှင့် တရားတော်ကို ဥဒေါင်းမင်းရှိခိုးသောဂါထာဖြစ်၏။ ထိုဂါထာတွင်နောက်ဆုံးအပိုဒ် "ဣမံ သောပရိတ္တံကတွာ မောရော စရတိ ဧသနာ" မှာမူရင်းမောရဇာတ်

တွင်မပါ၊ ယခုမောရသုတ်ကို ရာဇဂြိုဟ်ပြည်၌ ပြန်ဟောသောအခါမှ ဘုရားရှင်ကထည့်ဟောသောဂါထာဖြစ်၏။

ဂါထာ၇၀ သည်ဂါထာ၆၈နှင့်အတူတူလိုဖြစ်၏။အစ "အပေတယံ"နှင့်အဆုံး"ရတ္တိ"သာကွာ၏။ ဝင်လုဆဲနေမင်းကိုရှိခိုးပါ၏၊ နေမင်းအစောင့်အရှောက်ဖြင့် တညဉ့်နေပါမည်၊ ဤမျှသာကွာပါသည်၊ ဂါထာ ၇၁-မှာလည်း ဂါထာ ၆၉-နှင့် အတူတူလိုဖြစ်၍ အဆုံး "ဝါသမကပ္ပယိ"သာကွာ၏၊ "အစာရှာရန်လှည့်လည်၍အစား ညအိပ်နေပါ၏" ဟုဆိုသည်သာ ကွာ၏။ ထိုဂါထာနောက်ဆုံးအပိုဒ်မှာလည်း မောရဇာတ်တွင်ဥဒေါင်းမင်းရွတ်စဉ်ကမပါ၊ဘုရားရှင် ယခုပြန်ဟောမှထည့်ဟောသောစကားသာဖြစ်ပါသည်။

## အန္တရာယ်ကင်း ရွတ်သင့်ခြင်း

ဤမောရသုတ်ပရိတ်တော်သည် မင်း၇-ဆက်တိုင်တိုင် မုဆိုးတို့က ဥဒေါင်းမင်းကိုဖမ်း၍ မမိအောင် ကာကွယ်စောင့်ရှောက်ထားနိုင်၏။ ထို့ကြောင့် မိမိ၏အသက်ကိုဖြင့်စေ စည်းစိမ်ဥစ္စာကိုဖြစ်စေ ရာထူးဌာနန္တရကိုဖြစ်စေ သူတပါးတို့က မကြံစည်နိုင်စေလိုသောသူတို့သည် ဤမောရသုတ်ပရိတ်ကို ရွတ်သင့်ပေ၏။

ဥဒေတယံနှင့် အပေတယံဂါထာနှစ်ခုသည် တက်သစ်စနေဝန်းနှင့် ဝင်လုဆဲ နေဝန်းကိုရှိခိုးသော ဂါထာဖြစ်၍ မရွတ်လိုလျှင်နေမင်းကို ရှိမခိုးလိုလျှင် ဘုရားနှင့် တရားကိုသာရှိခိုးသော

"ယေပြဟမ္မဏာ" ဂါထာကိုသာ ရွတ်နိုင်ပါသည်။ ထိုဂါထာ၏ အဓိပ္ပါယ်လာအတိုင်း ဘုရားနှင့်တရားကို ရှိခိုး၍ အကာအကွယ် ပြုနိုင်ပါသည်။ ကိုယ်ကျင့်ပရိတ်အနေဖြင့် အနက်အဓိပ္ပါယ်အရ လက်တွေ့ကျင့်ကြံရာ၌ "ဣမံ သော ပရိတ္တံ" စာပိုဒ်ကိုသည့်ရွတ်ရန် မလိုပါ။ မောရသုတ်ပရိတ်ကို ရွတ်ခြင်းဖြစ်လျှင်ကား အစအဆုံး ရွတ်သင့်ပါသည်။

မောရသုတ်ပြီး၏။

# ဝဋ္ဋသုတ် နိဒါန်း

ဤဝဋ္ဋသုတ် ပရိတ်တော်ကို စရိယာ ပိဋက ပါဠိတော်နှင့် ဇာတကပါဠိမှ ကောက်နုတ်စီစဉ်ထား၏။ ဇာတကဇာတ်တော် များဆိုသည်မှာ ဘုရားအလောင်းတော် နစဉ်ကဖြစ်ခဲ့သောဘဝ များအနက်မှ အကြောင်းစပ်ဆိုင်ရာတို့ကို ပြန်လည်ဟောကြား ချက်များဖြစ်၏။ ဇာတကပါဠိတော်များမှာ တရားသားသက် သက်သာဖြစ်၍ အဋ္ဌကထာတွင် ဇာတ်သမ်းအစုံပါ၏။

စရိယာ ပိဋကဆိုသည်မှာ ဘုရားရှင်၏ပါရမီတော်များသည် ဘယ်ဘဝတွင် ဘယ်သို့ဖြည့်ကျင့်ခဲ့၍ ရင့်ကျက်လာခဲ့သည်တို့ကို ဟောပြချက်ဖြစ်၏။ ထိုသို့ဟောကြားရန် ရှင်သာရိပုတ္တရာမထေရ် က လျှောက်ထားတောင်းပန်ခဲ့၏။ အရှင်သာရိပုတ္တရာ၏တောင်း

ပန်ချက်အရ ဤဘဒ္ဒကမ္ဘာအတွင်း ထိုထိုဘဝတို့၌ ဖြည့်ကျင့်ခဲ့ရသော အကျင့်များကို လျှောက်ထားသူ ရှင်သာရိပုတ္တရာအား စရိယာ ပိဋကပါဠိတော်တွင် ဟောတော်မူထား၏။

ဤဝဋ္ဋသုတ်မှာ သစ္စာပါရမီဖြည့်ကျင့်ခဲ့ပုံကို ဟောကြားရာဖြစ်သော စရိယာပိဋကမှ ထုတ်နှုတ်စီစဉ်ထား၏။ ထိုင်းမင်း၏ သစ္စာပြုပုံကို ဧကနိပါတ်ဇာတ်တွင်ပြထား၏။ ဇာတ်ပါဠိတော်တွင် "သန္တိပက္ခာအပါတနာ" စသော သစ္စာပြုဂါထာသာပါ၏။ "အတ္ထိလောက သီလဂုဏော" စသည်တို့ကိုကား စရိယာပိဋကပါဠိတော်မှ ထုတ်နှုတ်ပြထား၏။ စရိယာပိဋက ပါဠိတော်တွင် အတ္ထိလောကေဂါထာ၏ရှေ့တွင် ၇-ဂါထာရှိသေး၏။ ထိုဂါထာများမှာ မဂဓတိုင်း တောတခုတွင် ငုံးပေါက်စကလေးဘဝဖြစ်ခဲ့ရပုံ၊ တောမီးကြီးလောင်ပုံ၊ မိဘငုံးကြီးတို့ပျံသွား၍ တကောင်တည်း အားကိုးရာမဲ့ဖြစ်ပုံ စသည်ဇာတ်သမ်းကိုပြ၍ အရေးတကြီး သစ္စာပြုရန်အကြံရပုံနှင့် သစ္စာပြုပုံ သစ္စာကြောင့် တောမီးဘေးမှလွတ်ပုံတို့ကိုသာပြလို၍ အတ္ထိလောကေမှစ၍ ဝဋ္ဋသုတ်ပရိတ်အဖြစ် ရှေးဆရာတော်တို့က စီစဉ်ထားဟန်ရှိ၏။

ဝဋ္ဋဇာတ်ကိုဟောတော်မူခြင်းအကြောင်းမှာ- အခါဘပါးမြတ်စွာဘုရားသည် ရဟန်းသံဃာတော်များနှင့်အတူ မဂဓတိုင်းအတွင်း ဒေသစာရီကြွတော်မူသည်၊ တခုသောအရပ်၌တောကြီးတခုကိုဖြတ်ကြွနေစဉ် တောမီးအကြီးအကျယ်လောင်နေသည်ကိုကြုံ၏။ တောမီးသည် ဘုရားရှင်ရှိရာသို့ ရောက်မလာဘဲ ဘုရားရှင်၏ဘေးပတ်လည် ၁၆-ပယ်စာ ဝေးသောအရပ်မှ ငြိမ်း၍

လောင်သွား၏။ ထိုအခြင်းအရာကို ရဟန်းတို့ မြင်သောအခါ အထူးတလည်အံ့ဩပြောဆိုကြကုန်၏။

ထိုအခါ ဘုရားရှင်က ဤအရပ်ကိုမီးကွင်းခြင်းမှာ ငါဘုရား၏ ယခုဘဝ ဘုန်းတော်အစွမ်းမဟုတ်၊ ငါ၏ ရှေးအလောင်းတော်ဘဝကပြုခဲ့သော သစ္စာ၏စွမ်းအားကြောင့်သာ ဖြစ်သည်။ ဤအရပ်ကား တကမ္ဘာလုံးမီးလောင်တော့မည်မဟုတ်၊ ကပ္ပဋ္ဌိတိ တန်ခိုးပြာဋိဟာ ဖြစ်သည်ဟု ဟောတော်မူ၏။ ရဟန်းများ၏ လျှောက်ထားတောင်းပန်ချက်အရ ဝဋ္ဋဇာတ် = ငုံးမင်း ဇာတ်ကို ပြန်၍ ဟောတော်မူ၏။

ဤဘဒ္ဒကမ္ဘာ တချိန်သောအခါတွင် အလောင်းတော်သည် ဤတောအရပ်၌ ငုံးမင်းဖြစ်ခဲ့ဘူး၏၊ ဥမှခပေါက်စ ငုံးငယ်လေးဘဝမှာပင် တောမီးအကြီးအကျယ်လောင်လေ၏။ သမင်,ဒရယ် အစရှိသော တောကောင်များ မီးဘေးမှ လွတ်ရာလွတ်ကြောင်း ပြေးလွှားရှောင်ဖယ်ကြ၏။ ငှက်အပေါင်းတို့လည်း မီးဘေးလွတ်ရာပျံသန်းကြ၏။ အလောင်းတော်ငုံးမင်း၏ မိဘတို့သည်လည်း မီးကြီး နီးကပ်လာသဖြင့် အလောင်းတော်ကို စွန့်ကာ ပျံသွားကြ၏။ အလောင်းတော်မှာ ဥမှပေါက်ကာစဖြစ်၍ အတောင်ဖြင့်လည်းမပျံနိုင်၊ ခြေဖြင့်လည်း မပြေးနိုင် တကောင်တည်းကျန်၍ ခိုကိုးရာမဲ့ဖြစ်နေ၏။

ထိုအခိုက် အလောင်းတော်သည် ဖြည့်ဆည်း ပူးခဲ့သော ပါရမီတော်တို့က နှိုးဆော်သဖြင့် သူ့တွင် အားကိုးရာသစ္စာတရားရှိနေကြောင်း သတိရကာ အားတက်လာပြီ လျှင် "သန္တိပက္ခာ အပါတနာ" စသော သစ္စာပြုဂါထာကို ရွတ်ဆို၏။ ထိုသစ္စာ

ပြုလိုက်သည်နှင့်တပြိုင်နက် တောမီးသည် ဘုရားလောင်းငုံးမင်း အနီးတဝိုက်ကို ရှောင်ကွင်းသွား၍ မီးဘေးမှ လွတ်ကင်းသွားလေ၏။ ငုံးမင်းသစ္စာပြု၍ မီးကွင်းသွားသောအရပ်ကို ဤကမ္ဘာအတွင်း ဘယ်တောမှ မီးလောင်တော့မည် မဟုတ်၊ ထိုကြောင့် ဤဝဋ္ဋသုတ်ကို ချီးမွမ်းအမွမ်းတင်လိုသော ရှေးဆရာတော်တို့က "ကပ္ပဋ္ဌာယိ မဟာတေဇံ = တကမ္ဘာလုံးတည်တန့် အောင်တန်ခိုးကြီးသော ဝဋ္ဋဇာတ်" ကို ရွတ်ဆိုကြပါစို့ဟု အမွမ်းကို စီစဉ်ရေးသားကြခြင်းဖြစ်၏။

ထို့ကြောင့် ဤဝဋ္ဋသုတ်ပရိတ်မှာပါရှိသည့် အတ္ထိလောကေ စသည်မှာ စရိယာပိဋကမှသာ ပါရှိ၍ "သန္တိပက္ခာအပတနာ" စသော သစ္စာပြုဂါထာမှာ စရိယာပိဋကနှင့် ဇာတကပါဠိတော် အဋ္ဌကထာမှာ လာသည်တို့ကို ထုတ်နုတ်၍ရှေးဆရာတို့ စီစဉ်ထားခြင်းဖြစ်ပေသည်။

## ဝဋ္ဋသုတ် ပရိတ်မွမ်း

၇၂။ ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ ဝဋ္ဋဇာတိယံ။
ယဿ တေဇေန ဒါဝဂ္ဂိ၊ မဟာသတ္တံ ဝိဝဇ္ဇယိ။
၇၃။ ထေရဿ သာရိပုတ္တဿ၊ လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၇၂-၇၃။ အလောင်းတော်သည် ပါရမီဖြည့်တော်မူစဉ် ငုံးမင်း၏သစ္စာတန်ခိုးကြောင့် တောမီးသည်ထို ငုံးမင်းကိုရှောင်ကွင်းခဲ့လေပြီ။ တရားစစ်သူကြီး ရှင်သာရိပုတ္တရာအား (စရိယာ

ပိဋကတွင်) ဘုရားရှင်ဟောတော်မူသောတကမ္ဘာလုံးတိုင်အောင် တည်တန့်နိုင်သော အစွမ်းအာနုဘော်ရှိသော ဝဋ္ဋသုတ် ပရိတ်တော်ကိုငါတို့ရွတ်ကြကုန်စို့။

## ငုံးမင်းအကြံရပုံ

၇၄။ အတ္ထိလောကေ သီလဂုဏော၊
သစ္စံ သောစေယျ နုဒ္ဒယာ၊
တေန သစ္စေန ကာဟာမိ၊
သစ္စကိရိယ မုတ္တမံ။

၇၄။ **လောက၌ သီလအကျင့်တရား သစ္စာအမှန်တရား** ဒုစရိုက်အပြစ်တို့မှ စင်ကြယ်ခြင်း သနားကြင်နာမှု မေတ္တာကရုဏာတို့သည် ထင်ရှားရှိကြကုန်၏။ ထိုတရားများတွင် ပါဝင်သော သစ္စာတရားဖြင့်ထူးမြတ်သောသစ္စာဆိုမှုကိုငါပြုတော့အံ့။

## အကြံအတိုင်း သစ္စာပြုခဲ့ပုံ

၇၅။ အာဝဇ္ဇေတွာ ဓမ္မဗလံ၊ သရိတွာ ပုဗ္ဗကေ ဇိနေ။
သစ္စဗလ မဝဿာယ၊ သစ္စကိရိယ မကာသ ဟံ။

၇၅။ ငါသည် တရားတော်တို့၏ အစွမ်းအာနုဘော် တို့ကို ဆင်ခြင်အောက်မေ့ပြီးလျှင် ရှေးအခါကပွင့်တော်မူပြီးကုန်သော ငါးမာန်အောင်မြင် ဘုရားရှင်တို့၏ဂုဏ်တော်တို့ကို အောက်မေ့ကာသစ္စာအစွမ်းကို အားကိုးတနအမှီပြု၍ သစ္စာဆိုမှုပြုခဲ့ပေပြီ။

## သစ္စာပြု စကား

၇၆။ သန္တိ ပက္ခာ အပတနာ၊ သန္တိ ပါဒါ အဝဉ္စနာ။
မာတာ ပိတာ စ နိက္ခန္တာ၊ ဇာတဝေဒ ပဋိက္ကမ။

၇၆။ ငါ့အား အတောင်များရှိနေ၏။ ပျံကားမပျံနိုင်။ ငါ့အားခြေထောက်များရှိနေ၏။ သွားကား မသွားနိုင်။ ငါ့မိငါ့ဖတို့သည်လည်းအသက်ဘေးကြောင့် ရှောင်ပြေးထွက်ခွါကြကုန်ပြီ၊ အိုတောမီး(ဤသစ္စာစကားကြောင့်) ငါ့အားရှောင်ရှားလော့။

## သစ္စာအစွမ်းပြ နိဂုံး

၇၇။ သဟသစ္စေကတေ မယှံ၊
မဟာပဇ္ဇလိတော သိခီ။
ဝဇ္ဇေသိ သောဠသ ကရီသာနိ၊
ဥဒကံ ပတွာ ယထာ သိခီ။
သစ္စေနမေ သမောနတ္ထိ၊
ဧသာမေ သစ္စပါရမီ။

၇၇။ ငါဘုရားသည် (ငါဘုရား အလောင်းတော် ငုံးမင်းသည်) သစ္စာပြုသည်နှင့် တပြိုင်နက် မီးတောက်ကြီးကို ရှေ့ရှုန်းလိုက်သောအခါ ငြိမ်းသက်သွားသကဲ့သို့ ကြီးမားသော အလျှံရှိသောတောမီးသည် ၁၆-ပယ်စာ အကွာအဝေး တိုင်အောင် ရှောင်ကွင်းငြိမ်းအေးလေ၏။ ငါ၏သစ္စာနှင့်တူသော တရားကားမရှိပြီ၊ ဤသစ္စာပြုမှုသည် ငါဘုရား၏ အထွဋ်အထိပ် ရောက်လာရသော သစ္စာပါရမီပင်ဖြစ်တော့သည်။

ဆရာ သော်င်းလွင်

## ဝဋ္ဋသုတ်မှာ သိစရာ

ဂါထာ၇၂-၇၃ သည် ဝဋ္ဋသုတ် ပရိတ်တော်ကို ရွတ်ချင်နချင် ကျင့်ချင်လာအောင် ရှေးဆရာတော်တို့ ရေးထည့်ထားသောအညွှန်းများဖြစ်၏။ ဂါထာ ၇၄-၇၅ ဖြင့် တောမီးဝိုင်းနေစဉ် မိဘနှစ်ပါးတို့ စွန့်ပစ်ထားသောကြောင့် အားကိုးရာမဲ့နေသောငုံးမင်းသည် သစ္စာဆိုခြင်းတည်းဟူသော အားကိုးတခုကိုစဉ်းစားမိသည့်အတိုင်း သစ္စာမပြုမီ ဘုရားရှင်များနှင့် တရားတော်တို့၏ ဂုဏ်တော်များ တန်ခိုးအာနုဘော်များကို ဆင်ခြင်အောက်မေ့ပြီးမှ သစ္စာပြုပုံတို့ကို ပြထား၏။

ဂါထာ ၇၆-ကား ဝဋ္ဋသုတ်ပရိတ်၏ အဓိကဖြစ်သော သစ္စာဆိုပုံပြဂါထာဖြစ်၏။ သစ္စာဆိုပုံမှာ ရိုးရိုးလေးဖြစ်၏။ အတောင်ရှိလျက်မပျံနိုင်၊ ခြေထောက်ရှိလျက်မသွားနိုင်၊ မိဘတို့ကလည်းစွန့်ထားခဲ့ပြီဟု ရိုးရိုးလေးဆို၏။ ဆိုသည့်သစ္စာသည် ဆိုသည့်အတိုင်း မှန်ကန်တိုသာ လို၏။ မှန်သော အရာတို့ဖြင့် သစ္စာပြုနိုင်ကြောင်းကိုပြ၏။ ဂါထာ ၇၇-သည်သစ္စာပြုခြင်း၏အကျိုးကိုပြ၍နိဂုံးချုပ်၏၊ သစ္စာတရား၏ အစွမ်းသတ္တိဆက်ပုံကိုပြသား၏။

ဝဋ္ဋသုတ် ပရိတ်ကို ရွတ်ဖတ်ကြားနာရသဖြင့် မီးဘေးမှကင်းဝေးသည်ဟုဆိုနိုင်၏၊ သတ္တဝါတို့တွင် တခါတရံ အားကိုးရာမဲ့၍ အကြပ်အတည်းနှင့်ကြုံရတတ်၏။ တနေရာရာသွားရာ၌တယောက်ထည်းဖြစ်၍ အားငယ်တတ်၏။ မိမိမှာ အမြဲတမ်း အဖော်ရှိနေသည်ကိုသတိမရ၊ ထိုအဖော်ကို ဤဝဋ္ဋပရိတ်က ဖော်ပြနေ၏။ ဆိုအဖော်ကား အမှန်တရားဘနုကို ဖော်ပြကာ သစ္စာဆိုမှု ဖြစ်၏။

၎င်းပြင်သစ္စာမဆိုမီ ဘုရားရှင်၏တန်ခိုးတော် တရားတော်၏တန်ခိုးတော်တို့ကိုအောက်မေ့ဆင်ခြင်ခြင်းဖြင့် ဘုရာဂုဏ် တရားဂုဏ်ဟူသောအဖော်များ မိမိမှာအမြဲရှိနေသည်ဟု ယုံကြည်နိုင်၏။

ဤဝဋ္ဋသုတ်ပရိတ်တော်သည် မီးဘေးတခုတည်းမှ ကာကွယ်သည်မဟုတ်၊ အကြပ်အတည်း ကြုံသောအခါ တကိုယ်တည်း အဖော်မဲ့ကြောက်ရွံ့သိမ်ငယ်နေသောအခါ ဘုရားဂုဏ်တရားဂုဏ်တော်တို့နှင့် သစ္စာတရားကို အဖော်ပြုနိုင်ကြောင်း ဖော်ပြလျက်ရှိပါသည်။

ဝဋ္ဋသုတ် ပြီး၏

# ဓဇဂ္ဂသုတ် နိဒါန်း

ဤဓဇဂ္ဂသုတ် ပရိတ်သည် ထူးခြား၏။ အခြားပရိတ်များမှာ ဟောရခြင်းအကြောင်းထူးနိဒါန်းအတ္ထုပ္ပတ္တိများရှိ၏။ သို့ရာတွင် ဤဓဇဂ္ဂသုတ်ကိုဟောရန် အခြေခံအကြောင်းမရှိချေ၊ ဘုရားရှင်အလိုတော်အရ ဟောတော်မူခြင်းဖြစ်သည်၊ ဘုရားရှင်သည် လူတို့က အန္တရာယ်ကင်း ဘေးရန်ရှင်းရန်အတွက် နတ်တို့ကိုပူဇော်ပသနေသည်ကိုတွေ့မြင်မည်၊နတ်များမှာ ရာဂ ဒေါသ မောဟပါ မကင်းသော ပုဂ္ဂိုလ်များဖြစ်၍ ၎င်းသိကြားမင်း နတ်မင်းများအား ကိုးကွယ်ပူဇော်မှုထက် ရာဂ ဒေါသ မောဟ ကိလေသာ

အညစ်အကြေးများ ကင်းစင်သည့် ဘုရားရတနာနှင့် ကင်းစင်အောင်ညွှန်ပြနိုင်သည့် တရားရတနာ ကင်းစင်အောင် ကျင့်ကြံနေသည့် ကင်းစင်နေသည့် သံဃာရတနာတို့ကို ကိုးကွယ်ပူဇော်စေလို၍ ဤဓဇဂ္ဂသုတ်ကို သံယုတ်ပါဠိတော်မှ ထုတ်နုတ်၍ပရိတ်တော်အဖြစ် ဖော်ပြထားခြင်းဖြစ်၏။

ဓဇဂ္ဂသုတ်အမွှမ်းတွင် ရှေးဆရာတော်ကြီးများက ဓဇဂ္ဂသုတ်ရွတ်ဖတ်နာကြားသူ၊ ကျင့်ကြံသူများကို မဆိုထားဘိ ဓဇဂ္ဂသုတ်ကိုအောက်မေ့သတိရရုံမျှဖြင့်ပင် ဓဇဂ္ဂသုတ် တန်ခိုးကြောင့် မြေပြင်မှာကဲ့သို့ ကောင်းကင်ပြင်မှာရပ်တည်နိုင်သည်ဟူသောစကားမှာဓဇဂ္ဂသုတ်အဖွင့်သံယုတ်အဋ္ဌကထာကို မှီငြမ်းပြု၍ပြထားခြင်းဖြစ်ပေသည်။ သီဟိုဠ်ကျွန်း ဒီဃဝါပိ စေတီ၌ အင်္ဂတေအချောကိုင်နေစဉ် ရဟန်းတော်တပါးသည် စေတီအထက်ဖျားမှလိမ့်ကျလာ၏။ထိုအခါ အောက်မှ ကြည့်နေသော ရဟန်းတို့က ငါ့ရှင်ဓဇဂ္ဂသုတ်ပရိတ်ကိုဆင်ခြင်အောက်မေ့ပါဟု လှမ်းအော်သတိပေးကြ၏၊ရဟန်းလည်း အထိတ်တလန့်ဖြင့် ဓဇဂ္ဂသုတ်ကိုအပြည့်အစုံမရွတ်အား၍ "ဓဇဂ္ဂပရိတ္တံ မံ ရက္ခတု=ဓဇဂ္ဂပရိတ်သည် ငါ့ကိုစောင့်ရှောက်ပါစေ"ဟု ဆိုလိုက်၏။

ထိုအခိုက်စေတီထဲမှအုတ်နှစ်ချပ်သည် အပြင်သို့ တိုးထွက်လာကာ လှေကားထစ်သဖွယ်ဖြစ်၍ ရဟန်းငယ်ကို ခံထား၏၊ ရဟန်းတော်များက ကြိုးလှေကားချ၍ ရဟန်းကို ကယ်တင်လိုက်သည်နှင့်တပြိုင်နက် အုတ်နှစ်ချပ်သည် သူ့မူလအတိုင်း ပကတိ ပြန်ဖြစ်သွား၏။

အထက်ပါ အဖြစ်အပျက်ကို အခြေခံ၍ ကောင်းကင်မှာပင် မြေပြင်မှာကဲ့သို့ရပ်တည်နိုင်၏ဟု ဆိုခြင်းဖြစ်၏။ ၎င်းပြင် ဘီလူး ခိုးသူတို့ ဘေးရန်မှ လွတ်သော အတ္တုပ္ပတ္တိ အကြောင်း ချင်းရာတို့ မှာမရေမတွက်နိုင်အောင် များပြား၏ဟု ပရိတ်မွမ်း၌ ပြထား သည်မှာသည်း သံယုတ်အဋ္ဌကထာပါအတိုင်းပင်ဖြစ်၏။

နတ်ပြည်၌ နတ်တို့တိုက်ပွဲဖြစ်သည်ဆိုသည်မှာ တာဝတိံသာ နတ်ပြည်၏မူလပိုင်ရှင်ဟောင်းဖြစ်သော အသူရာနတ်တို့နှင့်မာဃ အမှူးရှိသောသိကြားမင်းနှင့် အခြံအရံပါနတ်တို့ တိုက်ပွဲပင်ဖြစ် ၏။ မာဃအမှူးရှိသော နတ်သားအသစ်တို့ တာဝတိံသာနတ် ပြည်သို့ရောက်လာသောအခါ မူလရှိရင်းစွဲ အသူရာတို့က "ဂန္ဓပါ" ခေါ် အကောင်းစား အရက်တမျိုးဖြင့် ဧည့်ခံပွဲကြီး ကျင်းပ၏။ ထိုဧည့်ခံပွဲတွင် သိကြားမင်းကသူ၏တပည့် နတ်တို့အားအရက်ကို ခလျှော့သောက်ရန်မှာထား၏။ အသူရာတို့အကြီးအကျယ် အရက် သောက်၍မူးမေ့နေသောအခါ မာဃနှင့်အဖွဲ့သားများကအသူရာ တို့ကိုမ၍မြင်းမိုရ်တောင်အောက်သို့ပစ်ချ၏။

အသူရာနတ်တို့ တန်ခိုးကြောင့် မြင်းမိုရ်တောင်ခြေတွင် တာ ဝတိံသာနှင့်တူသော နတ်မြို့တမြို့ဖြစ်နေ၏။ အသူရာတို့အမူးပြေ သောအခါ တာဝတိံသာဟုပင် ထင်နေ၏။ တာဝတိံသာတွင် စာသစ်ပင်ကြီးရှိသကဲ့သို့ အသူရာပြည်သစ် တွင်လည်း သခွပ်ပင် ကြီးရှိနေ၏။ ထိုသခွပ်ပင်ကြီးပွင့်သောအခါမှ သူတို့၏မူလနေရာ တာဝတိံသာ မဟုတ်ကြောင်းသိ၏။ မာဃနှင့်အဖွဲ့က သူတို့နေ ရာကိုအပိုင်စီးလိုက်ကြောင်းသတိရ၏။ ထိုအခါမှ တာဝတိံသာ သို့တက်ကာတိုက်ခိုက်ကြ၏။ ထိုသို့တာဝတိံသာ နတ်တို့နှင့်အသူ

ရာနတ်တို့စစ်တိုက်သည့်ကိစ္စကိုအစွဲပြု၍ နတ်တို့စစ်ဖြစ်ကြသည်ဟု ဆိုထားခြင်း ဖြစ်၏။

ထိုနတ်တို့ စစ်ပွဲတွင် သိကြားမင်းက သူ၏ နတ်စစ်သည်တို့အား ကြောက်ရွံထိတ်လန့်ခြင်းဖြစ်ပါက သူ၏နတ်ရထားဦးတွင် စိုက်ထူထားသော အလံတန်ခွန်ကို မော်၍ကြည့်ကြ၊ အလံကို မြင်ရလျှင် အားတက်လ၍ ကြောက်စိတ်များ ပြေပျောက်သွားမည်၊ ငါ့သိကြားမင်း၏အလံကို မကြည့်မိလျှင် ပဇာပတိနတ်မင်း၊ ဝရုဏနတ်မင်း၊ ဤသာနနတ်မင်း၏ အလံကိုမော့ကြည့်က ၎င်းတို့အလံကိုမြင်လျှင် အားတက်၍ ကြောက်စိတ်ပြေမည်ဟုပြော၏။

သိကြားမင်းက မည်သို့ပြောစေကာမူ ဘုရားရှင်က သိကြားမင်း၏အလံကို မော့ကြည့်၍ ကြောက်စိတ်ပျောက်သည်လည်းရှိသည်။ မပျောက်သည်လည်းရှိသည်။ ထိုသိကြားမင်းပင် ရာဂဒေါသ မောဟမကင်းသေး၍ သူကိုယ်တိုင် ကြောက်စိတ်ရှိနေသေးသောကြောင့်ဖြစ်၏ဟု အကြောင်းပြပြီးနောက် ရဟန်းတို့ တောအရပ်၊ သစ်ပင်ရင်း ဆိတ်ငြိမ်ရာကိုရောက်နေစဉ် သင်တို့ ကြောက်စိတ်ဖြစ်လာလျှင် ငါဘုရားဂုဏ် သို့မဟုတ်တရားတော်၏ဂုဏ် သို့မဟုတ် သံဃာတော်၏ဂုဏ်ကို အောက်မေ့ကြ ရွတ်ဆိုပွားများကြ၊ ငါဘုရားက ရာဂ၊ ဒေါသ၊ မောဟကင်းပြီးသားဖြစ်၍ ကြောက်လန့်တုန်လှုပ် ကြက်သီးထခြင်း လုံးဝမရှိသည့်အတွက် ရတနာသုံးပါးဂုဏ်ကို အောက်မေ့ရွတ်ဆို ပွားများကြသူတို့လည်း မုချကြောက်စိတ်ပြေရမည်ဟု ဟောတော်မူထား၏။

## ဓဇဂ္ဂသုတ်အမွှမ်း

၇၈။ ယဿာနုဿရဏေနာပိ၊ အန္တလိက္ခေပိ ပါဏိနော။
ပတိဋ္ဌ မဓိဂစ္ဆန္တိ၊ ဘူမိယံ ဝိယ သဗ္ဗထာ။
၇၉။ သဗ္ဗုပဒ္ဒဝဇာလမှာ၊ ယက္ခ စောရာဒိသမ္ဘဝါ။
ဂဏနာ န စ မုတ္တာနံ၊ ပရိတ္တံ တံ ဘဏာမဟေ။

၇၈-၇၉။ သူတော်ကောင်းတို့ ဓဇဂ္ဂသုတ် ပရိတ်တော်ကို **အောက်**မေ့ရုံမျှဖြင့်သော်လည်း သတ္တဝါတို့သည် ကောင်းကင် ပြင်မှာပင်မြေပြင်မှာကဲ့သို့ ရပ်တည်နိုင်၏၊ ဘီလူး ခိုးသူ စသည်တို့ ကြောင့် ဖြစ်သော ဘေးရန်အပေါင်းမှ လွတ်ကုန်သော သတ္တဝါ တို့အား မရေတွက်နိုင်အောင် များပြား၏။ ထိုဓဇဂ္ဂပရိတ်ကို ငါ တို့ ရွတ်ဖတ်ကြစို့။

## ဓဇဂ္ဂသုတ် နိဒါန်း

ရှင်အာနန္ဒာ လျှောက်ထားချက်-

၈၀။ ဧဝံ မေ သုတံ-
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

၈၁။ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ
“ဘိက္ခဝေါ’တိ။
“ဘဒန္တေ” တိ တေ ဘိက္ခူ ဘဂဝတော
ပစ္စဿောသုံ။ ဘဂဝါ ဧတဒဝေါစ—
ဘူတပုဗ္ဗံ ဘိက္ခဝေ

ဒေဝါသူရသင်္ဂါမေ သမုပဗျူဠှေ အဟောသိ။
အထခေါ ဘိက္ခဝေ သက္ကော ဒေဝါနမိန္ဒော
ဒေဝေ တာဝတိံသေ အာမန္တေသိ-
"သစေ မာရိသာ ဒေဝါနံ သင်္ဂါမဂတာနံ
ဥပ္ပဇ္ဇေယျ
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
မမေဝတသ္မိံ သမယေ ဓဇဂ္ဂံ ဥလ္လောကေယျာထ
မမံဟိဝေါ ဓဇဂ္ဂံ ဥလ္လော ကယတံ ယံ ဘဝိဿတိ
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတိ။

၈၀-၈၁။ အရှင်ဘုရား၊ တပည့်တော် ဤသို့ကြားနာခဲ့ရပါသည်။ အခါတပါး ဘုရားမြတ်စွာသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး လှူဒါန်းသည့် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူပါသည်။

ထိုဇေဝန်ကျောင်း၌ပင် ဘုရားရှင်က ရဟန်းတို့ ရှေးအခါက တာဝတိံသာနတ်နှင့် အသူရာနတ်တို့ စစ်ဖြစ်ကြပါသည်။ ထိုအခါ သိကြားမင်းက တာဝတိံသာနတ်တို့အား မိန့်ဆိုသည်မှာ အမောင်နတ်သားတို့....စစ်မြေပြင်၌ ရောက်နေကြကုန်သော သင်တို့အား ကြောက်လန့်တုန်လှုပ် ကြက်သီးများထခဲ့လျှင် ငါ၏ အလံတော်ထိပ်ဖျားကို မော့၍ကြည့်ကြကုန်လော့၊ အကြောင်းမှာ ငါ၏အလံတော်ကို မော့ကြည့်ကုန်သော သင်တို့အား ကြောက်လန့်တုန်လှုပ် ကြက်သီးထခြင်းများ ပြေပျောက်ကြမည် ဖြစ်သောကြောင့်သာတည်း။

## အခြားအလံတော်များကိုကြည့်ရန်

၇၂။ နော စေ မေ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊ အထ
ပဇာပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ။
ပဇာပတိဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ
ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ
ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၇၃။ နော စေ ပဇာပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လော
ကေယျာထ၊ အထ ဝရုဏဿ ဒေဝရာဇဿ
ဓဇဂ္ဂံ ဥလ္လောကေယျာထ၊
ဝရုဏဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ
ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ
ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော
ပဟီယိဿတိ။

၇၄။ နော စေ ဝရုဏဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လော
ကေယျာထ၊ အထ ဤသာနဿ ဒေဝရာဇဿ ဓဇဂ္ဂံ
ဥလ္လော ကေယျာထ။ ဤသာနဿ ဟိ ဝေါ ဒေဝ
ရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ တံဘယံ
ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော
ပဟီ ယိဿတီ တိ။

၇၂။ ငါ၏အလံကို မော့မကြည့်မိကုန်အံ့၊ ပဇာပတိ အမည်ရှိသော နတ်မင်း၏အလံတော်ကို မော့၍ကြည့်ကြကုန်လော့။

၁၃။ အကယ်၍ ပဇာပတိနတ်မင်း၏အလံကို မော့မကြည့်မိကုန်အံ့၊ ဝရုဏနတ်မင်း၏ အလံတော်ကို မော့၍ ကြည့်ကြကုန်လော့။

၁၄။ အကယ်၍ ဝရုဏနတ်မင်း၏အလံကို မော့၍မကြည့်မိကုန်အံ့၊ ဤသာန နတ်မင်း၏ အလံတော်ကို မော့၍ ကြည့်ကြကုန်လော့။

အကြောင်းမှာ ပဇာပတိ ဝရုဏနှင့် ဤသာန နတ်မင်းတို့၏ အလံတို့ကို မော့ကြည့်ကြကုန်သော သင်တို့အား ဖြစ်ပေါ်လာမည့် ကြောက်ရွံ့ထိတ်လန့် ကြက်သီး ထခြင်းများသည် ပြေပျောက်ကြမည် ဖြစ်သောကြောင့်တည်း။

## ဘုရားရှင်ဟောပြချက်

၁၅။ တံ ခေါ ပန ဘိက္ခဝေ သက္ကဿ ဝါ ဒေဝနမိန္ဒဿ
ဓဇဂ္ဂံ ဥလ္လောကယတံ ပဇာပတိဿ ဝါ ဒေဝရာဇဿ
ဓဇဂ္ဂံ ဥလ္လောကယတံ ဝရုဏဿ ဝါ ဒေဝရာဇဿ
ဓဇဂ္ဂံ ဥလ္လောကယတံ ဤသာနဿ ဝါ ဒေဝရာဇဿ
ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ
ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သောပဟီ
ယေထာပိ နောပိ ပဟီယေထ။

၁၆။ တံ ကိဿ ဟေတု
သက္ကော ဟိ ဘိက္ခဝေ ဒေဝါနမိန္ဒော အဝီတရာဂေါ
အဝီတဒေါသော အဝီတမောဟော ဘီရု ဆမ္ဘီ
ဥတြာသီ ပလာယီတိ။

၁၅။ ရဟန်းတို့ ထိုသိကြားမင်း ပဇာပတိ ဝရုဏနှင့် ဤသာန နတ်မင်းတို့၏အလံတော်ကို မော့၍ကြည့်ကုန်သော နတ်တို့အား ဖြစ်ပေါ်သော ကြောက်ရွံ့ ထိတ်လန့် ကြက်သီးထခြင်းတို့သည် ပျောက်သည့်အခါလည်းရှိ၏။ မပျောက်သည့် အခါလည်း ရှိ၏။

၁၆။ ထိုသို့ ရံခါပျောက်၍ ရံခါမပျောက်ရသည်မှာ အဘယ် ကြောင့်နည်းဟူမူကား ရဟန်းတို့ နတ်တို့ကို အစိုးရသော သိကြားမင်း( နှင့် ကျန်နတ်မင်း သုံးပါး )တို့သည် ရာဂ ဒေါသ မောဟ မကင်းသေးသည်ဖြစ်၍ သူတို့ကိုယ်တိုင် ကြောက်တတ် တုန်လှုပ်တတ် ထိတ်လန့်တတ် ထွက်ပြေးတတ်ကြသောကြောင့်တည်း။

## ဘုရားဂုဏ်ပွားရန်ဘုရားဟော

၁၇။ အဟဉ္စ ခေါ ဘိက္ခဝေ ဧဝံ ဝဒါမိ—

သစေ တုမှာကံ ဘိက္ခဝေ အရညဂတာနံ ဝါ ရုက္ခမူလဂတာနံ ဝါ သုညာဂါရဂတာနံ ဝါ ဥပ္ပဇ္ဇေယျ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ မမေဝ တသ္မိံ သမယေ အနုဿရေယျာထ။

၁၈။ ရဟန်းတို့ ငါဘုရားသည်ကား ဤသို့ဟောကြားတော်မူ၏။ အကယ်၍ တောအရပ် သစ်ပင်ရင်း ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်ရောက်ကုန်သော သင်ရဟန်းတို့အား ကြောက်ရွံ့ တုန်လှုပ် ကြက်သီးထခြင်းဖြစ်ခဲ့သော် ငါဘုရား၏ဂုဏ်တော်တို့ကို အောက်မေ့ကြကုန်လော့။

၉၂။ တရားတော်ဂုဏ်ကို အောက်မေ့သူတို့အား ကြောက်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးထခြင်းတို့ပျောက်ကုန်လတံ့။

## သံဃာဂုဏ်ကို ပွား

၉၃။ နော စေ ဓမ္မံ အနုဿ ရေယျာထ၊ အထ သံဃံ
အနုဿ ရေယျာထ

၉၃။ တရားတော်ဂုဏ်ကို မအောက်မေ့မိငြားအံ့၊ သံဃာတော်ဂုဏ်ကို အောက်မေ့ကြကုန်လော့၊

## သံဃဂုဏ်တော် ၉-ပါး

၉၄။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသဘဂဝတော သာဝကသံဃော အာဟုနေယျော ပါဟုနေယျော ဒက္ခိနေယျော အဉ္ဇလီကရဏီယော အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ တိ။

၉၄။ ဘုရားရှင်၏ တပည့်သားသံဃာတော်သည် ကောင်းစွာကျင့်တော်မူ၏။ ဖြောင့်မတ်စွာ ကျင့်တော်မူ၏။ နိဗ္ဗာန်ရရန် ရည်သန်၍ကျင့်တော်မူ၏။ လူ့နတ်တို့ အရိုအသေခံထိုက်အောင် ကျင့်တော်မူ၏။ လေးစုံရှစ်ပါး ဘုရားသားတော် သံဃာတော်တို့သည် အဝေးမှဆောင်ယူ၍ လှူသောအလှူကိုပင် ခံထိုက်၏။

ညှော့သည်ကောင်းတို့အတွက် စိမ့်သောဝတ္ထုကို အလှူခံထိုက်၏။ လက်အုပ်ချီမိုးရှိခိုးခြင်းကို ခံတော်မူထိုက်၏။ ကောင်းမှုကုသိုလ် စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူ၏။

## အကြောက်ပြေမည်

၉၅။ သံဃံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံ **သော** ဝါ၊
သော ပဟီယိဿတိ။

၉၅။ သံဃာတော်ဂုဏ်ကို **အောက်မေ့သော** သူတို့အား
ကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြက်သီးထခြင်းတို့
ပြေပျောက်ကုန်လတ့်။

## ဂုဏ်တော်ပွားရှ်အကြောက်ပြေကြောင်း

၉၆။ တံ ကိဿ ဟေတု
တထာဂတော ဟိ ဘိက္ခဝေအရဟံ သမ္မာသမ္ဗုဒ္ဓေါ
ဝီတရာဂေါ ဝီဘဒေါသော ဝီတမောဟော အဘီရု
အဆမ္ဘီ အနုတြာသီ အပလာယီတိ။

၉၆။ ထိုသို့ကြောက်ရွံ့ထိတ်လန့်ကြက်သီးထခြင်း ပျောက်ရသည်မှာ အဘယ်ကြောင့်နည်း၊ ရဟန်းတို့ ပူဇော်အထူးကို ခံထိုက်သောတရားအပေါင်းကို ဆရာမရှိကိုယ်တော်တိုင်သိတော်မူသော ငါဘုရားသည် ရာဂ ဒေါသ မောဟ ကင်းတော်မူသည်ဖြစ်၍ မကြောက်လန့်၊ မတုန်လှုပ်၊ မထိတ်လန့်၊ ပြေးလေ့ရှိတော်မမူသောကြောင့်တည်း။

## ဂုဏ်တော်ပွားရန် ၃-ဂါထာဖြင့်ဆက်ဟောခြင်း

၉၇။ ဣဒမဝေါစ ဘဂဝါ၊ ဣဒံဝတွာန သုဂတော
အထာပရံ ဧတဒဝေါစသတ္ထာ။

၉၇။ မြတ်စွာဘုရားသည် ဤသဇေတုမ္မာကံဘိက္ခဝေစသော စုဏ္ဏိယစကားပြေကို ဟောကြားတော်မူပြီး၊ ထို့နောက်တပါးသော အောက်ပါဂါထာ ဗန္ဓဓမ္မဒေသနာတော်ကို ဟောကြားတော်မူပေသည်။

### ဘုရားဂုဏ်ပွားရန်

၉၈။ အရညေ ရုက္ခမူလေ ဝါ၊ သုညာဂါရေဝ
ဘိက္ခဝေါ။
အနုဿရေထ သမ္ဗုဒ္ဓံ၊ဘယံတုမှာက နောသိယာ။

၉၈။ ရဟန်းတို့ကောအရပ် သစ်ပင်ရင်း ဆိပ်ငြိမ်ရာအရပ်သို့ ကပ်ရောက်ကုန်သော သင်တို့သည် ငါဘုရားကို အဖန်ဖန်အောက်မေ့ကြကုန်လော။ ဤသို့အောက်မေ့သောသင်တို့အား ကြောက်လန့်ခြင်းမဖြစ်လတ့ံ။

### တရားဂုဏ်ပွားရန်

၉၉။ နောစေ ဗုဒ္ဓံသရေယျာထ၊ လောကဇေဋ္ဌံ
နရာသဘံ။

အထ ဓမ္မံ သရေယျာထ၊ နိယျာနိကံ သုဒေသိတံ။

၉၉။ လောကတွင် အကြီးဆုံးဖြစ်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်

မြတ်ဖြစ်တော်မူသော ငါဘုရားကို မအောက်မေ့မိ ငြားအံ့။ သံသရာမှ ထွက်မြောက်ရန်ကောင်းစွာ ဟောတော်မူအပ်သော တရားတော်ကို အောက်မေ့ကြကုန်လော။

## သံဃဂုဏ်ပွားရန်

၁၀၀။ နောစေ ဓမ္မံ သရေယျာထ၊ နိယျာနိကံ သုဒေသိတံ။
အထ သံဃံ သရေယျာထ၊ ပုညက္ခေတ္တံ
အနုတ္တရံ။

၁၀၀။ သံသရာမှ ထွက်မြောက်တတ်သော ကောင်းစွာ ဟောကြား မြတ်တရားကို မအောက်မေ့ မိကုန်ငြားအံ့။ အတုမရှိသော ကောင်းမှုတည်းဟူသော မျိုးစေ့ကိုစိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်သော သံဃာတော်ကို အောက်မေ့ကြကုန်လော။

## ဂုဏ်တော်ပွားရကျိုး

၁၀၁။ ဧဝံ ဗုဒ္ဓံသရန္တာနံ၊ ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ။
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ၊ လောမဟံသော
န ဟေဿတိ။

၁၀၁။ ရဟန်းတို့ ဤငါဘုရား ညွှန်ကြားတော် မူသည့်အတိုင်းငါဘုရားကိုရင်း၊ တရားတော်မြတ်ကိုရင်း၊ သံဃာတော်မြတ်ကိုရင်း၊ အမှတ်ဘရ အောက်မေ့ကြကုန်သော သင်တို့အား ကြောက်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးထခြင်းတို့သည် ဖြစ်လိမ့်မည်မဟုတ်တော့ပေ။

ဆရာ သောင်းလွင်

## ဓဇဂ္ဂသုတ်မှာသိစရာ

ဤဓဇဂ္ဂသုတ်မှာ ဘုရားဂုဏ်တော် ၉ ပါး၊ တရားဂုဏ်တော် ၆ ပါး၊ သံဃာဂုဏ်တော် ၉ ပါးကို အောက်မေ့ ပွားများရန် ဟောကြားထား၏။ ဗုဒ္ဓခေတ် အိန္ဒိယပြည်တွင်ရင်း၊ ယခုမြန်မာနိုင်ငံတော်တွင်ရင်း၊ လူတို့ အထူးလေးစား အားကိုးနေကြသည့် သိကြားမင်း ပဇာပတိ ဝရုဏ ဤသာန နတ်မင်းတို့၏ အလံကို မော့ကြည့်လျှင် သို့မဟုတ်ရင်းတို့ကို ကိုးကွယ်ဆည်းကပ်လျှင် ကြောက်ရွံ့ ထိတ်လန့်တုန်လှုပ်ခြင်းတို့ မုချပျောက်မည်ဟု မဆိုနိုင်၊ ရန်ခါပျောက်၍ ရန်ခါမပျောက်၊ ဤသို့ဖြစ်ရသည်မှာ ၎င်းနတ်မင်း၊ သိကြားမင်းတို့ကိုယ်တိုင် ရာဂ၊ ဒေါသ၊ မောဟ မကင်းသေးသည်ဖြစ်၍ ကြောက်ရွံ့ တုန်လှုပ်ထိတ်လန့်ပြေးလွှားနေတတ်သောကြောင့်ဖြစ်သည်။

ဘုရားရှင်သည် တောအရပ် သစ်ပင်ရင်း ဆိတ်ငြိမ်ရာသို့ ကပ်နေကြသူ ရဟန်းတို့အား ကြောက်ရွံ့ ထိတ်လန့်တုန်လှုပ်ခဲ့သော် ရတနာသုံးပါး ဂုဏ်ကို အဖန်ဖန် အောက်မေ့ကြ အောက်မေ့လျှင် ကြောက်ရွံ့ထိတ်လန့်တုန်လှုပ်မှုပျောက်ကင်းမည်။ အကြောင်းမှာ ဘုရားရှင်သည် ရာဂ၊ ဒေါသ၊ မောဟ ကင်းပြီးသည်ဖြစ်၍ မကြောက်မလန့် မတုန်လှုပ်တတ်သောကြောင့်ဖြစ်၏

ဤသို့ ရတနာသုံးပါးနှင့် သိကြားစသော နတ်မင်းကြီးတို့ကို နှိုင်းယှဉ်ဟောပြသည်မှာ အကြောင်းရှိ၍ ဘုရား သက်တော်ထင်ရှားရှိစဉ်နှင့် ဘုရားမပွင့်မီအခါက လူတို့သည် နတ်တို့ကို အကြီးအကျယ် ကိုးကွယ်ဆည်းကပ်နေကြ၏။ ထိုသို့ အများယုံ

ကြည်ဆည်းကပ်နေသည်ကိုလည်း မဆန့်ကျင်စေဘဲ သိကြားမင်းစသော နတ်မင်းတို့နှင့် ရဟန္တာသုံးပါဂုဏ်ကျေးဇူးကို နှိုင်းယှဉ်ပြလိုက်သဖြင့် နတ်ကိုးကွယ်မှုထက် ရတနာသုံးပါး ကိုးကွယ်မှုကို ပြုလုပ်ကြဟု သွယ်ဝိုက်တိုက်တွန်းခြင်းဖြစ်၏။

ဘုရားရှင်က ရဟန်း တို့အား ဟောကြားတော်မူသော ကြောက်ရွံ့ထိတ်သန့်ခြင်းဖြစ်လျှင် ရတနာသုံးပါဂုဏ်ကို အောက်မေ့ကြဟူသောဒေသနာတော်ကိုလေးနက်စေရန်အတွက်သိကြားမင်းက နတ်တို့ကိုပြောသော စကားရပ်များကို ပြထားခြင်းဖြစ်၏။ ရဟန်း (သို့မဟုတ်) လူတို့က သိကြားမင်း စသည်တို့ကို ကိုးကွယ်ရမည်ဟု ဆိုလိုရင်းမဟုတ်။

## ရှင်ဖျက်ဇောင်

ပရိတ်ကြီးပါဠိများမှာ အများအားဖြင့် ဂါထာဗန္ဓများဖြစ်၍ ရွတ်ဖတ်ရာ၌ ချောမော၏။ ဤဓဇဂ္ဂသုတ်မှာ အများအားဖြင့် စကားပြေများဖြစ်၍ ကျက်မှတ်ရွတ်ဆိုရခက်၏။ ပရိတ်ကြီးသင်သော ရှင်သာမဏေတို့သည် ဓဇဂ္ဂသုတ်ကိုသင်သောအခါ ကျက်မှတ်ရ ခက်ခဲသောကြောင့် လူထွက်၍ ကျောင်းမှပြေးတတ်၏။ ထို့ကြောင့် "ဓါးကိုဖျက် ဝါးချက်၊ ရှင်ကိုဖျက် ဓဇဂ်" ဟု ဆိုရိုးပြုခဲ့ကြလေသည်။

## ဂုဏ်တော်သာပွား

အကယ်၍ ဓဇဂ္ဂသုတ် ပရိတ်တော် ပါဠိကို ကျက်မှတ်ရွတ်ဖတ်ရ ခက်ခဲနေလျှင် ဤဓဇဂ္ဂသုတ်ပရိတ်၏ အနှစ်သာရဖြစ်သော

ဘုရားဂုဏ်တော် ပြဋ္ဌာန်းထားသော ဂါထာ၊ တရားဂုဏ်တော် ပြ သက္ခာတော ဘဂဝါ ဓမ္မော၊ သံဃာဂုဏ်တော်ပြ သုပ္ပဋိပန္နော စသောသုံးပုဒ်ကို ပါဠိဘာသာဖြင့်ရွတ်ပါ။ မြန်မာဘာသာဖြင့် ဂုဏ်တော်များကို နှလုံးသွင်းပွားများပါ။ ဂုဏ်တော်များမှ တ ပါးသောစာသားများမှာ ဂုဏ်တော်တို့ကို ပွားချင်လာအောင် သိုင်းဝိုင်း၍ ပြထားခြင်းများသာ ဖြစ်ပါသည်၊ အပြည့်အစုံ ရွတ်နိုင်လျှင်ကား ပို၍ကောင်းပါ၏။

ဓဇဂ္ဂသုတ်ပြီး၏။

# အာဋာနာဋိယသုတ်နိဒါန်း

အာဋာနာဋိယသုတ် ပရိတ်တော်ကို ဒီဃနိကာယ်သုတ်ပါထေ ပါဠိတော်မှ ထုတ်နုတ်ထားသည်။ သို့ရာတွင် ပါဠိတော်လာသုတ် တခုလုံးကို ထုတ်နုတ်ထားခြင်းမဟုတ်၊ သုတ်၏အစပိုင်း ဝေဿ ဝဏ်နတ်မင်းကြီးက ဝိပဿီစသော ဘုရား၇-ဆူကိုရှိခိုးသော ဂါထာများကိုသာယူ၍ အခြားဂါထာများကို ရှေးဆရာတော်တို့ က သင့်လျော်အောင် စီစဉ်ထည့်သွင်းထားခြင်းဖြစ်သည်။ သုတ် တခုလုံးကို မထုတ်သည်မှာ အကြောင်းရှိသည်။ အာဋာနာဋိယ သုတ်သည် အတော်ရှည်လျားသည်။ ၎င်းပြင် အာဋာနာဋိယ အရံအတားပြုပါလျက် လူတို့အား ဒုက္ခပေးနေသောဘီလူး၊

သားရဲတို့အား တန်ခိုးကြီးသောဘီလူးကြီးများထံ တိုင်တန်းခြင်းများပါရှိ၍ အာဏာပြင်းထန်သည့်အတွက် ၎င်းသုတ်ကို သူ့မူရင်းအတိုင်း နေရာတကာတွင် မရွတ်သင့်သောကြောင့် ဖြစ်သည်ဟုဆိုသည်။ အကယ်၍ ဘီလူး သားရဲ တစ္ဆေများဖမ်းဆီ ခံရလျှင် အခြားပရိတ်များကို အရင်ရွတ်ရမည်။ အခြားပရိတ်များရွတ်၍ မရမှ အာဋာနာဋိယသုတ်မူရင်းကို ရွတ်ရမည်ဟု သုတ်ပါထေယျအဋ္ဌကထာတွင် ပြထားပါသည်။ ဘုရားရှင် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံးတော်မူစဉ် နတ်မင်းကြီးလေးယောက်တို့သည် ဘီလူးဂန္ဓဗ္ဗ ကုမ္ဘဏ် နဂါးစသည်တို့ကို မြို့တံခါးလေးဘက်တွင် အစောင့်ထားလျက် ဘုရားသခင်ထံ ချည်းကပ်၏။

ထိုနောက် ဝေဿဝဏ်နတ်မင်းကြီးက မြတ်စွာဘုရား-အချို့ဘီလူးတို့သည် ဘုရားရှင်အား မကြည်ညိုကြကုန်။ တောကျောင်း၌နေသော ရဟန်းတို့၏အနီးတွင် ဘီလူးများ ရှိတတ်ပါသည်။ ထိုဘီလူးများ သာသနာကို ကြည်ညိုစေရန် မြတ်စွာဘုရားသည် ရဟန်းတော်များနှင့် လူဘကာများအား အာဋာနာဋိယသုတ်ပရိတ်ကို သင်ပေးတော်မူပါဟု လျှောက်၏။ ဘုရားရှင်က ဆိတ်ဆိတ်နေ၍ လက်ခံတော်မူ၏။ ထိုအခါ ဝေဿဝဏ်နတ်မင်းကြီးသည် ဘုရားရှင် လက်ခံမှန်းသိသဖြင့် အာဋာနဋမည်သော နတ်မြို့တော်၌ ဖွဲ့ဆို သီကုံးခဲ့သည် ဖြစ်၍ အာဋာနာဋိယ မည်သော "ဝိပဿိဿ စနမတ္ထု" စသည့် အစောင့်အရှောက်ဂါထာတို့ကို ရွတ်ဆိုလျှောက်ထား၏။

ထိုအာဋာနာဋိယပရိတ်ကို ရွတ်ဖတ်ပွားများသူ ရဟန်းနှင့် လူတို့အား ဘီလူးကုမ္ဘဏ် ဂန္ဓဗ္ဗ နဂါးတို့က ပူးဝင်ဖမ်းစားသော်

ရှင်းတို့သည် နတ်မင်းကြီးအဓိန့်ကိုဆန့်ကျင်သူများဖြစ်ကြပါမည်၊ ထိုဘီလူးတို့ ဖမ်းစားပူးဝင်နေကြောင်းကို ဣန္ဒ သောမ စသော နတ်မင်းနတ်စစ်သူကြီးများကို တိုင်တန်းရမည်။ ထိုသို့လျှောက်ထားပြီးနောက် နတ်မင်းကြီးလေးပါးတို့ပြန်သွားကုန်၏။ နံနက်လင်းသောအခါ ဘုရားရှင်လည်း ရဟန်းတို့အား နတ်မင်းကြီးလျှောက်ချက်အတိုင်း ပြန်ဟော၏။ ဤအာဋာနာဋိယပရိတ် အရံအတားကို သင်ယူလေ့လာဆောင်ထားလော၊ ရဟန်းနှင့်လူတို့ ချမ်းသာစွာနေရန် အကာအကွယ် အစောင့်အရှောက်ဖြစ်မည်ဟု ဟောတော်မူ၏။ ဤကား မူလ အာဋာနာဋိယသုတ်၏ ဆိုလိုရင်းအချုပ်ဖြစ်၏။

## အာဋာနာဋိယသုတ်အမွှမ်း

၁၀၂။ အပ္ပသန္နေဟိ နာထဿ၊ သာသနေ သာဓု သမ္မတေ။
အမနုဿေဟိ စဏ္ဍေဟိ၊ သဒါကိဗ္ဗိသကာရိဘိ။
၁၀၃။ ပရိသာနံ စတဿန္နံ၊အဟိံသာယ စ ဂုတ္တိယာ။
ယံဒေသေသိ မဟာဝီရော၊ပရိတ္တံ တံဘဏာမဟေ။

၁၀၂-၁၀၃။ သူတော်ကောင်းတို့ အကောင်းဟု သမုတ်အပ်ကုန်သော သာသနာတော်ကို မကြည်ညို ကြမ်းတမ်း၍ မကောင်းမှုပြုလေ့ရှိသော ဘီလူးတို့သည် ပရိတ်သတ်လေးပါးတို့ကို မညှင်းဆဲရန် ကာကွယ်စောင့်ရှောက်ရန် ဘုရားရှင်သည်

အာဋာနာဋိယသုတ်ကို ဟောတော်မူ၏။ ထိုအာဋာနာ ဋိယသုတ်ကို ငါတို့ရွတ်ဆိုကြစို့။

### ဝိပဿိ သိခိ ဘုရားရှိခိုး

၁၀၄။ ဝိပဿိဿ စ နမတ္ထု၊ စက္ခုမန္တဿ သိရီမတော။
သိခိဿ ပိစ နမတ္ထု၊ သဗ္ဗဘူတာနုကမ္ပိနော။

၁၀၄။ စက္ခုငါးတန် ဉာဏ်အမြင်ရှိတော်မူ၍ ကျက်သရေရှိတော်မူသော ဝိပဿီ မြတ်စွာဘုရားအား ရှိခိုးပါ၏။ အလုံးစုံသောသတ္တဝါတို့ကို အစဉ်သနား စောင့်ရှောက်တော် မူတတ်သော သိခီမြတ်စွာဘုရားအားရှိခိုးပါ၏။

### ဝေဿဘူ ကကုသန်ဘုရားရှိခိုး

၁၀၅။ ဝေဿဘုဿ စ နမတ္ထု၊ နှာတကဿ
တပဿိနော။
နမတ္ထု ကကုသန္ဓဿ၊ မာရသေနာပမဒ္ဒိနော။

၁၀၅။ အရဟတ္တမဂ်ရေစင်ဖြင့် ကိလေသာ အညစ်အကြေးတို့ကိုဆေးကြောတော်မူပြီးသော ချီးမွမ်းထိုက်သောအကျင့်မြတ်ရှိတော်မူသော ဝေဿဘူမြတ်စွာ ဘုရားအားရှိခိုးပါ၏။ မာရ်စစ်သည်အပေါင်းကို နှိမ်နင်းဖျက်ဆီးတော် မူတတ်သော ကကုသန်မြတ်စွာဘုရားအားရှိခိုးပါ၏။

### ကောဏာဂုဏ်ကဿပ ဘုရားရှိခိုး

၁၀၆။ ကောဏာဂမနဿ နမတ္ထု၊
ဗြာဟ္မဏဿ ဝုသီမတော၊

ကဿပဿ စ နမတ္ထု၊
ဝိပ္ပမုတ္တဿ သဗ္ဗဓိ။

၁၀၆။ မကောင်းမှုကိုပယ်ပြီး၍ မြတ်သော ဝိသုဒ္ဓိဗြဟ္မဏ ဖြစ်တော်မူသော ကျင့်သုံးအပ်ပြီးသော အရိယာမဂ် အကျင့် မြတ်ရှိတော်မူသော ကောဏာဂုဏ် မြတ်စွာဘုရားအားရှိခိုးပါ၏။ ကိလေသာခပ်သိမ်းမှ ကင်းလွတ်တော်မူပြီးသော ကဿပ မြတ် စွာဘုရားအားရှိခိုးပါ၏။

## ဂေါတမဘုရားရှိခိုး

၁၀၇။ အင်္ဂီရသဿ နမတ္ထု၊ သကျပုတ္တဿ သိရီမတော။
ယော ဣမံ ဓမ္မံ ဒေသေသိ၊ သဗ္ဗဒုက္ခာပနူဒနံ။

၁၀၇။ သာကီဝင်မင်းသား ဂေါတမရှင်တော်ဘုရားသည် ဒုက္ခခပ်သိမ်းကို ပယ်နှုတ်နိုင်ကြောင်းဖြစ်သော တရားဒေသနာကို ဟောတော်မူခဲ့ပြီး ကိုယ်တော်မှထွက်သော ရောင်ခြည်တော် တို့ဖြင့် ကျက်သရေမင်္ဂလာရှိတော်မူသော ဂေါတမရှင်တော်မြတ် ဘုရားအား ရှိခိုးပါ၏။

## ရှေးဆရာတော်တို့ရေးထည့်သော ဘုရားရှိခိုးများ

၁၀၈။ ယေ စာပိ နိဗ္ဗုတာ လောကေ၊
ယထာဘူတံ ဝိပဿိသုံ။
တေ ဇနာ အပိသုဏာထ၊
မဟန္တာ ဝီတသာရဒါ။

၁၀၇။ လောက၌ ရဟန္တာပုဂ္ဂိုလ်တို့သည် ကိလေသာ အပူငြိမ်းတော်မူ၍ အမှန်တရားကို ထူးသောဉာဏ်ဖြင့် သိတော်မူကြပြီ၊ ထိုရဟန္တာတို့သည် ချောပစ်ကုန်းတိုက်ခြင်းမရှိ၊ သီလစသောဂုဏ်ရည်တို့ဖြင့် မြတ်သည်ဖြစ်၍ ကြောက်ရွံ့ခြင်း ကင်းတော်မူ၏။

၁၀၈။ ဟိတံ ဒေဝမနုဿာနံ၊ ယံ နမဿန္တိ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ မဟန္တံ ဝီတသာရဒံ။

၁၀၉။ ထိုရဟန္တာတို့သည် နတ်,လူ တို့၏ အစီးအပွားကို ပြုတတ်သော ဝိဇ္ဇာဉာဏ်အကျင့်စရဏနှင့် ပြည့်စုံသည်ဖြစ်၍ ဂုဏ်တော်အပေါင်းတို့ကြောင့် မြတ်တော်မူသော ကြောက်ရွံ့ခြင်း ကင်းတော်မူသော ဂေါတမ ဘုရားရှင်ကို ရှိခိုးကြကုန်၏။ ( ထိုရဟန္တာပုဂ္ဂိုလ်တို့အား အကျွန်ုပ် ရှိခိုးပါ၏ )။

၁၁၀။ ဧ တေ စ ညေ စ သမ္ဗုဒ္ဓါ၊
အနေက သတကောဋိယော။
သဗ္ဗေ ဗုဒ္ဓါ သမသမာ၊
သဗ္ဗေဗုဒ္ဓါ မဟိဒ္ဓိကာ။

၁၁၀။ ထိုဝိပဿီ စသော ဘုရားခုနစ်ဆူနှင့် ကုဋေပေါင်းများစွာကုန်သော အခြားဘုရားတို့သည်၎င်း၊ ခပ်သိမ်းကုန်သော ဘုရားရှင်တို့သည်၎င်း၊ ယခုလောကတွင် ရည်တူမရ ရှေးဘုရားတို့နှင့်သာ တူတော်မူကြကုန်၏။ ခပ်သိမ်းသောဘုရားရှင်တို့သည် တန်ခိုးကြီးတော်မူကြကုန်၏။

၁၁၁။ သဗ္ဗေ ဒသဗလူပေတာ၊ ဝေသာရဇ္ဇေဟု ပါဂတာ။
သဗ္ဗေ တေ ပဋိဇာနန္တိ၊ အာသဘံ ဌာန မုတ္တမံ။

၁၁၁။ ခပ်သိမ်းသော ဘုရားရှင်တို့သည် ဉာဏ်တော် ၁၀-ပါး ဘုရားတို့စွမ်းအားနှင့် ပြည့်စုံတော်မူ၏။ ဝေသာရဇ္ဇ ဉာဏ်တော်တို့နှင့် ပြည့်စုံကုန်၏။ ခပ်သိမ်းသော ဘုရားရှင်တို့သည် မြင့်မြတ်ထူးခြား ဘုရားတို့ အရိုက်အရာအစစ် သဗ္ဗညု အဖြစ်ကို ဝန်ခံတော်မူကြကုန်၏။

၁၁၂။ သီဟနာဒံ နဒန္တေတေ၊ ပရိသာသု ဝိသာရဒါ။
ဗြဟ္မစက္ကံ ပဝတ္တေန္တိ၊ လောကေ အပ္ပဋိဝတ္တိယံ၊

၁၁၂။ ထိုဘုရားရှင်တို့သည် ပရိသတ် ရှစ်ပါးတို့ အလယ်ကြောက်ရွံ့ခြင်းကင်း ရဲတင်းတော်မူကြ၍ ခြင်္သေ့မင်းအသံနှင့်တူသော တရားသံကို ကျူးရင့်တော်မူကုန်၏။ လောက၌ တစုံတယောက်မျှ မကန့်ကွက်အား မပြစ်တားနိုင်သော မြတ်သော ဓမ္မစက်ကို ဖြစ်စေတော်မူကုန်၏။

၁၁၃။ ဥပေတာ ဗုဒ္ဓဓမ္မေဟိ၊ အဋ္ဌာရသဟိ နာယကာ။
ဗာတ္တိံသလက္ခဏူပေတာ၊ သီတျာနုဗျဉ္ဇနာဓရာ။

၁၁၃။ လောက၌ အကြီးအမှူး ဖြစ်တော်မူသော ဘုရားမြတ်စွာသည် တဆယ့်ရှစ်ပါးသော ဘုရားရှင်တို့သာ ရပိုင်ရာ ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူပါပေ၏။ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီးတို့နှင့် ပြည့်စုံ၍ ၈၀-သော လက္ခဏာငယ်တို့ကို ဆောင်တော်မူ၏။

၁၁၄။ ဗျာမပ္ပဘာယ သုပ္ပဘာ၊ သဗ္ဗေ တေ မုနိကုဉ္ဇရာ။
ဗုဒ္ဓာ သဗ္ဗညုနော ဧတေ၊ သဗ္ဗေ ခီဏာသဝါ ဇိနာ။

၁၁၄။ ခပ်သိမ်းသော မုနိထွတ်ဖျား မြတ်ဘုရား တို့သည် ရောင်ခြည်တော်ဝန်းဖြင့် တင့်တယ်ကုန်၏။ တရားအားလုံးကို

သိတော်မူတတ်ကုန်သော ခပ်သိမ်းသော ဘုရားရှင်တို့သည် အာသဝေါတရား ကုန်ခန်း၍ မာရ်ငါးပါးကို အောင်မြင်တော်မူကုန်၏။

၁၁၇။ မဟာပဘာ မဟာတေဇာ၊<br>
မဟာပညာ မဟဗ္ဗလာ။<br>
မဟာကာရုဏိကာ ဓိရာ၊<br>
သဗ္ဗေသာနံ သုခါဝဟာ။

၁၁၇။ ထိုဘုရားရှင်တို့သည် ထူးမြတ်သော အရောင်အလင်း ရှိတော်မူကုန်၏။ ကြီးမြတ်သော တန်ခိုးရှိကုန်၏။ ချီးမွမ်းအပ်သော ပညာရှိတော်မူပေကုန်၏။ ကာယ ဉာဏ ဗလ နှစ်ပါး လွန်ကြီးမားကုန်၏။ သတ္တဝါများအား အလွန်သနားတတ်ကုန်၏။ မြဲမြံသောသမာဓိ ရှိတော်မူကုန်၏။ သတ္တဝါအားလုံး၏ချမ်းသာကို ရွက်ဆောင်ခတော်မူတတ်ကုန်၏။

၁၁၈။ ဒီပါ နာထာ ပတိဋ္ဌာ စ၊<br>
တာဏာ လေဏာ စ ပါဏိနံ။<br>
ဂတီ ဗန္ဓူ မဟေဿာသာ၊<br>
သရဏာ စ ဟိတေသိနော။

၁၁၈။ ထိုဘုရားရှင်တို့သည် သတ္တဝါအားလုံး၏ကျွန်းကြီးပမာ မှီနားရာလည်း ဖြစ်တော်မူကုန်၏။ ကိုးကွယ် အားထား၍ဆောက်တည်ရာလည်း ဖြစ်တော်မူကုန်၏။ ဝဋ်ဒုက္ခမှ ကယ်တင်စောင့်ရှောက်တော် မူကြကုန်၏။ ဘေးမရောက်အောင် တိမ်းရှောင်ပုန်းအောင်းရာလည်း ဖြစ်တော်မူပေ၏။ မိတ်ကောင်း

ဆွေကောင်းလည်းဖြစ်တော်မူကြကုန်၏။ ထူးမြတ်သောဆောက်တည်ရာမှီခိုရာလည်း ဖြစ်တော်မူကုန်၏။ ဆင်းရဲဒုက္ခကိုဖျက်ဆီးတော်မူကြ၏။ အကျိုးစီးပွားကိုသာ ရှာမှီးတော်မူလေ့ ရှိကြကုန်၏။

၁၁၇။ သဒေဝကဿ လောကဿ၊
ယဗ္ဗေ ဧ တေ ပရာယဏာ။
တေသာဟံ သိရသာ ပါဒေ၊
ဝန္ဒာမိ ပုရိသုတ္တမေ။

၁၁၇။ ခပ်သိမ်းသော ဘုရားရှင်တို့သည် လူ့နတ် တို့၏ ထူးမြတ်သော မှီခိုဆည်းကပ်ရာ ဖြစ်ကုန်၏။ ဂုဏ်တော်ကဲလွန်သောကျေးမွန်ပုဂ္ဂိုလ်မြတ်တို့ကိုလည်း၊ ထိုဘုရားရှင်တို့၏ခြေတော်တို့ကိုလည်း၊ ရှိခိုးကန်တော့ပါ၏။

၁၁၈။ ဝစသာ မနသာ စေဝ၊ ဝန္ဒာမေ တေ တထာဂတေ။
သယနေ အာသနေ ဌာနေ၊ ဂမနေ စာပိ သဗ္ဗဒါ။

၁၁၈။ ထိုဘုရားရှင်တို့ကို တပည့်တော်သည် လျောင်း ထိုင် ရပ် သွား အခါခပ်သိမ်း နှုတ်ဖြင့် စိတ်ဖြင့် ရှိခိုးပါ၏။

၁၁၉။ သဒါ သုခေန ရက္ခန္တု၊
ဗုဒ္ဓါ သန္တိကရာ တုဝံ။
တေဟိ တွံ ရက္ခိတော သန္တော၊
မုတ္တော သဗ္ဗဘယေဟိ စ။

၁၁၉။ ငြိမ်းအေးခြင်းကို ပြုတော်မူတတ်ကုန်သော ဘုရားရှင်တို့သည် သင့်အား အမြဲချမ်းသာအောင် စောင့်ရှောက်ပါစေ

သတည်း၊ ထိုဘုရားရှင်တို့ စောင့်ရှောက်အပ်သော သင်သည် ဘေးအပေါင်းမှ ကင်းလွတ်ပါစေသတည်း။

၁၂၀။ သဗ္ဗရောဂါ ဝိနိမုတ္တော၊ သဗ္ဗသန္တာပ ဝဇ္ဇိတော။
သဗ္ဗဝေရ မတိက္ကန္တော၊ နိဗ္ဗုတော စ တုဝံ ဘဝ။

၁၂၀။ ရောဂါရှင်း၍ ပူပန်ခြင်းကင်းကာ ရန်အပေါင်းတို့ လွန်မြောက်၍ ငြိမ်းချမ်းပါစေသတည်း။

၁၂၁။ တေသံ သစ္စေန သီလေန၊ ခန္တိမေတ္တာ ဗလေန စ။
တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

၁၂၁။ ထိုဘုရားရှင်တို့သည် သစ္စာ သီလ ခန္တီ မေတ္တာစွမ်းအားဖြင့် ငါတို့အား ရောဂါကင်း၍ ချမ်းသာခြင်း ဖြစ်အောင် စောင့်ရှောက်ကြပါစေ။

## အရပ်လေးမျက်နှာ စည်းချ

၁၂၂။ ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊ သန္တိ ဘူတာ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။
၁၂၃။ ဒက္ခိဏသ္မိံ ဒိသာဘာဂေ၊ သန္တိ ဒေဝါ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။
၁၂၄။ ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊ သန္တိ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။
၁၂၅။ ဥတ္တရသ္မိံ ဒိသာဘာဂေ၊ သန္တိ ယက္ခာ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

၁၂၂-၁၂၅။ အရှေ့အရပ်၌ တန်ခိုးကြီးသော ဂန္ဓဗ္ဗနတ်တို့ ရှိကုန်၏။ တောင်အရပ်၌တန်ခိုးကြီးသော ကုမ္ဘဏ် နတ်တို့ရှိကုန်

၏။အနောက်အရပ်၌တန်ခိုးကြီးသော နဂါးတို့ရှိကုန်၏။မြောက် အရပ်၌တန်ခိုးကြီးသော ဘီလူးတို့ရှိကုန်၏။ ထိုတန်ခိုးရှင် ဂန္ဓဗ္ဗ ကုမ္ဘဏ်၊ နဂါး၊ ဘီလူးတို့သည် ငါတို့ကို ရောဂါကင်း၍ချမ်း သာခြင်းဖြစ်အောင် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

## နတ်မင်းကြီးလေးပါး အစောင့်ထား

၁၂၆။ ပုရတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။

၁၂၇။ စတ္တာရော တေ မဟာရာဇာ၊
လောကပါလာ ယသဿိနော။
တေပိ အမှေ နုရက္ခန္တု
အရောဂေန သုခေန စ။

၁၂၆—၁၂၇။ အရှေ့အရပ်၌ ဓတရဋ္ဌနတ်မင်းကြီး၊ တောင် အရပ်၌ ဝိရူဠှကနတ်မင်းကြီး၊ အနောက်အရပ်၌ ဝိရူပက္ခနတ်မင်း ကြီး၊ မြောက်အရပ်၌ ကုဝေရနတ်မင်းကြီးတို့ရှိကြ၏။ ထိုနတ်မင်း ကြီးလေးယောက်တို့သည် လောကကိုလည်း စောင့်ရှောက်တတ် ၏၊ အခြံအရံအသင်းအပင်းလည်းများ၏၊ ထိုနတ်မင်းကြီးလေး ယောက်တို့သည် ငါတို့အား ဘေးရန်ကင်း၍ ချမ်းသာခြင်းဖြစ် အောင်စောင့်ရှောက်ကြပါစေ။

## အာသီသနှင့်ဆုတောင်း

၁၂၈။ အာကာသဋ္ဌာစ ဘုမ္မဋ္ဌာ၊ ဒေဝါ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

၁၂၉။ ဣဒ္ဓိမန္တော စ ယေ ဒေဝါ၊ ဝသန္တာ ဣဓသာသနေ။
တေပိ အမှေ နုရက္ခန္တု၊ အာရောဂျေန သုခေန စ။

၁၂၈-၁၂၉။ တန်ခိုးကြီးသော အာကာသစိုး ဘုမ္မစိုးနတ်နှင့် နဂါးတို့သည်၎င်း၊ တန်ခိုးရှင် သာသနာတော်စောင့် နတ်အပေါင်းတို့သည်၎င်း၊ ငါတို့ကို ဘေးရန်ကင်း၍ ချမ်းသာခြင်းဖြစ်အောင်စောင့်ရှောက်ကြပါစေသတည်း။

**မေတ္တာပို့နှင့်အာသီသဆုတောင်း**

၁၃၀။ သဗ္ဗီတိယော ဝိဝဇ္ဇန္တု၊
သောကော ရောဂေါ ဝိနဿတု။
မာ တေ ဘဝန္တွန္တရာယာ၊
သုခီ ဒီဃာ ယုကော ဘဝ။

၁၃၀။ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ၊ စိုးရိမ်သောကနှင့် အနာရောဂါမျိုးသည် မကျမရောက် ကင်းပျောက်ပါစေ၊ သင့်အား(ငါ့အား) ဘေးရန်အန္တရာယ်တို့ မဖြစ်ပါစေသတည်း။ သင်သည်(ငါသည်) ကိုယ်စိတ်နှစ်ဖြာချမ်းသာ၍ အသက်ရှည်ပါစေသတည်း။

**ရှိခိုးရိုသေမှုအကျိုး**

**(ဓမ္မပဒပါဠိတော်မှ)**

၁၃၁၊ အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော
သုခံ ဗလံ။

၁၃၁။ ရှိခိုးခြင်း အလေ့ရှိလျက် အသက်ဂုဏ်သိက္ခာကြီး သူတို့ကို ရိုသေလေ့ရှိသူအား အသက်ရှည်၏၊ အဆင်းလှ၏၊ ချမ်းသာ၏၊ ခွန်အားရှိ၏။ ဤအကျိုးလေးပါး တိုးပွား၏။

## အာဋာနာဋိယသုတ်မှာသိစရာ

ဂါထာ ၁၀၁၊ ၁၀၂ သည် ရှေးဆရာတော်ကြီးများ စီစဉ်ထားသည့် ပရိတ်မွမ်းဂါထာများဖြစ်၏။ ဂါထာ ၁၀၄ မှ ၁၀၇ အထိသည် ဝိပဿီအစ ဂေါတမအဆုံး ဘုရား ၇ ဆူတို့ကို ရှိခိုးသောဂါထာများဖြစ်၏။ ထိုဘုရား ၇-ဆူတို့ကိုရှိခိုးသောဂါထာများသည် မူလ အာဋာနာဋိယ သုတ်လာ ဝေဿဝဏ် နတ်မင်းကြီးက ဘုရားရှိခိုးသော ဂါထာဖြစ်ပြီး ယခုအခါပရိတ်ရွတ်သူက ဘုရားခုနစ်ဆူကို ရှိခိုးခြင်းဖြစ်၏။ ဂါထာ ၁၀၈မှ ၁၁၈ အထိသည် အာဋာနာဋိယ ပရိတ်ကို စီစဉ်သော ဆရာတော်တို့ စီရင်ရေးသားခဲ့သည့် ဘုရားရှင် ဂုဏ်တော်များကို အောက်မေ့ရှိခိုးပုံများဖြစ်၏။

ဂါထာ ၁၁၉-သဒ္ဒါသုခေနရက္ခန္တုမှ ဂါထာ ၁၃၀-အထိမှာ ဘုရားရှင်တို့နှင့်နတ်တို့အား မိမိကိုစောင့်ရှောက်ရန်တောင်းပန်ခြင်း၊ ဆုတောင်းခြင်းဖြစ်၏။ ဂါထာ ၁၃၁-အဘိဝါဒန သီလိဿ ဂါထာမှာ ဓမ္မပဒပါဠိတော် အာယုဝဍ္ဎန သတို့သားဝတ္ထုမှ ယူ၍ ထည့်ထားသော ရှိခိုးခြင်းအကျိုးပြ ဘုရားဟောဂါထာဖြစ်၏။ ဘုန်းတော်ကြီးများ သီလပေးရာ၌ဆုပေးအဖြစ် အသုံးများသော ဂါထာဖြစ်၏။ ရှိခိုးခြင်း အကျိုးပြ ဂါထာကို

ဓမ္မပဒ မှယူ၍ ပြထားသည်မှာ အဓိပ္ပာယ်ရှိပါသည်။ ဤအာဋာနာဋိယသုတ်တွင် ဝိပဿီဿစနမတ္ထု စသော ဘုရားခုနှစ်ဆူကို ဝေဿဝဏ်နတ်မင်းကြီးက ရှိခိုးသောဂါထာများကို ပြထား၏။ ရှင်းပြင်ရှေးဆရာတော်ကြီးများ ဖြည့်ထားသော ဂါထာများမှာ လည်းဘုရားရှိခိုးများပင်ဖြစ်၏။ ထို့ကြောင့် အာဋာနာဋိယသုတ် အဆုံးတွင်ရှိခိုးခြင်းအကျိုးပြဂါထာကို ပြထားခြင်းဖြစ်၏။

အာဋာနာဋိယသုတ်ပြီး၏။

# အင်္ဂုလိမာလပရိတ်နိဒါန်း

ဤအင်္ဂုလိမာလသုတ်ပရိတ်တော်ကို မဇ္ဈိမပဏ္ဏာသမှထုတ်နုတ်ထား၏။ သို့ရာတွင် ပါဠိတော်အလုံးကို ထုတ်နုတ်ထားသည် မဟုတ်၊ မီးမဖွားနိုင်သောအမျိုးသမီးအား မွေးဖွားစေရန်သစ္စာပြုသောဂါထာသာ ထုတ်နုတ်ထား၏။

အင်္ဂုလိမာလသည် ကောသလမင်းကြီး၏ ပုရောဟိတ်ကြီး၏ သားဖြစ်၏၊ ငယ်မည်မှာ "အဟိံသက" ဖြစ်၏။ သူမွေးဖွားစဉ်က တပြည်လုံးရှိလက်နက်များ ပြောင်ပြောင်တောက်သည်ကို အစွဲပြု၍ဖခင်ပုရောဟိတ်က ခိုးသူကြီး ဖြစ်လိမ့်မည်ဟု နိမိတ်ဖတ်၏၊ အရွယ်ရောက်၍ တက္ကသိုလ် ဆရာကြီးထံ ပညာသင်သော အခါ ဆရာကြီးက အလွန် အရေးပေး အခြား တပည့်များက မနာ

လိုရှိကုန်းချောကြရာ ဆရာကြီးယုံကြည်သွားသဖြင့် အင်္ဂုလိမာလ အား သေစေရန် နည်းပရိယာယ်ကိုသုံး၏။

အဟိံသက သင်၏ပညာသင်ကြားမှု အထောက်အကူအတွက် လူပေါင်း ၁၀၀၀-ကိုသတ်ရမည်၊ ထိုသို့ မသတ်လျှင် ပညာ၏ အကျိုးကို ခံစားရမည်မဟုတ်ဟု မိန့်လေ၏။ အဟိံသက လည်း ပထမတွင် မသတ်လိုရှိငြင်းဆန်သေး၏။ သို့ရာတွင် ပညာတတ် မြောက်လိုလှ၍ ဆရာ၏စကားအတိုင်း တောသို့ဝင်ကာ လူတို့ကို သတ်လေ၏။ သတ်ပြီးသူတို့၏ အရေအတွက်ကို သိရန် လက်ညှိုး များကိုဖြတ်၍သီကာ လည်ပင်း၌ဆွဲထား၏။ ထိုအခါမှစ၍အင်္ဂုလိ မာလ (လက်ညှိုးပန်းကုန်းရှိသူ) ဟု ခေါ်ဝေါ်ကြ၏။ တောထဲ သို့လူလာနည်းသောအခါ ရွာတွင်းသို့ ဝင်သတ်၏။ ဤသို့ဖြင့် အင်္ဂုလိမာလ ခိုးသူကြီးအကြောင်း ဘုရင့်နား ပေါက်သည်အထိ ဖြစ်၏။

မြတ်စွာဘုရားသည် ကယ်ချွတ်ရမည့်သတ္တဝါကို ကြည့်တော်မူ သောအခါအင်္ဂုလိမာလသည်မိခင်ကိုသတ်ကာ ကယ်၍ မရအောင် ဆုံးရှုံးတော့မည်ကို မြင်တော်မူရာ အင်္ဂုလိမာလရှိရာ တောထဲသို့ ကြွတော်မူလေ၏။ အင်္ဂုလိမာလသည် လက်ညှိုး တထောင်ပြည့် ရန်တချောင်းသာလိုသဖြင့် ဘုရားရှင်ကိုမြင်လျှင်မြင်ခြင်း အပြေး လိုက်လေ၏။ဘုရားရှင်၏ တန်ခိုးဘော်အရ လိုက်၍မမှီသောအခါ အင်္ဂုလိမာလအံ့အားသင့်သွား၏

အင်္ဂုလိမာလက ရဟန်းရပ်လော့ ဟုဆို၏။ ဘုရားရှင်က ငါရပ် နေ၏၊ သင်သာမရပ်ပါဟုပြန်ပြော၏။ ထိုအခါ အင်္ဂုလိမာလက အကျွန်ုပ်သည် ရပ်နေပါလျက် မရပ်ဟုဆို၏။ အရှင်သည် ပြေး

နေပါလျက် ရပ်နေသည်ဟုဆို၏။ အလဲ့လဲ့အမှား မှား ပြောလေသလောဟုဆိုရာ၊ ဘုရားရှင်က ငါသည်သတ္တဝါတို့ကို သတ်ဖြတ်ညှင်းဆဲခြင်းကို ရပ်တံ့ထားသူဖြစ်၍ သင်သည် သတ်ဖြတ်ခြင်းစသောဒုစရိုက်မှုတို့ကို ဆက်လက် ပြုလုပ်နေသေး သောကြောင့်သွားနေသူ ပြေးနေသူဖြစ်၏ဟုမိန့်တော်မူ၏။ ထိုအခါအင်္ဂုလိမာလသည်တရားသံဝေဂရ၍ ရဟန်းပြုရန် တောင်းပန်လေ၏။ ဘုရားရှင်က"ဧဟိဘိက္ခု"ခေါ်တော်မူသည်နှင့် ရဟန်းဖြစ်သွားလေ၏။

တနေ့သောအခါအင်္ဂုလိမာလမထေရ် ဆွမ်းခံကြွစဉ်မီးမဖွားနိုင်၍ဒုက္ခရောက်နေသော အမျိုးသမီးကိုတွေ့ခဲ့၍ သနားလှသောကြောင့်ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က ထိုအမျိုးသမီးထံကြွ၍ 'ယတောဟံဘဂိနိ" စသည်ဖြင့်သစ္စာပြုရန်သင်ပေးတော်မူ၏။ အင်္ဂုလိမာလထေရ်သည် ဘုရားရှင်အမိန့်တော်အတိုင်းထိုအမျိုးသမီးထံသွား၍ ယတောဟံဘဂိနိ စသည်ဖြင့်သစ္စာပြုလေရာကိုယ်ဝန်မှာအလွယ်တကူမွေးဖွား၍ မိခင်ရောခလေးပါ ချမ်းသာရရလေ၏။

ထိုအင်္ဂုလိမာလထေရ် သစ္စာပြုသောနေရာတွင် ခုံပြုလုပ်ထားရာ သားမဖွားနိုင်သူများ ထိုခုံပေါ်တင်လိုက်လျှင် အလွယ်တကူဖွား၏။ ရန်ခါကိုယ်ဝန်ဆောင်ကို သယ်ယူရန် မလွယ်ကူသောအခါ ထိုခုံကိုရေဆေး၍ ကျသော ဆေးရေဖြင့်ခေါင်းမှလောင်းချလျှင်အလွယ်တကူဖွာ၏။ သားဖွားလွယ်ကူရုံသာ မဟုတ်၊ အခြားရောဂါများလည်း ပျောက်ကင်း၏။ တကြိမ် သစ္စာပြုထားသောနေရာသည် ကျန်တကမ္ဘာကုန်ဆုံးသည်အထိ တန်ခိုးရှိနေ၏ဟုမဇ္ဈိမနိကာယအဋ္ဌကထာတွင်ဖွင့်ပြထား၏။ ထိုအဋ္ဌကထာအဆို

ကိုယ်ယူ၍အင်္ဂုလိမာလပရိတ်မှတ်ကို ရှေးဆရာတို့စီရင်ရေးသားခြင်း ဖြစ်ပေသည်။

## အင်္ဂုလိမာလ ပရိတ်မှတ်

၁၃၂။ ပရိတ္တံ ယံ ဘဏန္တဿ၊ နိသိန္နဋ္ဌာန ဓောဝနံ
ဥဒကမ္ပိ ဝိနာသေတိ၊ သဗ္ဗမေဝ ပရိဿယံ။
၁၃၃။ သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ၊ ယဉ္စသာဓေတိ တင်္ခဏေ။
ထေရဿဂုလိမာလဿ၊ လောက နာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိံ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမဟေ။

၁၃၂-၁၃၃။ သူတော်ကောင်းတို့ အင်္ဂုလိမာလ ပရိတ်ကို ရွတ်ဆိုသောပုဂ္ဂိုလ်၏ နေရာထိုင်ခုံကို ဆေးထားသော ရေသည်ပင်လျှင် ဘေးရန်ခပ်သိမ်းတို့ကင်းကွာပျောက်စေနိုင်၏။

အင်္ဂုလိမာလပရိတ်ကို ရွတ်လိုက်သည်နှင့်တပြိုင်နက် ကိုယ်ဝန်သည်အလွယ်တကူဖွားမြင်၏။ အင်္ဂုလိမာလထေရ်အား ဘုရားရှင်ကဟောထား၍ ကမ္ဘာဆုံးသည်အထိ ကြီးမားသော အစွမ်းရှိသောထိုအင်္ဂုလိမာလသုတ်ပရိတ်ကို ငါတို့ရွတ်ဆိုကြစို့။

## သစ္စာပြုပုံ

၁၃၄။ ယတောဟံ ဘဂိနိအရိယာယ ဇာတိယာဇာတော၊
နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊
တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ
ဂဗ္ဘဿ။

၁၃၄။ နှစ်မ၊ ငါသည် အရိယာဇာတ် ဖြစ်သောအခါမှစ၍ သေစေလိုသောစေတနာဖြင့် သတ္တဝါကိုမသတ်ခဲ့ဘူး၊ ဤသစ္စာစကားကြောင့် သင်ရောကလေးပါ ချမ်းသာပါစေ။

## အင်္ဂုလိမာလသုတ်မှာသိစရာ

ထိုသို့သစ္စာပြုချိန်တွင် အင်္ဂုလိမာလသည် အရိယာ မဟုတ်သေး၊ မူလဘုရားရှင်သင်ပေးသည်မှာ "ယတောဟံဘဂိနိဇာတော = ဖြစ်သည့်အခါမှစ၍" ဟုဆိုသဖြင့်လူဖြစ်သည့်အခါမှစ၍သူ့အသက်ကိုမသတ်ဘူး ဟု အဓိပ္ပာယ်ရနေသောကြောင့် သူကိုယ်တိုင်လူများစွာကို သတ်ခဲ့ဘူးသဖြင့် သစ္စာစကား အမှန်မဖြစ်ပါဟု ဘုရားရှင်ကိုပြန်လျှောက်၏။ ထိုအခါ ဘုရားရှင်က အရိယာယဇာတိယာဟူသော စကားနှစ်လုံးကို ထပ်သည့်လိုက်၏။ အရိယာအစစ်မဖြစ်သေးစေကာမူ အရိယာအမျိုးအနွယ်ဖြစ်သောရဟန်းဖြစ်သည့်အခါမှစ၍ သေစေလိုသောစေတနာဖြင့် သူ့အသက်ကိုမသတ်ဘူးဟု သစ္စာပြု၏။ ထိုသစ္စာ၏ တန်ခိုးကြောင့် ကိုယ်ဝန်သည်များအလွယ်တကူမီးဖွားရခြင်းဖြစ်၏။

## ကိုယ်ကျင့်အင်္ဂုလိမာလ

ဤအင်္ဂုလိမာလသုတ်သည် ကိုယ်ဝန်ဆောင်များ မီးမဖွားနိုင်သောအခါကိုယ်ဝန်ဆောင်အနီးမှာနေ၍ ရွတ်ပေးရ၏။ သို့မဟုတ် အင်္ဂုလိမာလ ပရိတ်ရေကိုယူဆောင်၍ ကိုယ်ဝန်ဆောင်အား တိုက်ပေး ဖျန်းပေးရ၏။ ရွတ်သူကလည်း မိခင်ရော ကလေးပါချမ်း

သာပါစေဟူသော မေတ္တာရှေ့ထား ရွတ်ဘိုလို၏။ ကိုယ်ဝန်သည်ကလည်းသစ္စာ၏တန်ခိုး အင်္ဂုလိမာလပရိတ်၏ တန်ခိုးကို ယုံကြည်ဘိုလို၏။ အင်္ဂုလိမာလ ပရိတ်ကို ရဟန်းတော်များသာမက လူပုဂ္ဂိုလ်များလည်း ရွတ်ပေးနိုင်၏။ "ကပ္ပဋ္ဌာယိ' မဟာတေဇ'" ဆိုသဖြင့် အရှင် အင်္ဂုလိမာလ ထေရ်၏ သစ္စာ ပြုချက်သည် တကမ္ဘာလုံးတည်၏ဆိုသဖြင့် အရှင်အင်္ဂုလိမာလ ထေရ်၏ ကိုယ်စားရွတ်သည်ဟု မှတ်ယူနိုင်၏။ ပရိတ်အမွှမ်းမပါဘဲ ယတောဟံ ဘဂိနိ စသောသစ္စာပြုပုံသက်သက်ကိုလည်း ရွတ်ဆိုနိုင်ပါသည်။ ရွတ်သောအခါ ထိုဂါထာ၏ အဓိပ္ပာယ်ကိုလည်း သိထားမှသာ ပရိတ်၏အာနုဘော် ထက်မျက်ပါသည်။ အင်္ဂုလိမာလ ပရိတ်ကို ရွတ်ပေးခြင်းမှာ ဆေးကုခြင်း မဟုတ်ဟု အဋ္ဌကထာ ဆိုသောကြောင့် ရဟန်းတော်များလည်း ကိုယ်ဝန်မီးဖွား လွယ်အောင် ပရိတ်ရွတ်ပေးကောင်း၏။

အင်္ဂုလိမာလသုတ်ပြီး၏။

# ဗောဇ္ဈင်္ဂသုတ်နိဒါန်း

ဤဗောဇ္ဈင်္ဂသုတ်သည် မဟာဝဂ္ဂသံယုတ်ပါဠိတော်လာစုတ္တာယစကားပြေများကို ရှေးဆရာတို့က ဂါထာစီကုံး ရေးသားထားခြင်းဖြစ်၏။ မူရင်းပါဠိတော်တွင် ဗောဇ္ဈင် ၇-ပါးကို တပါးစီ

စကားပြေဖြင့် ဟောထား၏။ဤဗောဇ္ဈင် ပရိတ်တွင် ၇-ပါးကို တပေါင်းတည်းပြု၍ အကျဉ်းချုပ်ကာ ဂါထာဖွဲ့စီ ထားခြင်းဖြစ်၏။ ၎င်းပြင်ဗောဇ္ဈင် အကျိုးပြုစကားများ သစ္စာဆိုချက်များ ဖြင့်ဖြည့်စွက်ရေးသားထားခြင်းဖြစ်၏။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဝိပ္ပလိလိုဏ်ဂူ၌ သီတင်းသုံးတော်မူသော အရှင်မဟာကဿပထေရ်သည် မကျန်းမမာဖြစ်တော်မူ၏။ ထိုအကြောင်းကို ဘုရားရှင်ကြားတော်မူသောအခါ ကိုယ်တော်တိုင်ကြွ၍ ဗောဇ္ဈင် ၇-ပါးတရားတော်ကို ဟောကြားတော် မူလေသည်။ ထိုဗောဇ္ဈင်တရားတော်ကို နားရပြီးနောက် အရှင်မဟာကဿပသည် ကျန်းမာနေကောင်းသွားလေသည်။

ဘုရားရှင် ဂိဇ္ဈကုဋ်တောင်တွင် သီတင်းသုံးတော်မူစဉ် ရှင်မဟာမောဂ္ဂလာန်မထေရ် မကျန်းမမာဖြစ်တော်မူ၏။ ထိုအခါ ဘုရားရှင်သည် ဗောဇ္ဈင်သုတ် တရားတော်ကိုပင် ဟောတော်မူလေသည်။ ရှင်မောဂ္ဂလာန်လည်း ကျန်းမာ နေကောင်းတော်မူလေ၏။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာသီတင်းသုံးတော်မူသောအခါ မကျန်းမမာ ဖြစ်တော်မူသည်။ထိုအခါအရှင်စုန္ဒအား ဗောဇ္ဈင်တရားကိုရွတ်ဆိုရန် အမိန့်ရှိတော်မူ၏။ အရှင်မဟာ ကဿပ အရှင် မဟာမောဂ္ဂလာန် တို့ကို ဘုရားရှင် ဟောတော်မူခဲ့သော ဗောဇ္ဈင်သုတ်ကို စုန္ဒမထေရ်က ရွတ်ဖတ် လျှောက်ထားခဲ့ရာ ဘုရားရှင် ရောဂါဝေဒနာ ပျောက်ကင်းခဲ့ပေ

သည်။ ထိုအကြောင်းတို့ကို ဗောဇ္ဈင်အကျိုးပြု အနေဖြင့် ဤ ဗောဇ္ဈင်သုတ်တွင်ထည့်သွင်း စီစဉ်ထားပေသည်။

## ဗောဇ္ဈင်သုတ်အမှမ်း

၁၃၅။ သံသာရေ သံသရန္တာနံ၊ သဗ္ဗဒုက္ခ ဝိနာသနေ။
သတ္တ ဓမ္မေစ ဗောဇ္ဈင်္ဂေ၊ မာရသေနာပမဒ္ဒနေ။

၁၃၆။ ဗုဇ္ဈိတွာ ယေ စိမေ သတ္တာ၊ တိဘဝါ မုတ္တ ကုတ္တမာ။
အဇာတိ မဇရာဗျာဓိံ၊ အမတံ နိဗ္ဘယံ ဂတာ။

၁၃၇။ ဧဝမာဒိဂုဏူပေတံ၊ အနေကဂုဏ သင်္ဂဟံ။
ဩသဓဉ္စ ဣမံ မန္တံ၊ ဗောဇ္ဈင်္ဂဉ္စ ဘဏာမဟေ။

၁၃၅-၁၃၆-၁၃၇။ သူတော်ကောင်းတို့ သံသရာ၌ ကျင်သည်ကုန်သော သတ္တဝါတို့၏ ဒုက္ခခပ်သိမ်းကို ပယ်ဖျောက်တတ်သော မာရ်နတ်စစ်သည်ကို နှိမ်နင်းနိုင်သော ဗောဇ္ဈင် ၇-ပါးတို့ကို သိကုန်သောကြောင့် မြတ်သောပုဂ္ဂိုလ်တို့သည် ဘဝသုံးပါးမှလွတ်ကုန်သည်ဖြစ်၍ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်းနှင့် ဘေးရန်မရှိသောနိဗ္ဗာန်ကို ရောက်ကြကုန်ပြီ၊

ဤသို့စသော အကျိုးဂုဏ်အင် အာနိသင်တို့ဖြင့် ပြည့်စုံသော ဂုဏ်ပေါင်းများစွာ သိမ်းယူရာဖြစ်သော ရောဂါပျောက်ရေးဆေးသဖွယ်လည်းဖြစ်သော အန္တရာယ်ကင်းရေးဝယ် မန္တာန်သဖွယ်လည်းဖြစ်သော ဤဗောဇ္ဈင်ပရိတ်ကို ငါတို့ရွတ်ကြကုန်စို့။

## ဗောဇ္ဈင် ၇ ပါး

၁၃၈။ ဗောဇ္ဈင်္ဂေါ သတိသင်္ခါတော၊
ဓမ္မာနံ ဝိစယော တထာ။
ဝီရိယံ ပီတိ ပဿဒ္ဓိ၊
ဗောဇ္ဈင်္ဂါ စ တထာပရေ။

၁၃၉။ သမာဓုပေက္ခာ ဗောဇ္ဈင်္ဂါ၊
သတ္တေတေ သဗ္ဗဒဿိနာ။
မုနိနာ သမ္မဒက္ခာတာ၊
ဘာဝိတာ ဗဟုလီကတာ။

၁၄၀။ သံဝတ္တန္တိ အဘိညာယ၊ နိဗ္ဗာနာယ စ ဗောဓိယာ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၃၈-၁၃၉-၁၄၀။ တရားအလုံးစုံကို အကုန် သိတော်မူသော ဘုရားရှင်ဟောတော်မူသည့် သတိ ဓမ္မဝိစယ ဝီရိယ ပီတိ ပဿဒ္ဓိ သမာဓိ ဥပေက္ခာတည်းဟူသော ဗောဇ္ဈင်၇-ပါးတို့ကား ပွားများ၍ ကြိမ်ဖန်များစွာလေ့လာခဲ့လျှင် သစ္စာလေးပါးသိ၍ မဂ်ဉာဏ်နှင့် နိဗ္ဗာန်ရရန် ဖြစ်ကုန်၏။ ဤသစ္စာစကားကြောင့် သင်အား(ငါအား)အခါခပ်သိမ်း ချမ်းသာပါစေသတည်း။

## ဗောဇ္ဈင်အကျိုး

၁၄၁။ ဧကသ္မိံ သမယေ နာထော၊ မောဂ္ဂလ္လာနဉ္စ ကဿပံ။
ဂိလာနေ ဒုက္ခိတေ ဒိသွာ၊ ဗောဇ္ဈင်္ဂေ သတ္တ ဒေသယိ။

၁၄၂။ တေ စ တံ အဘိနန္ဒိတွာ၊ ရောဂါ မုစ္စိံသု တင်္ခဏေ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၄၁-၁၄၂။ အဓိပ္ပါယ် ရှင်မောဂ္ဂလာန်နှင့် ရှင်ကဿပ တို့ မကျန်းမာဖြစ်၍ ဒုက္ခဝေဒနာ ခံစားနေရသောအခါ ဘုရားရှင်သည် ဗောဇ္ဈင်တရား ၇-ပါးကိုပင် ဟောကြားတော်မူ၏။

ထိုမထေရ်နှစ်ပါးတို့သည် ဗောဇ္ဈင် ၇-ပါးတရားတော်ကို နာယူသောခဏ၌ပင် ရောဂါမှပျောက်ကင်း လွတ်မြောက်ရတော်မူပြီ၊ ဤသစ္စာစကားကြောင့် သင့်အား (ငါ့အား) ချမ်းသာပါစေသတည်း။

## ဗောဇ္ဈင်အကျိုး

၁၄၃။ ဧကဒါ ဓမ္မရာဇာပိ၊ ဂေလညေနာဘိ ပီဠိတော။
စုန္ဒတ္ထေရေန တံယေဝ၊ ဘဏာပေတွာန သာဒရံ။

၁၄၄။ သမ္မောဒိတွာန အာဗာဓာ၊
တမှာ ဝုဋ္ဌာသိ ဌာနသော။
ဧတေန သစ္စဝဇ္ဇေန။
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၄၃-၁၄၄။ အဓိပ္ပါယ် ဘုရားမြတ်စွာသည် ရောဂါဝေဒနာပြင်းစွာနှိပ်စက်သည်ဖြစ်၍ စုန္ဒမထေရ်အားဗောဇ္ဈင်တရားတော်ကိုရိုသေစွာရွတ်ဆိုစေ၍ ဝမ်းမြောက်တော်မူသောကြောင့် တခဏခြင်းရောဂါမှပျောက်ကင်းတော်မူလေပြီ၊ ထိုသစ္စာစကားကြောင့် သင့်အား(ငါ့အား)ချမ်းသာပါစေသတည်း။

## ရောဂါအလျှင်းပျောက်

၁၄၅။ ပဟီနာ တေ စ အာဗာဓာ၊ တိဏ္ဏန္နမ္ပိ မဟေသိနံ။
မဂ္ဂဟတာ ကိလေသာဝ၊ ပတ္တာ နုပ္ပတ္တိဓမ္မတံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိတေ ဟောတု သဗ္ဗဒါ။

၁၄၅။ မဂ်ဖြင့်ပယ်အပ်သော ကိလေသာတို့သည် တဖန်ထပ်၍ဖြစ်ပေါ်ခြင်း မရှိသကဲ့သို့ ဘုရားရှင်၊ ရှင်မဟာကဿပ၊ ရှင်မောဂ္ဂလန် သုံးပါးတို့၏ ဗောဇ္ဈင် တရားဖြင့် ပယ်ရှားအပ်သော ရောဂါဝေဒနာတို့သည်လည်း နောက်ထပ် မဖြစ်ပေါ်တော့ဘဲ ပျောက်ကင်း သွားပေ၏ ဤသစ္စာ စကားကြောင့် သင့်အား (ငါ့အား)ချမ်းသာခြင်းဖြစ်ပါစေသတည်း။

## ဗောဇ္ဈင်သုတ်မှာသိစရာ

ဂါထာ ၁၃၅၊၁၃၆၊၁၃၇-သည် ရှေးဆရာတော်တို့ စီစဉ်ရေးသားထားသည့် ဗော ဇ္ဈင်သုတ်၏ အစွမ်းပြ အမွှမ်းဂါထာဖြစ်၏။ ထိုအမွှမ်းတွင်ကား; ဒုက္ခခပ်သိမ်းကိုပယ်နိုင်ခြင်း၊ မာရ်စစ်သည်ကိုနှိမ်နင်းနိုင်ခြင်း၊ နိဗ္ဗာန်သို့ရောက်နိုင်ခြင်းဟု အကျိုးသုံးပါးကိုပြသည်။ ဩသဓဉ္စ=ရောဂါ ပျောက်ကင်းကြောင်း ဆေးဝါးလည်းဖြစ်သည်။ မန္တဉ္စ=အန္တရာယ်ကင်းရေး မန္တာန်လည်းဖြစ်သည်ဟုဤပရိတ်၏ စွမ်းအင်ကိုပြဆားပေသည်၊

ဂါထာ၁၃၈-၁၄၀ သုံးဂါထာသည် မဟာဝဂ္ဂသံယုတ်လာဗောဇ္ဈင်သုတ်စကားပြေကို ရွတ်ဖတ်လွယ်ကူအောင်ရှေးဆရာတို့

က ဂါထာ စီကုံးပေးထားခြင်းဖြစ်၏။ သံယုတ် ပါဠိတော်တွင် ဗောဇ္ဈင်၇-ပါးအနက် တပါးစီကို ပွားများလေ့လာလျှင် မဂ် ဉာဏ်နှင့်နိဗ္ဗာန်ကိုရနိုင်ပေ၏ဟုသာ ဟောထား၏။ ဧတေန သစ္စ ဝဇ္ဇေန သောတ္ထိတေ ဟောတုသဗ္ဗဒါ သစ္စာဆိုမှုမှာ ရှေးဆရာ တော်တို့ကထည့်သွင်းစီစဉ်ပေးထားခြင်းသာဖြစ်၏။ မူလဗောဇ္ဈင် သုတ်၌မပါချေ။

ဂါထာ ၁၄၁ မှ ၁၄၄-အထိမှာ သံယုတ် ပါဠိတော်လာ ဗောဇ္ဈင်သုတ်သုံးသုတ်ဖြစ်ပေါ်လာပုံကိုပြ၏။ရှင်မဟာကဿပနှင့် ရှင်မောဂ္ဂလန်တို့သည် ဘုရားရှင်ဟောကြားရွတ်ဆိုသောဗောဇ္ဈင် ပရိတ်တော်ကိုနာ၍ ကျန်းမာတော်မူပုံနှင့် ဘုရားရှင်ကိုယ်တော် တိုင်မကျန်းမမာဖြစ်စဉ် ရှင်စုန္ဒမထေရ်အား ဘုရားရှင်ကဗောဇ္ဈင် သုတ်ရွတ်ဆိုစေကာ နာကြားခြင်းဖြင့် ရောဂါမှာ ပျောက်ကင်း ကြောင်းဗောဇ္ဈင်သုတ် အကျိုးကိုပြ၏။ ရှေးဆရာတော်ကြီးများ ကသစ္စာပြုချက်များထည့်၍ ပြထားခြင်းဖြစ်၏။ ဘုရားရှင်ကိုယ် တော်တိုင်က စုန္ဒမထေရ်အား ဗောဇ္ဈင်သုတ်ကိုရွတ်စေကာ နာ ကြား၍ ရောဂါပျောက်ကင်းသွားခြင်းဖြင့် ပရိတ်တော်ကို ရွတ် ဖတ်ရကျိုး နာယူရကျိုးရှိကြောင်း ခိုင်မာစွာ မှတ်ယူနိုင်၏။

ဂါထာ ၁၄၅-သည်လည်း ဗောဇ္ဈင်ပရိတ်၏ အစွမ်းကိုပြ၏။ ပရိတ်နာစဉ် ခဏတဖြုတ်စိတ်ပြောင်းသွားခိုက် ရောဂါသက်သာ ခြင်းမဟုတ်၊တခါတည်း အမြစ်ပြတ် ပျောက်ကင်း သွားခြင်းဖြစ် ကြောင်းကို မဂ်တရားက ကိလေသာကို အမြစ်ပြတ်ပယ်သတ်ပုံ ဥပမာဖြင့် ပြထားခြင်းဖြစ်၏။

## ပရိတ်နာ၍ ရောဂါပျောက်မည်လော

သိပ္ပံပညာ ထွန်းကားသော သိပ္ပံနည်းကျ ရုပ်ဝါဒကိုသာ ယုံကြည်သောလူများက ပရိတ်နာ၍ ရောဂါ ပျောက်မည်လော၊ ပရိတ်နာ၍ရောဂါပျောက်လျှင် ဆေးရုံများ ထားစရာမလိုတော့ ဆေးဝါးထုတ်လုပ်ရေးဌာန ဘီပီအိုင် ဌာနကြီး ရှိဘို့မလိုတော့၊ နိုင်ငံခြားမှဆေးဝါးမျိုးစုံသွင်းစရာမလိုတော့ဟု ပြောလိုကြမည်။ ဘုရားရှင်ကလည်း ရောဂါမှန်သမျှ ပရိတ်နာ၍ ပျောက်မည်ဟူ မဟောပေ၊ ဝိနည်း မဟာဝါဘသဇ္ဇက္ခန္ဓက ဆေးဝါးကဏ္ဍတွင် ဗုဒ္ဓခေတ် ဆေးဝါးမျိုးစုံဖေါ်စပ်သုံးစွဲပုံကို ဟောထားပေသည်။ ရဟန်းတော်များအတွက်၌ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူ ပစ္စည်းလေးပါးကိုခွင့်ပြုထား၏။

ယခုကာလတွင် လူ့သောအတွက် အခြခံလိုအပ်ချက်ကြီးများအဖြစ်စား–နေ–ဝတ်ရေးသုံးပါးဟုဆိုကြသည်၊ ဘုရားရှင်က ရဟန်းတော်များ အတွက် အခြေခံ လိုအပ်ချက်ကြီးများအဖြစ် ဆေးဝါးပစ္စည်းတခုထည့်ကာ ပစ္စည်းလေးပါးကို ခွင့်ပြုခဲ့၏။ထို့ကြောင့် ဆေးရုံဆောက်ရန် မလို၊ ဆေးဝါးထုတ်လုပ်ရန် မလိုဟု ဘုရားကမဟောကြောင်းသိသာပါသည်။

ဗုဒ္ဓအဘိဓမ္မာတွင်စိတ်က ရုပ်ကိုဖြစ်စေသည်၊ ကောင်းသော စိတ်၊ ကြည်လင်သော စိတ်က ကျန်းမာသော ရုပ်ကို ဖြစ်စေ၍ ကြောက်ရွံ့သော အားငယ်တုန်လှုပ်နေသော စိတ်များကမကျန်းမာသောရုပ်ကိုဖြစ်ပေါ်စေသည်ဟုသာပြဆားပါသည်။ ဗောဇ္ဈင် ပရိတ်တရားတော်ကိုကြားနာ၍သို့မဟုတ် ဗောဇ္ဈင်တရား ၇-ပါး

ကို ပွားများ၍ နေသော ပုဂ္ဂိုလ်အတွက် တရားတော်၌ သက်ဝင်ယုံကြည်သော ဓမ္မပီတိသည်ဖြစ်၏။ ထိုဓမ္မပီတိက သွေးသားကို ကြည်လင်စေ၍ ခန့်ကျန်းသောရုပ်ကို ဖြစ်ပေါ်စေနိုင်၏။ ထိုဓမ္မပီတိ၏ စွမ်းအားကြောင့် ရောဂါဝေဒနာများ ပျောက်ကင်းခြင်း ဖြစ်ရ၏။

ဒေါသစိတ်၊ စိုးရိမ် စိတ်၊ ကြောက်လန့် သော စိတ်များက ရောဂါ ကို ဖြစ် စေ ၍၊ အား တက် သော ရွှင် လန်း ဝမ်း သာ သော ကြည် နူး သော စိတ်က ရော ဂါ ပျောက်ကင်း စေနိုင် ကြောင်းကို ဇီဝမန်း ဖန်တီးလိုက်စသော စိတ်ပညာဖြင့် ရောဂါကုဆရာကြီးများက လက်တွေ့ကုသထောက်ခံလျက်ရှိနေပါသည်။ ဒေါသစိတ်ကြောင့် အစာမကြေရောဂါ အစာအိမ်ရောဂါစိုးရိမ်စိတ်ကြောင့် အိပ်မပျော်သောရောဂါများ နှလုံးရောဂါဝေဒနာရှင်များသွေးတိုးရောဂါဝေဒနာရှင်များသည် စိတ်က ရောဂါကို ဖြစ်စေ ပျောက်စေကြောင်း ထောက်ခံနေကြပေသည်။

စိတ်ဓာတ်တည်ငြိမ်ရင့်ကျက်အောင် ပွားများအားထုတ်ထားသော သမထဘာဝနာ သမာဓိစွမ်းအားဖြင့် ရောဂါဝေဒနာတို့ ပျောက်ကင်းနေကြောင်းကို လက်တွေ့ အားထုတ်သူတိုင်းက ထောက်ခံနေကြပြီဖြစ်ပါသည်။ ထို့ကြောင့် ပရိတ်တရားတော်နာခြင်း၊ဂုဏ်တော်များကိုပွားများခြင်းဖြင့် ရရှိသော ကြည်လင်အေးမြသည့် ဓမ္မပီတိ၏စွမ်းအားဖြင့် ရောဂါတို့ကို ပျောက်ကင်းနိုင်ကြောင်း ယုံကြည်စွာ မှတ်သားထိုက်ပေသတည်း။

ဗေဒဗျူင်သုတ်ပြီး၏။

# ပုဗ္ဗဏှသုတ် နိဒါန်း

ဤပုဗ္ဗဏှသုတ်ပရိတ်တော်မှာ ရှေးဆရာတော်တို့ ကောင်းနိုးရာရာ စီစဉ်ချက်များဖြစ်၏။ သုနက္ခတ္တံ စသော နောက်ဆုံးသုံးဂါထာခွဲမှာ အင်္ဂုတ္တိုရ်ပါဠိတော် ပုဗ္ဗဏှသုတ်မှဖြစ်သောကြောင့် တသုတ်လုံးကို ပုဗ္ဗဏှသုတ်ဟု အမည်ပေးထားခြင်း ဖြစ်၏။ ယံကိဉ္စိဝိတ္တံ ဂါထာသည် ရတနသုတ်ပရိတ်တွင် ပြပြီးသော သုတ္တနိပါတ်ပါဠိတော်လာ စကားဖြစ်၏။ ရတနသုတ်တွင် ဘုရားဂုဏ်တော်ပြုအဖြစ်သာ ပါရှိ၍ ဤပုဗ္ဗဏှသုတ်တွင် တရားဂုဏ်တော်၊ သံဃာဂုဏ်တော်ပြု ဂါထာအဖြစ် ပြုလိုသောကြောင့် ထပ်မံထည့်ထားခြင်းဖြစ်၏။ ကျန်ဂါထာမှာ ရှေးဆရာတော်ကြီးတို့ စီစဉ်ရေးသားချက်များဖြစ်၏။

ယခုအခါ သံဃာတော်အရှင်မြတ်တို့ ပရိတ်ရွတ်ရာ၌ မည်သည့်ပရိတ်ကိုရွတ်သည်ဖြစ်စေ "ယံဒုန္နိမိတ္တံ" စသော ဤပုဗ္ဗဏှသုတ် အစ သုံးဂါထာဖြင့် အဆုံးသတ်လေ့ရှိ၏။ တခါတရံ ယံဒုန္နိမိတ္တံတွင် အဆုံးမသတ်ဘဲ "ဒါနံ ဒဒန္တု သဒ္ဓါယ" ဂါထာတွင် အဆုံးသတ်လေ့ရှိ၏။ ထိုသို့ ဤပုဗ္ဗဏှသုတ် ပရိတ်တွင် အဆုံးသတ်ကြသည်မှာ ပရိတ်ရွတ်သောဆရာတော်တို့၏ အာသီသများ၊ မေတ္တာပို့သချက်များ၊ တိုက်တွန်းနှိုးဆော်ချက်များပါသည့်ပြင် "ဂစ္ဆန္တု ဒေဝတာ ဂတာ = ပရိတ်တရားတော်နာရန် ရောက်လာကြကုန်သော နတ်အပေါင်းတို့ ကိုယ့်ရပ်ဌာနပြန်နိုင်

ကြပါပြီ”တွင် အဆုံးသတ်ထားခြင်းဖြင့် ပို၍ တာဝန်ကြေရာ ရောက်ပေသည်။ ပရိတ်မရွတ်မီက “သမန္တာ စက္ကဝါဠေသု”ဖြင့် နတ်တို့ကို ပင့်ဖိတ်ထား၏။ ယခု ပရိတ်တရားတော် ပြီးဆုံးသော အခါ ပြီးဆုံး၍ ပြန်နိုင်ကြပါပြီဟု ပြန်ပြောသည်မှာ သဘာဝ ကျပါသည်။ တရားပွဲများ အစည်းအဝေးပွဲများ ပြီးဆုံးသောအ ခါ ပြီးဆုံးကြောင်း ကျေညာပေးသကဲ့သို့ဖြစ်ပါသည်။

ဤပုဗ္ဗဏှသုတ်၏ ထူးခြားချက်မှာ အခြားပရိတ်တော် ၁၀ သုတ်မှာကဲ့သို့ ဤပုဗ္ဗဏှသုတ်ကို ရွတ်ချင် ဖတ်ချင်လာအောင် ချီးမွမ်းဖော်ပြသော ပရိတ်မွမ်းမပါခြင်းပင်ဖြစ်၏။ ထိုသို့ ပရိတ် မွမ်းမပါသည်မှာ ဤပုဗ္ဗဏှသုတ်မှာ ရှေး ဆရာတော်ကြီးများ စီစဉ်ရေးသားချက်များ ဖြစ်ခြင်းနှင့် ဘုရားဟော ပုဗ္ဗဏှသုတ်တွင် လည်း အကြောင်းနိဒါန်း အကျိုးအာနိသင်ပြ တစုံတရာမပြထား သောကြောင့်ဖြစ်ပေသည်။ မိလိန္ဒပဉှာပါဠိတော်နှင့် အဋ္ဌကထာ များတွင်ပြသော ပရိတ္တသုတ်များစာရင်းတွင် ဤပုဗ္ဗဏှသုတ် မပါရှိပေ၊ ဤအချက်ကိုကြည့်လျှင် ဤပုဗ္ဗဏှသုတ်သည် အခြား ပရိတ်တော်များထက် နောက်ကျ၍ ပရိတ်တော်အဖြစ်သို့ရောက် လာဟန်ရှိ၏။ သို့ရာတွင် ပရိတ်ရွတ်ပွဲအားလုံးတွင် ဤပုဗ္ဗဏှသုတ် အစ မေတ္တာအာသီသ သုံးဂါထာဖြင့် အဆုံးသတ်ခြင်းဖြင့် ပုဗ္ဗဏှသုတ်သည် ထင်ရှားသော ပရိတ်တော်တသုတ်ဖြစ်ကြောင်း ထင်ရှားပေသည်။

### မေတ္တာအာသီသ

၁၄၆။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယောစာမနာပေါ သကုဏဿ သဒ္ဒေါ။

ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိနာသ မေန္တု။

၁၄၇။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဓမ္မာနုဘာဝေန ဝိနာသ မေန္တု။

၁၄၈။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
သံဃာနုဘာဝေန ဝိနာသ မေန္တု။

၁၄၆-၁၄၇-၁၄၈။ မကောင်းသော အတိတ် နိမိတ်၊ အမင်္ဂလာ ငှက်ဆိုးထိုးသံ၊ မကောင်းသော ဂြိုဟ်စီး ဂြိုဟ်နင်းနှင့် ကြောက်ရွံ့ ထိတ်လန့်ဖွယ် အိပ်မက်ဆိုး အမျိုးမျိုး တို့သည်
ဘုရားဂုဏ်ကို အာရုံပြု၍ဖြစ်သော စေတနာ၏ အစွမ်းကြောင့် ကင်းစင် လွင့်ပျောက်ကြပါစေသတည်း။
တရားတော်၏ဂုဏ်ကို အာရုံပြု၍ဖြစ်သော ကုသိုလ်စေတနာ၏အစွမ်းကြောင့် ကင်းစင်လွင့်ပျောက်ကြပါစေသတည်း။
သံဃာတော်တို့၏ဂုဏ်ကို အာရုံပြု၍ဖြစ်သော ကုသိုလ်စေတနာ၏အစွမ်းကြောင့် ကင်းစင် လွင့်ပျောက်ကြပါစေသတည်း။

## မေတ္တာပို့

၁၄၉။ ဒုက္ခပ္ပတ္တာစ နိဒ္ဒုက္ခာ၊
ဘယပ္ပတ္တာစ နိဗ္ဘယာ။

သောကပ္ပတ္တာစ နိဿောကာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော။

၁၄၉။ ဆင်းရဲရောက်နေ သတ္တဝါတွေ ဆင်းရဲကင်းပါစေ၊ ဘေးရန်ရောက်နေ သတ္တဝါတွေ ဘေးရန်ကင်းပါစေ၊ သောကရောက်နေ သတ္တဝါတွေ သောကကင်းပါစေ။

## နတ်တို့အား အမျှဝေ

၁၅၀။ ဧတ္တာဝတာ စ အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါနု မောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။

၁၅၀။ ဤမျှသောပရိတ်တော် ရွတ်ဖတ်သရဇ္ဈာယ်မှု အစဉ်ဖြင့် ငါတို့ပြုလုပ်သော ကောင်းမှုအဘို့ဘာဂကို နတ်အပေါင်းတို့သည် စည်းစိမ်ချမ်းသာ အကုန်ပြည့်စုံဘို့ရာ သာဓုအနုမောဒနာ ခေါ်ဆိုကြပါကုန်လော။

## တိုက်တွန်းချက်နှင့် နတ်ပို့

၁၅၁။ ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာဂတာ။

၁၅၁။ ကံ ကံ၏အကျိုးကိုယုံကြည်၍ အလှူဒါနပြုကြကုန်လော၊ အခါမလပ် သီလကို စောင့်ထိန်းကြကုန်လော၊တရားနာလာရောက်ကုန်သော နတ်အပေါင်းတို့ နေရင်းဌာန ပြန်နိုင်ကြပါပြီ။

## စည်းတားပုံ

၁၅၂။ သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၁၅၂။ ကိုယ်တော်အား၊ ဉာဏ်တော်အား ရှိတော်မူသော ဘုရားရှင်တို့နှင့် ပစ္စေကဗုဒ္ဓါတို့၏ အစွမ်း အာနုဘော်ဖြင့်ရင်း၊ ရဟန္တာတို့၏ တန်ခိုးအာနုဘော်ဖြင့်ရင်း၊ အခါခပ်သိမ်း အစောင့်အရှောက်ကို ငါဖွဲ့ပါ၏။

## ရတနာသုံးပါးဂုဏ်

၁၅၃။ ယံကိဉ္စိ ဝိတ္တံ လောကေ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
လောကမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၅၄။ ယံကိဉ္စိ ဝိတ္တံ လောကေ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
လောကမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၅၅။ ယံ ကိဉ္စိ ဝိတ္တံ လောကေ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
လောကမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၅၃-၁၅၄-၁၅၅။ လူ့ပြည်၊ နဂါးပြည်၊ ဂဠုန်ပြည်၊ ဗြဟ္မာပြည်တို့၌ ရှိသမျှ ကောင်းမြတ်သောရတနာတို့တွင် ဘုရား တရား သံဃာနှင့်တူသော ရတနာကား မရှိနိုင်သည်သာ ဘုရား တရား၊ သံဃာတို့၏ ဂုဏ်တော် အပေါင်းသည်ကား ထူးခြား ကောင်းမြတ်လှပါပေ၏။ ဤသစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေသတည်း။

## တောင့်တချက်

၁၅၆။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။
၁၅၇။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဓမ္မာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။
၁၅၈။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗသံဃာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

၁၅၆-၁၅၇-၁၅၈။ ကောင်းခြင်းမင်္ဂလာမှန်သမျှ ပြည့်စုံကြပါစေ၊ နတ်မြတ်အပေါင်းတို့က စောင့်ရှောက်ကြပါစေ၊ ဘုရားရှင်များ တန်ခိုးအားကြောင့် သတ္တဝါတွေ အမြဲမခွဲ ချမ်းသာကြပါစေ။

တရားတော်များ တန်ခိုးအားကြောင့် သတ္တဝါတွေ အမြဲမ သွေ ချမ်းသာကြပါစေ။

သံဃာတော်များ တန်ခိုးအားကြောင့် သတ္တဝါတွေ အမြဲမ သွေ ချမ်းသာကြပါစေ။

## ဘုရားဂုဏ်ဖြင့် သစ္စာပြုပုံ

၁၇၉။ မဟာကာရုဏိကော နာထော၊
ဟိတာယ သဗ္ဗပါဏိနံ။
ပူရေတွာ ပါရမီ သဗ္ဗာ၊
ပတ္တော သမ္ဗောဓိ မုတ္တမံ။
ဧတေန သစ္စဝဇ္ဇေန။
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၇၉။ မဟာကရုဏာရှင် ဘုရားသခင်သည် သတ္တဝါတို့ အကျိုးစီးပွားအလို့ငှာ ပါရမီတော်တို့ကိုဖြည့်ကျင့်၍ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရတော်မူခဲ့ပြီ။ ဤသစ္စာစကားကြောင့် သင့်အား အခါခပ်သိမ်း ချမ်းသာပါစေသတည်း။

## အာသီသ

၁၈၀။ ဇယန္တော ဗောဓိယာ မူလေ၊
သကျာနံ နန္ဒိဝဍ္ဎနော။
ဧဝ မေဝ ဇယော ဟောတု၊
ဇယဿု ဇယမင်္ဂလေ။

၁၈၁။ အပရာဇိတပလ္လင်္ကေ၊ သီသေ ပုထုဝိပုက္ခလေ၊
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။

၁၈၀-၁၈၁။ သာကီဝင်မင်းတို့၏နှစ်သက်ခြင်းကို တိုးပွားစေတတ်သော ဘုရားသခင်သည် ဗောဓိပင်အနီး အပရာဇိတပလ္လင်၌ မာရ်ငါးပါးကို အောင်မြင်တော်မူသကဲ့သို့ ထိုနည်းတူ

သင်သည် ဘေးရန်ခပ်သိမ်းကို အောင်မြင်ပါစေ၊ အောင်ကြောင်း မင်္ဂလာတို့ကို ပြီးမြောက်အောင်မြင်ပါစေသဘည်း။

ဘုရားရှင် မှန်သမျှတို့ အောင်ဘိသိက်ခံရာ အထွတ်အထိပ် တင့်တယ်ကောင်းမြတ် မြေအရပ်ဖြစ်သော အပရာဇိတပလ္လင်၌ ဘုရားအဖြစ်သို့ရောက်သော မြတ်စွာဘုရားသည် အလွန်ရွှင်လန်း ဝမ်းမြောက်တော်မူသကဲ့သို့ သင်လည်း အထက်တန်းရောက် ကာ ဝမ်းမြောက် ရွှင်လန်းနိုင်ပါစေသတည်း။

## ကုသိုလ်ပြုချိန်အခါကောင်း

၁၆၂။ သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တောစ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

၁၆၂။ မြတ်သောအကျင့်ကိုကျင့်သူတို့၌ ကောင်းစွာပူဇော် ခြင်းသည် ကောင်းသောနက္ခတ် ကောင်းသောမင်္ဂလာဖြစ်ပေ၏၊ ကောင်းသော မိုးလင်းရခြင်း၊ ကောင်းသော အိပ်ရာမှထရခြင်း၊ ကောင်းသောခဏ၊ ကောင်းသော မုဟုတ်ချည်းသာဖြစ်ကုန်၏။

## ကောင်းမှု ၃-ပါး ကြီးပွားကြောင်း

၁၆၃။ ပဒက္ခိဏံ ကာယကမ္မံ ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံ မနောကမ္မံ၊ပဏိဓိ တေ ပဒက္ခိဏာ။

၁၆၃။ သူစရိုက်ကျင့်ရာ နေ့အခါ၌ပြုအပ်သော ကာယကံ၊ ဝစီကံ၊မနောကံမှန်သမျှသည် တိုးတက်ကြီးပွားခြင်း အကြောင်း များသာတည်း။ ထိုသုစရိုက်ပြုသူ၏ ကံသုံးပါးတို့ကား တိုးတက် ကြီးပွားကြောင်း ကောင်းမှု၌ထားခြင်းမည်ပေ၏။

## အာသီသ

၁၆၄။ ပဒက္ခိဏာနိ ကတွာန၊
လဘန္တတ္ထေ ပဒက္ခိဏေ။
တေ အတ္ထလဒ္ဓါ သုခိတာ၊
ဝိရူဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာဟောထ၊
သဟ သဗ္ဗေဟိ ဉာတိဘိ။

၁၆၄။ တိုးတက် ကြီးပွားကြောင်း ကောင်းမှု ပြုကြကုန်သောသူတို့သည် ကောင်းမြတ်သော အကျိုးတို့ကိုရရှိကြကုန်၏။ သင်တို့သည် ကောင်းကျိုးရကြကုန်၍ ဘုရား သာသနာတော်၌ ချမ်းသာ စည်ပင်ကုန်သည်ဖြစ်၍ ဆွေမျိုး အပေါင်းနှင့် တကွ ရောဂါကင်း၍ချမ်းသာကြပါစေ သတည်း။

## ပုဗ္ဗဏှသုတ်မှာသိစရာ

အင်္ဂုတ္တိုရ်ပါဠိတော်လာ မူလပုဗ္ဗဏှသုတ်တွင် သုနက္ခတ္တံစသော ဂါထာသုံးဂါထာ့အပြင် ရှေ့ပိုင်းစကားပြေများ ပါသေး၏။ ပုဗ္ဗဏှသုတ်ဟုဆိုသဖြင့် ဤပရိတ်ကို မနက်ဖက်သာရွတ်သင့်သည်ဟုအချို့ဆိုကြသည်။ ထိုအဆိုသည် မူလပါဠိတော်နှင့် မညီပါ။ ပါဠိတော်တွင် လူတယောက်သည် နံနက်ပိုင်း၌ကုသိုလ်ကောင်းမှုကိုပြု၏။ ထိုသူအဖို့ နံနက်ပိုင်းသည် ကောင်းသော နံနက်မင်္ဂလာရှိသော နံနက်ပင်ဖြစ်၏။ လူတယောက်သည် နေ့လည် ချိန်တွင်

ကုသိုလ်ပြု၏။ ထိုသူအဘို့နေ့လည်ချိန်သည် မင်္ဂလာရှိသောအချိန် ဖြစ်၏။ လူတယောက်သည် ညနေဘက်တွင် ကုသိုလ်ကောင်းမှု ပြု၏။ထိုသူအဘို့ ညနေချိန်သည် ကောင်းသော မင်္ဂလာရှိသော အချိန်ပင်ဖြစ်၏ဟု စကားပြေဖြင့်ဟောထား၏။ပြီးမှ "သုနက္ခတ္တံ" စသော ၃-ဂါထာခွဲကိုဟောထားခြင်းဖြစ်၏။

ထိုသို့ နံနက်၊ နေ့၊ ည ဘယ်အချိန်မဆို ကုသိုလ် ပြုချိန်သည် မင်္ဂလာအချိန်ဟု ထိုပုဗ္ဗဏှသုတ်မှာပင် ဟောထားသောကြောင့် ဤသုတ်ကိုမနက်ပိုင်း၌သာ ရွတ်ရမည်ဆိုသည်မှာ မဟုတ်နိုင်ပါ။ နံနက် နေ့ ည ဘယ်အချိန် ရွတ်ရွတ် ရွတ်သည့် အချိန် ကုသိုလ် ရပါသည်။ ကုသိုလ်ပြုရာ၌ အချိန် အခါ ရွေးနေစရာ မလိုပါ။ ကုသိုလ်ပြုချိန်မှန်သမျှ ကောင်းသောမင်္ဂလာရှိသော အချိန်များသာဖြစ်သည်ဟု ဆိုလိုပါသည်။

ပုဗ္ဗဏှသုတ် ပြီး၏။

# အမ်ိသုံးပရိတ်များ

အစဉ်အလာအားဖြင့် ပရိတ္တခေါ် ပရိတ်ကြီးသည် မင်္ဂလသုတ် အစပုဗ္ဗဏှသုတ်အဆုံး ၁၁-သုတ်ရှိသည်၊ ရဟန်းတော်များသည် သာမှု နာမှု ဘာသာရေးအခမ်းအနားများ၌ ရွတ်ဖတ်သရဇ္ဈာယ် နေသည်မှာလည်း ၎င်း(၁၁)သုတ်သာဖြစ်သည်။ ရှေးအခါဗုဒ္ဓ

ဘာသာဘုန်းတော်ကြီးကျောင်းသုံး ၁၀-စောင်တွဲ စာအုပ်တွင်လည်း ၎င်း ၁၁-သုတ်သာပရိတ်ပါရှိသည်။

သို့ရာတွင် လူပုဂ္ဂိုလ်များအနေဖြင့် အန္တရာယ်ကင်း ဘေးရန်ရှင်းရန်အတွက်ဆဒိသာပါလသုတ်၊ပရိမိတ္တဇာလသုတ်၊စက္ကာပရိတ္တ၊ခါရဏပရိတ္တစသော ပရိတ် တို့ကိုလည်း ရွတ်ဆိုကြ သေးသည်။ ထိုသုတ်များမှာ ဘုရားဟောတိုက်ရိုက်မဟုတ်ဘဲ ရှေးဆရာတော်ကြီးများက အန္တရာယ် ကင်းရန်အတွက် စီရင် ရေးသားထားခဲ့သည်များဖြစ်သောကြောင့် ဘာသာရေး အခမ်းအနားများတွင်မရွတ်ဆိုကြခြင်းဖြစ်၍၊ သို့ရာတွင် ဤပရိတ်များမှာလည်း ရတနာသုံးပါး၏ ဂုဏ်ကိုဖေါ်ကြူး၍ မေတ္တာပို့သော နတ် ဗြဟ္မာများ၏ အစောင့်အရှောက်ကို တောင်းခံခြင်း ဖြစ်သောကြောင့်ရှေးပရိတ်တော်များနှင့် သဘောတူပင်ဖြစ်၍ ထိုပရိတ်များမှာဘုံလည်းတို၍၊ ထိုပရိတ်များ၏ အနှစ်ကို ဖော်ပြရာ၌ ပျောက်ကင်းနိုင်သော ရောဂါ ဘေးအန္တရာယ် တို့မှာ ကုံသည်းစုံ၍။ ထိုကြောင့် လူတို့အနေဖြင့် ပိုမိုအာ ကိုးကြ၍၊ ယုံကြည်ကြ၍၊ ရွတ်ဆိုကြ၍၊ယုံကြည်၍ ရွတ်ဆိုသည့်အတိုင်းလည်း အမှန်တကယ်ပင်အန္တရာယ်ကင်း၏၊ ထို့ကြောင့် ၎င်းပရိတ်တော်များကို အိမ်သုံးပရိတ်တော်များအဖြစ်ဤစာအုပ်တွင် ဖော်ပြလိုက်ရပေသည်။

# ဆဒိသာပါလသုတ်

ဆဒိသာပါလသုတ် ဆိုသည်မှာ အရှေ့၊ အနောက်၊ တောင်မြောက် အထက် အောက် ဟူသော အရပ် ခြောက်မျက်နှာတို့

လုံခြုံစေရန်အကာအကွယ် အစောင့်အရှောက် ထားသောပရိတ်တော်သုတ်ဖြစ်သည်။အရပ် ၆ မျက်နှာအနက် အရပ်မျက်နှာတခုတခုတွင်နတ်မင်းကြီးလေးဦးစီကို ဖော်ပြထားသောကြောင့် နတ်မင်းကြီး ၂၄-ဦးကို အစောင့်အရှောက် အရံအတားအဖြစ်ထားခြင်းဖြစ်၏။တန်ခိုးကြီးသောနတ်မင်းကြီးတို့ကို အရပ်၆-မျက်နှာ၌အစောင့်ထားခြင်းအားဖြင့် လူတို့ကို ဖမ်းစားတတ်သော ဆောဂါဝေဒနာဖြစ်အောင်ပြုတတ်သော ဘီလူး သားရဲ တို့နှင့်လူဆိုးတို့က မိမိကိုမညှင်းဆဲနိုင်အောင်ဤသုတ်ကိုရွတ်ဖတ်ကြခြင်းဖြစ်၏။

## နိဒါန်း

၁။ ဧဝံ မေ သုတံ— ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဂိဇ္ဈကူဋေ ပဗ္ဗတေ။ တေန ခေါ ပန သမယေန ဘဂဝါ ဘိက္ခူ တေ ဒဝေ ါစ၊

၁။ အခါတပါး ဘုရားမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်ခြေ၌ သီတင်းသုံးနေပါသည်။ ထိုအခါဘုရားရှင်ဿရဟန်းတို့ကိုအောက်ပါတရားတော်ကို ဟောတော်မူပါသည်။

## အရှေ့အရပ်စည် ချ

၂။ ပုရတ္ထိမသ္မိံ ခေါ ပန ဘိက္ခဝေ ဒိသာဘာဂေ စတ္တာရော ယက္ခာ မဟာယက္ခာ ဓာဓိပတေယျာ စဟောန္တိ၊ သေယျထိဒံ သာတဂိ ရော စ ဟေမဝတော စ ပုဏ္ဏကော စ ဂုတ္တိယော စ၊ ဧတေ စတ္တာရော ယက္ခာ

မဟာယက္ခာ ဗုဒ္ဓေ ပသန္နာ ဓမ္မေ ပသန္နာ သံဃေ
ပသန္နာ၊ ဗုဒ္ဓေ သဂါရဝါ ဓမ္မေ သဂါရဝါ၊ သံဃေ
သဂါရဝါ၊ တမဟံ ဝဒါမိ သာတာဂိရဿ ဟေမဝတဿ
ပုဏ္ဏကဿ ဂုတ္တိယဿ၊ ရူပံ ရက္ခံ သံဝိဒဟန္တု မာ တံ
ကောစိ ကိဉ္စိ ဝိဟေဌေသိ မနုဿော ဝါ အမနုဿော
ဝါ ဂစ္ဆန္တံ ဝါ ဌိတံ ဝါ နိသိန္နံ ဝါ နိပန္နံ ဝါ သုတ္တံ
ဝါ ဇာဂရန္တံ ဝါ ပမတ္တံ ဝါ၊ ရတ္တိံ ဝါ ဒိဝါ
ဝါ သဒါ တံ ရက္ခန္တု ဒေဝတာ။

၂။ ရဟန်းတို့ အရှေ့အရပ်၌ စိုးမိုးအုပ်ချုပ်နေသော နတ်မင်းကြီးလေးပါးရှိ၏။ ထိုနတ်မင်းကြီးလေးပါးမှာ သာတာဂိရိနတ်မင်း၊ ဟေမဝတနတ်မင်း၊ ပုဏ္ဏကနတ်မင်းနှင့် ဂုတ္တိယနတ်မင်းတို့ပေတည်း။ ထို နတ်မင်းကြီး လေးပါးတို့သည် ဘုရားတရားသံဃာကို ကြည်ညိုကုန်၏။ ဘုရားတရားသံဃာကို ရိုသေလေးစားကြကုန်၏။ ထိုနတ်မင်းကြီးတို့သည် ဤအစောင့်အရှောက်ကို စီစဉ်ချထားပါစေသတည်း ဟု ငါဘုရား အမိန့်ရှိတော်မူ၏။ တစုံတယောက်သော လူတို့ကဖြစ်စေ၊ လူမဟုတ်သော ဘီလူး၊ တစ္ဆေ အစိမ်း၊ သားရဲ၊ နတ်ဆိုးတို့က ဖြစ်စေ၊ သင်သွားနေစဉ်၊ ရပ်နေစဉ်၊ ထိုင်နေစဉ်၊ လဲလျောင်းနေစဉ်၊ အိပ်နေစဉ်၊ အိပ်ရာမှနိုးစဉ်၊ အမှတ်မဲ့နေစဉ်၊ မညှင်းဆဲနိုင်ကြပါစေနှင့်။ သင်အား ထိုနတ်တို့က နေ့ရောညပါ အခါခပ် စောင့်ရှောက်ကြပါစေသတည်း။

## တောင်အရပ်စည်းချ

၃။ ဒက္ခိဏာသ္မိံ ဒေါ ပနတ်ကျွခ၀ ဒိသာဘာဂေ စတ္တာ
ရောယက္ခာ မဟာယက္ခာ အာဓိပတေယျာစဟောန္တိ၊
သေယျထိဒံ ကာလော စ ဥပကာလော စ
ဗိမ္ဗောစ ဗိမ္ဗသေနော စ၊ တေ စတ္တာရော ယက္ခာ
မဟာယက္ခာ ဗုဒ္ဓ ပသန္နာ ဓမ္မ ပသန္နာ သံဃေ
ပသန္နာ ဗုဒ္ဓ သဂါရဝါ ဓမ္မ သဂါရဝါ သံဃေ
သဂါရဝါ၊ တမဟံ ဝဒါမိ ကာလဥ္စ ဥပကာလဥ္စ
ဗိမ္ဗဥ္စ ဗိမ္ဗ သေနဥ္စ၊ ဣမံ ရက္ခံ သံဝိဒဟန္တု၊ မာတံ
ကောစိ ကိဥ္စိ ဝိဟေဌေသိ မနုဿော ဝါ အမနုဿော
ဝါ ဂစ္ဆန္တံ ဝါ ဌိတံ ဝါ နိသိန္နံ ဝါ နိပန္နံ ဝါ
သုတ္တံ ဝါ ဇာဂရန္တံ ဝါ ပမတ္တံ ဝါ ရတ္တိံ ဝါ
ဒိဝါ ဝါ သဒါ တံ ရက္ခန္တု ဒေဝတာ။

၃။ ရဟန်းတို့ တောင်မျက်နှာအရပ်၌ နတ်မင်းကြီး ၄ ယောက်တို့ စိုးမိုးအုပ်ချုပ်နေ၏။ ၄ ယောက်ဆိုသည်မှာ ကာလနတ်မင်း၊ ဥပကာလနတ်မင်း၊ ဗိမ္ဗနတ်မင်း၊ ဗိမ္ဗသေန နတ်မင်းတို့ဖြစ်ကုန်၏။ ထိုနတ်မင်းကြီး လေးယောက်တို့သည် ဘုရားတရားသံဃာတော်ကို ကြည်ညိုကြ၏။ ဘုရား တရား သံဃာတော်ကို ရိုသေလေးစားကြ၏။ ထိုနတ်မင်းကြီးလေးယောက်တို့အား အစောင့်အရှောက်ကိုစီမံထားရန် ဘုရားအမိန့်ရှိ၏၊ ဘာစုံဘယောက်သောလူကဖြစ်စေ၊ လူမဟုတ်သော ဘီလူး၊ တစ္ဆေ၊ အစိမ်း၊ သားရဲ၊ နတ်ဆိုးတို့က ဖြစ်စေ၊ သင်သွားစဉ်၊ ရပ်စဉ်၊ ထိုင်စဉ်၊

လျှောင်းစဉ်၊ အိပ်နေစဉ်၊ နိုးနေစဉ်၊ အမှတ်မဲ့နေစဉ်၊ မညှင်းဆဲနိုင်ကြပါစေသတည်း။ သင့်ကို နတ်မင်းအပေါင်းက နေ့ရောညပါ အခါမလပ် စောင့်ရှောက်ပါစေသတည်း။

## အနောက်အရပ်စည်းချ

၄။ ပစ္ဆိမသ္မိံ ခေါပန ဘိက္ခဝေ ဒိသာဘာဂေ စတ္တာ
ရော ယက္ခာ မဟာယက္ခာ အာဓိပတေယျာ စ
ဟောန္တိ၊ သေယျထိဒံ ဟရိရော စ ဟရဟရိရော စ
ပါပေါ စ ပိင်္ဂလော စ တေ စတ္တာရော ယက္ခာ
မဟာယက္ခာ ဗုဒ္ဓေ ပသန္နာ ဓမ္မေ ပသန္နာ သံဃေ
ပသန္နာ၊ ဗုဒ္ဓေ သဂါရဝါ ဓမ္မေ သဂါရဝါ သံဃေ
သဂါရဝါ၊ တမဟံ ဝဒါမိ ဟရိရဉ္စ ဟရဟရိရဉ္စ
ပါပဉ္စ ပိင်္ဂလဉ္စ၊ ဣမံ ရက္ခံ သံဝိဒဟန္တု၊ မာ တံ
ကောစိ ကိဉ္စိ ဝိဟေဌေသိ မနုဿော ဝါ အမနု
ဿော ဝါ ဂစ္ဆန္တံ ဝါ ဌိတံ ဝါ နိသိန္နံ ဝါ
နိပန္နံ ဝါ သုတ္တံ ဝါ ဇာဂရန္တံ ဝါ ပမတ္တံ ဝါ
ရတ္တိံ ဝါ ဒိဝါ ဝါ သဒါ တံ ရက္ခန္တု ဒေဝတာ။

၄။ ရဟန်းတို့ အနောက်မျက်နှာအရပ်၌ စိုးမိုးရှိနေသော နတ်မင်းကြီး လေးယောက်တို့ရှိကုန်၏။ ထိုလေးယောက်တို့ကား ဟရိရနတ်မင်း၊ ဟရဟရိရနတ်မင်း၊ ပါပနတ်မင်း၊ ပိင်္ဂလနတ်မင်း တို့တည်း။ ထိုနတ်မင်းကြီးလေးပါးတို့သည် ဘုရားတရားသံဃာကို ကြည်ညိုကြကုန်၏။ ရိုသေလေးစားကြကုန်၏။ ထိုနတ်မင်းကြီး လေးယောက်တို့အား ဤအရံအတားကို ပြုကြလော့ဟု ငါဘုရား

မိန့်တော်မူ၏။ တစုံတရောက်သောလူဆ ဖြစ်စေ၊ လူမဟုတ်သော ဘီလူး၊ တစ္ဆေ၊ အစိမ်း၊ သားရဲ၊ နတ်ဆိုးတို့က ဖြစ်စေ သင်သွားနေစဉ်၊ ရပ်နေစဉ်၊ ထိုင်နေစဉ်၊ လျောင်းနေစဉ်၊ အိပ်နေစဉ်၊ နိုးနေစဉ်၊ အမှတ်တမဲ့နေစဉ်၊ မညှင်းဆဲကြပါစေနှင့်၊ ထိုနတ်မင်းအပေါင်းက သင့်ကို နေ့ရောညပါ အခါမလပ် စောင့်ကြပ်ကြပါစေသတည်း။

## မြောက်အရပ် စည်းချ

၇။ ဥတ္တရသ္မိံ ခေါ ပန ဘိက္ခဝေ ဒိသာဘာဂေ စတ္တာရော
ယက္ခာ မဟာယက္ခာ အာဓိပတေယျာ စ ဟောန္တိ၊
သေယျထိဒံ သံဃော စ သံဃုလိမော စ သုသုရော စ
ဥဂ္ဂတေဇော စ၊ တေစတ္တာရော ယက္ခာ မဟာယက္ခာ
ဗုဒ္ဓေ ပသန္နာ ဓမ္မေ ပသန္နာ သံဃေ ပသန္နာ၊ ဗုဒ္ဓေ
သဂါရဝါ ဓမ္မေ သဂါရဝါ သံဃေ သဂါရဝါ၊ တမဝံ
ဝဒါမိ သံဃဥ္စ သံဃုလိမဥ္စ သုသုရဥ္စ၊ ဥဂ္ဂတေဇဥ္စ၊ ဣမံ
ရက္ခံ သံဝိဒဟန္တု၊ မာ တံ ဈောစိ ကိဉ္စိ ဝိဟေဌေသိ
မနုဿော ဝါ အမနုဿော ဝါ ဂစ္ဆန္တံ ဝါ ဋ္ဌိတံ ဝါ
နိသိန္နံ ဝါ နိပန္နံ ဝါ သုတ္တံ ဝါ ဇာဂရန္တံ ဝါ၊ ပမတ္တံ ဝါ
ရတ္တိံ ဝါ ဒိဝါ ဝါ သဒါ တံ ရက္ခန္တု ဒေဝတာ။

၇။ ရဟန်းတို့၊ မြောက်မျက်နှာအရပ်၌ နတ်မင်းကြီး လေးယောက်တို့ ကြီးစိုးနေကုန်၏။ ထိုလေးယောက်ဟူသည် သံဃနတ်မင်း၊ သံဃုလိမနတ်မင်း၊ သုသုရနတ်မင်း၊ ဥဂ္ဂတေဇ နတ်မင်းတို့

တည်း။ ထိုနတ်မင်းလေးပါးတို့သည် ဘုရား၊ တရား၊ သံဃာကို ကြည်ညိုကြကုန်၏။ ရိုသေလေးစားကြကုန်၏။ ထိုနတ်မင်းလေး ပါးအား မြောက်အရပ် အစောင့်အရှောက်ကို စီမံစေဟု ငါ ဘုရား အမိန့်မှတ်ဘော်မူ၏။ တစုံတယောက်သောလူကဖြစ်စေ၊ လူမဟုတ်သော ဘီလူး တစ္ဆေ အစိမ်းသားရဲ နတ်ဆိုးတို့ကဖြစ် စေ၊ သင့်ကိုရပ်နေစဉ်၊ သွားနေစဉ်၊ ထိုင်နေစဉ်၊ လျောင်းနေစဉ်၊ အိပ်နေစဉ်၊ နိုးနေစဉ်၊ အမှတ်တမဲ့နေစဉ်၊ မညှဉ်းဆဲကြပါကုန်နှင့်၊ ထိုနတ်မင်းအပေါင်းတို့သည် သင့်အား နေ့ရောညဉ့်ပါ အခါမ လပ် စောင့်ကြပ်ကြပါစေသတည်း။

## အောက်အရပ် စည်းချ

၆။ ဟေဋ္ဌိမသ္မိံ ခေါပန ဘိက္ခဝေ ဒိသာဘာဂေ ဇတ္တာရော ယက္ခာ မဟာယက္ခာ အာဒိပတေယျာ စ ဟောန္တိ၊ သေယျထိဒံ ဓရဋ္ဌော စ ဓတရဋ္ဌော စ သေဋ္ဌော စ ကမ္ပလသေဋ္ဌော စ၊ တေစတ္တာရော ယက္ခာ မဟာယက္ခာ ဗုဒ္ဓေ ပသန္နာ ဓမ္မေ ပသန္နာ သံဃေ ပသန္နာ ဗုဒ္ဓေ သဂါရဝါ ဓမ္မေ သဂါရဝါ သံဃေ သဂါရဝါ၊ တမဟံ ဝဒါမိ ဓရဋ္ဌ ဓတရဋ္ဌ သေဋ္ဌ ကမ္ပလသေဋ္ဌ၊ ဣမံ ရက္ခံ သံဝိဒဟန္တု၊ မာတံ ကောစိ ကိဋ္ဌိ ဝိဟေဌေသိ မနုဿော ဝါ အမနုဿော ဝါ ဂန္ဓဗ္ဗော ဝါ ဥတ္တော ဝါ နိသိန္နော ဝါ နိပန္နော ဝါ သုတ္တော ဝါ ဇာဂရန္တော ဝါ ပမတ္တော ဝါ၊ ရတ္တိံ ဝါ ဒိဝါ ဝါ သဒါ တံ ရက္ခန္တု ဒေဝတာ။

၆။ ရဟန်းတို့၊ အောက်အရပ်၌ နတ်မင်းကြီး လေးဦးတို့ စိုးမိုး အုပ်ချုပ်နေ၏။ ၄-ယောက်ဟူသည်ကား ဓရဋ္ဌ နတ်မင်း၊ ဝိရုဠှက နတ်မင်း၊ ဝိရူပက္ခ နတ်မင်း၊ ကုဝေရ နတ်မင်းတို့တည်း။ ထိုနတ်မင်းကြီး ၄-ယောက်တို့သည် ဘုရား၊ တရား၊ သံဃာကို ကြည်ညိုကြကုန်၏။ ရိုသေလေးစားကြကုန်၏။ ထိုနတ်မင်းလေးပါးအား အောက်အရပ်ကို စီမံစေဟု ငါဘုရား အမိန့်မှတ်တော်မူ၏။ တစုံတယောက်သောလူကဖြစ်စေ၊ လူမဟုတ်သော ဘီလူး၊ တစ္ဆေ အစိမ်း သားရဲ နတ်ဆိုး တို့ကဖြစ်စေ၊ သင့်ကို ရပ်နေစဉ် သွားနေစဉ် ထိုင်နေစဉ် လျောင်းနေစဉ် အိပ်နေစဉ် နိုးနေစဉ် အမှတ်တမဲ့နေစဉ် မညှဉ်းဆဲကြပါကုန်နှင့် ထိုနတ်မင်းအပေါင်းတို့သည် သင့်အား နေ့ရော ညဉ့်ပါ အခါမလပ် စောင့်ကြပ်ကြပါစေသတည်း။

## အထက်အရပ်စည်းချ

၇။ ဥပရိမသ္မိံ ခေါ ပန ဘိက္ခဝေ ဒိသာဘာဂေ စတ္တာရော ယက္ခာ မဟာယက္ခာ အာဓိပတေယျာ ဝဟောန္တိ၊ ယေယျိထိဒံ စန္ဒော စ သူရိယော စ ဣန္ဒော စ ပြဟ္မာ စ၊ တေ စတ္တာရော ယက္ခာ မဟာယက္ခာ ဗုဒ္ဓပသန္နာ ဓမ္မေ ပသန္နာ သံဃေ ပသန္နာ၊ ဗုဒ္ဓ သဂါရဝါ ဓမ္မေ သဂါရဝါ သံဃေ သဂါရဝါ၊ တမဟံ ဝဒါမိ စန္ဒဥ္စ သူရိယဥ္စ ဣန္ဒဥ္စ ပြဟ္မဥ္စ ဣမံ ရက္ခံ သံဝိဒဟန္တု၊ မာတံ ကောစိ ကိဥ္စိ ဝိဟေဌေသိ မနုဿော ဝါ

အမနုဿော ဝါ ဂန္ဓဗ္ဗော ဝါ ဂုမ္ဘဏ္ဍော ဝါ နိုဿိန္နော ဝါ သုတ္တော ဝါ ဇာဂရန္တော ဝါ ပမတ္တော ဝါ၊ ရတ္တိံ ဝါ ဒိဝါ ဝါ သဒါ တံ ရက္ခန္တု ဒေဝတာ။

၇။ ရဟန်းတို့၊ အထက်အရပ်တို့၌ နတ်မင်းကြီးလေးယောက်တို့ စိုးမိုးအုပ်ချုပ်နေ၏။ ထိုလေးယောက်တို့မှာ စန္ဒနတ်မင်း၊ သူရိယနတ်မင်း၊ ဣန္ဒနတ်မင်း၊ ဗြဟ္မနတ်မင်းတို့ ဖြစ်ကုန်၏။ ထိုမင်းကြီးလေးယောက်တို့သည် ဘုရား တရား သံဃာကို ကြည်ညိုကြကုန်၏။ ရိုသေလေးစားကြကုန်၏။ ထိုနတ်မင်း လေးပါးအား အထက်အရပ် အစောင့်အရှောက်ကို စီမံခစေဟု ငါဘုရား အမိန့်မှတ်တော်မူ၏။ တစုံတယောက်သော လူကဖြစ်စေ၊ လူမဟုတ်သောဘီလူး သစ္စေ အစိမ်း သားရဲ နတ်ဆိုးတို့ကဖြစ်စေ၊ သင့်ကို ရပ်နေစဉ် သွားနေစဉ် ထိုင်နေစဉ် လျောင်းနေစဉ် အိပ်နေစဉ် နိုးနေစဉ် အမှတ်တမဲ့နေစဉ် မညှဉ်းဆဲကြပါကုန်နှင့်၊ ထိုနတ်မင်း အပေါင်းတို့သည် သင့်အား နေ့ရော ညဉ့်ပါ အခါခပ်သိမ်း စောင့်ကြပ်ကြပါစေသတည်း။

ဆဒိသာပါလသုတ်ပြီး၏။

# စကြာပရိတ်

ဤသို့ မလုပ်ရ၊ ဤသို့ လုပ်ရမည် စသည်ဖြင့် ဘုရင်တို့ထုတ်ထားသော ဥပဒေ အမိန့်အာဏာကို အာဏာစက္က = အာဏာ

စက်ဟု ခေါ်၏။ ဘုရားရှင်ဟောတော်မူသော တရားတော်များ ကို ဓမ္မစက္က = ဓမ္မစက်ဟု ခေါ်၏။ထိုတရားတော်တည်းဟူသော ဓမ္မစက်၏တန်ခိုးတော်ဖြင့် အရပ် ၁၀ မျက်နှာမှလာသော ဘေး ရန်တို့ကို ကာကွယ်ရန်ရွတ်ဆိုသော ပရိတ်ကို စက္ကပရိတ္တဟု ခေါ် ၏။ တရားတော်တည်းဟူသော ဓမ္မစက်၏တန်ခိုးကြောင့်လူဘန်း စားမျိုးစုံ ချမ်းသာစေကြောင်း၊ အချင်းချင်း ချစ်ခင်ကြစေ ကြောင်း မေတ္တာပို့ထား၏။ ရောဂါမျိုးစုံနှင့် ၂၅ ပါးသော ဘေး ၃၂ ပါးသောကံကြမ္မာ ၉၆ ပါးသော ရောဂါတို့ ချုပ် ငြိမ်း ပပျောက်စေကြောင်း ဆုတောင်းပတ္ထနာ ပြုထား၏။

## နိဒါန်း

၁။ ဧဝံ မေသုတံ—ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ
ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။
တတြ ခေါ ဘဂဝါ အာယသ္မန္တံ အာနန္ဒံ
ဧတဒဝေါစ—

၁။ အခါတပါး ဘုရားမြတ်စွာသည် သာဝတ္ထိပြည်အနာထ ပိဏ်သူဌေး၏ပျော်မွေ့ဘွယ်ကောင်း ဇေတဝန်ကျောင်း၌သီတင်း သုံးတော်မူ၏။ ထိုအခါဘုရားရှင်က ညီတော်အာနန္ဒာ မထေရ် အား အောက်ပါ စက္က ပရိတ်ဒေသနာကို ဟောကြားတော်မူ၏။

၂ အဓိဂတော ခေါ မျာယံ ဓမ္မော၊ ဧဝံ အာနန္ဒာ
မယာ ပါရမီယော ပူရေတွာ ဗုဒ္ဓတ္တံ ပတွာ မာရသေနံ
ဝိဒ္ဓံသေတွာ အသနိ စက္ကဿ ပတိတော ဝိယ ခုရစက္ကဿ

**ပတိတော ဝိယ၊ ဧဝံ အာနန္ဒ မယာ ပါရမီယော** ပူရေတွာ ဗုဒ္ဓတ္တံ ပတွာ မာရသေနံ ဝိဒ္ဓံသေတွာ တဒါ လဒ္ဓဓမ္မစက္ကာယ အာနုဘာဝေန ပုရတ္ထိမာယ ဒိသာယ အာဂတာနံ သတြု ဘယံ အသီတိသတ သဟဿာနံ မဒ္ဒတိ ဝိဒ္ဓံသေဘိ အတ္ထင်္ဂမေတိ နိဗ္ဗာပေဘိ၊ ပုရတ္ထိမာယ အနုဒိသာယ အာဂတာနံသတြုဘယံ အသီတိသတ သဟဿာနံ မဒ္ဒတိ ဝိဒ္ဓံသေတိ အတ္ထင်္ဂမေထိ နိဗ္ဗာပေတိ။

၂။ ချစ်သား အာနန္ဒာ၊ ဤသို့လျှင် ငါဘုရားသည် ပါရမီဆယ်ပါးတို့ကိုဖြည့်ကျင့်၍ မိုးကြိုးစက်ကျသည့်ပမာ သင်ဓုန်းစက်ဖြတ်သည့်အလားကဲ့သို့ မာရ်မင်း၏ စစ်သည်အပေါင်းတို့ကိုဖျက်ဆီးပြီးနောက်ဤအရဟတ္တ မဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်ကို ရတော်မူခဲ့ပြီ၊ချစ်သားအာနန္ဒာ၊ ပါရမီတော်တို့ကိုဖြည့်ကျင့်၍ မာရ်မင်း၏စစ်သည်တို့ကို ဖျက်ဆီးပြီးနောက် ဤသို့ငါရအပ်သောဓမ္မစက်၏တန်ခိုးတော်၏ အာနုဘော်ကြောင့်၊

အရှေ့ အရပ်မျက်နှာမှလာကုန်သော ၈–သန်းသောဘေးရန်အပေါင်းကို နှိမ်နင်း ဖျက်ဆီး ကွယ်ပျောက် ငြိမ်းအေးစေတော်မူ၏။

အရှေ့မြောက်ထောင့် အရပ်မှ လာကုန်သော ၈–သန်းသောဘေးရန်အပေါင်းကို နှိမ်နင်းဖျက်ဆီးကွယ်ပျောက် ငြိမ်းအေးစေတော်မူ၏။

၃။ ဒက္ခိဏာယ ဒိသာယ အာဂတာနံ သတြုဘယံ–အသီဘိ သတသဟဿာနံ မဒ္ဒတိ ဝိဒ္ဓံသေတိ အတ္ထင်္ဂမေတိ နိဗ္ဗာပေတိ၊ ဒက္ခိဏာယ အနုဒိသာယ အာဂတာနံ

သဗြတ္တာယံ အသီတိ သတသဟဿာနံ မဒ္ဒတိ ဝိဒ္ဓံ သေတိ အတ္ထင်္ဂ မေတိ နိဗ္ဗာပေတိ။

၃။ တောင်အရပ်မှ လာကုန်သော ဂ-သန်းသော ဘေးရန်အပေါင်းကိုနှိမ်နင်းဖျက်ဆီးကွယ်ပျောက်ငြိမ်းအေးစေတော်မူ၏။

အရှေ့တောင်ထောင့်အရပ်မှ လာကုန်သော ဂ-သန်းသော ဘေးရန်အပေါင်းကို နှိမ်နင်းဖျက်ဆီးကွယ်ပျောက် ငြိမ်းအေးစေတော်မူ၏။

၄။ ပစ္ဆိမာယ ဒိသာယ အာဂတာနံ သဗြတ္တာယံ အသီတိ သတသဟဿာနံ မဒ္ဒတိ ဝိဒ္ဓံသေတိ အတ္ထင်္ဂ မေတိ နိဗ္ဗာပေတိ၊ ပစ္ဆိမာယ အနုဒိသာယ အာဂတာနံ သဗြတ္တာယံ အသီတိသ သဟဿာနံ မဒ္ဒတိ ဝိဒ္ဓံသေတိ အတ္ထင်္ဂမေတိ နိဗ္ဗာပေတိ။

၄။ အနောက်အရပ်မှလာသော ဂ-သန်းသော ဘေးရန်အပေါင်းကို နှိမ်နင်းဖျက်ဆီး ကွယ်ပျောက် ငြိမ်းအေးစေတော်မူ၏။

အနောက်တောင်ထောင့် အရပ်မှလာသော ဂ-သန်းသော ဘေးရန်အပေါင်းကို နှိမ်နင်းဖျက်ဆီး ကွယ်ပျောက် ငြိမ်းအေးစေတော်မူ၏။

၅။ ဥတ္တရာယ ဒိသာယ အာဂတာနံ သဗြတ္တာယံ အသီတိ သတသဟဿာနံ မဒ္ဒတိ ဝိဒ္ဓံသေတိ အတ္ထင်္ဂမေတိ နိဗ္ဗာပေတိ၊ ဥတ္တရာယ အနုဒိသာယ အာဂတာနံ သဗြတ္တာယံ အသီတိသတသဟဿာနံ မဒ္ဒတိ ဝိဒ္ဓံသေတိ အတ္ထင်္ဂမေတိ နိဗ္ဗာပေတိ။

၅။ မြောက်အရပ်မှလာသော ဂ–သန်းသော ဘေးရန်အပေါင်းကို နှိမ်နင်းဖျက်ဆီး ကွယ်ပျောက် ငြိမ်းအေးစေတော်မူ၏။

အနောက်မြောက်ထောင့်အရပ်မှ လာသော ဂ–သန်းသော ဘေးရန်အပေါင်းကို နှိမ်နင်းဖျက်ဆီး ကွယ်ပျောက် ငြိမ်းအေးစေတော်မူ၏။

၆။ ဟေဋ္ဌိမာယ ဒိသာယ အာဂတာနံ သတြုဘယံ အသီတိ
သတသဟဿာနံ မဒ္ဒတိ ဝိဒ္ဓံသေတိ အတ္တင်္ဂမေတိ
နိဗ္ဗာပေတိ။

၆။ အောက်အရပ်မှလာသော ဂ–သန်းသော ဘေးရန်အပေါင်းကို နှိမ်နင်းဖျက်ဆီးကွယ်ပျောက် ငြိမ်းအေးစေတော်မူ၏။

၇။ ဥပရိမာယ ဒိသာယ အာဂတာနံ သတြုဘယံ အသီတိ
သတသဟဿာနံ မဒ္ဒတိ ဝိဒ္ဓံသေတိ နိဗ္ဗာပေတိ။

၇။ အထက်အရပ်မှလာသော ဂ–သန်းသော ဘေးရန်ကို နှိမ်နင်းဖျက်ဆီး ကွယ်ပျောက် ငြိမ်းအေးစေတော်မူ၏။

၈။ ဇေဝံ အာနန္ဒ မယာ ပရိမိယော ပူရေတွာ ဗုဒ္ဓတ္တံ
ပတ္တာ မာရသေနံ ဝိဒ္ဓံသေတွာ လဒ္ဓဓမ္မစက္ကာယ အာနု
ဘာဝေန ဣမသ္မိံ ဝိဟာရေ ဝေါစရဂါမေ နေပဒေ
နိဂမေ နဂရေ ရဋ္ဌေ ဇမ္ဗုဒီပေ စက္ကဝါဠေ ဇာတိခေတ္တေ
အာဏာခေတ္တေ ဝိသယခေတ္တေ ဋ္ဌိတာဘိက္ခု ဝါ ဘိက္ခုနီ
ဝါ ဥပါသကော ဝါ ဥပါသိကာ ဝါ ဂဟပတိ ဝါ ဂဟ
ပတာနိ ဝါ သုဒ္ဒေါ ဝါ သုဒ္ဒီ ဝါ ဝေဿာ ဝါ ဝေဿီ ဝါ
ဗြဟ္မဏော ဝါ ဗြဟ္မဏီ ဝါ ရာဇာ ဝါ ရာဇဒေဝီ ဝါ

ဥပရာဇာ ဝါ ဥပရာဇဒေဝီ ဝါ အမစ္စာ ဝါ အမစ္စဘရိယာ ဒဒယာ ဝါ တေ သဗ္ဗေ သုခိတာ ဟောန္တု၊ အနီဃာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အဝေရာဟောန္တု၊ အရောဂါ ဟောန္တု၊ အညမညံပိယာဟောန္တု၊ မမမ္ပိ ဝါ သဗ္ဗလောကမ္ပိ ဝါ။

ဂ။ ချစ်သား၊ အာနန္ဒာ၊ ဤသို့ ငါဘုရားသည် ပါရမီတော်တို့ကိုဖြည့်ကျင့်ပြီး ဘုရားအဖြစ်သို့ရောက်၍ မာရ်မင်းစစ်သည်အပေါင်းကို ပယ်ဖျက်ပြီးမှ ရအပ်သော အရဟတ္တမဂ် ဓမ္မစက်၏တန်ခိုးတေဇော် အာနုဘော်ကြောင့် ဤကျောင်း၊ ဤရွာ ဇနပုဒ် နိဂုံး မြို့ရွာ နိုင်ငံ ဇမ္ဗူဒီပ စကြာဝဠာနှင့် ဇာတိခေတ် အာဏာခေတ် ဝိသယခေတ် အတွင်း၌ တည်ရှိကြကုန်သော ရဟန်းယောကျ်ား ရဟန်းမိန်းမ ယောကျ်ား မိမ္မ သူဌေး သူဌေးကတော် လယ်သမား လယ်သူမ ကုန်သည် အမျိုးသား အမျိုးသမီး ပုဏ္ဏား ပုဏ္ဏေးမ ဘုရင် မိဖုရား အိမ်ရှေ့မင်းသား အိမ်ရှေ့မိဖုရား ဝန်ကြီး ဝန်ကြီးကတော် အစရှိကုန်သော ပုဂ္ဂိုလ်အားလုံးတို့သည် ချမ်းသာကြပါစေ၊ ဆင်းရဲကင်းကြပါစေ၊ ကြောင့်ကြကင်းကြပါစေ၊ ရန်ကင်းကြပါစေ၊ ရောဂါကင်းကြပါစေ၊ အချင်းချင်းဖြစ်စေ၊ ငါ့ကိုဖြစ်စေ၊ လောကဘာနဲလုံးကိုဖြစ်စေ ချစ်ခင်ကြပါစေသတည်း။

၉။ သီသရောဂေါ စက္ခုရောဂေါ သောတရောဂေါ ဃာနရောဂေါ ဇိဝှာရောဂေါ မုခရောဂေါ ဒန္တရောဂေါ ဩဋ္ဌရောဂေါ ဟနုရောဂေါ ဂီဝါရောဂေါ ဟတ္ထရောဂေါ ပါဒရောဂေါ ကုစ္ဆိရောဂေါ ပိဋ္ဌိရောဂေါ အင်္ဂရောဂေါ

မံသရောဂေါ စမ္မရောဂေါ သကာသသရိရ ရောဂေါ
ပဉ္စဝီသတိ ဘယာ ဒွတ္တိံသကမ္မကာရဏာဆနဝုတိရော
ဂေါ သောဠသ ဥပဒ္ဒဝါ စ ဝိဒ္ဓံ သေန္တု အတ္တဂ်ိခမေန္တု
နိဗ္ဗာပေန္တု ဒူရဋ္ဌာနေ ဂစ္ဆန္တု။

၉။ ခေါင်းကိုက်ရောဂါ မျက်စိနာနှင့် နားအူ နားကိုက် နှာစေး လျှာနာ အာခေါင်နာ သွားကိုက် နှုတ်ခမ်းနာ မေးနာ လည်ပင်းရောင် လက်ကိုက် ပေါင်ကိုက် ဗိုက်နာ လေနာအောင့် အရိုးကင်ဆာ အသားကင်ဆာနှင့် တကိုယ်လုံး နာကျင်ကိုက်ခဲသောရောဂါသည်ငင်း၊ ၂၅ ပါးသောဘေး၊ ၃၂ ပါးသောကံကြမ္မာ၊ ၉၆ ပါးသော ရောဂါ၊ ၁၆ ပါးသော ဥပဒ္ဒဝေါတို့သည် ပျောက်ပျက်ကုန်ဆုံးငြိမ်းအေးပါစေသတည်း။ ဝေးရာဌာနသို့ လွင့်စင်ကင်းပကြပါစေကုန်သတည်း။

၁၀။ ဧဝံ ဘဂဝတာ ဘာသိတံ အာယသ္မာ အာနန္ဒော
အဘိနန္ဒတိ။

၁၀။ ဤသို့ ဘုရားရှင်ဟောတော်မူသည်ကို အရှင်အာနန္ဒာ မထေရ်မြတ် အလွန်နှစ်သက်ကြည်နူးတော်မူလေ၏။

စက္ကုပရိတ်ပြီး၏။

# ပရိမိတ္တဇာလသုတ်

ဤပရိမိတ္တဇာလသုတ်ကို ရှေးဆရာတော်ကြီးများ စီစဉ်ရေးသားထားခဲ့၏။ အန္တရာယ်ကင်း ဘေးရန်ရှင်းရန်အတွက်မြန်မာတို့

အရွတ်အဖတ်များ၏။ စာဆိုတော်တဦးက ပရိတ္တဇာလသုတ် သီချင်းကို စီကုံးရေးသား၍အဆိုတော်တဦးက သီဆိုထားသဖြင့် ဤပရိတ်အကြောင်း လူတိုင်းကြားဘူးနေ၏။ နံနက်စောစော ရေဒီယိုမှ ထိုသီချင်းသံကို ကြားရသည်မှာ အလွန်ကြည်နူးဘွယ် ကောင်း၏။ "သဗ္ဗေဒေဝတာယ နတ်ပေါင်း စောင့်ရှောက်တော ဘိုးတော်တေဇိန္ဒ စောင်မကြည့်ရှုကာ ထိုဒေသနာ ထိုဒေသနာ နှုတ်ငုံကာထားကြရင် အန္တရာယ်ကင်း ဘေးရှင်းကွာ...." ဟူသော သီချင်း စာပိုဒ်ကို ကြားရသူတိုင်း ပရိမိတ္တဇာလ သုတ်ကို ရွတ် ဖတ်ချင်လာ၏။ အဓိပ္ပာယ်သိသိဖြင့်ရွတ်ဖတ်နိုင်ရန်အတွက် ဤ၌ ဖော်ပြလိုက်ရပါသည်။

## ပရိမိတ္တဇာလသုတ်

၁။ ဧဝံ မေ သုတံ—ဧကံသမယံ ဘဂဝါ ရာဇဂဟေ ဝိဟာရတိ ဂိဇ္ဈကူဋေ ပဗ္ဗတေ။ တေန ခေါ ပန သမယေန ကုမ္ဘဏ္ဍေန ယက္ခေန ဒေဝေန ယက္ခေန ဣန္ဒေန ယက္ခေန ဗြဟ္မေန ယက္ခေန သုပဏ္ဏေန ယက္ခေန နာဂေန ယက္ခေန ဂန္ဓဗ္ဗေန ယက္ခေန ပုဗ္ဗဒိသေန ယက္ခေန အဂ္ဂိဒိသေန ယက္ခေန ဒက္ခိဏဒိသေန ယက္ခေန နရတိမဒိသေန ယက္ခေန ပစ္ဆိမဒိသေန ယက္ခေန ပါရပ္ပဒိသေန ယက္ခေန ဥတ္တရဒိသေန ယက္ခေန ဧသန္နဒိသေန ယက္ခေန သမုဒ္ဒဒိသေန ယက္ခေန အာကာသဒိသေန ယက္ခေန ဘူမဒိသေန ယက္ခေန။

၁။ အခါတပါး ဘုရားမြတ်စွာသည် ရာဇဂြိုဟ်ပြည်ဂိဇ္ဈကုဋ်တောင်ခြေရင်း၌ သီတင်းသုံးတော်မူ၏။ ထိုအခါကုမ္ဘဏ်ဘီလူး ဒေဝဘီလူး၊ ဂူန္ဓဘီလူး၊ ဗြဟ္မဘီလူး၊ သုပဏ္ဏဘီလူး၊နာဂဘီလူး၊ ဂန္ဓဗ္ဗဘီလူး၊ ပုဗ္ဗဒိသဘီလူး၊ အဂ္ဂိဒိသဘီလူး၊ ဒက္ခိဏဒိသဘီလူး၊ နေရတိမဒိသဘီလူး၊ ပစ္ဆိမဒိသဘီလူး၊ ပါရပ္ပဒိသဘီလူး၊ ဥတ္တရဒိသဘီလူး၊ သေန္တဒိသ ဘီလူး၊ သမုဒ္ဒဒိသ ဘီလူး၊ အာကာသဒိသဘီလူး၊ ဘူမဒိသဘီလူး တို့သည်လည်း ထို ဂိဇ္ဈကုဋ်တောင်၌ ရှိနေကြကုန်၏။

၂။ အပ္ပမေယျော ဗုဒ္ဓေါ၊ အပ္ပမေယျော ဓမ္မော၊
အပ္ပမေယျောသံဃော၊ ဘယသန္တိ မဟာမောဂ္ဂလ္လာနံ။

၂။ ဘုရားရှင်ကား မရေတွက်နိုင်သော ကျေးဇူးဂုဏ်ရှိတော်မူ၏။တရားတော်ကား မရေတွက်နိုင်သော ကျေးဇူးဂုဏ်ရှိတော်မူ၏။ သံဃာတော်သည်ကား မရေတွက်နိုင်သော ကျေးဇူးဂုဏ်ရှိတော်မူ၏ဟု ထိုနတ်ဘီလူးတို့ သိကြကုန်၏။ အေးငြိမ်းခြင်းကို ပြုတော်မူတတ်သော လက်ဝဲတော်ရံ မဟာမောဂ္ဂလာန် မထေရ်မြတ်ကို ထိတ်လန့် ရှိသေကြကုန်၏။

၃။ ယတ္ထ ယတ္ထ အပါဒကာ၊ ယတ္ထ ယတ္ထ ဒွိပါဒါ၊
ယတ္ထ ယတ္ထ စတုပ္ပါဒါ ယတ္ထ ယတ္ထဗဟုပ္ပါဒါ၊ ပါဒအန္ဓံ
ဦရုအန္ဓံ စက္ခုအန္ဓံ မုခအန္ဓံ ဇီဝှါအန္ဓံ။

၃။ အကြင်အကြင် အရပ်၌ အခြေမရှိ အခြေနှစ်ချောင်း အခြေလေးချောင်း အခြေများသော သတ္တဝါတို့ရှိကုန်၏။ ထိုသတ္တဝါတို့ကို ထိုဘီလူးတို့ကခြေကျိုးအောင် ပေါင်ကျိုးအောင် မျက်စိကန်းအောင် ပါးစပ်မဟနိုင်အောင် လျှာမလိန်းနိုင်အောင်

ယခင်ကပြုလုပ်ကြကုန်၏၊ ယခုဘုရားရှင် ကြွရောက် သီတင်းသုံးသောအခါ၌ထိုသို့မပြုလုပ်ကြတော့ကုန်။

၄။ နမောဗုဒ္ဓဿ၊ နမောဓမ္မဿ၊ နမော သံဃဿ၊ သကလလောကာ ဓါတု မာ တာ ပိ တု ဗုဒ္ဓရက္ခနံ ကတံ၊ သကလလောကာဓါတုမာတာပိတုဓမ္မရက္ခနံကတံ၊ သကလ လောကာ ဓါတု မာတာပိတု သံဃရက္ခနံ ကတံ၊ ရတ္တိံ ဝါ ဒိဝါ ဝါ သဒါ မံ ရက္ခန္တု။

၄။ ထို့ကြောင့် ဘုရားအား ရှိခိုးပါ၏။ တရားတော်အားရှိခိုးပါ၏။ သံဃာတော်အား ရှိခိုးပါ၏။ ဤသို့ လောကဓာတ်ကြီးတခုလုံး၏ အမိအဘဖြစ်သော ဘုရားတည်းဟူသော အစောင့်အရှောက်တရားတည်းဟူသော အစောင့်အရှောက် သံဃာတော်တည်းဟူသော အစောင့်အရှောက်ကို ပြုပါ၏။ အစောင့်အရှောက်ပြုအပ်ပြီးသော ငါ့ကို ထိုနတ်ဘီလူးတို့က နေ့ရောညဉ့်ပါ အခါမလပ် ကြည့်ရှုစောင့်ရှောက်ကြပါစေသတည်း။

၅။ သဗ္ဗဒေဝတာယ ဣမဿ ပရိမိတ္တဇာလဿ တေဇေန ဣမသ္မိံ အပါကဋ္ဌာ သရီရေ ရယေ ကောစိ ဥပဒ္ဒဝါ အာနုဘာဝေန တေဇေန ဣမသ္မိံ လောကေ ဣမသ္မိံ ဇမ္ဗုဒီပေ ဣမသ္မိံ ပဗ္ဗတေ ဣမသ္မိံ နာဂရေ ဣမသ္မိံ ဂေဟေ သဗ္ဗသတြ၊ ဝိနဿန္တု၊ သဗ္ဗေ ဥပဒ္ဒဝါ ဝိနဿန္တုတိ။

၅။ နတ်ပြဟ္မာအားလုံးတို့နှင့် ဤပရိမိတ္တဇာလသုတ်၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် ငါ၏ကိုယ်၌ မထင်ရှားသော ဘေးအန္တရာယ် ဥပဒ္ဒဝေါတို့ ပျောက်ပျက်ပါစေသတည်း၊ ဤ

ကမ္ဘာလောက ဇမ္ဗူဒိပ်ကျွန်း ဤမြို့ ဤအိမ်၌ ကျရောက်မည့် ဘေးရန် ဥပဒ္ဒဝေါတို့သည် ပျောက်ပျက်ကြပါစေသတည်း။

ပရိမိတ္တဇာလသုတ်ပြီး၏။

# ခဂရဏပရိတ် နိဒါန်း

ခဂရဏပရိတ်ဆိုသည်မှာ 'အဆောင်ပရိတ်'' ဟုဆိုလို၏။ မိမိကို သူတပါးက ချစ်ခင်စေလိုသောကြောင့် လူတို့သည် မိယလက်ဖွဲ့ကို ဆောင်ကြ၏။ ရှင်သီဝလိရုပ်ထုတော်ကိုဆောင်ကြ၏။ ရှင်သီဝလိဂါထာ သူရသတီမယ်တော်ကြီးဂါထာကို ကျက်မှတ်ဆောင်ထားကြ၏၊ ရွတ်ဖတ်ကြ၏ တုတ် ဓား သေနပ်စသောလက်နက်များ မထိခိုက် မမှန်နိုင်စေရန် ချိုးအမတေ ဝက်စွယ် ဂင်ပိတ် ဆင်မာန်စွယ် ကြောင်အမတေ လက်ဖွဲ့ အင်းစသည်ကို ဆောင်ကြ၏။ ထိုသို့ မိမိကိုယ်ကို လက်နက် ခဲယမ်းမီးကျောက်များ မထိမှန်နိုင်ရန် ကိုယ်နှင့်မကွာ ဆောင်ထားသော ပစ္စည်းများကို ''အဆောင်''ဟုခေါ်၏။

ဤ''ခဂရဏ''ပရိတ်၌ ခဂရဏဆိုသည်မှာ အဆောင်ပင်ဖြစ်၏။ အထက်ပါချိုးအမတေ ကြောင်အမတေ ဝက်စွယ်ဂင်ပိတ် ဆင်မာန်စွယ် လက်ဖွဲ့ အင်း စသည်တို့မှာ ဓား လှံ တုတ်

သေနပ် အမြောက် စိန်ပြောင်း မော်တာစသော လက်နက်တို့ သာပြီး၏။ သို့ရာတွင် ဤခေါရကာပရိတ်မှာ ဓားလှံ တုတ် သေနတ် အမြောက် စိန်ပြောင်း မော်တာစသော လက်နက်များသာ မထိမှန်သည်မဟုတ်၊ ပြီးသည်မဟုတ်၊ ဤခေါရကာပရိတ်၏နောက် ပိုင်း အစွမ်းသတ္တိကိုပြုရာ၌ အထက်လက်နက်များ မထိမှန်နိုင် သည့်ပြင် မီးမလောင်၊ ရေမနစ်၊ အဆိပ်မသင့်၊ မကောင်းသော အတိတ်နိမိတ်ဆိုး မတွေ့ရ၊ အန္တရာယ်အဖွဲ့မှ ကင်းလွတ်၏။ စသည် ဖြင့် အစုံအလင် ဖော်ပြထား၏။ ထို့ကြောင့် ယခုခေတ်လူတို့ အလွန် အားကိုးနေကြသော အထက်ပါ အဆောင်တို့ထက် ဤခေါရကာပရိတ်ခေါ် အဆောင်ပရိတ်က ပို၍အစွမ်းထက်၏။

အချုပ်အားဖြင့် ဤခေါရကာပရိတ်သည် "ဥပစ္ဆေဒကကံ"ဟု ခေါ်သော သေချိန်မရောက်သေးဘဲ အခြားသူတဦးတယောက် ၏ ပယောဂဖြင့် သေရခြင်းမှ ကင်းလွတ်နိုင်၏။ ထိုသို့ သေချိန် မရောက်မီသေရခြင်းကို ယခုခေတ်အခေါ်အားဖြင့်"အစိမ်းသေ" ဟု ခေါ်၏။ ဖျားနာ၍ သေရခြင်းမဟုတ်၊ လတ်တလော ရုတ်တရက် သေရသည်အကာလမရဏမျိုးမှ ကင်းလွတ်သည်ဟု ဆိုလို၏။ ထို့ကြောင့် ဤခေါရကာပရိတ်ကို မြွေတင်း ပေါသော လမ်းသို့သွားသောအခါ၊ ရေလမ်းခရီးသို့ သွားသောအခါ၊ မီး ဘေး စိုးရိမ်ရသောအခါ၊ သေနတ်၊ စိန်ပြောင်း၊ အမြောက်၊ မော်တာ၊ ဒုတ်၊ ဓား၊ လှံ လက်နက်အကြားသွားလာရသောအခါ မျိုးတွင် အထူးရွတ်ဆိုသင့်ပေသည်။ တကယ်ယုံကြည်၍ တကယ် ရွတ်လျှင် တကယ်သိသိသာသာ အကျိုးထူးသောပရိတ်ဟု လက်

တွေ့လွှတ်မြောက်လာသူများစွာတို့က ထောက်ခံနေသော ပရိတ်ဖြစ်၏။

ထိုခါရကာပရိတ်သည် အဘယ်ကြောင့် စွမ်းသနည်း၊ ခါရကာပရိတ်ဆိုသည်မှာ အဘိဓမ္မာ ဝိဘင်္ဂမူလဋီကာနှင့်ဒီဃနိကာယ်သုတ်ပါ ထေယျသင်္ဂီတိသုတ် အဋ္ဌကထာတို့၌ ပြထားသော ဗုဒ္ဓဓမ္မတရား ၁၈ပါးတို့ကိုထုတ်နုတ်ဖော်ပြထားခြင်းဖြစ်၏။ ဤဗုဒ္ဓဓမ္မ၌ဓမ္မဘဒ္ဒါသည် တရားတော်ဟူသောအဓိပ္ပာယ်မရဘဲ "ဂုဏ်တော်" အဓိပ္ပာယ်ရှိ၏။ ဗုဒ္ဓါနံ ယေဝ ဓမ္မာ ဂုဏာ န အညေသန္တိဗုဒ္ဓဓမ္မာဟူသော သုတ်ပါထေယျသင်္ဂီတိသုတ် ဋီကာဖွင့်ဆိုချက်နှင့်အညီ ဘုရားရှင်၏ဂုဏ်တော် ၁၈ ပါးကို ဗုဒ္ဓ ဓမ္မ ဟု ခေါ်၏။ ထို ဗုဒ္ဓဓမ္မ ၁၈ ပါးကိုပင် လူ့နတ်ပြဟ္မာ့ရဟန္တာနှင့်ပစ္စေကဗုဒ္ဓများနှင့်ပင်မသက်ဆိုင် ဘုရားရှင်များနှင့် သီးခြား သက်ဆိုင်သောကြောင့် အာဝေဏိကဂုဏ်တော်ဟု ခေါ်သေး၏။ ဤသို့ အခြား ပုဂ္ဂိုလ်များနှင့်မဆိုင် ဘုရားရှင်တို့နှင့်သာ ဆိုင်သော ဂုဏ်တော် တို့ကို ပွားများရွတ်ဆိုကြခြင်းဖြစ်သောကြောင့် ထိုသီးခြား ဂုဏ်တော်တို့ကို ဖွဲ့ဆိုသီကုံးထားသောကြောင့် ဤခါရကာပရိတ် ခေါ် အဆောင်ပရိတ်သည် ဖော်ပြပါ အန္တရာယ်တို့ကို ကင်းပျောက်စေနိုင်ခြင်းဖြစ်၏။ ခါရကာပရိတ် ရွတ်ဆိုသည်မှာ ဗုဒ္ဓ ဓမ္မခေါ် အာဝေဏိကဂုဏ်တော် ၁၈ ပါးကို ပွားများနေခြင်းဖြစ်သည်ဟု သိမှတ်၍ ယုံကြည်စွာ ရွတ်ဖတ်သင့်ကြပေသည်။

ဤခါရကာပရိတ်တွင် အပိုဒ်လေးပိုဒ် ပါပါသည်။ ပထမအပိုဒ် ဗုဒ္ဓါနံမှကာတုံအထိမှာ ဗုဒ္ဓဝင်အဋ္ဌကထာပါရာဇိက အဋ္ဌကထာတို့၌ လာရှိသော ဘုရားရှင်အပေါ်၌ အန္တရာယ် မပြုနိုင်သော

အရာ (နန္တရာယိက ဓမ္မကထာ) လေးမျိုးအနက်မှ ဤဓာရဏ ပရိတ်နှင့်အထူးသက်ဆိုင်သည့် အချက်တခုကိုထုတ်၍ ထည့်ထား ခြင်းဖြစ်၏။ တထာဂမေဟောတု "ထိုဘုရားရှင်၏ အသက် အန္တရာယ်ကို တစုံတယောက်သော ပုဂ္ဂိုလ်က အန္တရာယ်မပြုနိုင် သလို ငါ့အသက်ကိုလဲ အန္တရာယ် မပြုနိုင်ပါစေသား" ဟု ဆုတောင်းခြင်းပတ္ထနာဖြစ်၏။

အပိုဒ် ၂-မှာဗုဒ္ဓဓမ္မခေါ် အာဝေဏိကဂုဏ်တော် ၁၈-ပါးကို ဖော်ပြထားခြင်းဖြစ်၏။ ယခု ဓာရဏပရိတ်၌ ပြထား သည်မှာ အဘိဓမ္မာဝိဘင်းမူလဋီကာလာအတိုင်း ပြထားခြင်းဖြစ်၏။

အပိုဒ် ၃-အစမှ နန္ဒပရိဝတ္တံ အထိမှာ အထက်အပိုဒ် ၂-ပါ အာဝေဏိက ဂုဏ်တော်စာသားကို ရှင်းလင်းသိသာရန် စကား တမျိုးဖြင့် ထပ်မံဖော်ပြခြင်းဖြစ်၏။

အပိုဒ် ၄-မှာ ဓာရဏပရိတ်၏ အကျိုး အာနိသင် တန်ခိုး စွမ်းအားနှင့်အဆုံးစာပိုဒ်မှာ သစ္စာပြုခြင်းကို ဖော်ပြထား၏။

ထို့ကြောင့်အပိုဒ် ၁-၂-၃ သည်သာ အနက်အဓိပ္ပာယ်သိသိ ဖြင့် ရွတ်ဖတ်ရန် အနက်အဓိပ္ပာယ်များကို ဆောက်မေ့ ပွားများ ရန်အဓိကလိုရင်းဖြစ်၏။ အပိုဒ် ၄ မှာ ဓာရဏပရိတ်၏အညွှန်း အမွှမ်းအာနိသင်စွမ်းအင်များဖြစ်၍ သိထားရုံမျှဖြင့် လုံလောက် ပါသည်။သို့ရာတွင် "ဧတေနသစ္စ ဝဇ္ဇေန သောတ္ထိမေ ဟောတု သဗ္ဗဒါ"ဟုသစ္စာဆိုခြင်းကို နောက်ဆုံးမှပြထားသဖြင့် ရှေးဆရာ တော်ကြီးများ လေးပိုဒ်လုံးကိုရွတ်စေချင်ပုံရပါသည်။

ဗုဒ္ဓဓမ္မခေါ် အာဝေဏိကဂုဏ်တော် ၁၈-ပါးတို့ကို ကွဲကွဲ ပြားပြား အဓိပ္ပာယ်သိရှိ ရွတ်ဆိုနိုင်ရန် အတွက် ပါဠိ ပိုဒ်နှင့်

အဓိပ္ပာယ်ပိုဒ်ကို ယှဉ်တွဲရေးပြပါမည်၊ ကျန်အပိုဒ် များကိုကား အခြားပရိတ်တော်များကဲ့သို့ မြန်မာပြန်သက်သက်သာပြပါမည်။

၁။ ဗုဒ္ဓါနံ ဇီဝိတာယ ၊ သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာဂမေ ဟောတု။

၁။ ဘုရားရှင်၏အသက်အန္တရာယ်ကို မည်သူမျှအန္တရာယ်မပြုနိုင်သကဲ့သို့ ငါ၏အသက်ကိုလည်း မည်သူမျှအန္တရာယ်မပြုနိုင်စေသတည်း။

၂။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပတိဟတဉာဏံ၊ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ၊ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ၊ ဣမေဟိ တိဟိဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿဘဂဝ-တော သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ ဣမေဟိ ဆဟိဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿဟာနိ နတ္ထိ ဓမ္မဒေသနာယ ဟာနိ နတ္ထိ ဝီရိယဿ ဟာနိ နတ္ထိ ဝိပဿနာယဟာနိနတ္ထိ သမာဓိဿ ဟာနိနတ္ထိ ဝိမုတ္တိယာ ဟာနိ၊ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဒဝါ နတ္ထိ ရဝါ နတ္ထိ အပ္ဖုဋံ နတ္ထိ ဝေဂါယိတတ္တံ နတ္ထိ အဗျာပဋမနော၊ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ၊ ဣမေ ဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝ-တော နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

၂။ (၁) အတိတ်အဖို့၌ ဘုန်းခြောက်ပါးသခင် ဘုရားရှင်၏ ဉာဏ်တော်သည် အပိတ်အပင် အဆီးအတားမရှိ။
(၂) အနာဂတ်အဖို့၌ ဘုန်းခြောက်ပါးသခင် ဘုရားရှင် ဉာဏ်တော်သည် အပိတ်အပင် အဆီးအတားမရှိ။
(၃) ပစ္စုပ္ပန်အဖို့၌ ဘုရားရှင်၏ ဉာဏ်တော်သည် အပိတ်အပင် အဆီးအတားမရှိ။
(၄) ဤဂုဏ်တော် သုံးပါးနှင့် ပြည့်စုံသော ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်၏ ကာယကံမှန်သမျှ ဉာဏ်ရှေ့သွားရှိတော်မူ၏။
(၅) ဝစီကံမှန်သမျှ ဉာဏ်ရှေ့သွားရှိတော်မူ၏။
(၆) မနောကံမှန်သမျှ ဉာဏ်ရှေ့သွားရှိတော်မူ၏။
(၇) ဤဂုဏ်ကျေးဇူးတော် ၆-ပါးတို့နှင့် ပြည့်စုံတော်မူသော ဘုန်းခြောက်ပါးသခင် ဘုရားရှင်အား ဆန္ဒတော် ဆုတ်ယုတ်မှုမရှိ။
(၈) ဒေသနာတော်၏ ဆုတ်ယုတ်မှုမရှိ။
(၉) ဝီရိယတော် ဆုတ်ယုတ်မှုမရှိ။
(၁၀) သမာဓိ ဆုတ်ယုတ်မှုမရှိ။
(၁၁) ပညာ၏ ဆုတ်ယုတ်မှုမရှိ။
(၁၂) အရဟတ္တဖိုလ်၏ ဆုတ်ယုတ်မှုမရှိ။
(၁၃) ဤဂုဏ်တော် ၁၂-ပါးနှင့်ပြည့်စုံတော်မူသော ဘုရားရှင်အား အပျက်အချော် ပျော်လို၍ လုပ်ဆောင်ချက်များမရှိ။
(၁၄) သတိလွတ်၍ ချွတ်ယွင်းပြုမှုမျိုးမရှိ။

(၁၅) ဉာဏ်တော်နှင့် မတွေ့မထိ မသိအပ်သောအရာဟူ၍မရှိ။
(၁၆) ရေးကြီးသုတ်ပြာ လျှင်မြန်စွာပြုမှုမျိုးမရှိ။
(၁၇) သူတပါးတို့အတွက် ကြောင့်ကြမဲ့ဖြစ်သော စိတ်နှလုံးတော်ရှိ၏။
(၁၈) ဒ ဆင်အခြင်ကင်း၍ ဥပေက္ခာရှုခြင်းမရှိ။

ဤတဆဲ့ရှစ်ပါးကုန်သော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသော ဘုန်းခြောက်ပါးသခင် ဘုရားရှင်အား ရှိခိုးပါ၏။ ဝိပဿီ သိခီ စသော ဘုရား၇-ဆူတို့အား ရှိခိုးပါ၏။

၃။ နတ္ထိတထာဂတဿ ကာယဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ ဝစီဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ မနောဒုစ္စရိတံ၊ နတ္ထိ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ သဗ္ဗံ ကာယကမ္မံဉာဏာပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ ဝစီကမ္မံ ဉာဏာ ပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ မနောကမ္မံ ဉာဏာပုဗ္ဗင်္ဂမံ၊ ဉာဏံ နာနုပရိဝတ္တံ။

၃။ မြတ်စွာဘုရားအား ကာယကံ၊ ဝစီကံ၊ မနောကံ အပြစ်များမရှိ၊ အတိတ် အနာဂတ်ပစ္စုပ္ပန်အဘို့၌ ဆီးတားဆို့ပိတ်သော ဉာဏ်တော်မရှိ၊ ဘုရားရှင်အား ကိုယ် နှုတ် စိတ် အမှုသုံးပါးတွင် ဉာဏ်မယှဉ်သည်မရှိ၊ အမြဲယှဉ်၏။

၄။ ဣမံ ဓာရဏံ အမိတံ အသမံ သဗ္ဗသတ္တာနံ တာဏံ လေဏံ၊ သံသာရ ဘယဘီတာနံ အဂ္ဂံ မဟာတေဇံ

ဣမံ အာနန္ဒ ဓာရဏ ပရိတ္တံ ဓာရေဟိ ဝါစေဟိ ပရိပုစ္ဆာဟိ၊ တဿ ကာယေဝိသံ န ကမေယျ ဥဒထေ န လဂ္ဂေယျ အဂ္ဂိ န ဍဟေယျ နာနာဘယဝိကော န ကောဟာရကော န ဒွိဟာရကော န တိဟာရကော န စတုဟာရကော န ဥမ္မတ္တကံ န မုဠှကံ မနုဿေဟိ အမနုဿေဟိ န ဟိံသကာ။ တံ ဓာရဏ ပရိတ္တံ ယထာ ကတမံ၊ ဇာလော မဟာ ဇာလော၊ ဇာလိတ္တော၊ မဟာ ဇာလိတ္တော၊ ပုဂ္ဂေါ၊ မဟာ ပုဂ္ဂေါ၊ သမ္ပတ္တော၊ မဟာသမ္ပတ္တော၊ ဘူဘင်္ဂမို တမင်္ဂလံ၊ ဣမံခေါ ပနာနန္ဒဓာရဏပရိတ္တံ သတ္တသတ္တတိသမ္မာသမ္ဗုဒ္ဓ ကောဋိဟိ ဘာသိတံ၊ ဝတ္တော၊ အ ဝတ္တော၊ ဂန္ဓဝေ၊အဂန္ဓဝေ၊ နေ့ာမေ၊ အနေ့ာမေ၊ သေဝေ၊ အသေဝေ၊ ကာယေ၊ အဆာယေ၊ ဓာရဏေ၊ အဓာရဏေ၊ ဣလ္လိ၊ မိလ္လိ၊ တိလ္လိ၊ ယောရုက္ခေ၊ မဟာယောရုက္ခေ၊ ဘူတင်္ဂမို၊ တမင်္ဂလံ ဣမံ ခေါ ပနာနန္ဒ ဓာရဏပရိတ္တံ နဝနဝုတိယာ သမ္မာသမ္ဗုဒ္ဓ ကောဋိဟိ ဘာသိတံ ဒိဋ္ဌိလာ၊ ဒဏ္ဍိလာ၊ မန္တိလာ၊ ရောဂိလာ၊ ခရလာ၊ ဒုမ္ဘီလာ ဧတေန သစ္စ ဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

၄။ ဤအဆောင် ဖြစ်သော ဓာရဏ ပရိတ်သည် နှိုင်းယှဉ်တုပစရာမရှိ၊ သတ္တဝါအားလုံးတို့၏ ခိုမှီကိုးကွယ်ရာ ပုန်းအောင်းလဲလျောင်းရာဖြစ်၍၊ သံသရာဘေးကိုကြောက်ရွံ့သောသူတို့၏ အလွန် မြတ်သော တန်ခိုးကြီးသော ဓာရဏ ပရိတ်တော်ကို ဆောင်ထားလော့၊ မှတ်သားလော့၊ စိစစ်မေးမြန်းလော့၊ ဤ

ဓာရဏ ပရိတ်တော်ကို ဆောင်ထား မှတ်သား စိစစ်သောသူ၏ ကိုယ်၌ အဆိပ်မသင့်၊ ရေမနစ်၊ မီးမလောင်နိုင်၊ ဘေးအမျိုးမျိုးမရောက်နိုင်၊ တရက်၊ နှစ်ရက်၊ သုံးရက်၊ လေးရက် မကောင်းမကြံနိုင်၊ မရူးသွပ် မတွေဝေနိုင်၊ လူဆိုး ဘီလူးတို့မညှင်းဆဲနိုင်။

ထိုဓာရဏ ပရိတ်ဟူသည် အဘယ်နည်း၊ ဘေး အန္တရာယ်အပေါင်းတို့ကို လောင်ကျွမ်းစေနိုင်သော သံကွန်ရက်နှင့်တူသော တန်ခိုးအာနုဘော်ရှိသော ဓာရဏပရိတ်တော်သည် ရန်သူမျိုးငါးပါးကိုလည်း တားမြစ် ဖယ်ရှားနိုင်၏။ ကပ်သုံးပါးမှလည်း လွတ်မြောက်နိုင်၏။ အမိဝမ်းတွင်း၌ အ, ဆွံ့, နားပင်း, ရူးသွပ်ခြင်း မဖြစ်နိုင်။ သစ်ပင် တောင်ကမ်းပါးချောက်တို့မှ ကျသော် မသေနိုင်။ မရသေးသော စည်းစိမ်ချမ်းသာရတနာကို ရနိုင်၏။ ရပြီးသော စည်းစိမ်းချမ်းသာ ရတနာအပေါင်းတို့သည် ကြီးကျယ်ပြန့်ပွားများနိုင်၏။ အမှောင်ပျောက်၍ အသင်းရောက်၏။ အာနန္ဒာ အမှန်အားဖြင့် ဤဓာရဏပရိတ်တော်ကို ၄၄-ကုဋေကုန်သော ဘုရားရှင်တို့ ဟောတော်မူ၏ ကောင်းသောအကျိုးကို ရခြင်း၊ မကောင်းသောအကျိုးကို ပယ်နိုင်၏။ ကောင်းသော တရားအရသာကို ဆောင်၍ မကောင်းသော တရားအရသာကို ရှောင်စေ၏။ ကောင်းသောနှလုံးကို ဆောင်၏။ မကောင်းသောနှလုံးကိုမဆောင်ရာ၊ သူတော်ကောင်းတို့မှီဝဲရာ၏၊ သူယုတ်မာတို့ မမှီဝဲရာ၊ ကောင်းသော ကိုယ်ကို ဖြစ်စေရာ၏။ မကောင်းသောကိုယ်ကိုမဖြစ်စေရာ၊ ကောင်းသောအမှုကိုဆောင်ရာ၏။ မကောင်းသောအမှုကိုမဆောင်ရာ၊ ကောင်းသော အိပ်မက်ကို မက်ရာ၏။ မကောင်းသောအိပ်မက်ကိုမမက်ရာ၊ ကောင်း

သောအတိတ်နိမိတ်ကိုမြင်ရာ၏ မကောင်းသော တိတ်နိမိတ်ကို မမြင်ရာ၊ သေလုနီးကုန်သော သစ်ပင်တို့ကို ပြန်ရှင်စေနိုင်၍ ရှင်နေသောသစ်ပင်တို့ကို ကြီးပွားစည်ပင်စေရာ၏။ ဟုတ်မှန်သောအားဖြင့် အမိုက်ပျောက်၍ အလင်းရောက်ရာ၏။ အာနန္ဒာ၊ ဤမေဃရက္ခပရိတ်ကို ၉၉-ကုဋေသော ဘုရားရှင်တို့ဟောတော်မူ၏။ မကောင်းကြံသူတို့၏ အကြံကို သိနိုင်၏။ ဓား လှံ လက်နက် လေးမြှား မီးပေါက် အမြောက် စသောဘေးတို့ မထိမရောက်နိုင် ရောဂါအန္တရာယ်အမျိုးမျိုး၊ ကြမ်းတမ်းခက်မာသောရောဂါမျိုးကို ပယ်ဖျောက်နိုင်၏။ အနှောင်အဖွဲ့မှလည်း လွတ်စေရာ၏။ ဤသို့ မှန်သော သစ္စာစကားကြောင့် ငါ့အား အခါခပ်သိမ်း ချမ်းသာပါစေ သတည်း။

မေဃရက္ခပရိတ်ပြီး၏။

# စန္ဒိမသုတ် = လမင်းပရိတ်

ဤ လမင်းပရိတ်ခေါ် စန္ဒိမသုတ်ကို သံယုတ် ပါဠိတော်မှ ထုတ်နှုတ်ထားသည်၊ ဤလမင်း ပရိတ်ကို ဗုဒ္ဓဘာသာဝင်တို့ အရများ၏။ ရွတ်လည်းရွတ်ဖတ်ကြ၏။ သို့သော် ဤပရိတ်အကြောင်း သိသောသူ နည်းနေ၏။ ထိုသို့ အသိနည်းရခြင်း အကြောင်းမှာ လမင်းပရိတ်သည် ရှစ်လုံးဘွဲ့ဂါထာ နှစ်ဂါထာမျှသာရှိ၏။ ထို့

ကြောင့်လည်း ၎င်းကိုပရိတ်အဖြစ်သီးခြားမဖော်ပြကြဘဲ ဝတ်ရွတ်စဉ်အတွင်း၌သာ ထည့်သွင်း ရွတ်ဆိုကြ၏။ ဗုဒ္ဓဘာသာဝင်တို့အများစု ရရှိရွတ်ဖတ်နေသောကြောင့် ဤပရိတ်၏အတ္ထုပ္ပတ္တိနှင့်အဓိပ္ပာယ်ကို သိသင့်သည်ဟု ယူဆသဖြင့် သီးခြား ပရိတ်တခုအဖြစ် ဖော်ပြလိုက်ပါသည်။

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် တရံရောအခါ ဝေဠုဝန်ကျောင်းကို ရာဟုမည်သောအသူရိန်ကြီးက ဖမ်းပါသည်၊ (လ ငပုပ်ဖမ်းနေပါသည်) ဝေဠုဝန်ကျောင်း၏ ထွန်းလင်း တောက်ပ သာယာမှုကို မှေးမှိန်စေသော အညစ်အကြေး ငါးမျိုးရှိ၏။ ထိုငါးမျိုးတွင် ရာဟုခေါ် အသူရိန်ကြီး ဖမ်းစားမှုလည်း တခုအပါအဝင်ဖြစ်သည်။ ကျန် အညစ် အကြေး လေးမျိုးမှာ ဆီးနှင်း၊ မြူ၊တိမ်၊မီးခိုးတို့ဖြစ်သည်၊ ထိုသို့ ရာဟုခေါ် အသူရိန်ကြီး အဖမ်းခံနေရ၍ အကြပ်အတည်းနှင့် ရင်ဆိုင် နေရသောအခါ လ နတ်သားသည် ဘုရားရှင်မှတပါး အားကိုးရာမမြင်သဖြင့် ဘုရားရှင်ကို အောက်မေ့သတိရလျက် နမော တေဗုဒ္ဓဝီရတ္ထု ဂါထာဖြင့် ဘုရားရှင်ကို ရှိခိုးသည်၊ တပည့်တော် လနတ်သား၏ အားကိုးရာဖြစ်တော်မူပါ၊ ကယ်တော်မူပါဟု ဘောင်းပန် လျှောက်ထားသည်။

ဘုရား ရှင်တို့ မည်သည် ဒုက္ခရောက်နေသော သတ္တဝါတို့ကို သနားတော်မူသည်၊ ထို့ကြောင့် ဝေသာလီပြည်ကြီးတွင် ဘေးသုံးပါးဆိုက်နေသောအခါ ကိုယ်တော်တိုင်ကြွ၍ ဘေးဒုက္ခတို့ကို ငြိမ်းစေသည်၊ ယခုသည်း လနတ်သား အကျဉ်းအကြပ်တွေ့နေသည်ကို သနားတော်မူသဖြင့် "တထာဂတံ အရဟန္တံ" စသော

ဂါထာဖြင့်အသူရိန်ကြီးအား လမင်းကိုလွှတ်လိုက်ပါရန်တိုက်တွန်း မေတ္တာရပ်ခံသည်။ ထိုသို့ ဘုရားရှင် မေတ္တာရပ်ခံသည်နှင့် တပြိုင်နက် အသူရိန်ကြီးသည် လမင်းကြီးအားဖမ်းထားခြင်းမှ လွှတ်၍ တုန်တုန်ရီရီဖြင့် ဝေပစိတ္တိ အသူရိန်နတ်မင်းကြီး၏ အနားသို့ သွားရောက်ချဉ်းကပ်နေသည်၊ ဝေပစိတ္တိ အသူရိန်နတ်မင်းကြီးက ဘာကြောင့် တုန်တုန်ရီရီ အသောကမြောနှင့် ပြေးလာရသနည်း ဟု ခမ်းသောအခါ၊ ဘုရားရှင်က လွှတ်လိုက်ရန် မိန့်ဆိုပါလျက် အကယ်၍ အကျွန်ုပ်သည် လမင်းကို မလွှတ်ပါက ကျွန်ုပ်၏ ဦးခေါင်းသည် ၇-စိပ်ကွဲ၍ သေဘွယ်ရာသာရှိပါသည်။ ထို့ကြောင့် လမင်းကို အမြန်လွှတ်လိုက်ရကြောင်း ရာဟုခေါ် အသူရိန်က ဝေပစိတ္တိအသူရိန်ကြီးကို လျှောက်တင်၏။

ထို့ကြောင့် အခက်အခဲ အကြပ်အတည်းတွင် ရောက်နေသူများသည် လနတ်သားကဲ့သို့ "နမောတေ ဗုဒ္ဓဝီရတ္ထု" ဂါထာဖြင့် အနက်အဓိပ္ပာယ်ကိုသိပြီး ဘုရားရှိခိုးကိုးကွယ်ရာ ရှာသင့်ပါသည်။ ဘုရားရှင်၏မေတ္တာရပ်ခံချက်တွင် ရာဟုဆိုသည်မှာ အသူရိန်ကြီးဟုသာ မမှတ်ယူဘဲ အခက်အခဲကို ဖန်တီးသူ အနှောက်အယှက်ပြုသူအားလုံးဟု သဘောထားရပါမည်။ စန္ဒိမာ စန္ဒပုဒ်တို့အရ-လနတ်သားဟု တိုက်ရိုက်မယူဘဲ လနတ်သားပမာ အကျဉ်းအကြပ်ဒုက္ခတွေ့နေသူဟု ယူဆ၍ ရွတ်ဖတ် သင့်ပါသည်။ ထို့ကြောင့်သည်း မြန်မာဘုန်းတော်ကြီးကျောင်း ဝတ်ရွတ်စဉ်တိုင်းတွင်ထည့်၍ ရွတ်ကြခြင်းဖြစ်ပါသည်။ ယုံကြည်လေးစားစွာဖြင့် ရွတ်ဆိုကြရန်သာ ဖြစ်ပါသည်။

## ကိုယ်စိတ်အကျဉ်းအကြပ်ရောက်သောအခါ ရွတ်ဆိုရသော လနတ်သား ဘုရားရှိခိုး

နမောတေ ဗုဒ္ဓဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာ ဓပ္ပနိပန္နောသ္မိ၊ တဿမေ သရဏံဘဝ။

ကြီးမြတ်သော လုလ္လရှိတော်မူသော မြတ်စွာဘုရား။ အရှင်ဘုရားအား တပည့်တော်ရှိခိုးပါ၏။ သစ္စာသိမြင် ရှင်တော်ဘုရားသည် ခပ်သိမ်းသော ဘေးဥပါဒ် အန္တရာယ်အမျိုးမျိုးမှ ကင်းလွတ်တော်မူပါ၏။ တပည့်တော်မှာမူကား၊ ဘေးရန် အပေါင်းတို့ဖြင့် ကြပ်တည်းကျဉ်းမြောင်းနေရပါ၏၊ သစ္စာသိမြင်ရှင်တော်ဘုရားသည် တပည့်တော်၏ ဘေးရန်ကွယ်ကြောင်း ပုန်းအောင်းကိုးကွယ်ရာဖြစ်တော်မူပါဘုရား။

## လမင်းပရိတ်
### ဘုရားရှင် မေတ္တာရပ်ခံချက်

တထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံ ဂတော။
ရာဟုစန္ဒံ ပမုဥ္စဿု၊ ဗုဒ္ဓါ လောကာနုကမ္ပကာ။

ရာဟုအသူရိန်နတ်ကြီး၊ လနတ်သားသည် (လနတ်သားပမာဒုက္ခရောက်နေသူသည်) လူ နတ် ဦးခိုက်ပူဇော်ထိုက်သော ငါဘုရားကို ကိုးကွယ်အားထား ဆောက်တည်ရာဟူ၍ ဆည်းကပ်၏။ သင်အသူရိန်နတ်ကြီး သည် သရဏဂုဏ်ဆည်းကပ်ငြား လနတ်သားကို (လနတ်သားပမာ ဒုက္ခရောက်နေသူကို) လွှတ်လိုက်ပါ

လော သစ္စာသိမြင် ဘုရားရှင်တို့သည် လောကနေသူ လူနတ် ဗြဟ္မာ သတ္တဝါတို့ကို သနားစောင့်ရှောက် ချီးမြှောက်တော်မူ တတ်ကုန်၏။

**စန္ဒိမသုတ်**
**လမင်းပရိတ်ပြီး၏။**

## ဓမ္မစကြာ နိဒါန်း

ဤဓမ္မစကြာဒေသနာတော်ကို မဟာသက္ကရာဇ် ၁၀၃-ခု ဝါဆိုလပြည့်နေ့ ညနေချမ်းအချိန် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦး တို့ကို ဟောတော်မူ၏။ ဘုရားရှင် တို့၏အစဉ်အလာ ဓမ္မတာအရ ဘုရားဖြစ်ပြီးလျှင် ဓမ္မစကြာ ဒေသနာတော်ကို ဟောကြားမြဲဖြစ်၏။ ထိုသို့ ပထမဆုံးဟော ကြားတော်မူသောကြောင့် ဓမ္မစကြာ တရားဦးဟုလည်း ခေါ် တွင်ကြ၏။

ဘုရားရှင်တို့သည် ဘုရားဖြစ်တော်မူပြီးနောက် ဓမ္မစကြာ တရားဦးကို ဟောကြားတော်မူရသည်မှာ အကြောင်းရှိ၏။ ဂေါတမ ဘုရားရှင် ပွင့်တော်မမူမီ အိန္ဒိယဒေသ မဇ္ဈိမတိုက် တခွင်၌ ရဟန်းအမည်ခံ ဂိုဏ်းဆရာကြီးများသည် ထင်ရှားပေါ် ထွက်နှင့်ကြ၏။ ထိုရဟန်းအမည်ခံ ဂိုဏ်းဆရာကြီးများအနက် အချို့က ကာမသုခလ္လိကာနုယောဂအလုပ်ကို အချို့က အတ္တကိ လမထာနုယောဂအလုပ်ကို ရဟန်းကိစ္စ ရဟန်းအလုပ် ရဟန်း ကျင့်ဝတ်အနေဖြင့် ကျင့်ကြ ကြံကြ ဟောပြောနှင့်ကြ၏။ လော

ကကြီး၌ အယုတ်တရား အစွန်းရောက်တရားနှစ်ပါးကို တကာယ် တရားစစ်တရားမှန်အနေဖြင့် ကျင့်ကြံ ဟောကြား ပြသနေကြ သည်ကို ဘုရားရှင်သိတော်မူသဖြင့် ဤဓမ္မစကြာဒေသနာဘော် ကို ဟောတော်မူခြင်းဖြစ်ပေ၏။

ရင်းပြင် ဘုရားရှင်သည် ယခု ဘုရားဖြစ်မည့် နောက်ဆုံး ဘဝ၌ပင်လျှင် ဥရုဝေဠတော၌ ပင်ပမ်းခြိုးခြံစွာ ကျင့်ဘော်မူခဲ့ ရ၍၊ ထို့နောက် ထိုပင်ပမ်းခြိုးခြံသောအကျင့်ကို စွန့်လွှတ်၍ ဆွမ်းခံဘုဉ်းပေးဘော်မူလျက် မျှဘစွာကျင့်ကြံခဲ့၏။ ထိုသို့ပင်ပမ်း ခြိုးခြံလွန်းသောအကျင့်ကို စွန့်လွှတ်၍ ဆွမ်းဘုဉ်းပေးကာ မျှဘ စွာကျင့်တော်မူသောအခါ အတ္တကိလမထာနုယောဂ အကျင့် သည်သာ သံသရာမှ ထွက်မြောက်ကြောင်းဖြစ်သည်ဟု အယူအ ဆ ရှိကြသော ပဉ္စဝဂ္ဂီငါးဦးတို့သည် အကြီးအကျယ် စိတ်ပျက် အားလျော့ကြကုန်လျက် ဘုရားလောင်းထံမှဖဲ့ခွာ၍နေကြလေ၏။ ထို့ကြောင့်ဘုရားရှင်သည် ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဟောရန် မိဂဒါဝုန်သို့ ကြွလာတော်မူသည်ကိုမြင်သောအခါ၌—

ငါ့ရှင်တို့ ရဟန် ကြီးဂေါတမသည်လာနေပြီ၊ ထိုရဟန်းကြီး ဂေါတမသည် ကမ္ဗဌာန်းအလုပ်မှ လျှောကြသူ "ကမ္မဌာန်း လူ ထွက်ကြီး" ဖြစ်၏။ပစ္စည်းလေးပါးပေါများရန်ကျင့်ကြံသူ ခေါင်း ပါးခြိုးခြံစွာ ကျင့်ကြံခြင်းကို စွန့်လွှတ်ခဲ့သူဖြစ်၏၊ ထိုရဟန်းကြီး ကိုရှိမခိုးကြစတမ်း၊ ခရီးဦး ကြို မပြုကြစတမ်း၊ သပိတ် သင်္ကန်း လှမ်း၍မယူကြစတမ်း၊ သို့ရာဘွင်ရဟန်းကြီးဂေါတမ ထိုင်လိုက ထိုင်ရန်နေရာကိုမူကား ခင်းထားကြမည်ဟု အချင်းချင်း ကတိ ကဝတ်ထားကြလေကုန်၏။ ဘုရားရှင်သည် ပဉ္စဝဂ္ဂီ ငါးဦးတို့၏

စိတ်အကြံကိုသိတော်မူ၏။ ထိုပဉ္စဝဂ္ဂီငါးဦးတို့ကိုအထူးရည်ညွှန်း ကာ ဩဒိဿမေတ္တာ တရားကို ပွားများတော်မူလေ၏။ ဘုရား ရှင်အနီးသို့ ရောက်လာသောအခါ ဗုဒ္ဓတေဇော် အာနုဘော်နှင့် မေတ္တာတေဇော်အာနုဘော်ကြောင့် ပဉ္စဝဂ္ဂီငါးဦးတို့သည် ကတိ ကဝတ်ကို မတည်နိုင်တော့ဘဲ ဘုရားရှင်ကို ခရီးဦးကြို ပြုကာ သပိတ် သင်္ကန်းကို လှမ်းယူ ခြေဆေးရေ စသည်တို့ဖြင့် ဝတ်ကြီး ဝတ်ငယ်ပြုကြလေ၏။

ပဉ္စဝဂ္ဂီ ငါးဦးတို့သည် ဘုရားရှင်အား "အာဝုသောငါ့ရှင်" ဟူ၍၎င်း၊ "ဂေါတမ"ဟူ၍၎င်း၊ ကိုယ်ရည်တူထားကာ မလေး မစားပြောကြားကြကုန်၏၊ ထိုအခါဘုရားရှင်ကပဉ္စဝဂ္ဂီတို့ ငါ့ကို "အာဝုသောငါ့ရှင်" ဟု၎င်း၊ "ဂေါတမ" ဟု၎င်း၊ ကိုယ်ရည်တူ ထား၍ မပြောကြားကြကုန်လင့်၊ ငါသည် သစ္စာလေးပါးမြမ္မအပုံ အလုံးစုံကို အကုန်မကျန် အမှန်ထိုးထွင်း သိမြင်ပြီးသည် ဖြစ်၍ ပူဇော် အထူးကို ခံထိုက်သော ဘုရားဖြစ်လေပြီ၊ ငါဘုရားသည် အပြိုက် နိဗ္ဗာန်တရားကို ပေါက်မြောက် ခဲ့လေပြီ၊ သင်တို့အား ငါတရားဟောမည်၊ နာကြားကြကုန်လောဟု မိန့်တော်မူ၏။

ထိုအခါပဉ္စဝဂ္ဂီငါးဦးတို့က ငါ့ရှင်ဂေါတမ သင်သည်ဒုက္ကရ စရိယာ ခြောက်နှစ်ကျင့်စဉ်ကမှ အရဟတ္တ မဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်ကိုမရပါဘဲလျက် ယခုသင်သည် ပစ္စည်းလေးပါးပေါများ ဘို့ရာ ကျင့်ကြံသူ ဖြစ်ခါမှ အရိယာ အဖြစ်ကို ပြုစွမ်းနိုင်သည့် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို အဘယ်မှာလျှင် ရနိုင်ပါ အံ့နည်းဟုပြန်ကြားလျှောက်ထားကြကုန်၏။ ဤသို့ဘုရားရှင်နှင့် ပဉ္စဝဂ္ဂီတို့ ၃ ကြိမ်တိတိအချီအချ ပြောဆိုကြပြီးမှ—

ငါ့ရှင်ပဉ္စဝဂ္ဂီတို့ ငါသည် ဥရုဝေဠတော၌ ကမ္မဋ္ဌာန်းအလုပ် အားထုတ်နေစဉ် သင်တို့အထင်ကြီးအောင် ငါ့မှာအရောင်တွေ အလင်းတွေ ကမ္မဋ္ဌာန်း နိမိတ်တွေ ထင်လာပြီဟု ပြောခဲ့ ဘူးပါ သလောဟုမေးတော့မှ ပဉ္စဝဂ္ဂီတို့ တိရကြကာ ဘုရားရှင်စင်စစ် ဘုရားဖြစ်၍သာပြောတော်မူခြင်းဖြစ်မည်ဟု ယုံကြည်ကာဘုရား ရှင်ကိုအရိုအသေပြုကြကုန်၏။

ထို့ကြောင့် ဘုရားရှင်သည် အတ္တကိလမထ အကျင့်ကိုအထင် ကြီးနေသော မဇ္ဈိမပဋိပဒါ အကျင့်ကိုကျင့်မှ ဘုရားဖြစ်၍လာ သည်ကိုမယုံကြည်နိုင်သော ပဉ္စဝဂ္ဂီတို့အား အစွန်းရောက်တရား နှစ်ပါးအဖြစ်မဇ္ဈိမပဋိပဒါ ၏ အကျိုးပြ ဓမ္မစကြာဒေသနာတော် ကို ဟောကြားတော်မူလေ၏။

ဤဓမ္မစကြာ ဒေသနာတော်၏ အကျဉ်းချုပ်မှာ ဘုရားရှင် သည် ပဉ္စဝဂ္ဂီငါးဦးတို့အား ရှေးဦးစွာရှောင်ကြဉ်ရမည့်အယုတ် တရားနှစ်ပါးတို့ကို ဟောကြားတော်မူ၏။ ထိုနောက် လိုက်နာ ကျင့်သုံးရမည့် မဂ္ဂင်ရှစ်ရပ် မဇ္ဈိမပဋိပဒါကို ဟောတော်မူ၏၊ ထို နောက် သစ္စာလေးပါးကို အကျဉ်းချုပ် ဟောတော်မူ၏။ ထို နောက် ဘုရားရှင်သည် လူကိုယ်တိုင်၊သစ္စာလေးပါးအနက်တပါး တပါးတွင်ရထိုက်ဖြစ်ထိုက်သော သစ္စ ကိစ္စ ကတဉာဏ် သုံးပါးစီ ပြည့်စုံမှ ဘုရားအဖြစ် ဝန်ခံတော်မူကြောင်းကို ဟောတော်မူ၏။

ထိုဒေသနာတော် ဟောတော်မူပြီးနောက် အရှင်ကောဏ္ဍည သောတာပန်တည်ပုံ၊ ဘုမ္မစိုး နတ်တို့မှတဆင့် အထက် အကနိဋ္ဌ ဗြဟ္မာ တိုင်အောင် ကောင်းချီး ကြွေးကြော်ကြပုံ မဟာပထဝီ

မြေကြီးတုန်လှုပ်ပုံ သဗ္ဗညုတ ဉာဏ်ကြောင့် ဖြစ်သော အလင်းရောင်ကြီးဖြစ်ပေါ်လာပုံတို့ကိုဟောတော်မူ၏။

## ဓမ္မစကြာဟူသည် အဘယ်နည်း

ဓမ္မစကြာဟူသည် အဘယ်ကိုခေါ်သနည်းဟု မေးဘွယ်ရှိ၏။ အဖြေကား မြတ်စွာဘုရား၏ သန္တာန်တော်၌ဖြစ်သည့် မဂ်ဉာဏ်လေးပါးတည်းဟူသော ပဋိဝေဓဉာဏ်၊ ဒေသနာဉာဏ်နှစ်ပါးကို ဓမ္မစကြာဟုခေါ်၏။ ချဲ့ဦးအံ့မဟာဗောဓိပလ္လင်၌ ထိုင်နေတော်မူသောမြတ်စွာဘုရား (ဖြစ်အံ့ဆဲဆဲအလောင်းတော်)၏ သန္တာန်၌ဖြစ်ပေါ်လာသည့် သစ္စာလေးပါးတို့၌ တဆယ့်နှစ်ပါးသော အချင်းအရာရှိသော မဂ်ဉာဏ်လေးပါးသည်၎င်း၊ ဣသိပတန မိဂဒါဝုန်တော၌ထိုင်နေတော်မူကာ ဓမ္မစကြာ တရားဦး ဟောတော်မူသောမြတ်စွာဘုရား၏ သန္တာန်တော်၌ဖြစ်သော တဆယ့်နှစ်ပါးသော အချင်းအရာရှိသည်။ သစ္စဒေသနာကို ဖြစ်စေ တတ်သော ဒေသနာဉာဏ်တော်သည်၎င်း၊ ဓမ္မစကြာမည်လေသည်၊ ထို ဉာဏ်နှစ်ပါးလုံးကိုထင်ရှားဖော်ပြရာဖြစ်သော ဤတရားဦးဒေသနာကို ဓမ္မစက္ကဓမ္မစကြာဒေသနာတော်ဟုခေါ်ရ၏။

ထိုဉာဏ်နှစ်ပါလုံး သည်ပင်လျှင် ရန်သူကို နှိမ်နင်းသတ်ဖြတ်နိုင်သောလက်နက်ပမာ ကိလေသာရန်သူတို့ကို နှိမ်နင်းသတ်ဖြတ်နိုင်သောကြောင့်၎င်း၊ သောင်းထိုက်များစွာစကြာဝဠာ၌ခြားခြားမဘည်လည်စေတတ်သည်ဖြစ်၍စကြာရဘနာနှင့်တူသောကြောင့်၎င်းဓမ္မစကြာဟုခေါ်ရ၏။

## သဗ္ဗသိဒ္ဓိ ဓမ္မစကြာ

ထိုဓမ္မစကြာ ဒေသနာ တော်ကို မြန်မာ လူမျိုးတို့ အရွတ် အ ဖတ် များ၏။ ထို သို့ အရွတ် အ ဖတ် များသည် မှာ ေရှး ဆရာတော်များ ရေးသားထားသည့်ဓမ္မစကြာ အမွှမ်း ပါရှိသော "နန္ဒိတံ သဗ္ဗဒေဝေဟိ = ဓမ္မစကြာ ဒေသနာတော်ကို နတ်ပြဟ္မာတို့ နှစ်သက်မြတ်နိုးသည်" ဟူသောအမွှမ်း "သဗ္ဗသမ္ပတ္တိ သာဓကံ = အလုံးစုံသော လောကီလောကုတ္တရာ အကျိုးစီးပွား များကို ပြည့်စုံနိုင်စေ၏။" ဟူသောအမွှမ်းများအရ အသိမရှိ အပ်သော အနိဋ္ဌာရုံများမှ ကင်းလွတ်ရန်နှင့် အလိုရှိအပ်သော ရာထူးတည်မြဲရေး ရာထူးတိုးတက်ရေး အရောင်းအဝယ်ကောင်း၍ အကြံအစည်အောင်မြင်ရေး ဓမ္မစကြာ မယ်မောင်။ အတ္တုပတ္တိအရ လူချစ်လူခင်ပေါများရေးစသော လောကီအကျိုးစီးပွား ပြည့်စုံရန်နှင့် "ယံတံနိဗ္ဗာန ပါပကံ = နိဗ္ဗာန်သို့ရောက်စေဘတ်သော ဓမ္မစကြာဟုဆိုသဖြင့် သစ္စာလေးပါးကိုသိကာ နိဗ္ဗာန်သို့ ရောက်ရန်အတွက် ရွတ်ဖတ်ကြခြင်းဖြစ်၏။ ထိုသို့ရွတ်ဖတ်ခြင်း ဖြင့် လက်တွေ့အကျိုးခံစားမှု ဘဝအတွေ့အကြုံများအရ ပို၍ယုံကြည်ကြခြင်းဖြစ်၏။

မြန်မာနိုင်ငံအနှံ့အပြားတွင် ဓမ္မစကြာကို သာယာနာပျော်ဖွယ်ဖြစ်အောင် အမွှမ်းများနှင့်တကွ ရွတ်ဖတ်ကြသော အမျိုး သမီးဝတ်အသင်းများပင် အများအပြားရှိ၏။ ထိုသို့ အရွတ် အဖတ်များသော ဓမ္မစကြာကို ပါဠိရွတ်လိုက်သည်နှင့်တပြိုင်နက် ထိုပါဠိ၏ မြန်မာအဓိပ္ပါယ်ကို သိရှိစေရန်အတွက် ပါဠိများ

အောက်တွင် မြန်မာဆိုလိုရင်း အချုပ်များထည့်၍ ဖော်ပြပေသည်။

## ရှေးဆရာတော်ကြီးများ၏
## ဓမ္မစကြာအမွှမ်း

(က) ဘိက္ခုနံ ပဉ္စဝဂ္ဂိနံ၊
ဉာတိပတန နာခကေ။
မိဂဒါဝေယ ဓမ္မဝရံ၊
ယံ တံ နိဗ္ဗာနပါပကံ။

(ခ) သဟမ္ပတိ နာမဆေန၊
မဟာဗြဟ္မေန ယာစိတော။
စတုသစ္စံ ပကာသေန္တော၊
လောကနာထော အဒေသယိ။

(ဂ) နန္ဒိတံ သဗ္ဗဒေဝေဟိ၊
သဗ္ဗသမ္ပတ္တိ သာဓကံ။
သဗ္ဗလောက ဟိတတ္ထာယ၊
ဓမ္မစက္ကံ ဘဏာမဟေ။

သစ္စာလေးပါးကိုပြတော်မူသော ဘုရားရှင်သည် သဟမ္ပတိ ခေါ် ဗြဟ္မာကြီး၏ တောင်းပန်လျှောက်ထားချက်အရ ဉာတိပတနအမည်ရှိသော မိဂဒါဝုန်တော၌ ရှင်ကောဏ္ဍည ရှင်ဝပ္ပ ရှင်ဘဒ္ဒိယ ရှင်မဟာနာမ် ရှင်အဿဇိ ဟူသော ရဟန်းငါးပါးတို့

အား နိဗ္ဗာန်ရောက်ကြောင်း အကျင့်မြတ်ဖြစ်သော ဓမ္မစကြာ တရားတော်ကို ဟောတော်မူ၏။

နတ် ဗြဟ္မာခပ်သိမ်းတို့ နှစ်သက်မြတ်နိုး၍ လောကီ လောကုတ္တရာ အကျိုးအားလုံးကို ပြီးစေနိုင်သော ထိုဓမ္မစကြာ ဒေသနာကို လောကအားလုံး၏ အစီးအပွားအလို့ငှာ ငါတို့ ရွတ် ဆိုကြပါကုန်စို့။

(၁) ဓမ္မစကြာနိဒါန်း

ဧဝံ မေ သုတံ-

ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။

တစ်ခါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ- အခါတပါး ဘုရားမြတ်စွာသည် ဗာရာဏသီပြည် ဣသိပတန ခေါ် မိဂဒါဝုန်တော၌ သီတင်းသုံးနေစဉ် ပဉ္စဝဂ္ဂီ ရဟန်းငါး ပါးတို့အား ဤသို့ဟောကြားခဲ့ပါ၏။

(၂) အယုတ်တရား နှစ်ပါး

ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိ တဗ္ဗာ။

ကတမေ ဒွေ-

ယော စာယံ ကာမေသု ကာမသုခလ္လိကာ-နုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော။

ယော စာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။

ရဟန်းတို့ သံသရာမှ လွတ်မြောက်လိုသောသူသည် ယုတ်နိမ့်သည်ဖြစ်၍ ရွာနေ ပုထုဇဉ်တို့၏ အလေ့အကျင့်ဖြစ်သော အရိယာတို့ကျင့်စဉ်မဟုတ်၊ တကျိုးစီးပွား မဖြစ်စေသော လောကီအာရုံ ကာမဂုဏ်တို့ကို ခံစားလွန်းခြင်းဟူသော အစွန်းတဖက်နှင့် ဆင်းရဲပင်ပမ်းပြီး အကျိုးမရှိ၊ အရိယာတို့ ကျင့်စဉ်မဟုတ်သော မိမိကိုယ်ကို ပင်ပမ်း ဆင်းရဲခံလွန်းခြင်း ဟူသော အစွန်းတဖက် အားဖြင့် အစွန်းရောက်တရား နှစ်ပါးတို့ကို မကျင့်သုံးထိုက်ပေ။

(၃) အလယ်အလတ်ကျင့်တရား

ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ကတမာ စသာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

အယ မေ ဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

သေယျထိဒံ-

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာ သမာဓိ။

အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ

အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ရဟန်းတို့ ထိုအစွန်းတရားနှစ်ပါးတို့ကိုရှောင်ကာ ငါဘုရား ထိုးထွင်းသိမြင်ခဲ့သော သစ္စာလေးပါးကို သိစေ မြင်စေတတ်သော မဇ္ဈိမပဋိပဒါခေါ် အလယ်အလတ်ကျင့်စဉ်သည် ကိလေသာငြိမ်း၍ သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် ကောင်းစွာ သိခြင်းငှာ ခန္ဓာငါးပါးချုပ်ငြိမ်းရာ နိဗ္ဗာန်အကျိုးငှာ ဖြစ်ပေ၏။

ထိုအလယ်အလတ် ကျင့်စဉ်ဆိုသည်မှာ မြင့်မြတ်သည်ဖြစ်၍ အင်္ဂါ ၈-ပါးရှိသော မဂ္ဂင်တရားတို့ပေတည်း။

(၁) သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်ခြင်း
(၂) သမ္မာသင်္ကပ္ပ၊ ကောင်းစွာကြံစည်ခြင်း
(၃) သမ္မာဝါစာ၊ ကောင်းစွာဆိုခြင်း
(၄) သမ္မာကမ္မန္တ၊ ကောင်းစွာပြုခြင်း
(၅) သမာအာဇီဝ၊ ကောင်းစွာအသက်မွေးခြင်း
(၆) သမ္မာဝါယာမ၊ ကောင်းစွာအားထုတ်ခြင်း
(၇) သမ္မာသတိ၊ ကောင်းစွာအောက်မေ့ခြင်း
(၈) သမ္မာသမာဓိ၊ ကောင်းစွာတည်ကြည်ခြင်း
ဟူသော မဂ္ဂင်တရားတို့ပေတည်း။

ရဟန်းတို့ ငါဘုရား ထိုးထွင်း၍သိအပ်သော သစ္စာလေးပါးကို မြင်စေ သိစေတတ်သော ဤအလယ်အလတ် ကျင့်စဉ်သည် ကိလေသာငြိမ်း၍ သစ္စာလေးပါးကို ဉာဏ်ဖြင့်ထိုးထွင်းသိခြင်းငှာ နိဗ္ဗာန်အကျိုးငှာ ဖြစ်ပေ၏။

(၄) ဒုက္ခသစ္စာ

ဤဒံ ခေါပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။
ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏံပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ပိ ဒုက္ခာ။

ရဟန်းတို့ ဇာတိခေါ် ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲ၏၊ အိုရ နာရ သေရခြင်းနှင့် မချစ်သူနှင့် ပေါင်းကာ ချစ်သူတို့နှင့် ကွဲကွာရခြင်း လိုရာမရခြင်း တို့သည် ဆင်းရဲ၏။ အချုပ်အားဖြင့် ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့ ရှိနေခြင်းသည် ဆင်းရဲ၏။

ဤဇာတိ စသောတရားသည် အရိယာတို့ သိအပ်သော ဒုက္ခသစ္စာပေတည်း။

(၅) သမုဒယသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယ သစ္စံ။
ယာယံ တဏှာ ပေါနဗ္ဘဝိကာ နန္ဒိရာဂ သဟဂတာ တတြတတြာဘိနန္ဒိနီ။
ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

ရဟန်းတို့ တဏှာလောဘသည် ဘဝသစ်ကို ဖြစ်စေတတ်၍ နှစ်သက်တပ်မက်ကာ ထိုထိုအာရုံကို စွဲလမ်းတတ်၏။ ဤ တဏှာသည်—

(၁) အာရုံငါးပါးကို တပ်မက်သော ကာမတဏှာ
(၂) အရာခပ်သိမ်းသည်မြဲ၏ ဟု ယူသော ဘဝတဏှာ
(၃) သေပြီးနောက် ဘာမျှမဖြစ်ဟု ယူသော ဝိဘဝတဏှာ
ဟု သုံးမျိုးရှိ၏။ ဤတဏှာသုံးပါးသည် အရိယာတို့သိအပ်သော ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာမည်၏။

(၄) နိရောဓသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယ သစ္စံ။

ယော တဿာ ယေဝ တဏှာယ အသေသ ဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိအနာလယော။

ရဟန်းတို့ ထိုကာမတဏှာ စသည်တို့ အကြွင်းမဲ့ တပ်ခြင်း၊ ကင်းရာ ချုပ်ငြိမ်းရာ စွန့်ခွာ ပယ်ရှား လွတ်မြောက်၍ မတွယ်တာရာဖြစ်သော နိဗ္ဗာန်ဟူသည် ရှိ၏။ ထိုနိဗ္ဗာန်ဟူသော တရားသည် အရိယာတို့သိအပ်သော ဒုက္ခချုပ်ရာ နိရောဓသစ္စာမည်၏။

(၅) မဂ္ဂသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ။

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

သေယျထိဒံ—
သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

ရဟန်းတို့ ဤမဂ်သည် အင်္ဂါ ၈-ပါးရှိ၏။ အင်္ဂါ ၈-ပါး ဟူသည်မှာ—

(၁) သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်ခြင်း
(၂) သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာကြံခြင်း
(၃) သမ္မာဝါစာ၊ ကောင်းစွာဆိုခြင်း
(၄) သမ္မာကမ္မန္တော၊ ကောင်းစွာပြုလုပ်ခြင်း
(၅) သမ္မာအာဇီဝေါ၊ ကောင်းစွာအသက်မွေးခြင်း
(၆) သမ္မာဝါယာမော၊ ကောင်းစွာအားထုတ်ခြင်း
(၇) သမ္မာသတိ၊ ကောင်းစွာအောက်မေ့ခြင်း
(၈) သမ္မာသမာဓိ၊ ကောင်းစွာတည်ကြည်ခြင်း တို့ ဖြစ်ကုန်၏။

ဤ မဂ္ဂင် ၈-ပါးသည် ဒုက္ခချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့သိအပ်သည့် သစ္စာပေတည်း။

## (ဂ) ဒုက္ခသစ္စာ၌သစ္စဉာဏ်

ဣဒံ ဒုက္ခံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ရဟန်းတို့ ဤတဏှာမှ တပါးသော တော်ဘူမကတရားသည် အရိယာသစ္စာမည်၏ဟု ငါဘုရားသည် ဘုရားမဖြစ်မီ ရှေးအခါ ကမကြားဘူးကုန်သော သစ္စာတရားတို့၌ ဒုက္ခသစ္စာကို မြင်တတ်သော ပညာမျက်စိသည် ထင်ရှား ဖြစ်လာ၏။ ဒုက္ခသစ္စာကို သိသောဉာဏ် ပိုင်းခြားသိသော ပညာ ထိုးထွင်းသိသောဝိဇ္ဇာ ဒုက္ခ

သစ္စာကိုမသိအောင် ဖုံးလွှမ်းထားသော မောဟ တည်းဟူသော အမှောင်ကိုဖျက်ဆီးတတ်သောပညာအလင်းရောင်သည် ငါဘုရားမှာထင်ရှားဖြစ်ပေါ်လာ၏။

## (၉) ဒုက္ခသစ္စာ၌ကိစ္စဉာဏ်

တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ရဟန်းတို့ ထိုဒုက္ခဖြစ်သော အရိယသစ္စာကို ဤတရားကား ဒုက္ခတည်း၊ဤဒုက္ခကား ဤမျှသာတည်း၊ ဤထက် အပိုအလိုမရှိ ဟုပိုင်းခြားသိမြင်အပ်၏ဟု ငဘုရားသည် ဘုရားမဖြစ်မီ ရှေးအခါကမကြားဘူးသော သစ္စာတရားတို့၌ ဒုက္ခသစ္စာကို မြင်တတ်သောပညာမျက်စိ သိသောဉာဏ် ပိုင်းခြား၍ သိသောပညာ ထိုးထွင်း၍သိသောဝိဇ္ဇာ ဒုက္ခသစ္စာကို ဖုံးလွှမ်းထားသည့် မောဟ အမိုက်မှောင်ကို ဖျက်ဆီးတတ်သော ပညာ အလင်းရောင် သည် ငါဘုရားမှာ ထင်ရှားဖြစ်ပေါ်လာ၏။

## (၁၀) ဒုက္ခသစ္စာ၌ ကတဉာဏ်

တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတန္တိမေ ဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ပညာ ဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊အာလောကော ဥဒပါဒိ။

ရဟန်းတို့ ဒုက္ခဖြစ်သော အရိယသစ္စာကို ဤတရားကားဒုက္ခ

တည်း ဤဒုက္ခကား ဤမျှသာတည်း၊ အပိုအလိုမရှိဟု ပိုင်းခြား သိခဲ့ပြီးပြီဟူ၍ ငါဘုရားသည်ဘုရားမဖြစ်မီ ရှေးအခါက မကြားဘူး ကုန်သော သစ္စာတရား တို့၌ ဒုက္ခသစ္စာကို မြင်သော ပညာ မျက်စိ သိသောဉာဏ်ကို ပိုင်းခြား၍ သိသောပညာ ထိုးထွင်း၍ သိသောဝိဇ္ဇာ ဒုက္ခသစ္စာကို ဖုံးလွှမ်းထားသည့် မောဟအမှောင် ထုကို ဖျက်ဆီးတတ်သော ပညာအလင်းရောင်သည် ငါဘုရား၌ ထင်ရှားဖြစ်ပေါ်လာပေ၏။

## (၁၁) သမုဒယသစ္စဉာဏ်

ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေအန နုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊

ရဟန်းတို့ ဤတဏှာလောဘသည် ရဲဆင်းခြင်း၏ အကြောင်း ဖြစ်သော အရိယာသစ္စာမည်၏ဟု ငါဘုရားသည် ဘုရားမဖြစ်မီ ရှေးအခါက မကြားဘူး ကုန်သော သစ္စာတရားတို့၌ သမုဒယ သစ္စာကိုမြင်တတ်သော ပညာမျက်စိ သိတတ်သောဉာဏ် တရား ကိုယ်အားဖြင့် တပါးပင် ဖြစ်သော်လည်း ကာမတဏှာ ဘဝ တဏှာ ဝိဘဝတဏှာဟု အခြင်းအရာအားဖြင့်၃-ပါး ရူပတဏှာ သဒ္ဒတဏှာ ဂန္ဓတဏှာ ရသတဏှာ ဖောဋ္ဌဗ္ဗတဏှာ ဓမ္မတဏှာ ဟူအာရုံအားဖြင့်မြောက်လျှင် ၁၈-ပါး အဇ္ဈတ္တဗဟိဒ္ဓ သန္တာန် အားဖြင့် မြောက်လျှင် ၃၆-ပါး အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလ ၃-ပါးဖြင့်မြောက်ပွားလျှင် ၁၀၈-ပါးရှိ၏ဟု ပိုင်းခြား သိသောပညာ ထိုးထွင်း သိသောဝိဇ္ဇာ သမုဒယကို ဖုံးလွှမ်းထား

သည့် မောဟအမှောင်ထုကို ဖျက်ဆီးတတ်သော ပညာ အလင်း ရောင်သည် ငါ့ဘုရား၌ ထင်ရှားဖြစ်ပေါ်လာပေ၏။

(၁၂) သမုဒယသစ္စာ၌ကိစ္စဉာဏ်

တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလော ကော ဥဒပါဒိ။

ရဟန်းတို့ ဤဒုက္ခဖြစ်ကြောင်း အရိယသစ္စာကို ဒိဋ္ဌဝိစိကိစ္ဆာ အား သောတာပတ္တိမဂ် ကာမရာဂကို အနာဂါမိမဂ် ရူပရာဂ အရူပရာဂ ကို အရဟတ္တမဂ် ဖြင့် ပယ်အပ်၏ဟု ငါဘုရားသည် ဘုရားမဖြစ်မီရှေးအခါက မကြားဘူးကုန်သော သစ္စာတရားတို့၌ သမုဒယသစ္စာ ကို မြင်တတ်သော ပညာမျက်စိ သိသော ဉာဏ် တရားကိုယ် တပါးပင်ဖြစ်သော်လည်း ၁၀၈-ပါးအပြားရှိ၏ဟု ပိုင်းခြား သိသောပညာ ထိုးထွင်းသိသောဝိဇ္ဇာ သမုဒယ သစ္စာ ကိုဖုံးလွှမ်းထားသော မောဟ အမှောင်ထုကို ဖျက်ဆီးတတ်သည့် ပညာအလင်းရောင်သည် ငါဘုရား၌ထင်ရှားဖြစ်ပေါ်လာပေပြီ။

(၁၃) သမုဒယသစ္စာ၌ ကတဉာဏ်

တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီနန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊

ရဟန်းတို့ ထိုဒုက္ခ၏ အကြောင်းဖြစ်သော အရိယသစ္စာ ကို မဂ်လေးပါးဖြင့် အကြွင်းမဲ့ပယ်အပ်ပြီးပြီဟု ငါဘုရားသည် ဘုရားမဖြစ်မီ ရှေးအခါက မသိဘူးကုန်သော သစ္စာတရားတို့၌သမုဒယသစ္စာကို မြင်တတ်သော ပညာ မျက်စိ သိသောဉာဏ် တဏှာ ၁၀၈-ပါးကို ပိုင်းခြားသိမြင်သော ပညာထိုထွင်းသိသော ဝိဇ္ဇာ သမုဒယသစ္စာ အမှောင်ထုကိုဖုံးလွှမ်းထားသော မောဟအမှောင်ထုကို ဖျက်ဆီးတတ်သော ပညာအရောင် အလင်းသည် ငါဘုရား၌ ထင်ရှားဖြစ်ပေါ်ခဲ့လေပြီ။

## (၁၄) နိရောဓ သစ္စာ၌ သစ္စဉာဏ်

ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာဥပါဒိ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ရဟန်းတို့ ဤနိဗ္ဗာန်သည် ဒုက္ခချုပ်ရာဖြစ်သော အရိယသစ္စာမည်၏ဟု ငါဘုရားသည် ဘုရားမဖြစ်မီ ရှေးအခါက မကြားဘူးကုန်သော သစ္စာတရားတို့၌ နိရောဓသစ္စာကို မြင်တတ်သော ပညာမျက်စိ သိသောဉာဏ် တရားကိုယ်အားဖြင့် တပါးပင်ဖြစ်သော်လည်း ဥပါဒိသေသ အနုပါဒိသေသအားဖြင့် နှစ်ပါး သုညတ အနိမိတ္တ အပ္ပဏိဟိတအားဖြင့် သုံးပါးရှိ၏ဟု ပိုင်းခြားသိသောပညာ ထိုးထွင်း၍သိခြင်း ဝိဇ္ဇာ၊ နိရောဓသစ္စာကို ဖုံးလွှမ်းထားသော မောဟ အမှောင်ထုကို ဖျက်ဆီ တတ်သော ပညာအရောင် အလင်းသည် ငါဘုရား၌ ထင်ရှားဖြစ်ပေါ်ခဲ့လေပြီ။

## (၁၅) နိရောဓသစ္စာ၌ ကိစ္စဉာဏ်

တံခါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကောဥဒပါဒိ။

ရဟန်းတို့ ဒုက္ခချုပ်ရာဖြစ်သော အရိယသစ္စာကို မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်ဖြင့် မျက်မှောက်ပြုအပ်၏ဟု ငါဘုရားသည် ဘုရားမဖြစ်မီ ရှေးအခါက မကြားစဘူးကုန်သော သစ္စာတရားတို့၌ နိရောဓသစ္စာကို မြင်တတ်သော ပညာမျက်စိ သိသောဉာဏ် ဥပါဒိသေသ စသော နှစ်ပါးသုံးပါး အပြားအားဖြင့် ပိုင်းခြားသိသောပညာ ထိုးထွင်းသိသော ဝိဇ္ဇာ၊ နိရောဓသစ္စာကို ဖုံးလွှမ်းထားသော မောဟအမှောင်ထုကို ပယ်ဖျောက်နိုင်သော ပညာအရောင်အလင်းသည် ငါဘုရား၌ ထင်ရှားဖြစ်ပေါ်ခဲ့လေပြီ။

## (၁၆) နိရောဓသစ္စာ၌ ကတဉာဏ်

တံခါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာဘန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ရဟန်းတို့ ထိုဒုက္ခချုပ်ရာဖြစ်သော အရိယသစ္စာကို မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်ဖြင့် မျက်မှောက်ပြုခဲ့ပြီး၏ဟု ငါ

ဘုရားသည် ဘုရားမဖြစ်မီ ရှေးအခါက မကြားစဖူးကုန်သော သစ္စာတရားတို့၌ နိရောဓသစ္စာကို မြင်တတ်သော ပညာမျက်စိ သိသောဉာဏ် ဥပါဒိသေသစသော နိဗ္ဗာန်အမျိုးမျိုးကို ပိုင်းခြား သိသောပညာ ထိုးထွင်းသိသော ဝိဇ္ဇာ နိရောဓသစ္စာကို ဖုံးလွှမ်း ထားသော မောဟအမှောင်ထုကို ဖျက်ဆီးတတ်သော အရောင် အလင်းသည် ငါဘုရား၌ ထင်ရှားဖြစ်ပေါ်ခဲ့လေပြီ။

(၁၇) မဂ္ဂသစ္စာ၌သစ္စဉာဏ်

ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယ သစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ၊ပညာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ရဟန်းတို့ ဤမဂ္ဂင်ရှစ်ပါးသည် ဒုက္ခချုပ်ရာနိဗ္ဗာန်သို့ ရောက် ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာမည်၏ဟု ငါဘုရားသည် ဘုရားမဖြစ်မီ ရှေးအခါက မကြားစဖူးကုန်သောသစ္စာတရား တို့၌ မဂ္ဂသစ္စာကိုမြင်တတ်သော ပညာမျက်စိ၊ သိသော ဉာဏ်သမ္မာဒိဋ္ဌိ စသည် ၈-ပါးကို ပိုင်းခြားသိသောပညာ၊ထိုးထွင်းသိသောဝိဇ္ဇာ၊ မဂ္ဂသစ္စာကို ဖုံးလွှမ်းထားသော မောဟအမှောင်ထုကို ဖျက်ဆီး တတ်သော ပညာအရောင်အလင်းသည် ငါဘုရား၌ ထင်ရှားဖြစ် ပေါ်လာပေ၏။

(၁၈) မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်

တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယ သစ္စံ ဘာဝေတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာဥဒ ပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ရဟန်းတို့ ထိုဒုက္ခချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာကို ပွားစေအပ်၏ဟု ငါဘုရားသည် ဘုရားမဖြစ်မီ ရှေးအခါက မကြားစဘူးကုန်သော သစ္စာတရားတို့၌ မဂ္ဂသစ္စာကိုမြင်တတ်သော ပညာမျက်စိ၊ သိသောဉာဏ် သမ္မာဒိဋ္ဌိစသော ၈-ပါးကို ပိုင်းခြားသိသောပညာ၊ ထိုးထွင်းသိသော ဝိဇ္ဇာ မဂ္ဂသစ္စာကို ဖုံးလွှမ်းထားသော မောဟ အမှောင်ထုကို ဖျက်ဆီးတတ်သော ပညာအရောင်အလင်းသည် ငါဘုရား၌ ထင်ရှားဖြစ်ပေါ်ခဲ့လေပြီ။

## (၁၉) မဂ္ဂသစ္စာ၌ ကတဉာဏ်

တံ ခေါ ပနိဒံ ဒုက္ခနိရောဂေါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥပပါဒိ။

ရဟန်းတို့ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်း အရိယသစ္စာကို ပွားစေအပ်ပြီ ပြီဟု ငါဘုရားသည် ဘုရားမဖြစ်မီ ရှေးအခါက မကြားစဘူးကုန်သော သစ္စာတရားတို့၌ မဂ္ဂသစ္စာကို မြင်တတ်သောပညာ၊ ထိုးထွင်းသိသောဝိဇ္ဇာ၊ မဂ္ဂသစ္စာကို ဖုံးလွှမ်းထားသော မောဟအမှောင်ထုကို ဖျက်ဆီးတတ်သော အရောင်အလင်းသည် ငါဘုရား၌ ထင်ရှားဖြစ်ပေါ်ခဲ့လေပြီ။

## (၂၀) ရှေးက ဘုရားဖြစ်ကြောင်း ဝန်မခံခဲ့ပုံ

ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု ဧဝံ

တိပရိဝဋ္ဋံ ဒွါဒသာကာရံ တထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ။

နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အနုတ္တရံသမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ တိ ပစ္စညာသိံ။

ရဟန်းတို့ ဤသစ္စာလေးပါး မြတ်ဘုရားတို့၌ ဤသို့လျှင် သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်အားဖြင့် သုံးပါးသောအပြန် သုံးပါးလေးလီဖြစ်၍ ၁၂-ပါးသော အချင်းအရာရှိသော ဟုတ်မှန်တိုင်းဖြစ်သော ဉာဏ်အမြင်သည် ငါဘုရားအား သန့်ရှင်းကြည်လင်စင်ကြယ်မှု မဖြစ်သေးသမျှ ကာလပတ်လုံး ငါဘုရားသည် ကာမာဝစရနတ်ပြည် ငါးထပ်နှင့်တကွ ဝသဝတ္တိနတ်ပြည် ဗြဟ္မာပြည်တည်းဟူသော ဩကာသလောက၌ရဟန်းပုဏ္ဏားမင်းနှင့်တကွသော သတ္တလောက၌ အတုမရှိသော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍သိပြီဟူ၍ ငါ ဝန်ခံတော်မမူခဲ့။

## (၂၁) ယခုမှ ဘုရားဖြစ်ကြောင်း ဝန်ခံပုံ

ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံတိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံဉာဏဒဿနံ သုဝိသုဒ္ဓံအဟောသိ။

အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ

သဒ္ဒေဝမနုဿာယ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ။

ရဟန်းတို့ ဤသစ္စာလေးပါးဖြစ်ကြောင်း ဝန်ခံပုံ၊ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်အားဖြင့် သုံးပါးသောအပြန် သုံးပါးလေးလီဖြစ်၍ ၁၂-ပါးသော အချင်းအရာရှိသော ဟုတ်မှန်တိုင်းဖြစ်သော ဉာဏ်အမြင်သည် ငါဘုရားအား အလွန်သန့်ရှင်းကြည်လင် စင်ကြယ်စွာဖြစ်သောအခါ၌သာလျှင် ငါဘုရားသည် ကာမဘဝ ရုပ်ဘဝ အရုပ်ဘဝ ဝသဝတ္တိနတ်ပြည်တည်းဟူသော ဩကာသ လောက ရဟန်း ပုဏ္ဏားမင်းနှင့် လူအများဟုဆိုအပ်သော သတ္တလောက၌ အတုမရှိသော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိပြီဟု ဝန်ခံတော်မူပြီ။

## (၂၂) ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိမြင်ပုံ

ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ အကုပ္ပါ မေ ဝိမုတ္တိ၊ အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။

ငါဘုရားအားပစ္စဝေက္ခဏာဉာဏ်အမြင်သည် ထင်ရှားဖြစ်ပြီ။ ငါဘုရား၏ အရဟတ္တမဂ်ဉာဏ်ကို ဆန့်ကျင်ဘက်တရားတို့သည် မဖျက်ဆီးနိုင်၊ ဤကိုယ်၏အဖြစ်သည် နောက်ဆုံးသောအဖြစ်ပေတည်း။ ယခုအခါ ဘဝသစ်၌ တဖန်ဖြစ်ခြင်း မရှိတော့ပြီ၊ ဤသို့သော ပစ္စဝေက္ခဏာဉာဏ်အမြင်သည် ထင်ရှားဖြစ်ပေါ်ခဲ့သော၏။

## (၂၃) ပဉ္စဝဂ္ဂီရဟန်းတို့ တရားကိုနှစ်သက်ကြပုံ

ဣဒမဝေါစ ဘဂဝါ။

အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

မြတ်စွာဘုရားသည် ဒွေ မေဘိက္ခဝေအစရှိသော ဓမ္မစကြာ တရားတော်ကို ဟောတော်မူသောအခါ ပဉ္စဝဂ္ဂီ ရဟန်းငါးပါး တို့သည် နှစ်လို ဝမ်းမြောက်ကြကုန်သည် ဖြစ်၍ မြတ်စွာဘုရား ဟောတော်မူအပ်သော တရားတော်ကို "သာဓု သာဓု" ဟု ဦးခေါင်းငြိမ့်ဆော ခံယူကြကုန်၏။

## (၂၄) အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝိတမလံ ဓမ္မစက္ခုံ ဥဒပါဒိ ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓ ဓမ္မန္တိ။

ဤဓမ္မစကြာ ဒေသနာတော်ကို ဟောတော် မူသောအခါ အရှင်ကောဏ္ဍည မထေရ်အား အပယ်သို့ လားစေတတ်သော ရာဂစသော မှုမှုကင်းသော ဒိဋ္ဌိဝိစိကိစ္ဆာကို အကြွင်းမဲ့ ပယ် သဖြင့် ကင်းသော အညစ်အကြေးရှိသော သစ္စာလေးပါးတရား ကို မြင်တတ်သော သောတာပတ္တိမဂ် ဉာဏ်ဟူသော ပညာမျက်စိ သည် ထင်ရှားဖြစ်ပေါ်လေ၏။ အလုံးစုံသောတေဘူမက တရား သည် ဖြစ်ခြင်းသဘောရှိ၏၊ ထိုဖြစ်ခြင်း သဘောရှိသော တရား ဟူသမျှသည် ချုပ်ခြင်းသဘောရှိ၏ဟု ထင်ရှားဖြစ်ပေါ်လေ၏။ (သောတာပန် တည်လေ၏။)

## (၂၅) နတ်ဗြဟ္မာတို့ကောင်းချီးပေးပုံ

ပဝတ္တိတေစ ပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာ ဒေဝါ သဒ္ဒ မနုဿာဝေသု ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ တိ။

ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စာတုမဟာရာဇိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ တိ။

စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ တာဝတိံသာ ဒေဝါ သဒ္ဒ မနုဿာဝေသုံ ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိယံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ တိ။

တာဝတိံသာနံ ဒေဝါနံ သဒ္ဒံ သုတွာ ယာမာဒေဝါ သဒ္ဒ မနုဿာဝေသုံ ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ တိ။

ယာမာနံ ဒေဝါနံ သဒ္ဒံ သုတွာ တုသိတာ ဒေဝါ သဒ္ဒ

မနုဿာဝေသုံ ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ တိ။

တုသိတာနံ ဒေဝါနံ သဒ္ဒံ သုတွာ နိမ္မာနရတီ ဒေဝါ သဒ္ဒမနုဿာဝေသုံ ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ တိ။

နိမ္မာနရတီနံ ဒေဝါနံ သဒ္ဒံ သုတွာ ပရနိမ္မိတ ဝသဝတ္တီ ဒေဝါ သဒ္ဒ မနုဿာဝေသုံ ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေနစိ ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ တိ။

ပရနိမ္မိတ ဝသဝတ္တီနံ ဒေဝါနံ သဒ္ဒံ သုတွာ ဗြဟ္မကာယိကာ ဒေဝါ သဒ္ဒ မနုဿာဝေသုံ ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သာမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ တိ။

ဣတိဟ တေန ခဏေန တေန လယေန တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ။

ဘုရားရှင်သည် ဓမ္မစကြာတရားတော်ကို ဟောတော်မူအပ်သည်ရှိသော် ဘုမ္မစိုးနတ်တို့သည် ကောင်းချီးသြဘာ ပေးသောအသံကို တပြိုင်နက် ကြွေးကြော်ကြကုန်၏။ ကြွေးကြော်ပုံကား—

ဘုရားရှင်သည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောတွင် လော၌ တစုံတယောက်သော ရဟန်း ပုဏ္ဏား နတ် မာရ်နတ် ဗြဟ္မာတို့သည် မဟောနိုင်သော အတုမရှိသော ဤဓမ္မစကြာတရားတော် ဟောတော်မူအပ်ပြီဟုတပြိုင်နက် ကြွေးကြော်ကြကုန်၏။

ဘုမ္မစိုးနတ်တို့၏ ကောင်းချီးပေးသံကိုကြား၍စတုမဟာရာဇ်နတ် တာဝတိံသာ နတ်ယာမာနတ် တုသိတာနတ် နိမ္မာနရတိ ပရနိမ္မိတ္တ ဝသဝတ္တီနှင့် ဗြဟ္မာတို့သည်—

ဘုရားရှင်သည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ တစုံတယောက်သော နတ်ဗြဟ္မာတို့ မဟောနိုင်သော ဓမ္မစကြာတရားတော်ကို ဟောတော်မူပြီ—ဟု အဆင့်ဆင့် ကြွေးကြော်ကြကုန်၏။

ထိုခဏ၌ အဆက်အက္ကနိဋ္ဌ ဗြဟ္မာပြည်တိုင်အောင် ကျော်စောသံသည် ပြန့်နှံ့၍တက်၏။

## (၂၆) တသောင်းသောလောကဓာတ် တုန်လှုပ်ပုံ

အယဉ္စ ဒသ သဟဿီ လောကဓာတု သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ။

ဤတသောင်းသောလောကဓာတ် စကြာဝဠာသည် သက်၍

သက်၍ လှုပ်၏၊ တက်၍ တက်၍ လှုပ်၏၊ ထိုမှ ဤမှ အေးယဉ်ပုခက်ကဲ့သို့ လှုပ်၏။

## (၂၇) အရောင်အလင်း ဖြစ်ပေါ်လာပုံ

အပ္ပမာဏော စ ဥဠာရော ဩဘာသော လောကေ
ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ။
အတိုင်းအရှည်မရှိ ပြန့်ပြောသော ဒေဝနာဘာဏ်ကြောင့် ဖြစ်သောအရောင်အလင်းသည်လည်း လောကရှိ နတ်ဗြဟ္မာတို့၏ တန်ခိုးအာနုဘော်ကိုလွန်၍ထင်ရှားဖြစ်၏။

## (၂၈) မြတ်စွာဘုရား ဥဒါန်းကျူးပုံ

အထခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ အညာသိ
ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတဘော
ကောဏ္ဍညော တိ

ဣတိ ဟိဒံ အာယသ္မတော ကောဏ္ဍညဿ အညာသိ
ကောဏ္ဍညော တွေဝ နာမံ အဟောသိ။
ထိုအခါ ဘုရားမြတ်စွာသည် ဝမ်းမြောက်သော ဥဒါန်းစကားကို တသောင်းတိုက်သားတို့ ကြားသိအောင် မြွက်ဆိုတော်မူ၏။

ရဟန်းတို့ ကောဏ္ဍညသည် စင်စစ် သစ္စာလေးပါးကို သိလေပြီ၊ ရဟန်းတို့ ကောဏ္ဍညသည် သစ္စာလေးပါးကို သိလေပြီဟု ကျူးရင့်တော်မူလေ၏။ ဘုရားရှင် ဤသို့ ဥဒါန်းကျူး

တော်မူသောကြောင့် အရှင်ကောဏ္ဍညအား အညာသိကောဏ္ဍည ဟူ၍ အမည်တွင်နေလေ သတည်း။

## (၂၉) အညာသိကောဏ္ဍည ရှင်ရဟန်းအဖြစ်တောင်းပုံ

အထခေါ အာယသ္မာ အညာသိကောဏ္ဍညော ဒိဋ္ဌ ဓမ္မော ပတ္တဓမ္မော ဝိဒိတ ဓမ္မော ပရိယောဂါဠှ ဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဒဝေါစ-

လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လ ဘေယျံ ဥပသမ္ပဒန္တိ။

ရှင်ကောဏ္ဍညသည် သစ္စာလေးပါးကို မြင်ပြီး ရောက်ပြီး သိပြီး ဉာဏ်ဖြင့် သက်ဝင်အပ်ပြီးသည်ဖြစ်၍ ၈-ပါး ၁၆-ပါး သော ဝိစိကိစ္ဆာကိုလွန်မြောက်ပြီးသည်ဖြစ်၍ သို့လော သို့လော ဟု ယုံမှားတွေးတောခြင်းကင်းသည်ဖြစ်၍ ဘုရားရှင်သာသနာ တော်၌ ရဲရင့်ခြင်းသို့ ရောက်သည်ဖြစ်၍ ကိုယ်တိုင်မျက်မှောက် သိမြင်ပြီးဖြစ်၍ သူတပါးအပြောဖြင့် ယုံရခြင်းမဖြစ်မူ၍ ဘုရား ရှင်အား အောက်ပါအတိုင်း လျှောက်ထားလေ၏။

အရှင်ဘုရား တပည့်တော်သည် ဘုရားရှင်၏ အထံတော်၌ ရှင်အဖြစ်ကို ရချင်ပါ၏၊ ရဟန်းအဖြစ်ကို ရချင်ပါ၏ဟုလျှောက် ထား၏။

## (၃၀) ဧဟိဘိက္ခုရဟန်းအဖြစ်ရပုံ

ဧဟိ ဘိက္ခူ တိ ဘဂဝါ အဝေါစ၊ သွာက္ခာတော

ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာတိ။
သာဝ တဿ အာယသ္မတော ဥပသမ္ပဒါ အဟောသီတိ။

ထိုအခါ ဘုရားရှင်က—

ရဟန်းလာလော ငါသည် တရားတော်ကိုကောင်းစွာ ဟော အပ်ပြီ၊ ဝဋ္ဋဆင်းရဲ၏ကုန်ဆုံးရာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ အထက်မဂ်သုံးပါးတည်းဟူသော မြတ်သောအကျင့်ကို ကောင်းစွာကျင့်လေလောဟု မိန့်ကြားတော်မူ၏။

ရှင်ကောဏ္ဍညသည် ဤသို့ ဘုရားရှင်က ဧဟိ ဘိက္ခုစသည်ကို မိန့်တော်မူသည်နှင့် တပြိုင်နက် သာလျှင် ရဟန်း ဖြစ်တော်မူလေ၏။

ဓမ္မစက္ကပ္ပဝတ္တန သုတ် ပြီး၏။

## အနတ္တလက္ခဏသုတ် နိဒါန်း

ဤအနတ္တလက္ခဏသုတ်သည် ဓမ္မစကြာတရားဦး ဟောတော်မူပြီးနောက် ဒုတိယမြောက် ဟောတော်မူသော တရားတော်ဖြစ်၏။ မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ မဟာသက္ကရာဇ် ၁၀၃-ခု ဝါဆိုလပြည့်နေ့ ညချမ်းအခါ ဓမ္မစကြာတရားတော်ကို ဟောတော်မူ၏။ ထိုဓမ္မစကြာ

တရားဟောပြီးသောအခါ ရှင်ကောဏ္ဍညသည် သောတာပန်ဖြစ်လေ၏။ ထို့နောက် ဝါဆိုလပြည့်ကျော်တရက်နေ့မှ လေးရက်နေ့အထိ တရားတော်ကို ဆက်လက်ဟောကြားတော်မူ၍ တရက်နေ့တွင် ရှင်ဝပ္ပ နှစ်ရက်နေ့တွင် ရှင်ဘဒ္ဒိယ၊ သုံးရက်နေ့တွင် ရှင်မဟာနာမ်၊ လေးရက်နေ့တွင် ရှင်အဿဇိတို့ အစဉ်အတိုင်း သောတာပန်တည်ကြ၍ "ဧဟိဘိက္ခုရဟန်း အဖြစ်" ကိုခံယူကြကုန်၏။ သောတာပန်ဖြစ်ပြီးသော ရဟန်းတို့သာ ဆွမ်းခံကြ၍ ထိုဆွမ်းဖြင့် ဘုရားရှင်နှင့်တကွ သောတာပန်မဖြစ်သေးသောရဟန်းများ မျှအသုံးဆောင်ကြကုန်၏။

ပဉ္စဝဂ္ဂီငါးဦးတို့ သောတာပန် ဖြစ်ပြီးသောအခါ ဝါဆိုလပြည့်ကျော် ၅-ရက်နေ့၌ ဤပဉ္စဝဂ္ဂီငါးဦးတို့အား အရဟတ္တဖိုလ်ပေါက်ရောက်စေအောင် တရားကိုဟောပေအံ့ဟု ကြံစည်တော်မူလျက် ဤအနတ္တလက္ခဏာသုတ်ကို ဟောတော်မူလေ၏။

ဤအနတ္တလက္ခဏာသုတ်တွင် ရူပံဘိက္ခဝေ အနတ္တာ စသည်ဖြင့် ခန္ဓာငါးပါးတို့ အနတ္တဖြစ်ပုံ အတ္တမဟုတ်ပုံကို ဟောတော်မူ၏။ တံ ကိံ မညထ ဘိက္ခဝေ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ တိ စသည်ဖြင့် အနတ္တလက္ခဏာကိုထင်စေအောင်အနိစ္စတရား ဒုက္ခတရားတို့နှင့်စပ်၍ ဟောတော်မူ၏။ ထိုအနိစ္စ ဒုက္ခနှင့်စပ်၍ဟောရသည်မှာ အနိစ္စသဘော ဒုက္ခသဘောတို့က ထင်ရှား၍ အနတ္တသဘောက မထင်ရှားသောကြောင့်ဖြစ်၏။ အိုးခွက် ပန်းကန်တို့ ကွဲသောအခါ အနိစ္စဘဲ ကွဲမှာပေါ့ဟုသာဆို၍ အနတ္တဘဲ ကွဲမှာပေါ့ဟုမဆိုကြ။ ထို့နည်းတူပင် ရောဂါဝေဒနာခံစားရသောအခါ ဩော် ဒုက္ခ

ဒုက္ခဟုသာဆို၍ သြော် အနတ္တ အနတ္တ ဟုဟား မဆိုကြ၊ ထိုသို့ အနတ္တကို မဆိုကြသည်မှာ အနတ္တသည် ထင်နိုင်ခဲသောကြောင့် ဖြစ်၏။ ထိုသို့ထင်နိုင်ခဲသောကြောင့် အနတ္တကို ထင်လွယ်သော အနိစ္စ ဒုက္ခတို့နှင့်စပ်၍ ဟောကြားတော်မူခြင်းဖြစ်၏။

ထို့နောက် တသ္မာတိဟ ဘိက္ခဝေ စသည်ဖြင့် ခန္ဓာငါးပါးကို ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏အနတ္တမဟုတ်ဟု ဝိပဿနာ ရှုပုံ မဂ်သို့ဆိုက်ရောက်သောအခါ မဂ်ပညာဖြင့် ကိစ္စ သိဒ္ဓိအားဖြင့် သိမြင်ပုံကိုဟောတော်မူ၏၊ ထို့နောက် ဧဝံပဿံ ဘိက္ခဝေ စသည်ဖြင့် ခန္ဓာငါးပါးတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု သုံးသပ်သောပုဂ္ဂိုလ်အား ခန္ဓာငါးပါး၌ ငြီးငွေ့၍ တပ်နှစ်သက်မှုကင်းကာ ရဟန္တာဖြစ်နိုင်ကြောင်းကို ဟောတော်မူသား၏။

ဤအနတ္တလက္ခဏသုတ်သည် ဓမ္မစကြာ၏ အဆက်ဖြစ်၏။ ဘုရားရှင်၏ အဓိကဝါဒဖြစ်ခြင်းကြောင့် ဤ၌ပြလိုက်ပါသည်။ ဘုရားမပွင့်မီက ဂိုဏ်းဆရာအားလုံးတို့က အနတ္တဝါဒကိုမသိမြင်ကြ၊ ဘုရားပွင့်မှ ကြားကြရ၍ ဘုရားရှင်ကို အနတ္တဝါဒီဟုခေါ်ဆိုကြလေသည်။

## အနတ္တလက္ခဏသုတ်

### အမှမ်း

၁။ ဓမ္မစက္ကံ ပဝတ္တေတွာ၊ အာသဠှိယံ့ဟိ ပုဏ္ဏမေ။
နဂရေ ဗာရာဏသိယံ၊ ဣသိပတနဝှယေ ဝနေ။
၂။ ပါဠိပတ္တာဒိဖလံ နေသံ၊ အနုက္ကမေန ဒေသယိ။

ယံတံ ပက္ခာယ ပဉ္စမျံ။ ဝိမုတ္တတ္တံ ဘဏာမဟေ။

ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ ဝါဆိုလပြည့်နေ့တွင် ဓမ္မစကြာဒေသနာကို ဟောတော်မူကာ နေ့ရက်အစဉ် ထေရ်အစဉ်ဖြင့် ပဉ္စဝဂ္ဂီ ငါးဦး တို့အား သောတာပတ္တိဖိုလ် သို့ ရောက်စေတော်မူ၍ ဝါဆိုလဆုတ် ၅-ရက်နေ့၌ ထိုပဉ္စဝဂ္ဂီငါးဦး တို့၏အရဟတ္တဖိုလ်ကိုရရန်အလို့ငှါ ဘုရားရှင်သည်အနတ္တလက္ခဏာ သုတ်ကိုဟောတော်မူခဲ့၏။ ထိုအနတ္တလက္ခဏာသုတ်ကိုငါတို့ရွတ်ဆို ပွားများကြပါကုန်စို့။

၃။ ဧဝံ မေသုတံ၊ ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။ တတြခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ ဘိက္ခဝေါတိ၊ ဘဒ္ဒန္တေ တိတေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ၊ ဘဂဝါ ဧတဒဝေါစ။

အရှင်မဟာကဿပ၊ အကျွန်ုပ် အာနန္ဒာမထေရ်သည် ဤသို့ ကြားနာ မှတ်သားခဲ့ရပါ၏၊ အခါတပါး ဘုရားမြတ်စွာ သည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ နေတော်မူစဉ် ပဉ္စဝဂ္ဂီငါးဦးတို့ကိုခေါ်တော်မူ၍ "ရူပံဘိက္ခဝေ" စသောအနတ္တ လက္ခဏာသုတ်ကိုဟောကြားတော်မူခဲ့ပါ၏။

၄။ ရူပံ ဘိက္ခဝေအနတ္တာ၊ ရူပဉ္စဟိဒံ ဘိက္ခဝေ အတ္တာအဘ ဝိဿ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ။ လဗ္ဘေထစ ရူပေ ဧဝံ မေရူပံ ဟောတု၊ ဧဝံမေရူပံမာအဟောသီတိ။ ယသ္မာစ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ။ တသ္မာရူပံ

အာဗာဓာယ သံဝတ္တတိ၊ နစလဗ္ဘတိ ရူပေ ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာအဟောသီတိ၊

ရုပ်ကား ရုပ်သည်အတ္တမဟုတ် အစိုးမရ၊ ရုပ်ကား ရုပ်သည် အတ္တဖြစ်ခဲ့လျှင် နာကျင်ခြင်းမဖြစ်ရာ၊ ငါ၏ရုပ်သည် ဤသို့ဖြစ်စေ ဤသို့မဖြစ်စေလင့်ဟုစီမံနိုင်ရာ၏။ ရုပ်ကား ရုပ်သည်အတ္တမဟုတ် အစိုးမရသောကြောင့် နာကြင်ကိုက်ခဲ၏။ ငါ၏ရုပ်သည် ဤသို့ဖြစ်စေ ဤသို့မဖြစ်စေလင့် ဟူ၍လည်း မစီမံနိုင်ပေ။

၅။ ဝေဒနာ အနတ္တာ။ ဝေဒနာစ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ နယိဒံ ဝေဒနာ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထစ ဝေဒနာယ ဧဝံ မေ ဝေဒနာဟောတု၊ ဧဝံ ဝေဒနာမာ အဟောသီတိ၊ ယသ္မာစ ခေါ ဘိက္ခဝေ ဝေဒနာ အနတ္တာ၊ တသ္မာ ဝေဒနာ အာဗာဓာယ သံဝတ္တတိ။ နစလဗ္ဘတိ ဝေဒနာယ ဧဝံ ဝေဒနာဟောတု၊ ဧဝံမေ ဝေဒနာ မာအဟောသီတိ။

ရဟန်းတို့ ဝေဒနာသည် အတ္တမဟုတ် အစိုးမရ၊ ရဟန်းတို့ ဤဝေဒနာသည် အတ္တဖြစ်၍ အစိုးရခဲ့လျှင် ဝေဒနသည်နာကျင်ကိုက်ခဲခြင်းမဖြစ်ရာ၊ ငါ၏ဝေဒနာသည်ဤသို့ဖြစ်စေ၊ ဤသို့မဖြစ်လင့်ဟုစီမံ၍ရရာ၏၊ ရဟန်းတို့ ဝေဒနာသည်အတ္တမဟုတ်အစိုးမရသောကြောင့်နာကျင်ခြင်းဖြစ်၍ငါ၏ဝေဒနာသည် ဤသို့ဖြစ်စေ၊ ဤသို့မဖြစ်လင့်ဟုမစီမံနိုင်ပေ။

၆။ သညာအနတ္တော။ သညာစ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ။ နယိဒံ သညာ အာဗာဓာယ သံဝတ္တေယျ။ လဗ္ဘေထစ သညာယ ဧဝံမေ သညာ ဟောတု။ ဧဝံမေ

သညာမာအဟောသိတိ။ ယသ္မာ စခေါ ဘိက္ခဝေ သညာ အနတ္တာ တသ္မာ သညာအာဗာဓာယ သံဝတ္တတိ။ နစလဗ္ဘတိ သညာယ ဧဝံမေ သညာဟောတု၊ ဧဝံမေ သညာ မာအဟောသိတိ။

ရဟန်းတို့ သညာသည်အတ္တမဟုတ် အစိုးမရ၊ ရဟန်းတို့သညာသည်အတ္တဖြစ်၍ အစိုးရငြားအံ့၊ နာကျင်ခြင်း မဖြစ်ရာ၊ ငါ၏ သညာသည်ဤသို့ဖြစ်စေ ဤသို့မဖြစ်လင့်ဟု စီမံနိုင်ရာ၏၊ ရဟန်းတို့သညာသည်အတ္တမဟုတ် အစိုးမရသောကြောင့် နာကျင်ခြင်း ဖြစ်၏၊ ငါ၏သညာသည် ဤသို့ဖြစ်စေ ဤသို့မဖြစ်လင့် ဟုမစီမံနိုင်ပေ။

၄။ သင်္ခါရာအနတ္တာ။ သင်္ခါရာစဟိဒံ ဘိက္ခဝေ အတ္တာအဘဝိဿံသု၊ နယိဒံမေ သင်္ခါရာအာဗာဓာယ သံဝတ္တေယျုံ။ လဗ္ဘေထစ သင်္ခါရေသု ဧဝံမေ သင်္ခါရာ ဟောန္တု၊ ဧဝံမေ သင်္ခါရာ မာအဟောသုန္တိ၊ ယသ္မာစ ခေါဘိက္ခဝေ သင်္ခါရာ အနတ္တာ၊ တသ္မာ သင်္ခါရာ အာဗာဓာယ သံဝတ္တန္တိ။ နစလဗ္ဘတိ သင်္ခါရေသု ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံမေ သင်္ခါရာ မာအဟောသုန္တိ။

ရဟန်းတို့သင်္ခါရတို့သည်အတ္တမဟုတ်အစိုးမရကြကုန်၊ ရဟန်းတို့သင်္ခါရတို့သည် အတ္တဖြစ်၍ အစိုး ရကုန်ငြားအံ့ နာကျင်ခြင်း မဖြစ်ရာ ငါ၏သင်္ခါရတို့သည် ဤသို့ဖြစ်စေ ဤသို့မဖြစ်လင့်ဟု စီမံစေစားနိုင်ရာ၏။ ရဟန်း တို့ သင်္ခါရတို့သည် အတ္တမဟုတ်အစိုး မရသောကြောင့် နာကျင်ခြင်းဖြစ်ရကုန်၏။ ငါ၏သင်္ခါရတို့သည် ဤသို့ဖြစ်စေဤသို့မဖြစ်လင့်ဟုမစေစားနိုင်ပေ။

၇။ ဝိညာဏံ အနတ္တာ၊ ဝိညာဏဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ နယိဒံ ဝိညာဏံ အာဗာဓာယ သံဝတ္တေယျ။ လဗ္ဘေထစ ဝိညာဏေ ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာအဟောသီတိ။ ယသ္မာစ ခေါ ဘိက္ခဝေ ဝိညာဏံ အနတ္တာ၊ တသ္မာ ဝိညာဏံ အာဗာဓာယ သံဝတ္တတိ။ နစလဗ္ဘတိ ဝိညာဏေ ဧဝံမေ ဝိညာဏံ ဟောတု၊ ဧဝံမေ ဝိညာဏံ မာအဟောသီတိ။

ရဟန်းတို့ဝိညာဉ်သည်အတ္တမဟုတ်အစိုးမရ ရဟန်းတို့ အကယ်၍ဝိညာဉ်သည် အတ္တဖြစ်၍ အစိုးရခဲ့ငြားအံ့ ဝိညာဉ်သည်နာကျင်ခြင်းမဖြစ်ရာ၊ ငါ၏ ဝိညာဉ်သည် ဤသို့ ဖြစ်လော့ ဤသို့မဖြစ်လင့်ဟုစီမံစေစားနိုင်၏။ ရဟန်းတို့ ဝိညာဉ်သည် အတ္တမဟုတ်၊ အစိုးမရသောကြောင့် နာကျင်ခြင်းဖြစ်၏။ ငါ၏ ဝိညာဉ်သည် ဤသို့ဖြစ်စေ ဤသို့မဖြစ်လင့် မစီမံ မစေစား နိုင်ပေဟု မိန့်တော်မူ၏။

၈။ တံကိံမညထ ဘိက္ခဝေ ရူပံနိစ္စံဝါ အနိစ္စံဝါတိ။ အနိစ္စံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝါ တံသုခံဝါတိ။ ဒုက္ခံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံနု တံ သမနုပဿိတုံ ဧတံမမ၊ ဧသောဟမသ္မိ၊ ဧသောမေ အတ္တာတိ။ နောဟေတံ ဘန္တေ။

ရဟန်းတို့ သင်တို့သည် မည်ကဲ့သို့ ထင်သနည်း- ရုပ်သည် မြဲသလော၊ မမြဲသလော မေးတော်မူရာ မမြဲပါ အရှင်ဘုရားဟု လျှောက်ကြကုန်၏။ မမြဲသောရုပ်သည် ချမ်းသာလော၊ ဆင်းရဲလောဟု မေးတော်မူ၏။ဆင်းရဲပါသည် အရှင်ဘုရားဟုလျှောက်

ကြကုန်၏။ မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်းသဘော ရှိသော ရုပ်ကို ဤဟာ ငါ့ဥစ္စာဖြစ်၏၊ ဤဟာငါဖြစ်၏၊ ဤဟာ ငါ့အတ္တတည်းဟု ရှုခြင်းငှာ သင့်လျော်ပါမည်လောဟု မေးရာ မသင့်လျော်ပါဘုရားဟု လျှောက်ကြကုန်၏။

၁၀။ ဝေဒနာ၊ သညာ၊ သင်္ခါရာ၊ ဝိညာဏံနိစ္စံ ဝါ၊ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝါ တံသုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ။ ကလ္လံ နုတံ သမနုပဿိတုံ ဧတံမမ၊ ဧသော ဟမသ္မိ၊ ဧသော မေ အတ္တာတိ။ နော ဟေတံ ဘန္တေ။

ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိညာဉ်တို့သည် မြဲသလော၊ မမြဲသလောဟု မေးတော်မူရာ မမြဲပါဘုရားဟု လျှောက်ကြကုန်၏။ မမြဲသော ဝေဒနာ၊ သညာ၊ သင်္ခါရဝိညာဉ်တို့သည် ချမ်းသာလော၊ ဆင်းရဲလောဟု မေးတော်မူရာ ဆင်းရဲပါ၏ ဘုရားဟု လျှောက်ကြကုန်၏။ မမြဲသော ဆင်းရဲသော၊ ဖောက်ပြန်ခြင်း သဘောရှိသော ဝေဒနာသညာ၊ သင်္ခါရ၊ ဝိညာဉ်ကို ဤဟာ ငါ့ဥစ္စာဖြစ်၏၊ ဤဟာ ငါဖြစ်၏၊ ဤဟာ ငါ့အတ္တ တည်းဟု ရှုခြင်းငှာ သင့်လျော်ပါမည်လော ဟုမေးရာ မသင့်လျော်ပါ ဘုရားဟု လျှောက်ကုန်၏။

၁၁။ တသ္မာ တိဟ ဘိက္ခဝေ ယံကိဉ္စိရူပံ အတီတာနာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံဝါ ဗဟိဒ္ဓဝါ ဩဠာရိကံဝါ သုခုမံဝါ

ဟိနံဝါ ပဏီတံဝါ ယံဒူရေ သန္တိကေဝါ၊ သဗ္ဗံ ရူပံ
နေတံမမ၊ နေသော တမသ္မိ၊ နမေ သော အတ္တာတိ။
ဧဝမေတံ ယထာ ဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ ။

ရဟန်းတို့ ထို့ကြောင့်အတိတ်အနာဂတ်ပစ္စုပ္ပန် အကြမ်းအနု အတွင်း အပြင် အယုတ်အမြတ် အဝေးအနီးဖြစ်သော အလုံးစုံသောရုပ်ကို ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ့အတ္တမဟုတ်ဟု မှန်သောအတိုင်း ကောင်းစွာ ပညာဖြင့်ရှုအပ်၏။

၁၂။ ယာကာစိ ဝေဒနာ အတီတာနာဂတ ပစ္စုပ္ပန္နာ
အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကာဝါ သုခုမာဝါ
ပဏီတာဝါ ယာဒူရေသန္တိကေဝါ၊ သဗ္ဗာဝေဒနာ
နေတံ မမ၊ နေသော ဟမသ္မိ၊နမေ သော အတ္တာတိ။
ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ ။

ရဟန်းတို့၊ ထို့ကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန် အကြမ်း အနု အတွင်းအပြင် အယုတ်အမြတ် အဝေး အနီး ဖြစ်သော အလုံးစုံသော ဝေဒနာကို ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ငါ့အတ္တ မဟုတ်ဟု မှန်သောအတိုင်း ကောင်းစွာပညာဖြင့်ရှုအပ်၏။

၁၃။ ယာကာစိ သညာ အတီတာ နာဂတ ပစ္စုပ္ပန္နာ
အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကာဝါ သုခုမာဝါ
ဟိနာဝါ ပဏီတာဝါ ယာဒူရေ သန္တိကေဝါ သဗ္ဗာ
သညာ နေတံ မမ၊ နေသော ဟမသ္မိ၊ နမေ သော
အတ္တာတိ။ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ
ဒဋ္ဌဗ္ဗံ ။

ရဟန်းတို့၊ ထို့ကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန် အကြမ်း အနု အတွင်းအပြင် အယုတ်အမြတ် အဝေး အနီး ဖြစ်သော အလုံးစုံသောသညာကို ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ့အတ္တ မဟုတ်ဟု မှန်သောအတိုင်း ကောင်းစွာ ပညာဖြင့်ရှုအပ်၏။

၁၄။ ယေ ကေစိ သင်္ခါရာ အတီတာ နာဂတ ပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယေ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗေ သင်္ခါရာ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေ သော အတ္တာတိ။ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

ရဟန်းတို့၊ ထို့ကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန် အကြမ်း အနု အတွင်း အပြင် အယုတ်အမြတ် အဝေး အနီးဖြစ်သော အလုံးစုံသော သင်္ခါရတို့ကို ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ် ငါ့ အတ္တမဟုတ်ဟု မှန်သောအတိုင်း ကောင်းစွာ ပညာဖြင့်ရှုအပ်၏။

၁၅။ ယံကိဉ္စိ ဝိညာဏံ။ အတီတာ နာဂတ ပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ဝိညာဏံ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာတိ။ ဧဝမေတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

အတိတ် အနာဂတ် ပစ္စုပ္ပန် အတွင်း အပြင် အကြမ်း အနု အယုတ် အမြတ် အနီး အဝေး အလုံးစုံသောဝိညာဉ်ကို ငါ၏

ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ့အတ္တမဟုတ်ဟု ဟုတ်မှန်သည့်အတိုင်း ကောင်းသောပညာဖြင့် ရှုအပ်၏။

၁၆။ ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယ သာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ။ ဝေဒနာယပိ နိဗ္ဗိန္ဒတိ။ သညာယပိ နိဗ္ဗိန္ဒတိ။ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ။ ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ။ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ။ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ၊ ခီဏာဇာတိ၊ ဝုသိတံ ဗြဟ္မ စရိယံ၊ ကတံကရဏီယံ၊ နာပရံ ဣတ္ထတ္တာ ယာတိ ပဇာနာတီတိ။

ရဟန်းတို့ ဤသို့ရှုသည့်ရှိသော် အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏။ ဝေဒနာ၌လည်း ငြီးငွေ့၏။ သညာ၌လည်း ငြီးငွေ့၏။ သင်္ခါရတို့၌လည်း ငြီးငွေ့၏။ ဝိညာဉ်၌လည်း ငြီးငွေ့၏။ ငြီးငွေ့ခြင်းကြောင့် မတပ်မက်၊ မတပ်မက်ခြင်းကြောင့် ကိလေသာမှလွတ်၏။ ကိလေသာမှလွတ်ပြီးသော ငါသည် ကိလေသာမှလွတ်ပြီဟု အသိဉာဏ်ဖြစ်၏။ ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးအပ်ပြီ။ မဂ်ကိစ္စကိုပြုအပ်ပြီ၊ မဂ်ကိစ္စအလို့ငှာ တပါးသောပြုဘွယ်ကိစ္စမရှိတော့ပြီ—ဟု သိလာသည်။ ဤသို့ ဘုရားရှင်ဟောတော်မူ၏။

၁၇။ ဣဒမဝေါစ ဘဂဝါ၊ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။ ။ဣမသ္မိံ စပန ဝေယျာ ကရဏသ္မိံ ဘညမာနေ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံ သုတိ။

ပဉ္စဝဂ္ဂီငါးဦးတို့သည် ဘုရားရှင်ဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာခံယူကြကုန်၏။ ဤအနတ္တလက္ခဏသုတ်စကားပြေကို ဟောကြားပြီးသော် ပဉ္စဝဂ္ဂီငါးဦးတို့၏စိတ်သည် တစုံတခုကိုမျှ မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်မြောက်လေကုန်၏။

အနတ္တလက္ခဏသုတ်ပြီး၏။

## အန္တရာယ်ကင်းသမ္ဗုဒ္ဓေဂါထာတော်

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ အန္တရာယ်ကင်းဘေးရန်ရှင်းရန်အတွက် အများဆုံး ရွတ်ဆိုကြသော အန္တရာယ်ကင်း ပရိတ်ဂါထာကို ပြပါဆိုလျှင် သမ္ဗုဒ္ဓေဂါထာကို ပြရပေမည်၊ ထိုသို့အများဆုံး ရွတ်ဆိုနေကြသော်လည်း ထိုသမ္ဗုဒ္ဓေဂါထာအကြောင်းကို ခြေခြေမြစ်မြစ်သိသူကား အလွန်ရှားပါးနေသည်၊ သမ္ဗုဒ္ဓေဂါထာပါဠိကို ဗုဒ္ဓဘာသာတိုင်းလိုလို ရနေသော်လည်း အနက်အဓိပ္ပာယ်ဆိုလိုရင်းကို သိသူနည်းနေသည်။

အများ ရွတ်ဖတ်လျက်ရှိသော သမ္ဗုဒ္ဓေ ဂါထာတော်သည်

ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်မှထုတ်နုတ်ထားသော ဘုရားဟော မဟုတ်ပါ၊ ရှေးဆရာတော်တပါး စီစဉ် ရေးသားထားသော အန္တရာယ်ဇာင်း ပရိတ်ဂါထာသာ ဖြစ်ပါသည်။ ဘယ်ခေတ်က ဘယ်ဆရာတော်ရေးခဲ့သည်ဟူ၍ကား စာပေ အထောက်အထား များ မတွေ့ရပါ။ ရှေးဆရာတော်ကြီးတို့သည် ဗုဒ္ဓဘာသာဝင်တို့ အန္တရာယ်ကင်း ဘေးရန်ရှင်းရေးအတွက် ပရိတ်ဂါထာများကို စီရင်ရေးသားကြပါသည်၊ သို့ရာတွင် ပရိတ်ဂါထာသာအစိပ္ပာယ် များမှာ ဘုရားဟော ပါဠိတော်တခုခုကို မှီငြမ်းပြု၍ ရေးကြ သည်၊ ဤသမ္ဗုဒ္ဓေဂါထာလာအစိပ္ပာယ်များမှာ ပိဋကတ်သုံးပုံ၌ ရှာ၍ မတွေ့ရသော အစိပ္ပာယ်ဖြစ်နေသည်မှာ ထူးဆန်းလှသည်။

ဤသမ္ဗုဒ္ဓေဂါထာ၌လာရှိသော ငါးသိန်း တသောင်း နှစ် ထောင် နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့၏စာရင်းကို ထေရဝါဒ ပိဋကတ်တော်များ၌ဖော်ပြထားသည်ကိုမတွေ့ရှိရပေ၊ ဤကမ္ဘာ၌ ကကုသံ ကောဏာဂုံ ကဿပ ဂေါတမ ဟူ ဘုရားလေးဆူ ပွင့် ပြီးပြီ၊ အရိမေတ္တယျ တဆူပွင့်ဘို့ရှိသေးသည်။ ထိုဘဒ္ဒကမ္ဘာတွင် ပွင့်ပြီးဘုရားလေးဆူနှင့် ပွင့်ဆဲဘုရားလောင်း ခတ်သားကို ရှိခိုး ပူဇော် သောအလေ့ ရှိကြသည် အထူးသဖြင့် မဟာယာန ဗုဒ္ဓဘာသာ၌ ဘုရားလောင်းပူဇော်ရှိခိုးမှု ပို၍များသည်၊အင်းအိုင် ခလှဲ့လက်ဖွဲ့ မန္တန်စီရင်ရာ၌ ဘုရားငါးဆူကို ရှိခိုး၍ ဘုရားငါးဆူ အမိန့်တော်ကို ပြန်ကြသည်။

ခန္ဓသုတ် ပရိတ်တွင် " နမောသတ္တာနံ သမ္မာသမ္ဗုဒ္ဓာနံ " ဟူရင်း၊ အင္ဂုနာဋိယသုတ်ပရိတ်တွင် " ဝိပဿိဿစ နမတ္ထု " စသဖြင့် ရင်းဘုရား ၇-ဆူကိုရှိခိုးသည်၊ ထိုဘုရား ခုနစ်ဆူမှာ

ဝိပဿိ သိခီ ဝေဿဘူနှင့် ဤဘဒ္ဒကမ္ဘာ၌ ပွင့်ပြီးသော ဘုရားလေးဆူအားဖြင့် ၇-ဆူဖြစ်သည်၊ ထိုသို့ဘုရား ၇-ဆူကို ရှိခိုးသောအလေ့မှာ ဝိပဿိဘုရားမှစ၍ နောင်ပွင့်ခဲ့သော ဘုရားခုနစ်ဆူတို့ မှီခဲ့ ဖူးတွေ့ခဲ့ရသော နတ်ပြဟ္မာတို့က မိမိတို့သိမှီသည့်အမှတ်ရသည့် ဘုရားရှင် ၇-ဆူတို့ကို ရှိခိုးခြင်းဖြစ်သည်။

အချို့အရပ်များတွင် နှစ်ကျိပ်ရှစ်ဆူဘုရားရှင် ရုပ်တုတော်များ ထုလုပ်ပူဇော်ကြသည်၊ နှစ်ကျိပ်ရှစ်ဆူ ဘုရား လှည့်ပွဲများ ကျင်းပကြသည်၊ ရှိခိုး ပူဇော်ကြသည်။ ထိုနှစ်ကျိပ်ရှစ်ဆူမှာ အခြားမဟုတ်၊ ဂေါတမဘုရားရှင်သည် ဒီပင်္ကရာဘုရားထံဘွင် နိယတဗျာဒိတ်ခံတော်မူသည်

ထိုဒီပင်္ကရာ ဘုရားရှင်မှစ၍ ဂေါတမ ဘုရားလောင်း ပါရမီဖြည့်စဉ် လေးသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း ဘုရား နှစ်ကျိပ်လေးဆူပွင့်တော်မူသည်။ ဂေါတမဘုရားရှင် အပါအဝင်ယူလျှင် နှစ်ကျိပ်ငါးဆူဖြစ်သည်၊ ဒီပင်္ကရာဘုရားရှင်ပွင့်ရာ ကမ္ဘာသည် သာရမဏ္ဍ ကမ္ဘာဖြစ်၍ ဘုရားလေးဆူ ပွင့်သည်၊ ထိုဒီပင်္ကရာဘုရားရှင်၏ အရင်ပွင့်သွားခဲ့သော တဏှင်္ကရာ၊ သရဏင်္ကရာ၊ မေဓင်္ကရာ ဟူသော ဘုရားသုံးဆူကို ဒီပင်္ကရာအစ ဂေါတမအဆုံး ဘုရားရှင် နှစ်ကျိပ်ငါးဆူနှင့် ပေါင်း၍ နှစ်ကျိပ်ရှစ်ဆူဘုရားတို့ကို ရှိခိုးပူဇော်ကြသည်။ ဗုဒ္ဓဝင်ပါဠိတော်၌ ဒီပင်္ကရာအစ ဂေါတမအဆုံး နှစ်ကျိပ်ငါးဆူ ဗုဒ္ဓဝင်ကိုသာ ဟောတော်မူပါသည်။

ဤသမ္ဗုဒ္ဓေဂါထာတော်၌ လာရှိသော ငါးသိန်း တသောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့၏ စာရင်းကို

ပိဋကတ်တော် ပါဠိ အဋ္ဌကထာတို့၌ မတွေ့ရပေ၊ ဂေါတမဘုရား အလောင်းတော်သည် ဒီပင်္ကရာဘုရားထံမှစ၍ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ခဲ့ကြောင်း ဗုဒ္ဓဝင်ပါဠိတော်၌ပြဆော် မူသည်၊ စိတ်တော်ဖြင့် ဘုရားဖြစ်ရန် ကြံသည်က (၇)သင်္ချေ၊ နှုတ်တော်ဖြင့် ဆုတောင်းသည်က (၉)သင်္ချေ ဟု ပိဋကတ်တွင် မတွေ့ရပါ။

သို့ရာတွင် ထေရဝါဒ သံဂါယနာဝင် မဟုတ်သော စူဠဗုဒ္ဓ ဃောသထေရ် ရေးသားသည့် သောတတ္ထကီဒေါ် ဂေါတမ ဘုရားရှင်၏ ဗုဒ္ဓဝင်နှင့် ဇာတ်တော်များကို ဖော်ပြသောကျမ်း၌-

စိန္တိတံ သတ္တ သင်္ချေယျံ၊
နဝါသင်္ချေယ ဝါစကံ။
ကာယဝါခံ စတုချာတံ၊
ဗုဒ္ဓတ္တံ သမုပါဂမိ။

ဟူသော ဂါထာပါရှိ၏။ ထိုဂါထာအရ ဂေါတမဘုရား လောင်းသည် ဘုရားဖြစ်ရန် စိတ်တော်၌ကြံခဲ့သည်မှာ ၇-သင်္ချေ တိတိ ကြာခဲ့၏။ ဘုရားဖြစ်ရပါလို၏ဟု နှုတ်တော်မှ မြွက်ဆို ဆုတောင်းခဲ့သည်မှာ ၉-သင်္ချေ တိတိ ကြာခဲ့၏။ နှုတ်ကလည်း ဆုတောင်း ကိုယ်တိုင် လက်တွေ့သည်း ကျင့်ကြံခဲ့သည်မှာ လေး သင်္ချေနှင့်ကမ္ဘာတသိန်းကြာခဲ့၏။ ဤသို့လျှင် ဂေါတမဘုရားရှင် ဘုရားဖြစ်ရန် စိတ်ကူး ကြံစည်ဆုတောင်း အားထုတ်ခဲ့သည်မှာ သင်္ချေနှစ်ဆယ်နှင့် ကမ္ဘာတသိန်း ကြာသည်ဟု ဆို၏။

ထိုသောတတ္ထကီကျမ်း၌ ဆက်၍ပြထားသည်မှာ စိတ်တော် ဖြင့် ကြံစည်သော ခုနစ်သင်္ချေအတွင်း ဗြဟ္မဒေဝ စသောဘုရား

ပေါင်း တသိန်း နှစ်သောင်း ငါးထောင် ပွင့်ခဲ့သည်။ နှုတ်တော်ဖြင့် ဆုတောင်းပါရမီ ဖြည့်ခဲ့သော ၆-သင်္ချေတွင် ပေါရာဏ သကျဂေါတမ စသော ဘုရားရှင်ပေါင်း သုံးသိန်း ရှစ်သောင်း ခုနစ်ထောင်ပွင့်တော်မူခဲ့သည်။ နှုတ်ရော ကိုယ်ပါ ပါရမီဖြည့်ခဲ့သော လေးသင်္ချေနှင့် ကမ္ဘာတသိန်း အတွင်း နှစ်ကျိပ်ရှစ်ဆူသော ဘုရားပွင့်တော်မူသည်။ ဂေါတမဘုရားရှင် ပါမီဖြည့်ရာ သင်္ချေနှစ်ဆယ်နှင့် ကမ္ဘာသိန်းအတွင်းဘုရားပေါင်း ငါးသိန်း တသောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူ ပွင့်တော်မူ သည်ဟု ဆိုပါ ည်။

၎င်း သမ္ဗုဒ္ဓေ ဂါထာတော် သည် ထိုသောတတ္တကိ ကျမ်း၌ပြထားသော ငါးသိန်း တသောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သောဘုရားရှင်တို့နှင့် ထိုဘုရားရှင်များ ဟောခဲ့သော တရားတော် ထိုဘုရားရှင်တို့၏ဘပည့် သံဃာတော်အပေါင်းတို့ကို ရှိခိုးသောဘုရားရှိခိုးဂါထာဖြစ်၏။ ထိုဘုရား တရား သံဃာအပေါင်းတို့အားရှိခိုးရသောကောင်းမှု တန်ခိုး အာနုဘော်ကြောင့် ဘေးရန်အန္တရာယ်များ ကင်းပျောက်ပါလို၏ ဟု ဆုတောင်း သောဂါထာများဖြစ်၏။

## သမ္ဗုဒ္ဓေ စေတီတော်

ထိုသမ္ဗုဒ္ဓေဂါထာ၌ပါရှိသောငါးသိန်းတသောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူအရေအတွက်ရှိသော ဘုရားရုပ်ထုတော်များ ကိန်းဝပ်တော်မူရာ သမ္ဗုဒ္ဓေ စေတီတော်ကြီးကို မိုးညှင်း ဆရာတော်

ဘုရားကြီးကမုံရွာမြို့မိုးညှင်းကျောင်းတိုက်ကြီး၌တည်ထားတော်မူသည်။ထိုစေတီတော်ကြီးကို ချီးကျူး၍ ရေးသားစီကုံးသောသံဗုဒ္ဓေစေတီသီချင်းကိုလည်း မြန်မာ့အသံမှ မကြာခဏ လွှင့်ပေးလျက်ရှိသည်။ ထို့ကြောင့် သမ္ဗုဒ္ဓေဂါထာ မရသူများပင် သမ္ဗုဒ္ဓေဘုရားပေါင်း ငါးသိန်း တသောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူရှိကြောင်း သိနေကြသည်။

## သမ္ဗုဒ္ဓေဘုရားရှိခိုး

သမ္ဗုဒ္ဓေဂါထာကို အန္တရာယ်ကင်း အဆောင် ဂါထာအနေဖြင့်ရွတ်ဆိုနေကြသည် ၊တစ္ဆေသူရဲကြောက်သောအခါ ရေလမ်း လေလမ်း ကုန်းလမ်း အန္တရာယ်ရှိသည့် ခရီးလမ်းကို သွားကြရသောအခါ စစ်အတွင်း အမြောက် ဗုံးသေနတ်စသောလက်နက်တို့ထိခိုက်မှုကိုကြောက်ကြသောအခါ၊ ခိုးသား ဓားမြ သူပုန်တို့ အိမ်ကိုရွာကိုဝင်ရောက်နှောက်ယှက်ကြသောအခါ အားကိုးတခုအနေဖြင့်သမ္ဗုဒ္ဓေဂါထာတော်ကို ရွတ်ဆိုကြ၏။ သမ္ဗုဒ္ဓေဂါထာကိုအလွယ်ရ၍ရွတ်ဆိုကြသော်လည်း သမ္ဗုဒ္ဓေ၏အနက်အဓိပ္ပာယ်ကိုသိသူကားနည်း၏။ သမ္ဗုဒ္ဓေသည် ငါးသိန်း တသောင်း နှစ်ထောင် နှစ်ကျိပ် ရှစ်ဆူသော ဘုရားရှင်တို့နှင့် ၎င်းတို့၏ တရား သံဃာအပေါင်းကိုရှိခိုးသည့် ဘုရားရှိခိုးမှန်း လူတိုင်း သိကြမည် မဟုတ်ပေ။အဓိပ္ပာယ်မသိဘဲ ရွတ်ရန်ပင် ဤမျှအန္တရာယ်ကင်းနေလျှင်အနက်အဓိပ္ပာယ်ကိုသိကာ ဘုရားရှင်ပေါင်း ၅–သိန်းကျော်တို့၏ဂုဏ်တော်များ ပုံတော်များကိုဉာဏ်၌ထင်မြင်အောင်မှန်းဆ အာရုံပြု၍ရှိခိုးပူဇော်ပြီးမှ ဆုတောင်း ရလျှင်ကား အတိုင်းမသိ

သောအကျိုးတို့ကိုရဘို့ရှိပေသည်။ ထို့ကြောင့် သမ္ဗုဒ္ဓေဂါထာကိုရွတ်ဖတ်စရာဟု မမှတ်ဘဲ ဘုရား ငါးသိန်းကျော်နှင့် ၎င်းတို့၏ ဘုရား သံဃာတော်တို့ကို နှုတ်ဖြင့် စိတ်ဖြင့် ရှိခိုး ပူဇော်သည်ဟု မှတ်ယူ၍ရှိခိုးပူဇော်ရာရောက်အောင်လည်း အနက်အဓိပ္ပာယ်ကိုပါ သိအောင်အားထုတ်သင့်ပေသည်။

## ဒုတိယမှုသမ္ဗုဒ္ဓေ

သမ္ဗုဒ္ဓေအဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာဇိနာ၊
တေသံဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေဉပဒ္ဒဝေ၊
အနေကာအန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

ငါးသိန်း တသောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူ ကုန်သော ဘုရားရှင်တို့ကိုရင်း၊ ပရိနိဗ္ဗာန်စံတော်မူပြီးကုန်သော ဂင်္ဂါဝါဠုသဲစုမက များပြားလှကုန်သောဘုရားရှင်တို့ကိုရင်း၊ တပည့်တော် ဦးထိပ်ပန်ဆင် ရှိခိုးပူဇော်ပါ၏။ (ကျန် ဂါထာများ ပထမမှုနှင့် အဓိပ္ပာယ်အတူတူပင်)။

## တတိယမှုသမ္ဗုဒ္ဓေ

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတသဟဿာနိ၊ ဂင်္ဂါယံ ဝါဠုကာစုဏ္ဏော။

ပရာဇေတွာ ဗဟုဖုလ္လ၊ နမာမိ သိရသာမဟံ၊
တေ သံဓမ္မဥ္စ သံဃဥ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒဝေ၊
အနေကအန္တရာယာပိ၊ ဝိနာသန္တု အသေသတော။

ငါးသိန်း တသောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူ ကုန်သော ဘုရားရှင်တို့ကိုငင်း၊ ဂင်္ဂါမြစ်၌ ရှိသော သဲမှုန့်မျှမက များစွာ ပွင့်တော်မူကုန်သော ဘုရားရှင်တို့ကိုငင်း၊ တပည့်တော်သည် ဦးထိပ်ပန်ဆင် ရှိခိုးပူဇော်ပါ၏ (ကျန် ဂါထာပိုဒ်များ ပထမ မူနှင့်အတူတူ ဖြစ်ပါသည်)။

## သမ္ဗုဒ္ဓေမူကွဲ အမျိုးမျိုး

သမ္ဗုဒ္ဓေဂါထာတော်ကို မြန်မာတပြည်လုံးအနှံ့ ရှမ်း၊ ကရင်၊ ကချင်၊ မွန်၊ မြန်မာတိုင်းရင်းသားမျိုးစုံတို့ ရွတ်ဖတ်ကြ၏။ ထိုသို့ ရွတ်ဖတ်သည့်နယ် ကျယ်သဖြင့် သမ္ဗုဒ္ဓေမူလည်း အမျိုးမျိုး ကွဲနေ၏။ ဤစာရေးသူ ကြားဘူးသောမူပင် သုံးမျိုး ဖြစ်နေ၏။ သုံးမျိုးလုံး မည်သည့်မူမှ မမှား၊ ကောင်းသည်ထက် ကောင်းအောင် ဖြည့်စွက်ထားသောကြောင့် မူအမျိုးမျိုးဖြစ်နေခြင်းသာ ဖြစ်၏။ ထို့ကြောင့် အထက်ပါ မူသုံးမူအနက် မိမိတို့ ရသောမူကို သူ့အစီပွာယ်နှင့်သူသိ၍ ရွတ်ရန်သာ လိုပါသည်။

## မူလ သမ္ဗုဒ္ဓေ

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ၊ သဟဿကေ၊ ပဉ္စသတ
သဟဿာနိ၊ နမာမိ သိရသာမဟံ။

ငါးသိန်း တသောင်း နှစ်ထောင် ကုန်သော ဘုရားရှင်တို့ကို တပည့်တော် ဦးထိပ်ညွှတ်၍ ရှိခိုးပါ၏။

တေသံ ဓမ္မဥ္စ သံဃဥ္စ၊ အာဒရေန နမာမဟံ၊

ထိုဘုရားရှင်တို့၏ တရားတော်နှင့် သံဃာတော်တို့ကို တပည့်တော် ရိုသေစွာရှိခိုးပါ၏။

နမက္ကာရာ နုဘာဝေန၊ ဟိတွာသဗ္ဗေ ဥပဒ္ဒဝေ။
အနေကာအန္တရာယာပိ ဝိနာသန္တု အ သေသတော။

ရှိခိုးရသော ကောင်းမှု အာနုဘော်ကြောင့် ခပ်သိမ်းသော ဘေးဥပဒ် တို့ကိုပယ်ဖျောက်လျက် အန္တရာယ် အပေါင်းတို့သည် အကြွင်းမဲ့ကင်းငြိမ်းလွင့်ပျောက် ပါစေသတည်း။

## သမ္ဗုဒ္ဓေဘာ့ကြောင့်အန္တရာယ်ကင်းသလဲ

သမ္ဗုဒ္ဓေဂါထာသည် ဘုရားရှိခိုးဖြစ်၏။ဘုရားရှိခိုးဆိုသည်မှာ ဘုရားရှင်၏ဂုဏ်တော်တွေကို အောက်မေ့ပြီး ဘုရားရှင်၏ သက်တော်ထင်ရှားပုံတော်ကို စိတ်အာရုံထဲမှာ မြင်လာအောင် အာရုံပြုပြီးမှ ရှိခိုးပူဇော်ခြင်းဖြစ်၏။ ဘုရားရှိခိုးခြင်းသည် အန္တရာယ် ထောင်းဘေးရန်ရှင်းပြီး ကျက်သရေမင်္ဂလာတွေ တိုးတက်ကြောင်း ကိုဗုဒ္ဓဘာသာကျမ်းတွေမှာပြ၏။ ဘုရားရှင်ကိုယ်တိုင်က သံယုတ်ပါဠိတော် ဓဇဂ္ဂသုတ်မှာ ကြောက်ရွံ့ ထိတ်လန့် ကြက်သီး မွေးညှင်းထလျှင် ငါဘုရားရှင်၏ ဂုဏ်တော် ကိုပါးကို အောက်မေ့ ပွားများကြ။ ငါဘုရား ဂုဏ်ကို မပွားဖြစ်လျှင် တရားတော်၏ ဂုဏ်ကိုပွားများကြ၊ သံဃာတော်တွေ၏ ဂုဏ်ကို ပွားများကြဟု

ဟောထားပါသည်။ ထိုသို့ ရတနာ သုံးပါး၏ဂုဏ်ကို ပွားများ၍ ကြောက်ရွံ့ခြင်း ဘာကြောင့်ပျောက်ကင်းရသည်ကိုလည်းဟော ပြထားပါသည်။ ဘုရားရှင်သည် ရာဂ ဒေါသ မောဟ ကုန်ပြီး ဖြစ်သည်၊ ကြောက်သည်ဆိုသည်မှာ ဒေါသစိတ်ကြောင့်သာဖြစ် သည်၊ ဘုရားရှင်သည် ဒေါသ ကင်းပြီးဖြစ်၍ ကြောက်ခြင်းမရှိ တော့၊ထို့ကြောင့် ကြောက်ရွံ့ ထိတ်လန့်သည့်အခါ ဘုရားဂုဏ် တော်ကိုအောက်မေ့လျှင် ကြောက်စိတ်တွေ ပြေခြင်းဖြစ်သည်ဟု ဟောထား၏။

ဗုဒ္ဓဘာသာဝင် ဆရာတော်ကြီးများသည် ကျမ်းဂန်တခုရေး သားတော့မည်ဆိုလျှင် ရတနာသုံးပါး ဆရာသမားတွေကိုပထမ ရှိခိုးကန်တော့ကြ၏။ ထိုသို့ရှိခိုးကန်တော့သည့်အတွက် အန္တရာယ် အားလုံးပျောက်ကင်းပြီး ကျမ်းဂန်ကို ပြီးစီးအောင် ရေးသား နိုင်သည်၊ ကျက်သရေမင်္ဂလာနှင့်ပြည့်စုံသည်ဟု ဋီကာကျမ်းများ မှာဖွင့်ဆိုကြပါသည်။ထို့ကြောင့် ဘုရားရှိခိုးလျှင်ဘုရားဂုဏ်တော် ကိုရွတ်ဆိုလျှင်အန္တရာယ်ကင်းသည်ဟု မှတ်ရပါမည်။

သမ္ဗုဒ္ဓေရွတ်သည် ဆိုသည်မှာ ဘုရားရှိခိုးခြင်းဖြစ်ပါသည်။ တိကအင်္ဂုတ္တိုရ်မှာ ရှိခိုးခြင်းသည်သုံး မျိုးရှိ၏။ထိုင်ပြီးဦးချဝပ်တွ း ခြင်းကို ကိုယ်နှင့်ရှိခိုးခြင်း၊ ကာယဝန္ဒနာဟုခေါ်သည်။ဘုရားရှင် ၏ ဂုဏ်တော်တွေကို နှုတ်ကရွတ်ဆိုခြင်းကို နှုတ်နှင့်ရှိခိုးခြင်း၊ ဝစီဝန္ဒနာဟုခေါ်သည်၊ ဘုရားရှင်၏ဂုဏ်တော်များကို စိတ်ထဲမှာ အောက်မေ့နေခြင်းကို စိတ်နှင့်ရှိခိုးခြင်း၊ မနောဝန္ဒနာခေါ် သည်ဟု သုံးပါးပြထားပါသည်။ ထို့ကြောင့် ဘေးအန္တရာယ် တခုခုနှင့် တွေ့ကြုံသည့်အခါ သမ္ဗုဒ္ဓေဂါထာကို ရွတ်ခြင်းသည်

ဘုရားရှင်ကို နှုတ်နှင့်ရှိခိုးခြင်းမှာ ဝစီဝန္ဒနာဖြစ်ပါသည်။ ထိုသို့ သမ္ဗုဒ္ဓေဂါထာကို ရွတ်ခြင်းသည် ဘုရားပေါင်း ၅ သိန်းကျော်ကို ရှိခိုးခြင်းဖြစ်သောကြောင့် အန္တရာယ်ကင်းခြင်းဖြစ်ပါသည်။

## သမ္ဗုဒ္ဓေဂါထာ၏ ထူးခြားချက်

ဘုရားရှိခိုးလျှင် ဘုရားဂုဏ်ကို အောက်မေ့ ရွတ်ဆိုလျှင် အန္တရာယ်ကင်းသည်။ ကြောက်စိတ်ပြေသည်။ သို့ရာတွင် အခြား ဘုရားရှိခိုးများဖြင့် ဘုရားတဆူကိုသာ ရှိခိုခြင်းဖြစ်သည်။ ဘုရား တဆူသာလျှင် မိမိစိတ်အာရုံ၌ ပေါ်လာမည်။ သမ္ဗုဒ္ဓေဘုရား ရှိခိုးသဖြင့် တကြိမ်တည်းဖြင့် ဘုရားပေါင်း ငါးသိန်း တသောင်း နှစ်ထောင် နှစ်ကျိပ် ရှစ်ဆူကို တပေါင်းတည်းရှိခိုးသည်။ ဘုရား ပေါင်း ငါးသိန်း တသောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူ မိမိ ဉာဏ်အာရုံ၌ ပေါ်လာမည်၊ မိမိတယောက်တည်း အားကိုးရာမဲ့ အန္တရာယ်များကြား၌ ရောက်နေချိန်တွင် မိမိအားကိုးရာ ဘုရား တဆူတည်း မိမိဉာဏ်အာရုံ၌ ပေါ်လာခြင်းထက် ဘုရားပေါင်း ငါးသိန်းကျော် မိမိအာရုံတွင် ဖူးမြင်တွေ့ရှိရခြင်းက ပို၍ အား တက်မည်။ ဤသို့ဖြစ်ရသည်မှာ လူ့သဘာဝဖြစ်သည်။

လူသည် မိမိတယောက်တည်း အမှောင်ထုကို ဖြတ်၍သွားရ မည်ကို ကြောက်သည်၊ သို့သော် အဖော်တယောက်ပါသော အခါ၌ အားတက်လာသည်။ သို့သော် လုံးဝ မကြောက်တော့ သည်ကား မဟုတ်သေး၊ အကယ်၍ လူပေါင်းများစွာ အုပ်စုဖွဲ့၍ သွားရမည်ဆိုလျှင် ကြောက်စိတ် လုံးဝ မရှိတော့ဘဲ သွားဝံ့ကြ

သည်။ ထို့နည်းတူပင် မိမိ၌ အကြပ်အတည်းနှင့် ရင်ဆိုင်ကြောက်ရွံ့နေချိန်တွင် မိမိအားကိုးရာ ဘုရားတဆူ မိမိအာရုံ၌ ထင်မြင်နေသည်ထက် ဘုရားပေါင်းများစွာ မိမိစိတ်အာရုံ၌ ထင်နေပါက လူအုပ်ကြီးဖြင့် ချီတက်သွားလာနေရဘိသကဲ့သို့ဖြစ်မည်။ ဗုဒ္ဓဘာသာတို့ရရှိသော ဘုရားရှိခိုးများအနက် ဤသမ္ဗုဒ္ဓေဂါထာလောက် ဘုရားအဆူပေါင်းများသော ဘုရားရှိခိုးမျိုးမရှိသေး။ ဤသို့ လူတို့၏စိတ်ပညာသဘာဝနှင့် ဆက်စပ်နေသောကြောင့် ဤသမ္ဗုဒ္ဓေ ဘုရားရှိခိုးဂါထာသည် ပို၍ ကျော်ကြားနေခြင်းဖြစ်ပါသည်။

ထို့ကြောင့် သမ္ဗုဒ္ဓေဘုရားရှိခိုးကို ရွတ်ဆိုရှိခိုးသောအခါ ဂေါတမ ဘုရားအလောင်းတော် ပါရမီဖြည့်တော်မူစဉ် သင်္ချေနှစ်ဆယ်နှင့် ကမ္ဘာတသိန်းအတွင်း ပွင့်တော်မူခဲ့သော ဘုရားပေါင်း ငါးသိန်း တသောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူနှင့် ၎င်းတို့၏ တပည့်သံဃာတော်များကို မိမိဉာဏ်အာရုံ၌ ပေါ်အောင်မှန်းဆ ကြည်ညို၍ ရွတ်ဆိုရှိခိုးလျှင် ပို၍ အကျိုးများမည်ဖြစ်ကြောင်း အကြံပြုအပ်ပါသတည်း။

## မဟာသမယသုတ် နိဒါန်း

ကပိလဝတ်ပြည်သားနှင့် ကောလိယပြည်သားတို့သည် ရောဟနီမြစ်ရေ ခွဲဝေသုံးစွဲရေးနှင့်ပတ်သက်၍ ခိုက်ရန်ဖြစ်ပွားနေကြ၏။ နှစ်ပြည်ထောင်မင်းတို့ စစ်အင်ခင်းကျင်းနေစဉ် ဘုရားရှင်သည် စစ်တပ်နှစ်ခုတို့၏ အလယ်ကောင်းကင်ထက်ဝယ် ဖွဲ့ခွေနေ

တော်မူလျက် ရောင်ခြည်တော်ခြောက်ပါးကိုလွှတ်၍ စံနေတော်မူသည်။ ထိုအခါ နှစ်ပြည်ထောင်သားတို့သည် လက်နက်များကိုချကာ ဘုရားရှင်အား ရှိခိုးလျက်နေကြကုန်၏။ ဘုရားရှင်က နှစ်ပြည်ထောင်မင်းတို့အား အဘိုးအနည်းငယ် ထိုက်တန်သည့် ရေကိုအကြောင်းပြု၍ အဘိုးအနဂ္ဃ မရေတွက်နိုင်အောင် ထိုက်တန်သော မင်းမျိုးတို့ကို ဖျက်ဆီးသတ်ဖြတ်ရန် မသင့်ချေဟု ဟောကြားဆုံးမတော်မူလေသည်။

ဒေါသကြီးမား ခိုက်ရန်ဖြစ်ပွားသည်မှာ အမှားသာဖြစ်၍ သာယာဘွယ်မဟုတ်ဟု ဟောကြားပြီးနောက် ခိုက်ရန်ငြိမ်း၍ ညီညွတ်ချစ်ခင်စေရန် ဖန္ဒနဇာတ် ဒုဒ္ဒုဘဇာတ်၊ လဋုကိကဇာတ် ရုက္ခဓမ္မဇာတ်၊ ဝဋ္ဋဇာတ်နှင့် မိမိတို့ကိုယ်ကို ထိမ်းသိမ်းစောင့်ရှောက်ရန် အတ္တဒဏ္ဍသုတ်ကို ဟောကြားတော်မူ၏။ နှစ်ပြည်ထောင်မင်းများသည် ဘုရားရှင်အား ကြည်ညို၍ ပျိုမျစ်နုနယ်သော မင်းသားငယ် ၂၅၀-စီကို ဘုရားအား အပ်နှင်းကြလေ၏။

ဘုရားရှင်သည် မင်းသားငယ်၅၀၀-တို့ကို ရဟန်းပြုတော်မူ၍ မဟာဝုန်တောသို့ ကြွတော်မူ၏။ ရဟန်းတို့လည်း သာသနာ၌ မပျော်မွေ့ ငြီးငွေ့လျက်ရှိကြ၏။ ထိုအခါ ဘုရားရှင်က ရဟန်းငယ်တို့အား ဟိမဝန္တာရှိ ကုဏာလအိုင်၏ သာယာကြည်နူးဘွယ် အံ့ဩဘွယ်တို့ကိုဟော၍ တန်ခိုးတော်ဖြင့် ရဟန်း-၅၀၀ အား ဟိမဝန္တာ ကုဏာလအိုင်ကိုပြတော်မူ၏။

ကုဏာလအိုင်၏ သာယာကြည်နူးဘွယ်တို့ကို တွေ့မြင်ရ၍ စိတ်ကြည်လင်လျက်ရှိသော ရဟန်းငယ်များအား ကုဏာလ

ဇာတ်တော်ကို ဟောတော်မူပြီး သစ္စာလေးပါးတရားကို ဟော တော်မူရာ ရဟန်း-၅၀၀ သောတာပန်တည်လေ၏။ တန်ခိုး အဘိညာဉ်ကိုလည်း ရကြကုန်၏။ ဘုရားရှင်သည် ရဟန်း-၅၀၀ နှင့်အတူ သက္ကဘိုင်း ကပိလဝတ်ပြည်အနီး မဟာဝုန်တော သို့ ကောင်းကင်ခရီး ဈာန်တန်ခိုးဖြင့် ပြန်ကြွလာကြ၏။ မဟာ ဝုန်တော၌ ရဟန်းတို့အား အထက်မဂ်သုံးပါးအတွက် ကမ္မဋ္ဌာန်း ကိုပေးတော်မူ၏၊ ရဟန်းတို့လည်း ဘုရားရှင်အား ရှိခိုးကာ တောင်စောင်း သစ်ပင်ရင်းအရပ်များ၌ ကမ္မဋ္ဌာန်းတရားပွား များ အားထုတ်ကြကုန်၏၊ ရဟန်း-၅၀၀ လုံး ရဟန္တာဖြစ်ကြ ကုန်၏။

## မဟာသမယ-နတ်ပြဟ္မာတို့ အစည်းအဝေးကြီး

ရဟန္တာငါးရာတို့သည် ဘုရားရှင်ထံပြန်လာကြ၏။ နယုန် လပြည့်နေ့ညနေ နေဝင်အချိန် လမင်းကြီး ထွက်ခါစအချိန် ဖြစ်၏။ ထိုအချိန်အခါ ထိုမဟာဝုန်တော၌ ရဟန္တာ-၅၀၀ ခြံရံလျက် စံနေသော ဘုရားရှင်သည် အလွန်တင့်တယ်သပ္ပါယ် တော်မူလေ၏။

ဤသို့ တင့်တယ်ပုံအချင်းအရာကို ရှေးဦးစွာ ဖူးတွေ့ကြရ သော မဟာဝုန်တောရှိ နတ်တို့က "အိုအချင်း နတ်အပေါင်းတို့ လာကြကုန်လော့ ဘုရားရှင်အား ဖူးရန် တရားတော်ကို နာရန် သံဃာတော်ကို ဖူးရန် ဘုရားရှင်ထံ သွားကြကုန်အံ့" ဟု ကြွေး ကြော်ကာ ဘုရားရှင်ထံသို့ သွားရောက်ကြကုန်၏။

ထိုအခါ ဘုရားရှင်က ရဟန်းတို့ ယခုအခါ အလွန်ကြီးကျယ်များပြားသော နတ်ဗြဟ္မာ အစည်းအဝေး မဟာသမယကြီးသည်ဖြစ်လေ့ပြီ၊ ရှေးဘုရားများ လက်ထက်ကလည်း ဤ နတ်ဗြဟ္မာ အစည်းအဝေး မဟာသမယမျိုး ရှိခဲ့ဘူးပြီ၊ အနာဂတ်ဘုရားများလက်ထက် ဤအစည်းအဝေးမျိုး ဖြစ်လတံ့၊ ဤအစည်းအဝေးပွဲကြီးသို့ လာရောက်ကြသော နတ်ဗြဟ္မာ တို့၏ အမည်အနွယ်တို့ကို သင်တို့အား ဟောကြားပေအံ့ ဟု မိန့်ကာ မဟာသမယသုတ်ကို ဟောကြားတော်မူပါသည်။

## နတ်ချစ်တရားတော်

ဤ မဟာသမယသုတ်သည် အစည်းအဝေးကြီးသို့ ကြွရောက်စုရုံးနေသော နတ်ဗြဟ္မာအပေါင်းတို့၏ အမည်အနွယ်တို့ကို ထုတ်ဖော်ဟောကြားသောနတ်တို့ကို နှုတ်ခွန်းဆက်သောသုတ်ဖြစ်၏။ ထိုမဟာသမယသုတ်ကို ကြားနာရသော နတ်ဗြဟ္မာ အပေါင်းတို့၏စိတ်သည် နူးညံ့ပျော့ပျောင်းကာ ရှင်တော်ဘုရားကို လွန်စွာကြည်ညိုကြ၏။ ဤမဟာသမယသုတ် ဒေသနာတော်မြတ်ကို နတ်ဗြဟ္မာတို့သည် အစဉ်မပြတ် ကြည်ညိုလေးစားစွာ ကြားနာလိုပေသည်၊ နတ်တို့သည် ဤမဟာသမယသုတ်ကို ဘယ်မှာများ နာရပါမလဲဟု နားစွင့်လျက် လှည့်လည် သွားလာနေကြသည်ဟု အဋ္ဌကထာ၌ ပြထား၏။ ထိုကြောင့် ဤမဟာသမယသုတ်ကို ရွတ်ဖတ်သူများကို နတ်တို့ ချစ်ခင်မြတ်နိုးကြလေသည်။ နတ်တို့ ချစ်ခင်မြတ်နိုးခြင်းခံရသောလူအဘို့ အန္တရာယ်ကင်းမည်၊ ကုက်သရေမင်္ဂလာတိုးမည်မှာ သေချာ၏။ မဟာသမယ သုတ်ကို

နတ်တို့လာနာသဖြင့် မကောင်းသော စုန်း တစ္ဆေ သူရဲ နတ်ဆိုး ဘီလူး စသည်တို့ မကပ်ရောက်နိုင်သောကြောင့် အန္တရာယ်ကင်း ရခြင်း ဖြစ်ပေသည်။

## နတ်တို့ ချစ်နှစ်သက်ပုံ သက်သေ

မဟာသမယသုတ်ကို နတ်တို့ ချစ်နှစ်သက်ကြောင်းသက်သေ သာဓကဝတ္ထုတခုကို အဋ္ဌကထာ၌ ဤသို့ပြထား၏။

သီဟိုဠ်ကျွန်း ကောဋိပဗ္ဗတ မည်သော ကျောင်းတိုက် အတွင်း၌ နာဂလေကာ ခေါ် လိုဏ်ဂူကြီးတခုရှိ၏၊ ထိုလိုဏ်ဂူဝ ကံ့ကော်ပင်တွင် နတ်သမီးတယောက်နေ၏။ ရဟန်းငယ် တပါး သည် မဟာသမယသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်၍နေ၏။ မဟာ သမယသုတ် ဆုံးသောအခါ ကံ့ကော်ပင်စောင့် နတ်သမီးက အသံထွက်၍ ကောင်းချီးပေးလေသည်၊ သာဓု ခေါ်လေသည်။ ရဟန်းက သာဓုခေါ်သူ မည်သူနည်းဟုမေးရာ ကံ့ကော်ပင်မှ နတ်သမီးဖြစ်ကြောင်း ပြောပြ၏။ ဘာကြောင့် သာဓု ခေါ် သနည်း ဟုမေးရာ မဟာသမယသုတ်ကို နာရသောကြောင့်ဟု ဖြေ၏။ မဟာဝုန်တောမှာ ဘုရားရှင် မဟာသမယသုတ် ဟော စဉ်က နာခဲ့ရဘူးပါသည်။ ယခု အရှင်ဘုရား ရွတ်ဖတ် ဟော ကြားချက်သည် ဘုရားရှင် ဟောတော်မူသည့်အတိုင်း တသွေ မတိမ်း ဖြစ်ပါသည်ဟု နတ်သမီးကလျှောက်၏။

## မဟာသမယသုတ်မရွတ်မီ

မဟာသမယသုတ်သည် နတ်တို့၏ အမည်များကို ထုတ်ဖော်

ခေကျညာသောသုတ်ဖြစ်၍ လက်တွေ့ကျင့်ကြံပွားများရန် တရားအဆီအနှစ် မပါသောကြောင့် တန်ဘိုးမရှိဟု မယူဆအပ်ပေ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်တော်ကိုရတော်မူ၍ အတုမရှိ တင့်တယ်သပ္ပာယ်တော်မူသော ဘုရားရှင်နှင့် ထိုဘုရားရှင်အား ရဟန္တာဖြစ်သစ်စ ရဟန်းပျို ၅၀၀-တို့ခြံရံလျက် ရှိပုံကိုဖူးတွေ့ရ၍ မဟာဝုန်တောမှ နတ်တို့မှတဆင့် စကြာဝဠာ တိုက်တသောင်းမှ နတ်တို့ လာရောက်စုဝေးကြခြင်းဖြစ်၏။ ထိုသို့ဘုရားရှင်နှင့်ရဟန္တာ အရှင်မြတ် ၅၀၀-ဘို့ တည်ငြိမ်ရင့်ကျက်သော ဣန္ဒြေတော်ဖြင့် စံနေတော်မူသည်ကို ကိုယ်တိုင်မျက်မြင်မဖူးတွေ့လိုက်ရစေကာမူ စိတ်အာရုံ၌ မှန်းဆ၍ ဖူးမြော်ကြရန်ဖြစ်၏။

ကျေး ငှက် တိရစ္ဆာန်တို့ အသံများ တိတ်ဆိတ် ငြိမ်သက်နေသော မဟာဝုန်တော၌ လပြည့်နေ့ည ထွက်ပေါ်စ လမင်း၏ အရောင်အောက်၌ ရဟန္တာပုဂ္ဂိုလ်များကို စိတ်အာရုံတွင် ဖူးတွေ့ကြည်ညိုရန်သည် မဟာသမယသုတ်၏ အနှစ်သာရပင် ဖြစ်၏။ ထို့ကြောင့် မဟာသမယသုတ်ကို မရွတ်မီ ဤနိဒါန်း၌ ဖော်ပြခဲ့သည်တို့ကို ဆင်ခြင်ကာ လရောင်အောက်ရှိ ဘုရားရှင်နှင့် ရဟန္တာ အရှင်တို့ကို စိတ်အာရုံတွင် ထင်စေပြီးမှ မဟာသမယသုတ်ကို ရွတ်ဆိုရန်ဖြစ်၏။

## မဟာသမယသုတ်ကိုရွတ်ဖတ်ရန်

မဟာသမယသုတ်ကို ကြားနာရန် နတ်ဗြဟ္မာတို့ အမြဲစောင့်လင့်နေကြသည်။ ထို့ကြောင့် ရှေးရှေး ဆရာတော် အစဉ်

အဆက်မှစ၍ ယနေ့တိုင်အောင်ပင် မြို့သစ် ရွာသစ် ထီးနန်းသစ် အိုးအိမ်သစ် ဆောက်လုပ်ရာ အိမ်တက်မင်္ဂလာ စသည်တို့၌ မဟာသမယသုတ်ကို ရွတ်ဖတ်ခြင်း၏ ရည်ရွယ်ချက်မှာ ထို မဟာသမယသုတ်ကို ရွတ်ဖတ်ခြင်းဖြင့် နတ်ဗြဟ္မာတို့ လာရောက် နာယူကြမည်၊ နတ်ကောင်းနတ်မြတ် တန်ခိုးကြီးနတ်တို့ လာလျှင် မကောင်းသော နတ်ဆိုး နတ်မိစ္ဆာ အစိမ်း သားရဲ တစ္ဆေ မြေဘုတ် ဘီလူး စသည်တို့မနေနိုင်ကြဘဲ ဝေးရာသို့ ရှောင်ရမည်၊ ထို နတ်မိစ္ဆာ အစိမ်းသားရဲတို့ကြောင့် ဖြစ်မည့် ဘေးအန္တရာယ် များကင်းရှင်းပြီးဖြစ်မည်ဟု ရည်ရွယ်၍ အိမ်သစ်တက်မင်္ဂလာ ပွဲ များ၌ ရွတ်ဖတ်ကြသည်။

မိမိအိမ်တွင် မကြာခဏ နတ်ကောင်း နတ်မြတ်များ စုရုံး၍ အန္တရာယ် ကင်းစေလိုသူ ကျက်သရေမင်္ဂလာ တိုးတက်လိုသူ နတ်တို့ ချစ်မြတ်နိုးမှုကို ခံယူလိုသောသူများသည် ဤ မဟာ သမယသုတ်ကို နေ့စဉ် သို့မဟုတ် တလ တကြိမ် လပြည့်နေ့ သို့မဟုတ် ရုံးလုပ်ငန်းများ အားလပ်သည့် တနင်္ဂနွေနေ့ ညများ တွင် မဟာသမယသုတ် ရွတ်ဖတ်သင့်ပါသည်၊ မဟာသမယ သုတ်ကို အလွတ်ကျက်မှတ်ရန် မလိုပါ။ စာအုပ်ကိုကြည့်၍ အသံ မှန်မှန်ဖြင့် ရွတ်ရှုရန်သာလိုပါသည်။ မြန်မာပြန်များကို ဖတ်ရန် မလိုပါ။ ပါဠိကို ရွတ်ဖတ်သောအခါ မြန်မာပြန်မှ အဓိပ္ပာယ် များကို ဆိုလိုသည်ဟု သိထားရန်သာ လိုပါသည်။

## မဟာသမယသုတ် အမွှမ်းဥယျောဇဉ်

### နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ဥယျောဇဉ်

သတေဟိ ပဉ္စမတ္တေဟိ၊ ခီဏာသဝေဟိ ကေဝလံ။
ဘိက္ခူဟိ ဘူပဝံသေဟိ၊ သတ္ထာ ဇိနော ပရိဝုတော။
သက္ကေကပိလဝတ္ထုသ္မိံ၊ ဆာယာရမ္မေ မဟာဝနေ။
သမန္တတော သဟာဿေဟိ၊ စက္ကဝါဠေဟိ ဒသဟိ။
အာဂမ္မ သန္နိသိန္နာနံ၊ ဒေဝါနံ ယ မဒေသယိ။
အာယုဒိဃာရံ သဗ္ဗ၊ သမ္ပတ္တိ သာဓတံ ဝရံ။
သုဒ္ဓါဝါသပ္ပဘူတီဟိ၊ ဒေဝေဟိ ပဋိနန္ဒိတံ။
သဗ္ဗရောဂဘယုဃ္ဃါတံ၊ သမယံ တံ ဘဏာမ ဟေ။

ထိုပုထုဇဉ် သေက္ခမရောမစွက် ရဟန္တာချည်း သက်သက်ဖြစ်ကုန်သော မင်းမျိုး မင်းနွယ်ဖြစ်ကုန်သော ရဟန်း ၅၀၀ တို့ဖြင့် ခြံရံအပ်သောငါး မာရ်အောင်မြင် ဘုရားရှင်သည် သက္ကတိုင်း ကပိလဝတ်ပြည် အရိပ်ရှိ၍ မွေ့လျော်ဘွယ်ကောင်းသော မဟာဝုန်တော်၌ စကြာဝဠာတိုက်တသောင်းမှစုဝေးရောက်ရှိလာသော နတ်ပြဟ္မာအပေါင်းတို့အား အသက်ရှည်၍ လိုလားတောင့်တအပ်သောဆုမြတ်ကို ရစေနိုင်သော ဤမဟာသမယသုတ်တော်ကို ဟောကြားတော်မူ၏၊

သုဒ္ဓါဝါသစသော နတ်ပြဟ္မာအပေါင်းတို့သည် နှစ်သက်မြတ်နိုးအပ်သည်ဖြစ်၍ ရောဂါဘေးရန်အားလုံးကို ပယ်ဖျောက်

နိုင်သော မဟာသမယသုတ်တော်ကို ငါတို့ ညီညာဖျဖျ ရွတ်ကြ ပါကုန်စို့။

## မဟာသမယသုတ်နိဒါန်း

၁။ ဧဝံ မေ သုတံ-ဧကံ သမယံ ဘဂဝါ သက္ကေသု ဝိဟရတိ ကပိလဝတ္ထုသ္မိံ မဟာဝနေ မဟတာ ဘိက္ခု သံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသ တေတိ သဗ္ဗေ ဟေဝ အရဟန္တေဟိ၊ ဒသဟိ စ လောကဓာတူဟိ ဒေဝတာ ယေဘုယျေန သန္နိပတိတာ ဟောန္တိ ဘဂဝန္တံ ဒဿနာယ ဘိက္ခုသံဃဉ္စ။ အထခေါ စတုန္နံ သုဒ္ဓါဝါ သကာယိ ကာနံ ဒေဝတာနံ ဧတဒ ဟောသိ "အယံ ခေါ ဘဂဝါ သက္ကေသု ဝိဟရတိ ကပိလဝတ္ထုသ္မိံ မဟာဝနေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခု သတေဟိ သဗ္ဗေ ဟေဝ အရဟန္တေဟိ၊ ဒသဟိ စ လောက ဓာတူဟိ ဒေဝတာ ယေဘုယျေန သန္နိပတိတာ ဟောန္တိ ဘဂဝန္တံ ဒဿနာယ ဘိက္ခုသံဃဉ္စ၊ ယံနူန မယမ္ပိ ယေန ဘဂဝါ တေနုပ သင်္ကမေယျာမ ဥပသင်္ကမိတွာ ဘဂဝ တော သန္တိကေ ပစ္စေကံ ဂါထံ ဘာ သေယျာမာတိ။

အထ ခေါ တာ ဒေဝတာ သေယျထာပိ နာမ ဗလဝါ ပုရိသော သမိဉ္ဇိတံ ဝါ ဗာဟံ ပသာ ရေယျ ပသာရိတံ ဝါ ဗာဟံ သမိဉ္ဇေယျ၊ ဧဝ မေဝ သုဒ္ဓါ ဝါ

သေသု ဒေဝေသု အန္တရဟိတာ ဘဂဝတော ပုရတော ပါတုရဟေသုံ။ အထခေါ သာဒေဝတာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသုံ။ ဧကမန္တံ ဌိတာခေါ ဧကာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ-

မဟာသမယော ပဝနသ္မိံ၊
ဒေဝကာယာ သမာဂတာ။
အာဂတမှ ဣမံ ဓမ္မသမယံ၊
ဒက္ခိတာယေ အပရာဇိတသံဃန္တိ။

အခါတပါး ဘုရားမြတ်စွာသည် သက္ကတိုင်း ကပိလဝတ်ပြည် မဟာဝုန်တော၌ ရဟန္တာ ၅၀၀-နှင့်အတူ သီတင်းသုံးနေတော်မူသည်၊ စကြာဝဠာတိုက်တသောင်းမှ နတ်ဗြဟ္မာ တို့သည်လည်း ဘုရားရှင်နှင့် ရဟန်းသံဃာတော်တို့ကို ဖူးမြော်ရန်စုဝေးရောက်လာကြကုန်၏။

ထိုအခါ သုဒ္ဓါဝါသဘုံ၌ နေသော ဗြဟ္မာ ၄-ဦးတို့အား ဤသို့အကြံဖြစ်၏။ မဟာဝုန်တော၌ ဘုရားရှင်နှင့် သံဃာတော်များ သီတင်းသုံးနေသည်၊ နတ်ဗြဟ္မာတို့လည်း စုရုံး ရောက်နေကြသည်၊ ငါတို့လည်း ဘုရားရှင်ထံ ကပ်၍ ဂါထာတပုဒ်စီ ရွတ်ဆိုရသော် ကောင်းသေစွ ဟု အကြံဖြစ်၏။

ထိုအခါ ဗြဟ္မာ လေးဦးတို့သည် ဘုရားထံမှောက်သို့ ချက်ချင်းရောက်လာကြကုန်၏။ ဘုရားရှင်အား ရှိခိုးပြီး တနေရာ၌ ရပ်ကာ ဗြဟ္မာတဦးက အောက်ပါဂါထာကို ရွတ်ဆို၏။

## ပထမပြဟ္မာလျှောက်ချက်

အရှင်ဘုရား၊ မဟာဝုန်တော၌ နတ်ပြဟ္မာအပေါင်းတို့သည် စုရုံးလာရောက်ကြသဖြင့် အစည်းအဝေးကြီးဖြစ်လျက်ရှိနေပါ၏။ ကိလေသာကို ပယ်ပြီးသော သံဃာတော်တို့ကို ဖူးမြော်ရန် အကျွန်ုပ်တို့လည်း ဤတရားသဘင် အစည်းအဝေးသို့ လာရောက်ကြပါကုန်၏။

## ဒုတိယပြဟ္မာ လျှောက်ချက်

၂။ အထခေါ အပရာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ–

တတြ ဘိက္ခဝေါ သမာဒဟံသု၊
စိတ္တံ မတ္တနော ဥဇုကံ အကံသု။
သာရထိဝ နေတ္တာနိ ဂဟေတွာ၊
ဣန္ဒြိယာနိ ရက္ခန္တိ ပဏ္ဍိတာ တိ။

ထို့နောက် ပြဟ္မာတဦးက ဘုရားရှင်ထံ ဤဂါထာကို လျှောက်၏။

ထိုအစည်းအဝေး၌ ရဟန်းတို့သည် မိမိစိတ်ကို တည်ကြည်စေလျက် ဖြောင့်မတ်စွာ ထားကုန်၏။ ရထားထိန်းသည် မြင်းဇက်ကြိုးတို့ကို ကိုင်၍ ထိန်းသကဲ့သို့ ပညာရှိရဟန်းတို့သည် ဣန္ဒြေကို ထိန်းသိမ်းတော်မူကြကုန်၏ဟု လျှောက်ဆို၏။

## တတိယပြဟ္မာ လျှောက်ထားချက်

၃။ အထခေါ အပရာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထာ အဘာသိ–

ဆေတွာ ခိလံ ဆေတွာ ပလိဃံ၊
ဣန္ဒခိလံ ဦဟစ္စ မနေဇာ။
တေ စရန္တိ သုဒ္ဓါ ဝိမလာ၊
စက္ခုမတာ သုဒန္တာ သုသုနာဂါတိ။

ထို့နောက် အခြားပြဟ္မာတဦးက ဘုရားရှင်၏အထံ၌ ဤဂါထာကိုလျှောက်၏။

မြတ်စွာဘုရားသည် ကောင်းစွာဆုံးမထားအပ်သော အရှယ်နုပျို ရဟန္တာငယ်တို့သည် ရာဂ ဒေါသ မောဟတည်းဟူသော ခလုပ်ကံသင်းနှင့် တံခါးကျည်မင်းတုပ်ကို မဂ်လေးပါးဖြင့်ပယ်ဖျက်တော်မူ၍ ရာဂ ဒေါသ မောဟတည်းဟူသော တံခါးတိုင်ကိုနုတ်တော်မူကာ တဏှာကင်း၍ သန့်ရှင်းစင်ကြယ်တော်မူလျက် အရပ်၄-မျက်နှာတို့၌ လှည့်လည်သွားလာနိုင်ကြကုန်၏။

## စတုတ္ထပြဟ္မာ လျှောက်ချက်

၄။ အထခေါ အပရာ ဒေဝတာ ဘဂဝတော သန္တိကေ
ဣမံ ဂါထံ အဘာသိ–
ယေ ကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တီတိ။

ထို့နောက် စတုတ္ထပြဟ္မာက ဤသို့လျှောက်၏။

အရှင်မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူအား

လုံးတို့သည် အပါယ်ဘုံသို့မရောက်မူ၍ သေသည့်အခါ နတ်ပြည်သို့ရောက်ကုန်လတံ့။

## နတ်အစည်းအဝေးကြီး

၅။ အထခေါဘဂဝါ ဘိက္ခူ အာမန္တေသိ ယေဘုယျေန ဘိက္ခဝေ ဒသသု လောကဓာတူသု ဒေဝတာ သန္နိပတိတာ ဟောန္တိ တထာဂတံ ဒဿနာယ ဘိက္ခုသံဃဉ္စ။ ယေပိ တေ ဘိက္ခဝေ အဟေသုံအတီတမဒ္ဓါနံ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ တေသမ္ပိ ဘဂဝန္တာနံ ဧတံ ပရမာယေဝ ဒေဝတာ သန္နိပတိတာ အဟေသုံ သေယျထာပိ မယှံ ဧတရဟိ။ ယေပိ တေ ဘိက္ခဝေ ဘဝိဿန္တိ အနာဂတမဒ္ဓါနံ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ တေသမ္ပိ ဘဂဝန္တာနံ ဧတံ ပရမာယေဝ ဒေဝတာ သန္နိပတိတာ ဘဝိဿန္တိသေယျထာပိ မယှံ ဧတရဟိ။ အာစိက္ခိဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ၊ ကိတ္တယိဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ၊ ဒေသေဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ၊ တံသုဏာထ သာဓုကံ-မနသိကရောထ ဘာသိဿာမိတိ။ ဧဝံ ဘန္တေတိ ခေါ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ဤသို့မိန့်တော်မူ၏။

ရဟန်းတို့ စကြာဝဠာတိုက်တသောင်းမှ နတ်ပြဟ္မာအပေါင်းတို့ ဘုရားရှင်နှင့် သံဃာတော်တို့ကို ဖူးမြော်ခြင်းငှာ စုဝေးရောက်လာကြကုန်၏။ ရှေးဘုရားတို့ လက်ထက်၌လည်း ဤမျှများသော နတ်ပြဟ္မာတို့စည်းဝေးခဲ့ဘူးပြီ၊ နောင်ပွင့်လတ့ံသောဘုရားရှင်တို့ လက်ထက်၌လည်း ဤမျှ များသော နတ်ပြဟ္မာတို့စည်းဝေးကြကုန်လတံ့၊ ရဟန်းတို့ နတ်ပြဟ္မာတို့၏ အမည်ကိုပြောကြား ကျေညာပေအံ့ နားစိုက် ထောင်ကြကုန်လော့ဟုမိန့်ရာ ရဟန်းတို့က နားထောင်ပါမည်ဟု လျှောက်ကြကုန်၏။

၆။ ဘဂဝါ ဧတဒဝေါစ—

သိလောက မနုကဿာမိ၊ ယတ္ထဘုမ္မာ တဒဿိတာ။
ယေ သိတာ ဂိရိဂဗ္ဘရံ၊ ပဟိတတ္တာ သမာဟိတာ။
ပုထု သီဟာဝ သလ္လီနာ၊ လောမဟံသာဘိသမ္ဘုနော။
သြဒါတမနသာ သုဒ္ဓါ၊ ဝိပ္ပသန္န မနာဝိလာ။

မြတ်စွာဘုရားသည် ဤသို့ ဟောကြား၏။

ရဟန်းတို့ ဂါထာဖွဲ့၍ ဟောကြားပေအံ့၊ ဘုမ္မစိုးနတ်တို့နေထိုင်ရာအရပ် တောင်စောင်းကိုမှီ၍ နေကုန်သော ရဟန်းတို့သည် တည်ကြည်၍ နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ် ရှိကုန်၏။ ထိုရဟန်းတို့သည် ကြက်သီးမွေးညှင်းမျှ ထခြင်းမရှိမူ၍ ခြင်္သေ့မင်းကဲ့သို့ တပါးတည်းကိန်းအောင်းလျက် နောက်ကျုခြင်းကင်းသန့်ရှင်းကြည်လင် ဖြူစင်သောစိတ် ရှိကြပေကုန်၏။

၇။ ဘိယျောပဉ္စသတေ ဉတွာ၊ ဝနေ ကာပိလဝတ္ထဝေ။
တတော အာမန္တယိသတ္ထာ၊ သာဝကေ သာသနေရတေ။

ဒေဝကာယာ အဘိက္ကန္တာ၊ တေ ဝိဇာနာထ ဘိက္ခဝေါ။
တေစ အာတပ္ပ မကရုံ၊ သုတွာ ဗုဒ္ဓဿ သာသနံ။

ထိုအခါ မြတ်စွာဘုရားသည် ကပိလဝတ်ပြည် မဟာဝုန်တော၌ တပည့်သာဝကငါးရာတို့ သာသနာတော်ဝယ် မွေ့လျော်နေကြသည်ကိုသိတော်မူ၍ ရဟန်းတို့နတ်ပြဟ္မာအပေါင်းတို့သည် ရွှေရှုလာရောက်လျက်ရှိကြကုန်၏။ ထိုနတ်ပြဟ္မာအပေါင်း တို့ကို ဒိဗ္ဗစက္ခုဉာဏ်ဖြင့် သိကုန်လောဟု မိန့်တော်မူရာ ထိုရဟန်းတို့သည် မြတ်စွာဘုရား အဆုံးအမကို ကြားနာရ၍ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် သိအောင်အားထုတ်ကြကုန်၏။

၇။ တေသံ ပါတုရဟု ဉာဏံ၊ အမနုဿာန ဒဿနံ။
အပ္ပေကေ သတ မဒ္ဒက္ခုံ၊ သဟဿံ အထ သတ္တရိံ။
သတံ ဧကေ သဟဿာနံ၊ အမနုဿာန မဒ္ဒသုံ။
အပ္ပေကေနန္တ မဒ္ဒက္ခုံ၊ ဒိသာ သဗ္ဗာ ဖုဋ္ဌာအဟုံ။

ထိုရဟန်းတို့အား နတ်ပြဟ္မာတို့ကို မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခု အဘိညာဉ်သည် ထင်ရှားဖြစ်ပေါ်တော်မူ၏။ အချို့ရဟန်းတို့က နတ်ပြဟ္မာတရာ၊ အချို့က တထောင်၊ အချို့က ခုနစ်သောင်း၊ အချို့က တသိန်း၊ အချို့က မရေမတွက်နိုင်သော နတ်ပြဟ္မာတို့ကို မြင်ဘော်မူကုန်၏။ အရပ်မျက်နှာ အားလုံးတို့သည် နတ်ပြဟ္မာများနှင့် ပြည့်နှစ်လျက် ရှိကုန်၏။

၉။ တဉ္စ သဗ္ဗံ အဘိညာယ၊ ဝဝတ္ထိတွာန စက္ခုမာ။ တတော
အာမန္တယိ သတ္ထာ၊ သာဝကေ သာသနေ ရတေ။

ဒေဝကာယာ အဘိက္ကန္တာ၊ တေဝိဇ္ဇာနာဂထ ဘိက္ခဝေါ။
ယေဝေါဟံ ကိတ္တယိဿာမိ၊ ဂိရာဟိ အနုပုဗ္ဗသော။

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ အသီးသီးမြင်ပုံ အလုံးစုံကို ထူးသောဉာဏ်ဖြင့်သိ၍ ပိုင်းခြားမှတ်သားတော်မူပြီး လျှင်သာသနာတော်၌ မွေ့လျော်ကုန်သော တပည့်တို့အား မိန့် ကြားတော်မူ၏။

ရဟန်းတို့နတ်ပြဟ္မာအပေါင်းတို့သည် မဟာဝုန်တောသို့ရှေ့ရှု လာရောက်လျက်ရှိကုန်၏၊ ထိုနတ်ပြဟ္မာအပေါင်းတို့ကို ဒိဗ္ဗစက္ခု ဉာဏ်ဖြင့်သိကုန်လော၊ ယင်းနတ်ပြဟ္မာတို့ကို သင်တို့အား ဂါထာ ဖြင့်အစဉ်အတိုင်းငါဟောကြားပေအံ့။

## မြေတည်(ဘုမ္မစိုး)နတ်တို့၏ အမည်အနွယ်တို့ကို ဟောကြားခြင်း

၁၀။ သတ္တသဟဿာ တေ ယက္ခာ၊ ဘုမ္မာ ကာပိလဝတ္ထဝါ။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

ကပိလဝတ်ပြည်၌မြဲ၍နေကုန်သောတန်ခိုးအာနုဘော်ကြီးကုန် သည်ဖြစ်၍ အဆင်းလည်းလှ၊ အခြံအရံသည်း များကုန်သော ခုနစ်ထောင်သော နတ်တို့သည် မဟာဝုန်တော ရဟန်းတို့အစည်း အဝေးသို့ဝမ်းမြောက်ဝမ်းသာလာရောက်ကြကုန်၏။

၁၁။ ဆသဟဿာ ဟေမဝတာ၊ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

ဟိမဝန္တာ တောင်၌ နေ၍ အသွေး အရောင် အမျိုးမျိုး ရှိကုန်သော တန်ခိုးအာနုဘော် ကြီးကုန်သည်ဖြစ်၍ အဆင်းလှကာအခြံအရံများကုန်သော ခြောက်ထောင်သော နတ်တို့သည် မဟာဝုန်တောရဟန်းတို့ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာလာရောက်ကြကုန်၏။

၁၂။ သာတာဂိရာ တိသဟဿ၊ ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

သာတဂိရိတောင်၌နေ၍ အသွေးအရောင် အမျိုးမျိုး ရှိကုန်သောတန်ခိုးအာနုဘော်ကြီးကုန်သည်ဖြစ်၍ အဆင်းလှကာ အခြံအရံများကုန်သော သုံးထောင်သောနတ်တို့သည် မဟာဝုန်တောရဟန်းတို့၏အစည်းအဝေးသို့ဝမ်းမြောက်ဝမ်းသာလာရောက်ကြကုန်၏။

၁၃။ ဣစ္စေတေ သောဠသ သတဿ။ ယက္ခာ နာနတ္တဝဏ္ဏိနော။ ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။ မောဒမာနာ အဘိက္ကာမုံ ဘိက္ခူနံ သမိတိံ ဝနံ။

အမျိုးမျိုးသော အသွေးအရောင်ရှိကုန်၍ တန်ခိုးအာနုဘော်ကြီးကုန်သော အဆင်းလှ၍အခြံအရံများကုန်သောကျိပ်တသောင်းခြောက်ထောင်သောနတ်တို့သည် မဟာဝုန်တော ရဟန်းတို့ အစည်းအဝေးသို့ဝမ်းမြောက်ဝမ်းသာ လာရောက်ကြကုန်၏။

၁၄။ ဝေဿာမိတ္တ ပဥ္စသတာ၊ ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခုနံ သမိတိံ ဝနံ။

ဝေဿာမိတ္တတောင်၌နေကုန်သောအသွေးအရောင်အမျိုးမျိုး ရှိ၍ တန်ခိုးအာနုဘော်ကြီးကုန်သော အဆင်းလှကာ အခြံအရံ များကုန်သော ငါးရာသောနတ်တို့သည် မဟာစုန်တော ရဟန်း တို့၏အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာလာရောက်ကြကုန်၏။

၁၅။ ကုမ္ဘီရော ရာဇဂဟိကော၊ ဝေပုလ္လဿ နိဝေသနံ။
ဘိယျော နံ သတသဟဿံ၊ ယက္ခာနံ ပယိရုပါသတိ။
ကုမ္ဘီရော ရာဇဂဟိကော၊ သောပါဂါ သမိတိံ ဝနံ။

ရာဇဂြိုဟ်ပြည် ဝေပုလ္လတောင်၌ နေကုန်သော ကုမ္ဘီရ နတ်စစ်သူကြီးကို အသိန်းမကသော နတ်တို့သည် ခြံရံ ခစားကြကုန်၏၊ ထိုကုမ္ဘီရနတ်စစ်သူကြီးသည် မဟာစုန်တော ရဟန်းတို့၏အစည်း အဝေးသို့ဝမ်းမြောက်ဝမ်းသာ လာရောက်ကြကုန်၏။

၁၆။ ပုရိမဉ္စ ဒိသံ ရာဇာ၊ ဓတရဋ္ဌော ပသာသတိ။ ဂန္ဓဗ္ဗာနံ
အဓိပတိ၊ မဟာရာဇာ ယသဿိ သော။ ပုတ္တာပိ တဿ
ဗဟဝေါ၊ ဣန္ဒ နာမာ မဟဗ္ဗလာ။ ဣဒ္ဓိ မန္တော
ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။ မောဒမာနာ
အဘိက္ကာမုံ၊ ဘိက္ခုနံ သမိတိံ ဝနံ။

အရှေ့အရပ်ကို အုပ်စိုးသော ဂန္ဓဗ္ဗနတ်တို့၏ အရှင်ဓတရဋ္ဌ နတ်မင်းကြီးသည် များသော အခြံအရံရှိ၏။ ထိုနတ်မင်းကြီး၏ သားတော်တို့သည် အရေအတွက်များကုန်၏။ တန်ခိုးရှင်အား

ကြီးကာ တန်ခိုးရောင်ဝါလွန်စွာတောက်ပ၍ အခြံအရံများသော ဣန္ဒမည်သော သားတော်တို့သည် မဟာဝုန်တော သံဃ အစည်းအဝေးသို့လာကုန်၏။

၁၇။ ဒက္ခိဏဉ္စ ဒိသံ ရာဇာ ဝိရူဠှော တံ ပသာသတိ။ ကုမ္ဘဏ္ဍာ
နံ အဓိပတိ၊ မဟာရာဇာယသဿိ သော။ ပုတ္တာပိ
တဿ ဗဟဝေါ၊ ဣန္ဒနာမာ မဟဗ္ဗလာ။ ဣဒ္ဓိမန္တော
ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိမနာ။ မောဒမာနာ
အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

တောင်အရပ်ကိုအုပ်စိုးသော ကုမ္ဘဏ်တို့၏အရှင် ဝိရူဠှကနတ်မင်းကြီးသည်ရှိ၏။ ၎င်း၏သားတော်တို့သည် များပြားကုန်၏။ တန်ခိုးခွန်အားကြီးမား၍ အဆင်းလှ အခြံအရံများကုန်သော ဣန္ဒမည်သော သားတော်တို့သည် မဟာဝုန်တော ရဟန်းတို့၏အစည်းအဝေးသို့ လာရောက်ကြကုန်၏။

၁၈။ ပစ္ဆိမဉ္စ ဒိသံ ရာဇာ၊ ဝိရူပက္ခော ပသာသတိ။
နာဂါနဉ္စ အဓိပတိ၊ မဟာရာဇာ ယသဿိသော၊
ပုတ္တာပိ တဿ ဗဟဝေါ၊ ဣန္ဒနာမာ မဟဗ္ဗလာ။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

အနောက်အရပ်ကို အုပ်စိုး၍နေသော နဂါးတို့၏အရှင် ဝိရူပက္ခနတ်မင်းကြီးသည် အခြံအရံများ၏။ ၎င်း၏သားတော်တို့သည် များပြားလှ၏။ တန်ခိုးအင်အားကြီးမား၍ အဆင်းလှ အခြံအရံ များကုန်သော ဣန္ဒမည်သော သားတော်တို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ လာရောက်ကြကုန်၏။

၁၉။ ဥတ္တရသ္မႃ ဒိသံ ရာဇာ၊ ကုဝေရော တံ ပဿတိ။
ယက္ခာနဉ္စ အဓိပတိ၊ မဟာရာဇာ ယသဿိ သော။
ပုတ္တာပိ တဿ ဗဟဝေါ၊ ဣန္ဒနာမာ မဟဗ္ဗလာ။
ဣဒ္ဓိမန္တော၊ ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခုနံ သမိတိံ ဝနံ။

မြောက်အရပ်ကို အုပ်စိုး၍နေသော နတ် ဘီလူးတို့၏အရှင် ကုဝေရနတ်မင်းကြီးသည် အခြံအရံများ၏။ ၎င်း၏သားတို့သည် များပြားလှ၏။ တန်ခိုးအင်အားကြီးမား၍ အဆင်းလှ အခြံအရံ များကုန်သော ဣန္ဒမည်သော သားတော်တို့သည် မဟာဝုန် တော ရဟန်းတို့အစည်းအဝေးသို့ လာရောက်ကြကုန်၏။

၂၀။ ပုရိမံ ဒိသံ ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။

အရှေ့အရပ်၌ ဓတရဋ္ဌနတ်မင်းကြီး၊ အနောက်အရပ်၌ ဝိရူပက္ခ နတ်မင်းကြီး၊ တောင်အရပ်၌ ဝိရူဠှကနတ်မင်းကြီး ၊ မြောက်အရပ် ၌ ကုဝေရနတ်မင်းကြီး၊ ထိုနတ်မင်းကြီး လေးယောက်တို့သည် အရပ်လေးမျက်နှာတို့၌ တောက်ပကုန်လျက် ကပိလဝတ် မဟာ ဝုန်တော၌ တည်ရှိကြကုန်၏။

၂၁။ စတ္တာရော တေ မဟာရာဇာ သမန္တာ စတုရောဒိသာ။
ဒဒ္ဒလ္လမာနာ အဋ္ဌံသု၊ ဝနေ ကာပိလဝတ္ထဝေ။

၂၂။ တေသံ မာယာဝိနော ဒါသာ၊ အာဂုံ ဝဉ္စနိကာ သဌာ။ မာယာ ကုဋေဏ္ဍု၊ ဝိဋေဏ္ဍု ဝိဋုစ္စ ဝိဋုဋော သဟ။ စန္ဒနော ကာမသေဋ္ဌော စ၊ ကိန္နိဃဏ္ဍု နိဃဏ္ဍု စ။ ပနာဒေါ ဩပမညော စ၊ ဒေဝသူတော စ မာတလိ။

၂၃။ စိတ္တသေနော စ ဂန္ဓဗ္ဗော။ နဠော ရာဇာ ဇနေ
သဘော၊ အာဂုံ ပဉ္စသိခေါ စေဝ၊ တိမ္ဗရု သူရိယ
ဝစ္ဆသာ။
ဧတေ စညေ့စ ရာဇာနော၊ ဂန္ဓဗ္ဗာ သဟ ရာဇုဘိ။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။
( ဘူမဋ္ဌ ဒေဝတာကဏ္ဍ )

ထိုနတ်မင်းကြီး လေးယောက်တို့၏ ကျွန်ယုံ ဖြစ်ကုန်သော မာယာများ၍ ကောက်ကျစ် လှည့်စားတတ်ကုန်သော မာယာနတ်၊ ကုဋေဏ္ဍု နတ်၊ ဝိဋေဏ္ဍု နတ်၊ ဝိဋုစ္စ နတ်၊ ဝိဋူဋနတ်နှင့် တကွ စန္ဒန ကာမာသေဋ္ဌ ကိန္နုဃဏ္ဍု နှင့် နိဃဏ္ဍုနတ် ပနာဒ ဩပမညနှင့် မာတလိနတ်၊ စိတ္တသေန၊ မိတ္တသေန မည်သော ဂန္ဓဗ္ဗနတ် နဠရာဇ၊ ဇဝနသဘ၊ ပဉ္စသိခ တိမ္ဗရုနတ်နှင့် သူရိယဝစ္ဆသာ နတ်သမီး ဤနတ်တို့နှင့် တပါးသော နတ်တို့သည် နတ်မင်းကြီးတို့နှင့်အတူ မဟာဝုန်တော ရဟန်း တို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက် ကြကုန်၏။

နတ်နဂါးတို့၏ အမျိုးအနွယ်တို့ကို ပြောဟောခြင်း

၂၄။ အထာဂုံ နာဂသာ နာဂါ၊ ဝေသာလာ သဟတစ္ဆကာ။
ကမ္ဗလဿတရာ အာဂုံ၊ ပါယာဂါ သဟ ဉာတိဘိ။
ယာမုနာ ဓတရဋ္ဌာ စ၊ အာဂုံ နာဂါ ယသဿိနော။
ဧရာဝဏော မဟာနာဂေါ၊ သောပါဂါ သမိတိံ ဝနံ။

နာဂသအိုင်နှင့် ဝေသာလီပြည်၌ နေသော နဂါး တို့သည် ပရိသတ်နှင့်တကွ လာရောက်ကြကုန်၏။ ကမ္ဗလနှင့် အဿတရ မည်သော နဂါးနှင့် ပယာဂဆိပ်နေ နဂါးတို့သည် ဆွေမျိုး တို့နှင့်အတူ ပါကုန်၏။

အခြံအရံများ၍ ယမုနာ မြစ်၌နေသော နဂါးတို့နှင့် ဓတရဋ္ဌ အမျိုး၌ဖြစ်သော နဂါးတို့သည်၎င်း၊ ဧရာဝဏ် နတ်သည်၎င်း၊ မဟာဝုန်တော ရဟန်းတို့၏အစည်းအဝေးသို့ လာကြကုန်၏။

၂၅။ ယေ နာဂရာဇေ သဟသာ ဟရန္တိ၊
ဒိဗ္ဗာ ဒိဇာ ပက္ခိ ဝိသုဒ္ဓစက္ခူ။
ဝေဟာယသာ တေ ဝန မဇ္ဈပတ္တာ၊
စိတြာ သုပဏ္ဏာ ဣတိ တေသ နာမံ။

ဂဠုန်တို့သည် နဂါးတို့ကို ဖမ်းနိုင်၍ နတ်တို့ကဲ့သို့ တန်ခိုး ရှိကုန်၏။ အမိဝမ်းနှင့် ဥတွင်းမှ နှစ်ကြိမ် မွေးဖွားရကုန်၏။ အတောင်ရှိ၍ မျက်စိရှင်ကုန်၏။ စိတြသုပဏ္ဏမည်သော ထိုဂဠုန် တို့သည် ကောင်းကင်ခရီးဖြင့် တောအုပ် အလယ်သို့ လာကြ ကုန်၏။

၂၆။ အဘယံ တဒါ နာဂရာဇာနမာသိ၊
သုပဏ္ဏတော ခေမ မကာသိ ဗုဒ္ဓေါ။
သဏှာဟိ ဝါစာဟိ ဥပဝှယန္တာ၊
နာဂါ သုပဏ္ဏာ သရဏ မကံသု ဗုဒ္ဓံ။

(နာဂကဏ္ဍ)

ထိုအခါ မြတ်စွာဘုရားသည် နဂါးတို့အား ဂဠုန်၏ဘေး မှ ကင်းငြိမ်းအောင် ပြုတော်မူ၏။ နဂါးနှင့်ဂဠုန်တို့သည် သိမ် မွေ့သောစကားတို့ဖြင့် ခေါ်ဝေါ် ပြောဆိုကုန်လျက် မြတ်စွာ ဘုရားကို ကိုးကွယ်ဆည်းကပ်ကုန်၏။

**အသူရာနတ်တို့၏ အမျိုးအနွယ်ကိုဟောခြင်း**

၂၇။ ဇိတာ ဝဇိရဟတ္ထေန၊ သမုဒ္ဒံ အသုရာ သိတာ။
ဘာတရော ဝါသဝဿေတေ၊ဣဒ္ဓိမန္တော ယသဿိနော။

ဏာဠကာဠွာ မဟာဘိသ္မာ၊ အသုရာ ဒါနဝေဃသာ။
ဝေပစိတ္တိ သုစိတ္တိစ၊ ပဟာရာဒေါ နမုစိ သဟ။
သတဥ္စ ဗလိပုတ္တာနံ၊ သဗ္ဗေဝေရောစနာမကာ။
သန္နယှိတွာ ဗလိသေနံ၊ ရာဟု ဘဒ္ဒ မုပါဂမုံ။
သမယော ဒါနိ ဘဒ္ဒန္တေ၊ ဘိက္ခူနံ သမိတိံ ဝနံ။

ဝှရာဇိန်လက်နက်ရှိသော သိကြားမင်းကို စစ်ရှုံးသဖြင့် သမုဒ္ဒရာကိုမှီ၍နေရကုန်သော အသူရာတို့သည် သိကြားမင်းနှင့် ညီအကိုများဖြစ်ကြ၍ တန်ခိုးကြီး၍ အခြံအရံများကုန်၏။

ကာလကဥ္စ အသုရာတို့သည် ကြီးမား၍ ကြောက်မက်ဖွယ် ကိုယ်ကိုဖန်ဆင်း၍လာကုန်၏။ ဒါနဝေဃသမည်သော အသုရာ ဝေပစိတ္တိအသုရာ သုစိတ္တိအသုရာ ပဟာရာဒ အသုရာတို့သည် မာရ်နတ်သားနှင့်တကွ လာကုန်၏။

ဗလိ အသုရာတို့၏ ဝေရောစမည်သော သားတရာတို့သည် ဗလိအသုရာစစ်တပ်ကို လက်နက်တပ်ဆင်၍ ရာဟုအသူရိန်ကြီး ထံ ချဉ်းကပ်၍ သင့်အား ကောင်းခြင်းမင်္ဂလာ ဖြစ်ပါစေသ တည်းဟု မဟာဝုန်တော ရဟန်းတို့အစည်းအဝေးသို့ သွားရန် အချိန်တန်ပါပြီဟု ပြောဆိုကြကုန်၏။

## ကောင်းကင်၌တည်ကုန်သော နတ်တို့၏အမျိုးအနွယ် တို့ကို ပြောဟောပုံ

၂၀။ အာပေါစ ဒေဝါ ပထဝီ၊ တေဇော ဝါယော တဒါဂမုံ။ ဝရုဏာ ဝါရုဏာ ဒေဝါ၊ သောမော စ ယသသာ သဟ။ မေတ္တာ ကရုဏာ ကာယိကာ၊အာဂုံ ဒေဝါ ယသဿိနော။ ဒသေ တေ ဒသဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။ ဣဒ္ဓိမန္တော ဇုတိမန္တော၊

ဝဏ္ဏဝန္တော၊ ယသဿိနော။ မောဒမာနာ အဘိက္ကာမုံ၊
ဘိက္ခုုနံ သမိတိံ ဝနံ

အာပေါနတ် ပထဝီနတ် တေဇောနတ် ဝရုဏနတ် ဝါရုဏနတ် သောမနတ်တို့သည် ယသနတ်တို့နှင့်အတူ လာကြကုန်၏။ အခြံအရံများသော မေတ္တာနတ် ကရုဏာနတ်တို့လည်း လာကြကုန်၏။

တန်ခိုးကြီး၍ အဆင်းလှသော အခြံအရံ များကုန်သော အသွေးအရောင်စုံ နတ်အုပ်စု ၁၀-စုတို့သည် မဟာဝုန်တောသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကြကုန်၏။

၂၉။ ဝေဏ္ဍုဒေဝါ သဟလိ စ၊ အသမာ စ ဒုဝေ ယမာ။
စန္ဒဿူပနိသာ ဒေဝါ၊ စန္ဒမာဂုံ ပုရက္ခတွာ။ သူရိ-
ယဿူပနိသာ ဒေဝါ၊ သူရိယံ မာဂုံ ပုရက္ခတွာ။
နက္ခတ္တာနိ ပုရက္ခတွာ၊ အာဂုံ မန္ဒဝလာဟကာ။
ဝသူနံ ဝါသဝေါ သေဋ္ဌော၊ သက္ကောပါဂါ ပုရိန္ဒဒေါ။
ဒသေ တေ ဒသဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခုုနံ သမိတိံ ဝနံ။

ဝေဏ္ဍုနတ်၊ သဟလိနတ်၊ အသမနတ်တို့နှင့်တကွ ယမကနတ်နှစ်မျိုးတို့သည် လာရောက်ကြကုန်၏။ လ၏ အခြံအရံဖြစ်သော နတ်တို့သည် လနတ်မင်းကို ရှေ့ထား၍ လာရောက်ကြကုန်၏။

နေ၏ အခြံအရံဖြစ်ကုန်သော နတ်တို့သည် နေနတ်မင်းကို ရှေ့ထား၍လာကြကုန်၏။ ကြယ်တို့၏ အခြံအရံဖြစ်သော နတ်တို့သည် ကြယ်မင်းကို ရှေ့ထား၍ လာရောက်ကြကုန်၏။ မန္ဒဝလာဟကနတ်တို့သည်း လာရောက်ကြကုန်၏။ ရှေး၌ အလှူပေးဘူးသည့်ဝါသဝ မည်သော သိကြားမင်းသည်လည်း လာရောက်

ကုန်၏။

အသွေးအရောင်စုံတန်ခိုးကြီး၍ အဆင်းလှကာအခြံအရံများ ကုန်သော ဆယ်မျိုးကွဲသော နတ်အုပ်စု ၁၀-စုတို့သည်မဟာစုန် တောရဟန်းတို့အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာလာရောက် ကြကုန်၏။

၃၀။ **အထာဂုံ** သဟဘူ ဒေါဇလ မဂ္ဂိသိဓါရိဝ။ အရိဋ္ဌ-
ကာ စ ရောဇာ စ၊ ဥမာပုပ္ဖနိဘာသိနော။ ဝရုဏာ
သဟဓမ္မာစ၊ အစ္စုတာစ အနေဇကာ။ သူလေယျရုစိရာ
အာဂုံ၊အာဂုံ ဝါသဝနေသိနော။ဒသေ တေ ဒသဓာ
ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။ ဣဒ္ဓိမန္တော ဇုတိ
မန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။ မောဒမာနာ
အဘိက္ကာမုံ၊ဘိက္ခူနံ သမိတိံ ဝနံ။

မီးလျှံကဲ့သို့ တောက်ပသော သဟဘူနတ်သည်၎င်း၊ အောက် မဲညိုပွင့်နှင့်တူသော အဆင်းရှိသောအရိဋ္ဌနတ်တို့သည်၎င်း၊ ရောဇ နတ်တို့သည်၎င်း၊ ဝရုဏာနတ်၊ သဟဓမ္မနတ်၊ အစ္စုတနတ်၊အနေ ဇကနတ်၊ သူလေယျရုစိရနတ်၊ ဝါသဝနေသိနတ် တို့သည်သည်း လာရောက်ကြကုန်။

အသွေးအရောင်စုံ တန်ခိုးကြီး၍ အဆင်းလှကာ အခြံအရံ များကုန်သော ဆယ်မျိုးကွဲ နတ်အုပ်စု ဆယ်စုတို့သည် မဟာစုန် ရဟန်းတို့၏အစည်းအဝေးသို့လာရောက်ကြကုန်၏။

၃၁။ သမာနာ မဟာသမာနာ၊ မာနုသာ မာနုသုတ္တမာ။
ခိဍ္ဍာပဒေါသိကာ အာဂုံ၊အာဂုံမနောပဒေါသိကာ။
အထာဂုံ ဟရယော ဒေဝါ၊ ယေစ လောဟိတဝါ-
သိနော။ ပါရဂါ မဟာပါရဂါ၊ အာဂုံ ဒေဝါ
ယသဿိနော။

ဒသေ တေ ဒသစ ေ ကာယာ၊ သဗ္ဗေနာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

သမာနနတ် မဟာသမာနနတ် မာနုသနတ် မာနုသုတ္တမနတ် ခိဍ္ဍပဒေါသိကနတ် မနောပဒေါသိကနတ်တို့သည် လာရောက်ကြကုန်၏။

ဟာရနတ် လောမိတဝါသီနတ် အခြံအရံများသော ပါရဂနတ် မဟာပါရဂနတ်တို့သည် လာရောက်ကြကုန်၏။

အသွေးအရောင်စုံ တန်ခိုးကြီး၍ အဆင်းလှကာ အခြံအရံများကုန်သော ဆယ်မျိုးကွဲသည့် နတ်အုပ်စု ဆယ်စုတို့သည် မဟာဝုန်တော ရဟန်းတို့အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကြကုန်၏။

၃၂။ သုက္ကာ ကရမ္ဘာ အရုဏာ၊ အာဂုံ ဝေဃနသာ သဟ။
ဩဒါတဂယှာ ပါမောက္ခာ၊ အာဂုံ ဒေဝါ ဝိစက္ခဏာ။
သဒါမတ္တာ ဟာရဂဇာ၊ မိဿကာ စ ယသဿိနော။
ထနယံ အာဂ ပဇ္ဇုန္နော၊ ယော ဒိသာ အဘိဝဿတိ။
ဒသေတေ ဒသဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

သုက္ကနတ်၊ ကရမ္ဘနတ်၊ အရုဏနတ်၊ ဝေဃနသနတ်၊ ဩဒါတဂယှမည်သော ပါမောက္ခနတ်၊ ဝိစက္ခဏနတ်၊ သဒါမတ္တနတ်၊ ဟာရဂဇနတ်၊ မိဿကနတ်၊ အရပ်မျက်နှာကို မိုးရွာစေလျက်သွားသော ပဇ္ဇုန္နနတ်သည် မိုးထစ်ချုန်းစေလျက် လာရောက်ကြကုန်၏။

အသွေးအရောင်စုံ တန်ခိုးအာနုဘော်ကြီး၍ အဆင်းလှသော

အခြံအရံများကုန်သော ဆယ်မျိုးကွဲသော နတ်အုပ်စု ၁ဝ-စုတို့သည် မဟာဝုန်တော ရဟန်းတို့၏အစည်းအဝေးသို့ ရောက်လာကြကုန်၏။

၃၃။ ခေမိယာ တုသိတာ ယာမာ၊ ကဋ္ဌကာ စ
ယသဿိနော။ လမ္ဗိတကာ လာမသေဋ္ဌာ၊ ဇောတိနာမာ
စ အာသဝါ။ နိမ္မာနရတိနော အာဂုံ၊ အထာဂုံပရနိမ္မိတာ
ဒသေ တေ ဒသဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

ခေမိယနတ်၊ တုသိတာနတ်၊ ယာမာနတ်၊ အခြံအရံများသော ကဋ္ဌကနတ်၊ လမ္ဗိတကနတ်၊ လာမသေဋ္ဌနတ်၊ ဇောတိနတ်၊ အာသဝနတ်၊ နိမ္မာနရတိနတ်၊ ပရနိမ္မိတနတ်တို့သည် လာရောက်ကြကုန်၏။

အသွေးအရောင်စုံ တန်ခိုးအာနုဘော်ကြီး၍ အဆင်းလှကာ အခြံအရံများကုန်သော ဆယ်မျိုးကွဲသည့် နတ်အုပ်စု ဆယ်စုတို့သည် မဟာဝုန်တော ရဟန်းတို့၏အစည်းအဝေးသို့ လာရောက်ကြကုန်၏

၃၄။ သဋ္ဌေတေ ဒေဝနိကာယာ၊ သဗ္ဗေနာနတ္တဝဏ္ဏိနော။
နာမန္ဝယေန အာဂစ္ဆုံ၊ ယေ စညေ သဒိသာ သဟ။
ပဝုဋ္ဌဇာတိ မခိလံ၊ ဩဃတိဏ္ဏံ မနာသဝံ။ ဒက္ခေမောဃတရံ နာဂံ၊ စန္ဒံဝ အသိတာတိဂံ။

(အာကာသဋ္ဌ ဒေဝတာကဏ္ဍ)

အသွေးအရောင်စုံ ခြောက်ကျိပ်သော နတ်အစုအရုံးတို့သည် အမည်အနွယ်အလိုက်လာရောက်ကြကုန်၏။ အမျိုးအမည် တူကုန်သောတပါးသောနတ်တို့သည်လည်း လာရောက်ကြကုန်၏။

ပဋိသန္ဓေနေခြင်းကင် ရာ ရာဂ ဒေါသ မောဟတည်းဟူသော ခလုပ် ကံသင်း ကင်းသော သြဃလေးပါးမှ လွတ်မြောက်ပြီး၍ အာသဝေါတရားမရှိသော အရိယာ သံဃာတော်ကိုရင်း၊ ညစ်ညူးခြင်းကင်း၍ လမင်းသဖွယ်တင့်တယ်သော သြဃလေးဖြာမှ ကူးမြောက်စေတော်မူသော မြတ်စွာဘုရားကိုရင်း၊ ဖူးမျှော်ကုန်အံ့ဟုကြွေးကြော်ကုန်၏။

ဗြဟ္မာတို့၏အမျိုးအမည်အနွယ်တို့ကိုပြောဟာခြင်း

၃၅။ သုဗြဟ္မာ ပရမတ္တော စ၊ ပုတ္တာ ဣဒ္ဓိမတော သဟ။
သနင်္ကုမာရော တိဿော စ၊ သောပါဂ သမိတိံ ဝနံ။

တန်ခိုးရှင်မြတ်စွာဘုရား၏ သားတော်ဖြစ်ကုန်သော သုဗြဟ္မမည်သောဗြဟ္မာနှင့် ပရမတ္တမည်သော ဗြဟ္မာတို့သည် အတူလာရောက်ကြကုန်၏။ သနင်္ကုမာရဗြဟ္မာနှင့် တိဿဗြဟ္မာ တို့သည်လည်း မဟာဝုန်တော ရဟန်းတို့၏အစည်းအဝေးသို့ လာရောက်ကြကုန်၏။

၃၆။ သဟဿံ ဗြဟ္မလောကာနံ၊ မဟာဗြဟ္မာဘိ တိဋ္ဌတိ။
ဥပပန္နော ဇုတိမန္တော၊ ဘိသ္မာကာယော ယသဿိ
သော။ ဒသေတ္ထ ဣဿရာ အာဂုံ။ ပစ္စေကဝသဝတ္တိ
နော။ တေသဉ္စ မဇ္ဈတော အာဂ၊ ဟာရိတော
ပရိဝါရိတော။

(ဗြဟ္မ ကဏ္ဍ)

လက်တချောင်းဖြင့်စကြာဝဠာတထောင် လက်ဆယ်ချောင်းဖြင့် စကြာဝဠာတသောင်းကို ထွန်းလင်း စေနိုင်သော ဗြဟ္မာတထောင်သည် အစည်းအဝေးသို့ လာရောက်၏။ဗြဟ္မာဘုံ၌ပင် ပဋိသန္ဓေနေစဉ် တန်ခိုးကြက်သရေနှင့် ပြည့်စုံ၍ကြီးသောကိုယ်ရှိ

သောမဟာဗြဟ္မာသည် အခြားဗြဟ္မာတသောင်ကိုလွှမ်းမိုးအုပ်စိုး
လျက်နေ။

ဗြဟ္မာတထောင်စီအသီ သီးအစိုးရသောမဟာဗြဟ္မာ ၁၀-ဦး
တို့သည် ဤအစည်းသို့လာရောက်ကုန်၏။ ထိုဗြဟ္မာတို့ အနက်
ဟာရိတ မည်သော မဟ ဗြဟ္မာသည်လည်း ဗြဟ္မာတသိန်းခြံရံ
လျက်လာရောက်၏။

## မာရ်နတ် နှောက်ယှက်ခြင်း

၃၇။ တေစ သဋ္ဌ အဘိက္ကန္တ၊ သဗ္ဗေန္ဒဒေဝေသပြဟ္မကော၊
မာရသေနာ အဘိက္ကာမိ၊ ပဿ ကဏှဿ မန္ဒိယံ။
ဧထ ဂဏှထ ဗန္ဓထ၊ ရာဂေန ဗဒ္ဓ မတ္ထုဝေါ။
သမန္တာ ပရိဝါရေထ၊ မာ ဝေါ မုဉ္စိတ္ထကောစိ နံ။
ဣတိတတ္ထမဟာ သေနော၊ကဏှော သေနံအပေသယိ။
ပါဏိနာ ထလ မာဟစ္စ၊ သရံ ကတွာန ဘေရဝံ။
ယထာပါဝုဿကော မေဃော၊ ထနယန္တော သဝိ
ဇ္ဇုကော။
တဒါသော မစ္စုဒါဝတ္တိ၊ သင်္ကု ဒ္ဓေါ အသယံဝ သေ။

ရဟန်းတို့ မာရ်နတ်၏ မိုက်မဲပုံကို ကြည့်ရှုသော့၊ သိကြား၊
မဟာဗြဟ္မာတို့နှင့်တကွ ရွှေရှုလာကုန်သော ထိုနတ်ဗြဟ္မာအား
လုံးတို့ဆီသို့ မာရ်နတ်၏စစ်သည်တို့သည် ရွှေရှုချီတက်လာကြကုန်
ပြီ။

လာကြ၊ ဖမ်းကြ။ နှောင်ဖွဲ့ကြလော့ ရာဂဖြင့်တုတ်နှောင်၍
ထက်ဝန်းကျင်မှ ဝိုင်းထားကြလော့၊ တဦး တယောက်ကိုမျှ
လွှတ်မပေးကြကုန်လင့်။

## မာရ်နတ် ရှုံးသွားခြင်း

ဤသို့ဆိုလျက် စစ်သည်များစွာရှိသောမာရ်မင်းသည် မြေပြင်ကို လက်ဖြင့်ပုတ်ခတ်၍ လျှပ်စစ်နှင့်တကွ မိုးကြိုးထစ်ချုန်းသကဲ့သို့ ကြောက်မက်ဖွယ်အသံကိုပြုလျက် ထိုအစည်းအဝေးသို့ မာရ်စစ်သည်ကို စေလွှတ်၏။ ထိုအခါ မာရ်နတ်သည် မိမိအလိုအတိုင်း မဖြစ်သောကြောင့် ပြင်းစွာ အမျက်ထွက်လျက်ပြန်ရလေ၏။

၃၇။ တဉ္စ သဗ္ဗံ အဘိညာယ၊ ဝ ဝတ္တိတွာန စက္ခုမာ။
တတော အမန္တယိ သတ္ထာ၊ သာဝကေ သာသနေ ရတေ။
မာရ သေနာ အဘိက္ကန္တာ၊ တေ ဝိဇာနာထ ဘိက္ခဝေါ။
တေစ အာတပ္ပမကရုံ၊ သုတွာ ဗုဒ္ဓဿ သာသနံ။
ဝိတရာဂေဟိ ပက္ကာမုံ၊ နေ သံ လောမာပိ ဣဉ္ဇယုံ။

စက္ခုငါးပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ထိုအလုံးစုံကို ထူးသောဉာဏ်ဖြင့် သိရန် ပိုင်းခြားမှတ်သားတော်မူပြီးလျှင် သာသနာတော်၌ မွေ့လျော်ကုန်သော တပည့်သာဝကတို့အား ရဟန်းတို့ မာရ်နတ်စစ်သည်တို့သည် ရှေးရှုချီတက်လာကုန်၏။ ထိုမာရ်နတ်စစ်သည်တို့ကို သိကုန်လောဟု မိန့်တော်မူ၏။ ရဟန်းတို့သည် ဘုရားရှင်၏ အမိန့်ကိုကြား၍ သိအောင်အားထုတ်ကုန်၏။ မာရ်စစ်သည်တို့သည် ထိုရဟန္တာတို့၏ မွေးညှင်းကိုမျှ မလှုပ်ရှားစေနိုင်သည်ဖြစ်၍ ထိုရဟန္တာတို့ထံမှ ဖယ်ခွာသွားကြလေကုန်ပြီ။

### မာရ်နတ် ရွတ်သောဂါထာ

၃၈။ သဗ္ဗေ ဝိဇိတသင်္ဂါမာ၊ ဘယာတီတာ ယသဿိနော

မောဒန္တိ သဟ ဘူဒတဟိ၊ သာဝကာ တေ ဇနေသု တာတိ။

မဟာသမယသုတ္တံ နိဋ္ဌိတံ။

စစ်ပွဲကို အောင်မြင်ပြီးကုန်သော ကြောက်ရွံ့ခြင်းကင်း ကျော်စော်ခြင်း ရှိကုန်သောလူတို့ဥ္ဆထင်ရှားကုန်သော ထိုသာဝက အားလုံးတို့သည် အရိယာတို့နှင့်အတူ ဝမ်းမြောက်ကုန်၏။

မဟာသမယသုတ် ပြီး၏။

# နိဂုံး

ဗုဒ္ဓဘာသာမှန်လျှင် သို့မဟုတ် ဗုဒ္ဓဘာသာတို့၏ ဘာသာရေးအခမ်းအနားများကို ရောက်ဘူးသူမှန်လျှင် ပရိတ်တရားတော်ကိုကား နာကြား ဘူးကြသည်ချည်း ဖြစ်သည်။ ဆွမ်းကျွေး သပိတ်သွတ် ရှင်ပြုရဟန်းခံ အလှူကြီးများတွင် တခြားတရားတော်များကို မဟောစေကာမူ ပရိတ်တရားတော်ကိုကား ရွတ်ဖတ်လေ့ရှိကြသည် ထို့ကြောင့် ပရိတ်တရားတော်သည် ဗုဒ္ဓဘာသာဝင်တိုင်း ဆက်စပ်တွေ့ထိနေသော တရားတော်များ ဖြစ်၏။

ဗုဒ္ဓဘာသာဝင်တို့သည် ထိုသို့ သာမှု နာမှု ဘာသာရေး အခမ်းအနားရှိမှ ပရိတ် တရားတော်များ နာကြားရသည်ကို အားရတင်းတိမ်မှုမရှိကြ၊ ဘုန်းကြီးကျောင်းပညာရေးဖြင့် ကြီးပြင်းလာရသူများ မဟုတ်ကြတော့၍ ငယ်စဉ်ကလည်း ပရိတ်ကြီးကို မရခဲ့ကြ၊ မိမိနှင့်တကွ မိသားစု အန္တရာယ်ကင်းရေးအတွက် ကျက်သရေမင်္ဂလာ တိုးပွားရေးအတွက် မိမိအိမ်တွင် နေ့စဉ်

ပရိတ်ခတော်များကို ကိုယ်တိုင်ရွတ်ဖတ်သို၏။ ထို့ကြောင့် စာအုပ်များကိုဝယ်၍ဖတ်ကာ ကျက်မှတ်ရွတ်ဆိုကြ၏။ ထိုသို့ကျက်မှတ်ရွတ်ဆိုရာ၌ ပါဠိဘာသာရေးထုံးဖြစ်သော ပါဠိဆင့် အက္ခရာပါ ပရိတ်ပါဠိတော်များကို အသံထွက်မှန်အောင်ဖတ်မှု အခက်အခဲတွေ့ရ၏။ ပါဠိ သဒ္ဒါမတတ်သဖြင့် နမောတဿကို နှုတ်ကရွတ်နေသော်လည်း ဘုရားရှိခိုးနေမှန်း ဘုရားရှင်၏ဂုဏ်ကို အာရုံပြုရမှန်းမသိကြပေ၊ ထိုသို့ ပါဠိဘာသာကို အလွတ်ကျက်၍ ရွတ်ဖတ်နိုင်သူများသော်လည်း ပရိတ်ခတော်၏ ဆိုလိုရင်း အနက်အဓိပ္ပါယ်ကို သိသူဦးရေမှာ နည်းပါးနေ၏။ ထိုသို့ အနက်အဓိပ္ပါယ်မသိသောကြောင့် "သုခိနော ဝ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ၊ဘဝန္တု သုခိတတ္တာ" ဟု နှုတ်ကရွတ်သွားသော်လည်း သတ္တဝါအပေါင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းပါစေဟု မေတ္တာပို့ပွား များနေမှန်း မသိသူများ နေ၏။

ဘုန်းတော်ကြီးများက ပရိတ်ခတော်ကိုရွတ်ဖတ်၍ လူပုဂ္ဂိုလ်တို့က နာကြားရာ၌ ရွတ်ဖတ်သူဘုန်းတော်ကြီးများက အဓိပ္ပါယ်သိစွာဖြင့် မေတ္တာပို့သ၍ ပရိတ်နာယူသူတို့က မေတ္တာကိုခံယူရသဖြင့် ဓမ္မပီတိစွမ်းအားဖြင့် ဓမ္မသဝနကုသိုလ်ရဘို့ရှိ၏။ မိမိကိုယ်တိုင် ပရိတ်တော်များကိုရွတ်ဆိုရာ၌ အဓိပ္ပါယ်ကိုမသိလျှင် နိဒါန်းတွင်ပြခဲ့သော ပရိတ်ရွတ်သူတွင် ရှိရမည့် အင်္ဂါ၃-ပါးအနက် အနက်အဓိပ္ပါယ်ကိုသိခြင်း ဟူသော အင်္ဂါတပါးချွတ်ယွင်းနေပြီဖြစ်၍ ပရိတ်၏တန်ခိုးအာနိသင်သည် ထက်သင့်သလောက်ဘက်တော့မည်မဟုတ်ချေ။

ပါဠိဘာသာဖြင့် ရွတ်ဆိုသော ပရိတ်တော်တို့၏ အနက်အဓိပ္ပါယ်ကိုသိရှိနိုင်ရန် အစဉ်အလာ ပါဠိသင်ကြားနည်း စနစ်အရ ရေးသားပြုစုခဲ့သော ပရိတ်ကြီးနိဿယ ကျမ်းများ ရှိပါ

သည်။ သို့ရာတွင် ပါဠိသင်ကြားနည်းစံနစ်ကို လုံးဝမသိသော ယနေ့ အရပ်သားအများစုက အသုံးမပြုတတ် ရှိနေပါသည်။ ဘုရားမပွင့်မီနှင့် ဘုရားရှင် သာသနာတော် နှစ်ပေါင်း-၂၅၀၀ ကျော်သက်တမ်းအတွင်း ဗုဒ္ဓဘာသာဝင်တို့ အစဉ်ရွတ်ဖတ်နာယူ ကျင့်ကြံလာခဲ့သော ပရိတ်တော်များကို ယုံယုံကြည်ကြည် လေးလေးစားစားဖြင့် ရွတ်ဖတ်လို၍ ပရိတ္တစာအုပ်များကို ဝယ်ယူလေ့လာကြသည့် ဗုဒ္ဓဘာသာ မြန်မာတိုင်းရင်းသားတို့ ပါဠိ မှန်မှန်ရွတ်ဖတ်နိုင်ရန် အနက် အဓိပ္ပါယ်များကို မှန်မှန်သိရန် မှန်မှန်ကျင့်ကြံအားထုတ်နိုင်ရန်အတွက် ရေးသားအပ်သော ဤ ကိုယ်ကျင့်ပရိတ်ကြီးနှင့် အိမ်သုံးပရိတ်များစာအုပ်သည် ၁၃၃၇ ခုနှစ် ဝါခေါင်လဆုတ် ၆-ရက် ဗုဒ္ဓဟူးနေ့တွင် ပြီးစီးအောင်မြင်ပါသည်။ ဤစာအုပ်တွင် ဖော်ပြထားသော ပါဠိဖတ်နည်းအတိုင်း ပရိတ်ပါဠိတော်များကို ဖတ်ရွတ်၍ ဖော်ပြထားသော အဓိပ္ပါယ်များကို ပွားများဆင်ခြင်ကျင့်ကြံကြလျက် ယခုပစ္စက္ခ မျက်မှောက် ဘဝ၌လည်း အန္တရာယ်ကင်း ဘေးရန်ကင်းကာ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံနိုင်ကြပါစေ၊ နောင်တမလွန် ဘဝအဆက်ဆက်တွင်လည်း အပါယ်သို့ မကျရောက်ဘဲ ကောင်းရာသုဂတိ ဘုံဘဝသို့ရောက်၍ လူသားအကျိုး သာသနာတော်အကျိုးကိုဆောင်ရွက်နိုင်သော တိဟိတ်ပုဂ္ဂိုလ်မွန်များဖြစ်အောင် အသိဉာဏ်နှင့် ယှဉ်သော ဉာဏသမ္ပယုတ် ဗုဒ္ဓဘာသာဝင်ဖြစ်အောင် ကျင့်ကြံအားထုတ်နိုင်ကြ ပါစေဟု ပတ္ထနာပြု နိဂုံးချုပ်လိုက်ပါသည်။

အားလုံး ချမ်းသာကြပါစေ။

ဆရာ သောင်းလွင်

ရန်ကုန်၊ ၂၇-၈-၇၅